
www.burmeseclassic.com




# လမင်းဝိုဝို

## လွင့်မျောဆဲ တိမ်တိုက်လေးတစ်ခုအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## လွင့်မျောသဲတိမ်တိုက်လေးတစ်ခုအကြောင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၀၆၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၆၂၁၀၁၀
၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃
...င်းမိုမို
...မျောသဲတိမ်တိုက်လေးတစ်ခုအကြောင်း/လမင်းမိုမို-ရန်ကုန်။
...နာစာပေ၊ ၂၀၁၁။
၂၈၈- စာ၊ ၁၂x၁၈ စင်တီ။
(၁) လွင့်မျောသဲတိမ်တိုက်လေးတစ်ခုအကြောင်း

BURMESE CLASSIC .com

### နိုင်ငံတော်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို



## လွှင့်မျောဆဲ
## တိမ်တိုက်လေးတစ်ခု
## အကြောင်း



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

မနက်အစောကြီးထကာ လေဆိပ်ဆင်းခဲ့ရတဲ့အတွက် "ခင်လေးနွာဖြူ"ရဲ့ မျက်လုံးတွေက ကျိန်းစပ်လို့နေသည်။ သူနေတဲ့ Silom လမ်းမကြီးပေါ်ကနေ သုဝဏ္ဏဘူမိလေဆိပ်ကို မိနစ်ငါးဆယ်လောက် ကားမောင်းရတဲ့အတွက် သိမ်းဆည်းထုပ်ပိုးချိန်နှင့်ပါ မနက်သုံးနာရီကတည်းက အိပ်ရာက ထခဲ့ရသည်။

မှာထားတဲ့ကားက လေးနာရီခွဲ အကြိုရောက်တော့ လေဆိပ်ကို ငါးနာရီမခွဲခင် ရောက်သည်။ ဗန်ကောက်ကတော့ မိုးမလင်းခင်လည်း Traffic ကကျပ်နေတာပင်။ လေဆိပ်ရောက်တာနှင့် Check in စောစောဝင်ရတာ အတော်ပင်။ လေယာဉ်က ခုနစ်နာရီဆယ့်ငါး ထွက်မည်။

နောက်တစ်ခေါက် ပြန်ရောက်မည် မရောက်ဘူး မသေချာတော့တဲ့ သူမရဲ့အခန်းလေးကို သေသေချာချာ စစ်ဆေးရသည်။ အခန်းရဲ့ပြတင်းပေါက်ပေါင် ကွန်ကရစ်ထုကျူပေါ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တင်ထားတဲ့ ဆန်းကြယ်သော ကက်တပ်စ်ပင် ပန်းအိုးအသေးလေးကို နှစ်သက်လှတဲ့အတွက် ရန်ကုန်သယ်လာဖို့ စဉ်းစားသေးသည်။

ဒါပေမဲ့ တော်ပြီ ...။

သံယောဇဉ် ဖြတ်လိုက်ပါသည်။ မနွယ်ချင်တော့ပါဘူး ဗန်ကောက်ရယ်။ ကက်တပ်စ်ပင် တစ်ပင်ကိုတောင်မှ သံယောဇဉ် မဖြတ်နိုင်ရင် ဘယ်လိုလုပ်မလဲ။ ပြန်မလာချင်တော့ဘူး ဗန်ကောက်ကို။

အခုနောက်ဆုံး တစ်ခေါက်ကလည်း ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ပြီးကာမှ မတတ်မသာ ပြန်ရောက်လာခဲ့ရတာမို့ အခုလည်း ကိုယ့်ဆုံးဖြတ်ချက် နိုင်မှာမယ် မနိုင်မှာဘူး၊ ကိုယ့်ကိုယ်ကိုယ် မယုံမရဲပင်။

ခင်လေးချာဖြူ အခန်းကဆင်းလာတော့ ဒုတိယထပ်မှာ ထမင်းဟင်းချက်နေပြီဖြစ်တဲ့ ဒေါ်ခမ်းက နှုတ်ဆက်သည်။

"သွားပြီပေါ့ ချာဖြူ"

"ဟုတ်ကဲ့"

"ဆရာနဲ့ မမကို နှုတ်ဆက်ပြီးပြီပေါ့"

"ညကတည်းက အားလုံးကို နှုတ်ဆက်ဖြီးပါပြီ"

"သွားကာနီး မကန်တော့တော့ဘူးလား"

"ဟင့်အင်း"





"ဒီကောင်မလေး လူကြီးတွေ ကန်တော့ဦးမှပေါ့"

"ကန်တော့ရင် ငိုချင်လိမ့်မယ်၊ တစ်သက်လုံးထပ်မတွေ့တော့မှာတော့ မဟုတ်ဘူး ထင်ပါရဲ့၊ မကန်တော့တော့ပါဘူး"

"ပြန်မလာတော့ဘူးဆို"

"ပြန်မလာပေမယ့်လည်း ကံကြမ္မာဆိုတာ ပြောလို့မှမရတာ ဒေါ်ခမ်း၊ ပြန်တွေ့ရင် တွေ့ကြဦးမှာပါ"

တာချီလိတ်သူ အန်တီ့ရဲ့လက်စွဲတော် အိမ်တော်ပါကြီး ဒေါ်ခမ်းဟာလည်း စကားဝဲဝဲနှင့် အန်တီနှင့် တစ်ပုံစံတည်း ဖြူဖြူဝဝ ရှမ်းတရုတ်မကြီးပင်။ ဒေါ်ခမ်းက ခေါင်းတညိတ်ညိတ်နှင့် ...

"ဘာစားမလဲ၊ ဆန်ပြုတ်အထုပ် ပြုတ်ပေးရမလား"

"ဟင့်အင်း"

"တစ်ခုခု ဗိုက်ဖြည့်ဦးလေ"

"ဆဲဗင်း အလဲဗင်းက ကော်ဖီတစ်ဘူးပဲ ဝင်ဝယ်သွားတော့မယ်၊ ကဲ ... ဒေါ်ခမ်း၊ ခင်လေး သွားပြီနော်၊ နှုတ်ဆက်ပါတယ်"

ကြိုပြောထားတဲ့ တက္ကစီက အန်ကယ့်တက္ကစီကုမ္ပဏီက ကားပင်။ နည်းနည်းပါးပါး မျက်မှန်းတန်းနေတဲ့ ဒရိုင်ဘာလေးကိုမြင်လျှင် ပြုံးပြနှုတ်ဆက်လိုက်ပြီး စိတ်က တစ်မုဟုတ်ချင်း တစ်စုံတစ်ယောက်ကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားညိုညို၊ ပျော့နွယ်တဲ့ ဆံပင်တွေကလည်း ဆေးမဆိုးရဘဲ ခပ်ညိုညို၊ မျက်ဝန်းများကလည်း ညိုညို၊ အင်္ကျီက အဖြူကို မှောင်ပြာတဲ့ ဂျင်းတစ်ရောင်တည်းနှင့်သာ တွဲဝတ်တတ်တဲ့သူ။ အဲဒီတစ်ယောက်သောသူကို ခေါင်းထဲ ရင်ထဲ ပေါ်မလာအောင် မနည်းဖျောက်ထားကာမှ တစ်လမ်းလုံး သူ့ကိုသာ သတိရသွားပါသည်။

"ဘယ်တော့ ပြန်လာမလဲ"

မျက်မှန်းတန်းတဲ့ ထိုင်းလူမျိုး ဒရိုင်ဘာလေးက ထိုင်းလို မေးလိုက်တာကို အဓိပ္ပာယ်နားလည်သော်လည်း စကားတော့ မပြောတတ်တဲ့ ခင်လေးနွာဖြူက ...

"နဲဗား (Never)"

အင်္ဂလိပ်လိုပဲ ဖြေလိုက်ပါသည်။

"နဲဗား ! ?"

အင်္ဂလိပ်ဘာသာညံ့လှတဲ့ ထိုင်းကောင်ကလေးက Never ကိုပင် နားမလည်ပါ။ နောက်ကြည့်မှန်မှ ကြည့်ကာ ထပ်မေးနေပြန်လျှင် ...

"မလာတော့ဘူး၊ ဘယ်တော့မှ မလာတော့ဘူး၊ ဒီမှာလာနေနေတာ ငါ ပျော်နေတာမှ မဟုတ်တာ၊ စိတ်ဆင်းရဲပြီးနေနေရတာ၊ လုံးဝပြန်မလာတော့ဘူး ဒီကို"





ခင်လေးနွာဖြူက သူ နားမလည်မှန်းသိသိနှင့် ဗမာလိုသာ ပြောချင်ရာ ရေရွတ်ပြောဆိုနေလိုက်ပါသည်။ ဒရိုင်ဘာလေးကလည်း ဘာမှထပ်မမေးတော့ပါ။ လေဆိပ်ရောက်တော့ သေတ္တာတစ်လုံး ဟဲန်းဒ်ကယ်ရီလက်ဆွဲအိတ်တစ်လုံးတို့ကို ကောင်လေးက တွန်းလှည်းဆွဲလာပြီး တင်ပေးသည်။

"ခေါ်ဘွန်ခပ်ဘ်"

ကျေးဇူးတင်ကြောင်းလေးတော့ သူတို့ထိုင်းလိုပြောလိုက်ပြီးလျှင် တွန်းလှည်းတွန်းကာ လေဆိပ်ထဲ ဝင်လာရင်း ငိုချင်လာပါသည်။ ဘယ်ကသွားသွား ဘယ်ကိုပြန်ပြန် လေဆိပ်ထဲ တစ်ယောက်တည်း ဝင်လာရတိုင်း အမြဲတမ်းပဲ ခင်လေး ငိုချင်သည်။ ခုလည်း ငိုချင်ပြီ။

ခင်လေးနွာဖြူ စီးမယ့် လေယာဉ်လိုင်းက ဈေးနှုန်းသက်သာတဲ့ Air Asia လိုင်း။ Check-in ဝင်။ ပစ္စည်းချိန်၊ အင်မီဂရေးရှင်းဖြတ်၊ ပစ္စည်းတွေ X-ray ဖြတ်တော့ သူမလက်ထဲ သောက်ရတာ တစ်ဝက်မကျိုးသေးတဲ့ ကော်ဖီဘူးတန်းလန်းပါလာတာမို့ သိမ်းယူလွှင့်ပစ်ခံလိုက်ရပါသည်။

ဝင်ရမယ့် Gate D-5 က မဖွင့်သေးတာမို့ တစ်ယောက်တည်း ထိုင်စောင့်နေရင်း ရင်တွေခုန်သလိုလို ဖြစ်ပါသည်။ ရန်ကုန် ပြန်ရောက်တော့မည်။ ရှေ့ဆက်ရမယ့် ဘဝအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှကြိုတင် မပြင်ဆင်ရသေးပါ။ ခုချိန်ထိ ဟိုတုန်းက ကြိုတင်မထင်မှတ် မမျှော်လင့်မိခဲ့တာတွေချည်းသာ ဆက်တိုက်ဖြစ်လာခဲ့တဲ့ဘဝကို ခင်လေး နားကြည်းနေပါသည်။

ခုလောက်ထိတောင် ဖြစ်ချင်တာတွေ ဖြစ်ချင်သလို ဖြစ်လာခဲ့ပြီးမှတော့ ရှေ့ဘာဖြစ်ဖြစ်ကိုလည်း ခင်လေးက သိပ်တွေးပူ ကြောက်လန့်မနေချင်တော့။ ဖြစ်ချင်တာသာ ဖြစ်ပါတော့။ ဖြစ်လာတာကို ရင်ဆိုင်ရမှာက ကိုယ့်တာဝန်ပဲလေ။

ထုံးစံအတိုင်း လေယာဉ်ပေါ်ရောက်တော့ ခင်လေးနွားဖြူ လေယာဉ်တော်က်သည်။ မူးသည်၊ နားအူသည်။ လေယာဉ်စီးရတိုင်း စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားရသည်။ ခရီးတိုလေးမို့သာ တော်တော့သည်။ ရန်ကုန်လေဆိပ်သို့ ဆင်းချိန်တွင် ခင်လေးနွားဖြူ မူးနောက်ခွေနောက်နေပါပြီ။

အဲဒါကတော့ သွားတိုင်း ပြန်တိုင်း ထုံးစံပါပင်။

လေဆိပ်ထဲက ကိစ္စဝိစ္စတွေ ခပ်မြန်မြန်ပဲ ပြီးစီးကာ သေတ္တာနှင့်အိတ်ကို တင်ထားသည့် တွန်းလှည်းတွန်းပြီး အပြင်ထွက်လာခဲ့ပါသည်။ တွေ့ရာကားကို ငှားစီးသွားရမှာပင်။ အဆောက်အအုံအပြင်ဘက်ရောက်မှ ဟိုဟိုဒီဒီကြည့်ကာ ငှားဖို့ကား ရှာလိုက်သော ခင်လေးသည် ...

"ခင်လေးနွားဖြူ"





စက္ကူကတ်ထူ အဖြူရောင်ပြား တစ်ခုမှာ သူမနာမည် ရေးထိုးထောင်ပြထားတာမြင်လျှင် အံ့အားသင့်ပြီး ကတ်ပြားကိုင်ထားသူကို ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။

"ဟင်"

တစ်ကိုယ်လုံး တုန်တောင်သွားသလို လန့်ဖျပ်တုန်လှုပ်သွားရကာ ရင်တွေလည်း ဖြောင်းဆန်အောင် ခုန်ပေါက်လှုပ်ရှားကုန်ရသည်။ ပျက်သွားတဲ့မျက်နှာကို ပြင်ကာ သူ့မျက်နှာဆီ ခပ်စူးစူးရဲရဲ စိုက်ကြည့်လိုက်ပါသည်။

သူက ဘာလာလုပ်တာလဲ။

"သေတ္တာတစ်လုံး အိတ်တစ်လုံးပဲလား မခင်လေးနွားဖြူ"

"နေပါဦး"

"ဟုတ်ကဲ့"

"ရှင်က ဘာမို့လို့ ကျွန်မကို ဘာအတွက် လာကြိုရတာလဲ"

"ကျွန်တော့်ကို အန်ကယ်ဦးမိုးဆွေ ခိုင်းလို့ပါ"

"ဘယ်တုန်းကလဲ"

"မနေ့က ပြောတာပါ"

"အမြဲ အဆက်အသွယ် ရှိလို့လား"

"ဟုတ်ကဲ့၊ အန်ကယ် ဒီမှာလည်း တက္ကစီကုမ္ပဏီတစ်ခု ထောင်လိုက်တော့ ကျွန်တော် ဒီမှာအလုပ်ဝင်နေတာပါ၊ အမြဲ e-mail အဆက်အသွယ် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက် နောက်ပစ်ရပ်ကာ ရိုရိုကျိုးကျိုးပြော ဆိုနေတဲ့ သူ့ကို ခင်လေးနွာဖြူက ငေးစိုက်ကြည့်နေရင်း သက် ပြင်းတစ်ချက် ချလိုက်ပါသည်။ တော်ပြီ ... ပင်ပန်းတယ်။ ဖြစ် ချင်တာဖြစ်။ လူကလည်း မူးနောက်နေတာ ခွေလှဲချင်နေပြီ။

"ရှင့်ကားက ဘယ်မှာလဲ"

"ဟိုမှာပါ"

"ဒါဖြင့် ဘယ်တော့၊ ကျွန်မကို အိတ်ပေးလေ"

"ရပါတယ် မခင်လေးနွာဖြူ၊ ကျွန်တော် နိုင်ပါတယ်"

သူက သေတ္တာတစ်ဖက် အိတ်တစ်ဖက်ဆွဲကာ အဆောက်အအုံရှေ့လမ်းကို ဖြတ်ကူးလိုက်လျှင် ကုမ္ပဏီတံဆိပ်တပ် တက္ကစီကား အနက်လေးက ပါကင်မှာတင် နီးနီးလေးရှိနေပါသည်။ သူ ပစ္စည်းတွေ ထည့်နေတုန်း ခင်လေးက ကားနောက်ခန်းတံခါး ဖွင့်ဝင်ထိုင်ကာ မှိုလျှော့လျှော့လေး ထိုင်လိုက်သည်။

လက်ကနာရီကိုချွတ်ကာ နာရီဝက် နောက်ပြန်ဆုတ် ရပါသည်။

သူက ကားရှေ့ခန်းဆီ လာဝင်ထိုင်လိုက်ရင်း ...

"သွားလို့ရပြီလား မခင်လေးနွာဖြူ"

"အင်း"

ခင်လေးက သက်ပြင်းကြီး တစ်ချက်ချရင်းနှင့် အတူဖြေလိုက်ပါသည်။ ဒီမြေကြီးပေါ် ခြေချပြီဆိုတော့ လူက





အလိုလို ခွန်အားတစ်ရပ် ရှိသွားသလိုလို။ ဘာကိုမှ မမှုတော့ သလိုလို အစွဲ့တိုက်ချင်သလိုလို ဂျစ်ကန်ကန် လုပ်ချင်သလိုလို။ ရင်ထဲ ဘာတွေဖြောင်းဆန်လာမှန်း မပြောတတ်။

"ရှင် ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"တစ်လရှိပါပြီ"

"ဗန်ကောက် ပြန်မသွားရဘူးလား"

"ကျွန်တော် ဒီက ကုမ္ပဏီမှာပဲ ဝင်လုပ်နေပါပြီ"

"လုံးဝ မသွားတော့ဘူးပေါ့"

"မသွားတော့ဘူး ခင်ဗျ"

ကိုယ်က ဒီမှာပဲ နေပါတော့မည် ဆိုကာမှ သူက ကော ဘာကြောင့် ဒီမှာပဲ ပြန်ရောက်နေရတာတဲ့လဲ။ ပြန်ရောက် တာ တစ်လတောင်တဲ့။

ခင်လေးကတော့ ကိုယ်က တမင်တကာ မတွေ့ အောင် ရှောင်ရှားနေလို့ မတွေ့ဖြစ်ကြဘူးမှတ်တာ။ သူက ဟိုမှာ မရှိတော့တာကိုး။

သူမဘဝရဲ့အဖြစ်အပျက်တွေဟာ ဘယ်တုန်းကမှ ဖြစ်ချင်တိုင်း မဖြစ်ခဲ့ရတာတွေချည်းပင်။ လုံးဝမဖြစ်ချင်တဲ့ အရာ တွေ များစွာဟာ စီစဉ်ထားတဲ့အလား နေရာတကျ ဆင့်ကဲ ဖြစ်ပွားခဲ့ရပြီးတဲ့နောက်မှာတော့ သူမက ဘဝမှာ ဘာကိုမှ သိပ် ယုံကြည်ချက် မထားချင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးနွာဖြူက မျက်ရည်စို့ဝဲချင်သလိုလို ဖြစ်လာ၍ နေကာမျက်မှန်ထုတ်၍ တပ်လိုက်ပါသည်။ ဘယ်သူ့ကို စိတ်တိုရမှန်းမသိ ဒေါသဖြစ်ရမှန်းမသိ ဒေါသဖြစ်လာမိကာ ...

"ဒီမှာ"

"ခင်ဗျာ"

"ရှင် ဘယ်ကိုသွားနေတာလဲ"

"မခင်လေးနွာဖြူ အိမ်ကိုပါ"

"ကျွန်မအိမ် ရှင်က သိလို့လား၊ ဘယ်ကိုသွားရမလဲ ဘာကြောင့် မမေးတာလဲ"

"မခင်လေးနွာဖြူ အိမ်ကို သိပါတယ်"

"ဒီမှာ ... ရှင် ကျွန်မနာမည်ကို တရည်တလျား မခေါ်လို့ မရဘူးလား"

ကားနောက်ကြည့်မှန်ထဲမှ လှမ်းကြည့်လိုက်သော သူ့မျက်ဝန်းညိုညိုများတွင် အကျပ်ရိုက်သော ဦးနှောက်ခြောက်သော စိတ်ကျဉ်းကျပ်တဲ့ အရိပ်အရောင်ကို မြင်ရသည်။

"နည်းနည်းပါးပါး ဖြတ်ခေါ်ပါလားရှင်၊ ရှင်ခေါ်တာကို စောင့်နားထောင်နေရတာကိုက လူကို ညည်းပန်းနေသလိုပဲ"

"ကျွန်တော် မခင်လေးလို့ ခေါ်ပါမယ်"

မခင်လေးတဲ့။





လူတိုင်းက နွာဖြူလို့ သုံးနှုန်းတာကို သူ ကြားဖူးပြီးလျက်နှင့် သူခေါ်မယ့် အမည်က မခင်လေးတဲ့။ ကိုယ့်ကိုယ်ကိုယ် "ခင်လေး"လို့ ရည်ညွှန်းရတာကိုပဲ သဘောကျတဲ့ ခင်လေးအကြိုက်ကိုများ သူ သိလို့လေလား။

"ကဲ ... ပြောပါဦး"

"ခင်ဗျာ ... ကျွန်တော် ဘာကို ..."

"ကျွန်မ အိမ်လေ၊ ရှင် သိတယ်ဆိုရင် ဘယ်မှာလဲ ပြော"

"မြေနီကုန်း၊ ...... လမ်း၊ တိုက်နံပါတ်(...)"

ခင်လေးက အံ့အားသင့်ခြင်းမှာ စိတ်အတိုလေးတောင် စွက်လာရပါသည်။ ဘာဖြစ်လို့ သူက သိနေရပြန်တာလဲ၊ အခုမှ စ,နေမယ့် တိုက်ခန်းကိုလေ။ ခင်လေးကိုယ်တိုင်တောင် လိပ်စာရယ်လို့သာသိလျက် မျက်ဝါးထင်ထင် မမြင်မတွေ့ဖူးသေးတဲ့ တိုက်ခန်းကို သူက သိနေပြန်ရော။ အန်ကယ်ပေးလိုက်တဲ့ တိုက်ခန်းကို ဖွင့်ဝင်ဖို့ သော့တွဲလေးတစ်စုံကလွဲပြီး ခင်လေးတောင် ဘာမှမသိတာ။

"ရှင် ဘယ်လိုလုပ်ပြီး သိလဲ"

"ကျွန်တော့်ကို အန်ကယ် လိပ်စာပြောထားတာပါ"

"........."

ခင်လေးက ဘာမှမပြောသာတော့ဘဲ နှုတ်ခမ်းလေးတင်းတင်းစေ့ကာသာ ခေါင်းလေးတညိတ်ညိတ် ငြိမ်သက်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့"

သူက စကားဆက်လိုက်၍ ခင်လေးက လည်တိုင်လေးပင် ရှေ့ကိုထွက်လာတဲ့ထိ သူ့စကားအဆက်ကို နားစွင့်မိပါသည်။

"အဲဒီအခန်းကို အသင့်နေနိုင်အောင် ကျွန်တော် ပြင်ပေးထားတာပါ"

"........"

"မခင်လေး လိုတာရှိရင် ပြောပါ"

ခင်လေးက ခြောက်သွေ့သလိုဖြစ်လာသော လည်ချောင်းထဲ တံတွေးမျိုချလိုက်ပါသည်။ သူ့အသံက ဘာကြောင့်ရိုကျိုးသလို နူးညံ့သိမ်မွေ့နေရတာလဲ။ ဘာကြောင့် မင်းနဲ့ငါနဲ့ သဘောမျိုး မဆက်ဆံနိုင်ရတာလဲ။ ဘယ်လိုပဲကြည့်ကြည့် ခင်လေးဒွာဖြူဟာလည်း အန်ကယ်ဦးမိုးဆွေ အန်တီနန်းနန်းတို့ရဲ့ ဝန်ထမ်း။ သူဟာလည်း အန်ကယ် အန်တီတို့ရဲ့ဝန်ထမ်းပဲ မဟုတ်ဘူးလား။

ဟိုတုန်းကတည်းက သူ့ရဲ့ မရဲမတင်း ရှိုးတိုးရှန့်တန့် ဆက်ဆံရေးက မကြာ မကြာ ဆုံဖူးတဲ့သူနဲ့ ခင်လေးကြားက ဆက်ဆံရေးကို ရင်းနှီးချည်နှောင်မှု နည်းပါးစေခဲ့ကာ စိမ်းသက်သက် မှန်တန်းအနေအထားကနေ ပိုပြီးတိုးတက်စည်ပင်မလာစေခဲ့။





သူ့ကိုသိတာ ကြာပြီဖြစ်ပေမယ့် စကားအချီအချ ပြောဖူးတာမျိုးမှ မရှိခဲ့တာ။ ဘယ်သူက ဘာပြောခိုင်းလိုက်လို့ ဆိုတာမျိုး တစ်ခွန်း နှစ်ခွန်း ပြောဖူးတာတောင်မှ လက်ချိုးရေလို့ရတဲ့ အကြိမ်အရေအတွက်ထက် မပို။ မျက်လုံးချင်းသာ ဆုံစည်းရင်းနှီးနေခဲ့တာ။

အဲဒီ ဆုံစည်းခဲ့တဲ့ မျက်ဝန်းတို့ရဲ့ အရိပ်အရောင်အငွေ့အသက်တွေထဲမှာပဲ ခံစားလို့ရတဲ့ တစ်စုံတစ်ရာကို ရှာတွေ့ခဲ့တာလေ။

"ဒီလမ်းပဲ မခင်လေး၊ ရောက်တော့မယ်"

ခင်လေးဒွာဖြူက ကားမှန်ကို ထွင်းဖောက်၍ ချိုးဝင်လိုက်တဲ့ လမ်းအနေအထားကို ငေးမောအကဲခတ်နေမိဆဲပင်။ သူက ကားကို တိုက်မြင့်တစ်ခုရှေ့ ထိုးရပ်လိုက်ပါသည်။ နောက်ဘက်လှည့်ကြည့်လိုက်တဲ့ သူ့ကို မျက်နှာချင်းဆိုင်လိုက်ရင်း ...

"ရှင့်ကို မေးစရာရှိသေးတယ်"

"ဟုတ်ကဲ့"

"ရှင့်နာမည်က ဘာလဲ"

"ဗျာ ... ကျွန်တော့်နာမည် မခင်လေး သိတယ်ထင်တာ"

"အန်ကယ်ခေါ်တဲ့ ကိုလတ်ဆိုတာတော့ သိတယ်လေ၊ နာမည်အရှည် ပြောတာ"

"နာမည်ရင်းလည်း ကိုလတ်ပါပဲ မခင်လေး"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက မျက်မှန်ကိုချွတ်ကာ ကားတံခါးကိုဖွင့်လိုက်ရင်း ...

"ရှင့်ကို လိုအပ်ရင် ကျွန်မ ဘယ်လိုဆက်သွယ်ရမလဲ ကိုလတ်"

ပထမဆုံး ခေါ်ဖူးတဲ့ အမည်စာလုံးကြောင့် ရင်ထဲလှိုက်ခနဲ့မိသည်။

"ကျွန်တော့် မိဘိုင်းလ်နံပါတ် ပေးထားပါမယ်"

သူ့အသံကတော့ တိုးရှိုင်းနူးညံ့မြ ရှိလျက်သားပင်။





## ၂

ခြံထဲ ကားကွေ့ဝင်လိုက်လျှင် ပန်းပင်တချို့ကို ရေပိုက်နှင့် ရေလောင်းနေသော မေမေက သူ ကားရပ်တဲ့အနား ရေလောင်းရင်း တိုးလာကာ ...

"သား ဘယ်သွားတာလဲ"

"ကားဝင်းကို သွားတာပါ မေမေ"

ကိုလတ်က မျက်စိမှိတ်၍ ညာလိုက်ပါသည်။

"အစောကြီး ခုနစ်နာရီလောက်ကတည်းက ထွက်သွားတာဆို"

"ဟုတ်ကဲ့ ... ကားတွေ စစ်စရာလေးတွေ ရှိလို့ပါ၊ အန်ကယ် ခိုင်းထားတာလေးတွေ ရှိတာနဲ့"

"အော် ... စောစောစီးစီးကြီး ဘယ်သွားပါလိမ့် ထင်နေတာ၊ ဒါဖြင့် ခဏနေ တစ်ခေါက်ထပ်သွားရှုမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သား ရေချိုး ထမင်းစားပြီး ပြန်သွားမယ်"

ကိုလတ်က အိမ်ထဲဝင်လာလျှင် မေမေက နောက်မှ ကပ်ပါဝင်လိုက်လာပါသည်။

"မင်း အန်ကယ်နဲ့ အဆက်အသွယ်ရှိလား"

"ရှိတာပေါ့ မေမေ၊ သူ ပြောချင်တာ မှာချင်တာ အလုပ်ကိစ္စမှန်သမျှ နေ့တိုင်း အီးမေးလ်နဲ့ ပို့နေတာပဲ"

"ဖုန်းတွေ ဘာတွေရော စကားပြောဖြစ်သေးလား"

"ဖုန်းကတော့ တစ်ခါတစ်ရံမှပဲ ဆက်တာ မေမေ၊ စကားပြောချင်ရင်လည်း online ကနေ ပြောလို့ရနေတာပဲလေ၊ မေမေ ဘာပြောချင်တာ ရှိလို့လဲ"

"မဟုတ်ပါဘူး၊ မင်းအန်ကယ်က ထူးထူးခြားခြား ဘာပြောသေးလဲလို့ပါ"

"ဘာမှမပြောပါဘူး၊ ဘယ်လိုထူးထူးခြားခြားလဲ မေမေ"

ကိုလတ်က မျက်နှာကို အတတ်နိုင်ဆုံး တည်ကြည်လေးနက်အောင်ထားပြီး မေမေ့ကို မေးခွန်းပြန်ထုတ်လိုက်ပေမယ့် သူ့ရင်ထဲမှာတော့ တဒိတ်ဒိတ်နှင့် ထိတ်လာပါသည်။ မေမေ ဘာကိုရည်ရွယ်ကာ မေးနေပါလိမ့်။

ကိုလတ်မေမေ ဒေါ်ဆုမွန်က ကိုလတ် ဝင်ထိုင်လိုက်တဲ့ ထမင်းစားပွဲရဲ့တစ်ဖက်မှာ နေရာယူလိုက်ပြီး ကိုလတ်အတွက် ထမင်းအုပ်ထဲမှ ဝက်အူချောင်းကြက်ဥထမင်းကြော်ကို ပန်းကန်ထဲ ခူးထည့်ပေးရင်း ...





"ဘာရယ် မဟုတ်ပါဘူးလေ"

မေမေ သူ့ကို အကဲခတ်နေတယ်လို့ ထင်သဖြင့် ကိုလတ် မျက်နှာပိုးသေသေထားကာ ကော်ဖီတစ်ပန်းကန် ငုံ့နေလိုက်ပါသည်။ မေမေက အကဲခတ် ... သူကမသိချင်ယောင်ဆောင်။

"မေမေ စားပြီးပြီလား"

"အင်း"

"ဘွားဘွားရော"

"အင်း ... ပြီးပြီ"

"မြေးလေးရေ ... ငါ့မြေးဖို့ ဘွားဘွားက ငါးသလောက်ဝင်ပေါင်းပေးနေတာ နေ့လယ်ကျ ပြန်စားမလား၊ ထမင်းချိုင့်ပို့ပေးရမလား"

မီးဖိုထဲက ဘွားဘွားရဲ့အသံ ထွက်လာပါသည်။ ဘွားဘွားက အသက်(၇၀)ဆိုပေမယ့် ကျန်းမာသန်စွမ်း ဖျတ်လတ်ဆဲ။ ရောဂါကြီးကြီးမားမားလည်းမရှိ။ ခုထိ မြေးစားချင်တာကို သူကိုယ်တိုင် ဝင်ချက်ပေးတုန်း။

တစ်ခါတစ်ရံ သူ ရေချိုးတုန်း ကျောကုန်းကိုတောင် စိတ်လိုလက်ရ ကြေးတွန်းပေးချင်သေးတဲ့ ဘွားဘွား။ မျက်စိ ဒေါက်ထောက်ကြည့်ကာ လိုတာဖြည့်ဆည်းခြင်း၊ အမြင်မတော်တာ ဆုံးမခြင်းတို့နှင့် လက်ပွန်းတတီးရှိလှတဲ့ ဘွားဘွားပါ။ မေမေက တစ်ခါတစ်ရံ စိတ်တိုဒေါသဖြစ်လို့ ကိုလတ်ကို ပေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



မာမာနှင့် ဆုပုကြိမ်းမောင်းရင်လည်း ဘွားဘွားက ဖျန်ဖြေရေး၊ ၁၁မေနဲ့သား ကြားမှာ ပြေလည်အောင် နှစ်သိမ့်ညှိနှိုင်းပေးတတ်သူ။

ဤအမေ ဤအဘွားနှင့်သာ ကြီးပြင်းခဲ့ရတာမို့ ကိုလတ်က ငယ်ငယ်ကတည်းက လိမ္မာတဲ့ကလေး ဖြစ်ခဲ့ရပါသည်။ ယောကျ်ားလူပျိုရယ်လို့ ဘာတစ်ခုမှ ဟောဟောရမ်းရမ်းမရှိဘဲ လူကြီးသူမစကား နားထောင်တဲ့စရိုက်နှင့် သိမ်မွေ့ငြိမ်းချမ်းစွာ ကြီးပြင်းလူလားမြောက်ခဲ့ရတာပါ။

"ပြန်စားမယ် ဘွားဘွား"

"အေး ... အေး ... ပြီးရော၊ မနက်က အမြဲတို့ ဈေးက ပြန်လာပြီးမှ ဈေးမှာ ငါးသလောက်ဆူဆူကြီးတွေ တွေ့တယ် ပြောတာနဲ့ ဘွားဘွားက ထွန်းခင်ခေါ်ပြီး တစ်ချက်ပြေးလိုက်သေးတာလေ၊ ဘွားဘွားကိုယ်တိုင် ရွေးပြီးဝယ်လာခဲ့တာ၊ ငါ့မြေးအကြိုက် ဂျုံးလေးကပ်အောင်နှပ်ပြီး ပေါင်းပေးမယ်"

"သား ညနေဘက် အလုပ်ပြန်မဆင်းနိုင်ဘဲ ဖြစ်တော့မှာပဲ ဘွားဘွားရယ်"

"မေမေငါးသလောက်ပေါင်းကို တစ်ဝက်ချန်ထားမှနော် မေမေ"

"အေးပါ၊ ငါသိပါတယ် ဆုမွန်ရယ်"

"ညနေစာလား မေမေ"





"ညနေ ချောချောတို့သားအမိ လာမှာ"

ကိုလတ်က မျက်ခုံးပင့်ပြီး ပခုံးတစ်ချက် တွန့်လိုက်ပါသည်။ မေမေက အဲဒီအမူအရာကိုပါ မလွှတ်တမ်းကြည့်ပြီး ...

"လဝန်းက ကျောင်းပြီးလာပြီဆိုတော့ နောင် မကြာမကြာ ပါလာမှာ"

"ဟုတ်လား ... လဝန်းတောင် ကျောင်းပြီးပြီလား"

ဘွားဘွားက အိမ်ရှေ့ ထွက်လာပါသည်။

"အင်း ... ပြီးပြီ မေမေရဲ့၊ ဂရယ်ဂျူရေးရှင်း ပြီးခဲ့ပြီ"

ကိုလတ်က မေမေကို လှမ်းကြည့်ရင်း ...

"သူက ဟိုမှာ အလုပ်ပြန်လုပ်မှာလား"

"ဟင့်အင်း၊ ဒီက '.........'ဟိုတယ်မှာပဲ လုပ်မယ်၊ နဂိုကတည်းကလည်း အတက်ချိမ်နဲ့ထ ဆင်းထားတာ၊ ပြီးတော့ လဝန်းက စာမေးပွဲကို ဂရိတ်ကောင်းကောင်းနဲ့ အဆင့်မြင့်မြင့် အောင်လာတာ၊ ဖရန့်အော့ဖစ်စ်မန်နေဂျာဆိုလား အဲဒီရာထူး ရမယ်တဲ့၊ ပြောဆိုပြီးသား"

"လဝန်းလေးက တော်တယ်ဟဲ့"

ဟင်း ဟင်း ...။

မေမေက ချီးမွမ်း ဘွားဘွားက ထောက်ခံ။ မေမေက ရှေ့ကပင့် ဘွားဘွားက နောက်ကမြှောက်။ သူတို့ပါးစပ်များ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရေပန်းစားလှတဲ့ "လဝန်း"ဆိုတဲ့ မိန်းကလေးဟာ ကိုလတ် နှင့်လည်း ရင်းနှီးခင်မင်ပြီးသား။ အကြောင်းကိစ္စရှိတိုင်း ဆုံစည်း ဖြစ်နေတဲ့ မေမေ့သူငယ်ချင်းရဲ့သမီးအဖြစ် သိကျွမ်းနေခဲ့ပြီး အတန် ကြာမှ ကိုလတ် ကိုယ်တိုင် စိတ်ဝင်စား ရင်ခုန်လှုပ်ရှားခဲ့ရဖူးတဲ့ သူလေးပါ။

အဲဒီမိန်းကလေးကို ဖွင့်ပြောဖြစ်တဲ့အထိ အစွဲအလမ်း ကြီးမားရင့်သန်မလာခင် သူ ဗန်ကောက်ကို ထွက်သွားဖြစ်ခဲ့ပြီး ခင်လေးချာဖြူနဲ့ ဆုံတွေ့ခဲ့ရတာ။

"သား လဝန်းနဲ့ ဖုန်းပြောသေးလား"

"ဟုတ်ကဲ့ ... မနေ့ကပဲ ပြောဖြစ်သေးတယ်"

"ဘာပြောသေးလဲ ထူးထူးခြားခြား"

ကိုလတ်က တမင်တကာပင် ပေါ့ပေါ့ပါးပါးလုပ် ကာ ရယ်လိုက်ရင်း ...

"မေမေကလည်း၊ ခုတလော ဘယ်သူနဲ့ ဘာစကားတွေ ထူးထူးခြားခြား ပြောလည်းပဲ မေးနေတာပဲ၊ မေမေ့မှာကော ဘာများ ထူးထူးခြားခြား အကြောင်းရှိလို့လဲဟင်"

မေမေက ကိုလတ်ကို မျက်စောင်းရွယ်ရင်း ...

"မင်းက မပွင့်တပွင့် နှုတ်ပိတ်ပိတ်နဲ့ဆိုတော့ မေးရတာ ပေါ့"





"ဘာကို မပွင့်တပွင့် လုပ်နေတယ်လို့ မေမေက ထင်လို့လဲ"

မေမေက မဖြေပါ။ ကိုလတ်က မေမေ့နောက်က ဖြတ်အလျှောက် မေမေ့ကို တစ်ချက်ဖက်ရင်း ...

"သား ရေသွားချိုးတော့မယ် မေမေ"

မေမေ့မှာ တစ်ခုခု ပြောစရာရှိနေတာ ကိုလတ် သိ ပါသည်။ ပြောစရာ ဆိုတာထက် စိတ်ကသိကအောက်ဖြစ်စရာ၊ စိတ်ထင့်စရာလိုဟာမျိုး ရှိနေတဲ့ပုံ။ ဘာဖြစ်နိုင်သလဲ ဆိုတာလည်း ကိုလတ် သိသည်ပင်။

ခင်လေးချာဖြူ ပြန်လာတာကို မေမေ သတင်းရပြီ ထင်ပါရဲ့။

ကိုလတ် ရေချိုးခန်းထဲက ထွက်လာတော့ သူ့အိပ် ခန်းထဲ ဘွားဘွား ရောက်နေသည်။ အခန်းထောင့်က လက်ပ်တော့ပ် တင်ထားတဲ့ စားပွဲပေါ် ပန်းအိုးလေးတစ်လုံး လာထားပေးနေတာ ဖြစ်သည်။

"မြေး"

"ဗျာ ... ဘွားဘွား"

"ဘွားဘွား မနက်ခုနစ်နာရီခွဲလောက်က ဈေးကို ငါး သလောက်သွားဝယ်တယ် ပြောပါရောလား မြေး"

"ဟုတ်ကဲ့ ... သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးက သားတို့ကားဝင်းနားတင်ပဲလေ၊ အဲဒါ ဈေးက အပြန် ထွန်းခင်က ဘရိတ်ဆီ ဝင်ဖြည့်မယ်ဆိုပြီး ကားဝင်းထဲ ဝင်တယ်"

ကိုလတ်က ရေသုတ်ရင်း ပြုံးနေမိပါသည်။ ဘွားဘွားကတော့ လေချိုအပျော့ဆွဲလေးနဲ့ ချော့မော့နားချတတ်သူပင်။

"ကားဝင်းထဲ ငါ့မြေးကားရော ငါ့မြေးရော မတွေ့ခဲ့ပါဘူး"

"အဟင်း ဟင်း"

"မနက်စောစော ကားဝင်းသွားတယ်လို့ မေမေ့ကိုပြောပြီး ငါ့မြေး ဘယ်ကိုသွားတာလဲဟင်"

"………"

"နဂိုကတည်းက မပြောချင်လို့သာ ကားဝင်းဆီ သွားတယ်လို့ လွှဲပြောတာဆိုတော့ ဘွားဘွားကလည်း ဖွတ်မမေးတော့ပါဘူး။ ဒါပေမဲ့ သားလေး မဟုတ်ကဟုတ်ကတွေတော့ မလုပ်နဲ့နော် ကြားလား၊ မင်းမေမေသိရင် ပွစိပွစိ ဗျစ်တောက်ဗျစ်တောက် လုပ်ဦးမယ်၊ ဘွားဘွား မပြောပါဘူး ငါ့မြေးရဲ့၊ ဒါပေမဲ့ ငါ့မြေးလေးကလည်း ဘွားကိုပြောဖို့သင့်တဲ့စကားကိုတော့ ပြောနော်၊ ဘယ်သူ့မှ ဘာမှအသိမပေးဘဲ ဘာမှကျိတ်မလုပ်နဲ့နော် မြေးလေး"

"ဟုတ်ကဲ့ပါ ဘွားဘွား၊ သား အရေးပါတဲ့ကိစ္စတွေအားလုံး ဘွားဘွားကို အသိပေးပြီး တိုင်ပင်ပါ့မယ်"





"အေး … အေး … လိမ္မာလိုက်တာ ငါ့မြေးလေး"

ကိုလတ်က အဝတ်အစား လဲတာပြီးတာ လုပ်နေဆဲ ဘွားဘွားက မျက်နှာသုတ်ပဝါ ကောက်သိမ်း၊ အရှုပ်အပွတွေ ကောက်သိမ်းနှင့် အခန်းထဲက မသွားသေးပါ။

"မြေးလေး"

"ဗျာ"

"မင်းအမေ ခုတလော ရတက်မအေး ဖြစ်နေတာ သိရဲ့လား"

"ဟင့်အင်း … မသိဘူး ဘွားဘွား၊ ဘာဖြစ်လို့လဲ"

"သူ့ဆီ မနန်းက ဖုန်းဆက်တယ်ကွယ့်"

"အန်တီနန်းက ဘာတဲ့လဲ ဘွားဘွား"

"နွာဖြူက ရန်ကုန် ပြန်လာတော့မယ်တဲ့"

"………"

"သား သိလား"

"………"

"သားလည်း သိတယ်ပေါ့ ဟုတ်လား၊ အဲဒီကိစ္စအတွက် သားလေးမေမေ အတော်စိတ်ကသိကအောက် ဖြစ်နေတယ်၊ ပူပန်နေတယ်ပေါ့ မြေးလေးရယ်၊ မေမေရော ဘွားဘွားရော ဒီကိစ္စနဲ့ပတ်သက်ပြီး အန္တရာယ်အငွေ့အသက်ကို ခံစားနေရပြီး ဒီအန္တရာယ်ကို အလုံးအရပ် အကောင်အထည်လည်း



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမသိတော့၊ ဘယ်ချောင် ဘယ်ထောင့်က အလစ်အငိုက်

တိုက်ခိုက်ခံရမလဲ စိတ်ထင့်နေကြရတယ် မြေးလေး”

သူ ဘာတစ်ခွန်းမှ ပြန်မပြောမိပါ။

ဘွားဘွားရော မေမေရောဟာ “ခင်လေးနွာဖြူ”ကို နွာဖြူဆိုတဲ့ နာမည်လေးတစ်လုံးပဲ ကြားဖူးကြပြီး မမြင်ဖူး မတွေ့ဖူးကြပါ။ ဒီမိန်းကလေးကို ကိုလတ် အရှုံးအမှူး စွဲလမ်းခဲ့တယ် ဆိုတာကိုတော့ဖြင့် အစ်ကိုဝမ်းကွဲဖြစ်သူ ကိုညာဏ်ထံမှ ဘွားဘွားတို့ မေမေတို့ ကြားဖူးခဲ့ကြတာ ဖြစ်ပါသည်။

ကိုညာဏ်က ဗန်ကောက်ကို ကိုလတ်နှင့်အတူ ထွက်ခွာခဲ့သူ ဖြစ်ပေမယ့် သူက သင်္ဘောတက်မယ့်သူ။ ကိုလတ်တို့နှင့် အဆောင်မှာ နှစ်လကျော်လောက်သာ နေပြီးတဲ့နောက် သင်္ဘောတက်သွားခဲ့တာပါ။ ကိုလတ်လို အလုပ်ကိစ္စလည်းမရှိ။ သင်္ဘောမတက်ခင် အားအားလျားလျား ရှိနေကာ အန်ကယ်ဦးမိုးဆွေနှင့်လည်း ခင်မင်သူပီပီ ရုံးတွေ ဆိုင်တွေကို ဝင်ဝင်ထွက်ထွက်ရှိရာက ခင်လေးနွာဖြူကိုပါ မြင်ဖူး သိဖူးခဲ့တဲ့သူ။

မြင်မြင်ချင်း အသေအလဲ ကြွေသက်ကျဆုံးခဲ့တဲ့ ကိုလတ်အကြောင်းကို အရင်းတိုင်း အလုံးစုံအသိဆုံးဟာ ကိုညာဏ်ဖြစ်သလို ခင်လေးနွာဖြူနဲ့ပတ်သက်တဲ့ ကောလာဟလသတင်းတို့ ဟိုက ဒီက သိုးသိုးသန့်သန့် ပြန်ကြားရတဲ့အခါ ကိုညာဏ်က သူ့ကို တားမြစ်ပါသည်။





နှစ်နှစ်ကြီးတဲ့ အစ်ကိုပီပီ …

“ဟောကောင် … ကိုလတ်၊ မင်း နွာဖြူကို ခေါင်းထဲက ထုတ်ပစ်လိုက်စမ်း၊ ငါ ဒါပဲပြောချင်တယ်ကွာ”

သူ ဘာမှပြန်မပြောပါ။ သူက လူကြီးသူမကို ဘယ်တုန်းကမှ ကလန်ကဆန် လုပ်တတ်တဲ့သူမှ မဟုတ်တာ။ သို့ပေမယ့် ခင်လေးနွာဖြူကိုတော့ ခေါင်းထဲ ရင်ထဲက ဖျောက်မထုတ်ပစ်နိုင်။

တကယ်တော့ သူအသေအလဲ စွဲလမ်းယစ်မူးနေခဲ့တာသာပါ။ အပြင်မှာ ခင်လေးနွာဖြူနဲ့ သူ စကားတောင်ဟဟမပြောဖူးခဲ့။ သူ့ဘက်က အရှုံးအမူး စွဲလမ်းသွားခဲ့ကြောင်းကို သိဖို့နေနေသာသာ တစ်ဆိတ်ကလေး ရင်းနှီးမှုတောင် ရှိခဲ့တာမဟုတ်ပါ။

သို့ပေမယ့် မမြင်ရတဲ့ “အချစ်”ဆိုတဲ့ အရာလေးဟာ အသွားအပြန် ရှိခဲ့သလား မသိပါ။ ခင်လေးနဲ့ မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် အမှတ်တမဲ့ ဆုံလိုက်ရတိုင်း သူ့ကိုကြည့်တဲ့ ခင်လေးရဲ့မျက်ဝန်းလေးတွေထဲမှာ အသိအမှတ်တစ်ခုထက်ပိုတဲ့ နက်ရှိုင်းပြင်းထန်တဲ့ ခံစားချက်တစ်ခုကို အမြဲတမ်း တွေ့မြင်ရသလိုပဲဟု သူက အမြဲယုံကြည်ခဲ့မိပါသည်။

ခင်လေးကို သူ စကားဟဟတောင် မပြောဖူးသူ ဆိုတာ ကိုညာဏ်လည်း သိပေမယ့် ခင်လေးရှိမယ့်အရပ်ကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ပဲ အနီးကပ် ဝင်ထွက်ဖြတ်လျှောက်ရင်း အဝေးက ငေးမျှော်နေရင်း အသက်ငင်သလို တငင်ငင် အစွဲကြီးစွဲနေတဲ့ သူ့အခြေအနေဖြစ်အင်ကြောင့် ကိုညဏ်က သူ သင်္ဘောမတက်ခင်မှာ မေမေတို့ဆီ လှမ်းအကြောင်းကြားလိုက်ပါသည်။

"အန်တီဆု ... ကိုလတ် ဒီမှာ ကောင်မလေးတစ်ယောက်ကို ကြွေနေတယ်၊ ကောင်မလေးက ကာရိုက်တာ သိပ်မကောင်းဘူးလို့သတင်းကြားတယ်၊ ကျွန်တော်လည်း သင်္ဘောတက်တော့မှာဆိုတော့ ဒီကောင့်ကို ဆက်စောင့်မကြည့်နိုင်ဘူး၊ အန်တီဆုသားက အုံ့ပုန်း၊ အန်တီဆု ကြည့်စီစဉ်ပါဦး"

ကိုညဏ်ကို သူ စိတ်မဆိုးပါ။ မေမေက သူ့ကို အတင်းပြန်ခေါ်ပါသည်။ အန်ကယ်ဦးမိုးဆွေ အန်တီနန်းတို့ထံ အကြောင်းကြားပြီး မဖြစ်မနေ ပြန်လွှတ်ဖို့ တောင်းဆိုရာ အန်ကယ်တို့က ဘုမသိ ဘမသိနှင့်ပင် ...

"ဘာပဲဖြစ်ဖြစ် မင်းအမေ ပြန်ခေါ်နေဟာဆိုတော့ ပြန်လိုက်ဦး"

ပထမအကြိမ် လေးငါးလနှင့် သူ မြန်မာပြည်ပြန်လာပါသည်။

အဲဒီကတည်းကစပြီး အလိမ်အညာ မုသားစကားလေးတွေ ကိုလတ် ပြောတတ်လာခဲ့တာ။ မေမေ့ကို ဘူးခံငြင်းသည်။



ငြင်းတဲ့အတိုင်းလည်း ခင်လေးကို သူ မေ့လို့ရအောင် ကြိုးစားပါသည်။ ဘွားဘွားတို့ မေမေတို့ရဲ့ ရိုးသားအေးဆေးမှုကို တန်ဖိုးထားတဲ့ ပုံစံစည်းစနစ်နှင့် ဘယ်လိုမှ မဖြစ်ဘူးလို့ သူ့စိတ်ကို သူ ဆုံးမသည်။ ဘာမှလဲ ဖြစ်ခဲ့တာမရှိဘဲ အလွန်ဆုံးအကြည့်ချင်းသာ ဆုံဖူးတဲ့ ခင်လေးကို မမေ့နိုင်စရာ အကြောင်းမရှိဘူးလို့ သူ့ကိုယ်သူလည်း ထင်ခဲ့ပါသည်။

အဲဒီအချိန်မှာ သူ တစ်ချိန်က စွဲလမ်းရင်ခုန်ဖူးတဲ့ လဝန်းလည်း စင်ကာပူမှာ ကျောင်းတက်နေရာက ခဏတဖြုတ် ပြန်ရောက်နေတော့ သူ့စိတ်တွေကို လဝန်းဘက်ပဲ ပြန်အနည်ထိုင်နိုင်အောင် ကြိုးစားခဲ့သေးတာပါ။

အချစ်ဆိုတာဟာ အင်မတန် အံ့သြဖို့ကောင်းတယ်ဆိုတာ သူ ကိုယ်တွေ့သိခဲ့ရပါသည်။ လက်ပွန်းတတီး တရင်းတနီးနေရတဲ့ ယဉ်ကျေးသိမ်မွေ့သော လှပဂေး မိန်းကလေးတစ်ဦးအပေါ် အလွယ်တကူ သက်ရောက်ဖို့ မဖြစ်နိုင်ခဲ့တဲ့ သူ့ရဲ့အချစ်ကိုတော့ ပိုပြီးအံ့အားတသင့် ဖြစ်ခဲ့ရတာပါ။

သူ ဘူးခံငြင်းတာရယ်၊ လဝန်းနှင့် တရင်းတနီး ပြေပြေလည်လည် ရှိတာရယ်၊ အလုပ်ကိစ္စတွေနှင့် အန်ကယ်က သူ့ကိုပြန်ခေါ်နေတာတွေရယ်ကြောင့် အရိပ်အကဲကြည့်ပြီး သူ့ကို ကတိကဝတ်တောင်းကာ ဗန်ကောက်ကို ပြန်လွှတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သူဟာ ဖောင်းကလွတ်တဲ့မြင်းနှယ် လေးညို့ကလွတ်တဲ့ မြားနှယ်၊ သူ့နှလုံးသားရဲ့ ပျော်စံရာအရပ်ကို လှစ်ခနဲ ရောက်သွားခဲ့တော့တာ။ ခင်လေးရဲ့မျက်နှာလေးကို မြင်ရရုံနှင့် သူ့ရဲ့နေ့ညတို့ ပြီးပြည့်စုံခဲ့ပါသည်။ ဘာကြောင့်မှန်း အကြောင်းပြချက် မပေးနိုင်အောင်ကို ခင်လေးကို သူချစ်တာ။

တမြတ်တနိုး ချစ်တာ။ မွန်းကျပ်နေအောင် ချစ်တာ။ နင့်နေအောင် ချစ်တာ။ အရူးတမိုင်း ချစ်တာ။ ဘာဖြစ်ဖြစ် ချစ်ကိုချစ်နေမိတာမျိုးတည်း။

ဒါပေမဲ့လည်း ခင်လေးကို နည်းနည်းကလေးတောင်မှ မသိစေမိခဲ့ပါ။

ဒီကြားထဲ ခင်လေး ရန်ကုန်တစ်ခေါက် ပြန်သွား၍ သူလည်းပဲ မယောင်မလည်နှင့် အိမ်လွမ်းသလိုလိုနှင့် ပြန်ခဲ့ပြန်သည်။ နောက် ခင်လေး ဗန်ကောက်ကို တစ်ခေါက်ပြန်ထွက်ပြန်တော့ သူလည်း မရှေးမနှောင်း ထွက်ခဲ့ပြန်သည်။ သူ့ဘဝဟာ "ခင်လေးချာဖြူ"ဆိုတဲ့ လိုင်းကလေးက ပုတ်ခတ်လိုက်ရာကမ်းဆီ လူမသိ သူမသိ သွားသွားသောင်တင်နေခဲ့ပုံမျိုးပင်။

သူကိုယ်တိုင်ကလွဲလို့ ဘယ်သူမှ မသိခဲ့တဲ့ အုံ့ပုန်းချစ်ဇာတ်လမ်းလေးပင်။ ဒီကြားထဲ မေမေတို့က လဝန်းနှင့် နေရာချချင်လာတာကို လှည့်ပတ်ကုတ်ကပ်၍ ငြင်းနေခဲ့ရပါသည်။



ခုတစ်ခေါက် သူ ဗန်ကောက်ကို နောက်ဆုံးရောက်နေတုန်း ခင်လေးနှင့်ပတ်သက်တာတွေ ရင်ဖွင့်ရေးထားတဲ့ သူ့ရဲ့မှတ်တမ်းစာအုပ်လေးက ရန်ကုန်အိမ်မှာ ကျန်ခဲ့ရာ အဲဒီစာအုပ်ကို မေမေ မတော်တဆတွေ့ကာ ဖတ်ရပြီး သူ့ကို ခေါ်သူပန်တွေ ထ,ပါသည်။

ချက်ချင်းပြန်လာဖို့ ခေါ်တာကို သူ မပြန်ဖြစ်ခဲ့။ မေမေ လှမ်းပြောတဲ့အတွက် သူ့ရဲ့အုံ့ပုန်းခံစားချက်တို့ကို အန်တီနန်းတို့ သိကုန်တာကိုလည်း သူက မေမေ့အပေါ် စိတ်ပျက်မိသည်။ မေမေကလည်း သူ့ကို အလွန်ဒေါပွသည်။ မေမေနှင့် ကိုလတ်အကြား အခြေအနေက အနည်းငယ် တင်းမာနေခဲ့ပါသည်။

အခုတစ်ခါ ပြန်ခဲ့ရတာကတော့ မပြန်မဖြစ်လို့ပင်။ အန်ကယ်က ဒီမှာလည်း တက္ကစီနှင့် အဝေးပြေးကားအငှားကုမ္ပဏီတစ်ခု ထောင်သည်ဖြစ်၍ ကိုလတ်ကို ရန်ကုန်မှာပဲနေပြီး စီမံကွက်ကဲဖို့ တာဝန်ပေးတာကြောင့် ငြင်းမကောင်းတဲ့အတွက် သူ ပြန်လာခဲ့ရတာပါ။

ခုတော့ သူ ပြန်ရောက်ပြီး တစ်လအကြာမှာ မျှော်လင့်ဘဲ ခင်လေးလည်း ပြန်လာခဲ့တာနှင့် ကြုံရသည်။ ခင်လေးရဲ့တိုက်ခန်းကို သူပဲ အန်ကယ့်အကူညီတောင်းမှုအရ ပြင်ဆင်ပေးခဲ့ရပါသည်။ သူ သက်သောင့်သက်သာရှိအောင် ပြင်ဆင်ပေးခဲ့တဲ့ တိုက်ခန်းထဲမှာ ခင်လေး နွေးထွေးပါစေ။

www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး ... မမိုက်နဲ့နော် မြေး၊ လိမ္မာပါ ငါ့မြေးရယ်"

ဘွားဘွားအသံက နူးညံ့၍ ချော့မော့ဖျောင်းဖျဟန်ဆန်သည်။ သူက ဘွားဘွားကို ချစ်စနိုးပြုံးကြည့်ရင်း ...

"သား လိမ္မာပါတယ် ဘွားဘွားရဲ့၊ မမိုက်ပါဘူး"

"အေး ... အေး၊ ဝမ်းသာလိုက်တာ ငါ့မြေးရယ်"





## ၃

ဘုရားစင်၊ အနက်ရောင်ဆက်တီတစ်စုံ၊ ထမင်းစားစားပွဲနှင့် ကုလားထိုင်နှစ်လုံး၊ ဗီရိုတစ်လုံး၊ ရေခဲသေတ္တာလေးတစ်လုံး၊ မီးဖိုနှင့် အိုးခွက်ပန်းကန်တချို့။ အိမ်ခန်းထဲမှာတော့ မွေ့ရာခုံးကို ကြမ်းခင်းပေါ် ဒီတိုင်းချကာ အပြာတောက်တောက်အပွင့်အိပ်ရာဖုံးစွပ်ထားသည်။

မကျဉ်းမကျယ် အခန်းထဲ လိုအပ်တာကလွဲပြီး ရှည်းပိုမရှိဘဲ အခန်းလေးက ရှင်းလင်းသပ်ရပ် တောက်ပြောင်တာ ချစ်စဖွယ်လေး ဖြစ်နေပါသည်။ မိန်းကလေးနေဖို့ အခန်းဆင်ပါရဲ့ မွေ့ရာပေါ် မွေးပွဝက်ဝံရုပ် အဝါရောင်ကြီးတစ်ခုဘောင် တင်ထားပေးသေးကာ အိပ်ခန်းရဲ့ပြတင်းပေါက်ဘောင်တစ်ခုပေါ်မှာတော့ ကက်တပ်စ်ပင်အိုးလေးတစ်အိုး။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးခွာဖြူက ကက်တပ်စ်အိုးလေးကို အတန်ကြာ ငိုင်ကြည့်မိနေသည်။ သူက ဘာကြောင့် ခင်လေးရဲ့အကြိုက် တချို့ကို သိနေပါလိမ့်။ သူနှင့် ခင်လေးက အဲသလောက် သိနိုင်လောက်အောင် မဆုံဖူးပါ။

သူ့ကိုပထမဦးဆုံး စ,တွေ့ဖူးတဲ့နေ့ကို ခင်လေးမှတ်မိနေပါသည်။ အဲဒီနေ့က ခင်လေးသည် ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက် နာကြည်းခံစားရခြင်း ပြင်းထန်လှ၍ အန်ကယ်ရုံးခန်းရှိတဲ့ ပထမထပ်ရဲ့ အပြင်ဘက် ထောင့်တစ်နေရာက တရုတ်ကြွေပန်းအိုး လူတစ်ရပ်လောက်ကြီး အနီးမှာ မည်းပြောင်နေတဲ့ လျှာထိုးကြမ်းခင်းတွေပေါ် ဖင်ချထိုင် ဒူးကိုထောင်၍ပိုက်ကာ ဒူးပေါ် မျက်နှာအပ် သိမ့်သိမ့်တုန် ငိုကြွေးနေမိတုန်းတည်း။

ပြန်ချင်တယ်။

အိမ်ပြန်ချင်တယ်။ မေမေနဲ့ နေချင်တယ်။ မောင်လေးနဲ့ နေချင်တယ်။ မိသားစုနဲ့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေချင်တယ်။ သူဌေးတွေထဲမှာ ကျွန်တစ်ပိုင်းခံပြီး ချမ်းချမ်းသာသာ ဝတ်ကောင်းစားကောင်းတွေနှင့် မနေချင်ဘူး။

မေမေ ... ခင်လေး ပြန်လာချင်လှပြီ။ မောင်လေးရယ် ... ကျောင်းမြန်မြန်ပြီးပါတော့။ ကျောင်းစာအုပ် စာရွက်စာတမ်းတွေ ဈေးကြီးလှပြီး စရိတ်ကြီးလေးလှတဲ့ ဆေးကျောင်းသက်တမ်း မြန်မြန်ကုန်ဆုံးပြီး ဆရာဝန်အမြန်ဖြစ်ပါတော့။





ဤစကားတွေက ခင်လေး ရင်ထဲမှာ ဟစ်ကြွေးမြည်တမ်းနေခဲ့တဲ့ စကားတွေပင်။ အရှက်တရား၊ အကြောက်တရား၊ ခံပြင်းမှု၊ အားမတန်မှု၊ ဆင်ခြင်တုံတရား၊ ကိုယ့်လိုအပ်ချက်နဲ့ ကိုယ်ပေးအပ်ခဲ့ရတဲ့ အရင်းအနှီး။ ဒါတွေဟာ ခင်လေးခွာဖြူရင်ထဲ မီးတောင်ဝ ချော်ရည်ပွက်သလို ပွက်ပွက်ထ ပူပြင်းအနည်ကျနေပါသည်။

ဝမ်းနည်းနာကျင်နေလွန်းတဲ့အချိန်။ တိုင်ပင်စရာအဖော်၊ တိုးဝင်စရာရင်ခွင်ဆိုတာ လုံးဝမရှိတဲ့ အရပ်ဒေသမှာ ပျော်လည်းတစ်ယောက်တည်း၊ ဝမ်းနည်းလည်း တစ်ယောက်တည်း၊ ခက်ခဲလည်း တစ်ယောက်တည်း၊ ပြေလည်လည်းတစ်ယောက်တည်း၊ အစစအရာရာ မျှဝေစရာ လူမရှိတဲ့ အထီးကျန်အားငယ်လစ်ဟာမှုကို ရင်ထဲ ခါးခါးသီးသီး နင့်နင့်နဲနဲ ခံစားနာကျင်နေရတုန်း အချိန်ပါ။

ဘေးလှေကားမှ လူတက်လာတဲ့ ခြေသံကိုမကြားမိပါ။

အန်ကယ်က ဆီးလုံလမ်းမကြီးပေါ်မှာ ငါးထပ်မြင့်တဲ့ အဆောက်အအုံကို တစ်ဦးတည်းပိုင်ဆိုင်တာ။ ငါးထပ်စလုံးကို တစ်ဆက်တည်းတက်ဖို့ ဘေးလှေကားရှိသည်။ အတွင်းဘက်မှာလည်း သီးသန့်တစ်ထပ်ချင်း တက်ဆင်းနိုင်တဲ့လှေကားလေးတွေ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ်က အန်တီနန်းရဲ့ မြန်မာ့လက်မှုပစ္စည်းများနှင့် ရတနာအရောင်းဆိုင်ခန်း။ ပထမထပ်က အန်ကယ့်ရုံးခန်း။ ဒုတိယထပ်က ချက်ပြုတ်တဲ့မီးဖိုနှင့် ထမင်းစားခန်းရှိကာ လေးထပ်က ခင်လေးတို့လို အတူနေဝန်ထမ်းအလုပ်သမားတွေရဲ့အထပ်။ အပေါ်ဆုံးထပ်က အန်ကယ်နဲ့ အန်တီတို့နေတဲ့ အထပ်ပင်။

ဒီငါးထပ်လုံးမှာ ဘယ်အထပ် သွားနေလို့မှ လုံခြုံစိတ်သက်သာရာ မရရှိနိုင်သလို ခံစားရပြီး ပန်းအိုးကြီးနံဘေးပုထိုင်လျက် ရင်ကွဲပက်လက် ဖြစ်နေခဲ့တဲ့ ခင်လေးဟာ ဆလိုက်တွန်းရွှေ့ ပွင့်ဟသွားတဲ့ မှန်တရုတ်ကပ်ကွက်တပ် ကျွန်းတံခါးဆီ မျက်ရည်လည်ရွဲ အလန့်တကြား လှမ်းကြည့်လိုက်မိတာပါ။

ဝင်လာခဲ့တာက သူ။ ကိုလတ်လေ။

ကိုလတ်လို့ အမည်မသိသေးတဲ့ လုလင်ပျိုတစ်ယောက်က ပွင့်သွားတဲ့ တံခါးဝမှာ ခြေတစ်ဖက်ဝင် ခြေတစ်ဖက်ထွက် ပုံသဏ္ဌာန်နှင့် အိုးတိုးအမ်းတမ်းရပ်ရင်း နာကြည်းသည်းနိုက်စွာ ငိုကြွေးနေမှန်း သိသာတဲ့ ခင်လေးစွာဖြူကို တအံ့တသြအားနာပါးနာ ပါးစပ်အဟောင်းသား ငေးကြည့်ကြောင်တက်နေသည်။

"ဟို ..."





အသားခပ်ညိုညိုလေးနှင့် မျက်ခုံးတွေ မျက်တောင်တွေ ထူထဲနက်မှောင် စိမ်းညို့ကာ ဆံပင်လေးတွေကိုက နက်ရောင်ခပ်ညိုညိုနှင့် ဘယ်လိုမှန်းမသိ အေးချမ်းတဲ့ မျက်နှာကို ခင်လေးလည်း အိုးတိုးအမ်းတမ်း ရုက်လန့်တကြား ရင်ဆိုင်ကြည့်နေမိပါသည်။

ထို့နောက်တော့ ကိုယ့်ခံစားချက် ကိုယ့်မပြေလည်မှုနဲ့ကိုယ် ချောင်ထဲလာငိုနေပါတယ်ဆိုမှ ရောက်လာကာ ခင်လေးမျက်ရည်ကို တွေ့သွားတဲ့ သူ့ကို ဒေါသထွက်လာမိကာ ...

"ဘာလဲ"

ခပ်မာမာ လှမ်းမေးလိုက်သံက နှာခေါင်းပိတ်သံငိုသံပါနဲ့ပါ။

"ဟို ... ဟိုဟာပါ၊ အန်ကယ် ..."

သူက အထစ်ထစ် အငေါ့ငေါ့ ဖြေသည်။

"ဘာ ... အန်ကယ်လဲ"

"အန် ... အန်ကယ်နဲ့တွေ့ဖို့"

"ဝင်သွား ... ဟိုတံခါး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူက တံခါးကို ပြန်ဆွဲစေ့လိုက်ကာ ရှေ့ကို ဆက်ဝင်သွားဖို့ ခြေလှမ်းပြင်ရင်းမှ ခင်လေးထံ တစ်ချက်ကြည့်ကာ ...

"ဟို ..."

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်တော် ... ဘာများအကူအညီပေး ..."

"မလိုဘူး"

ဒါဟာ သူနှင့် ခင်လေးအကြား စကားအများဆုံး ပြောခဲ့ဖူးတဲ့ အကြိမ်ပင်။ နောင်တော့ သူ့ကို အန်ကယ့်နားမှာ တွေ့နေပါရဲ့ သေချာစကားဟဟ မပြောဖြစ်တော့တာပါ။ "အန်ကယ်ရှိလား"၊ "ရှိတယ်"ဆိုတာလောက်သာ သူတို့နှစ်ဦးကြားမှာ ရှိခဲ့သည်။

မျက်မှန်းတန်းခဲ့ပေမယ့် မရင်းနှီး။ ရင်းလည်းမရင်းနှီးချင်။ သို့ပေမယ့် သူ့မျက်ဝန်းထဲမှာ သူ့ရင်ထဲက လာရိုက်ခတ်တဲ့ အရိပ်အယောင်တစ်ခု ထင်ဟပ်နေတယ်လို့ အမြဲယုံကြည်ခဲ့မိကာ အဲဒီအရိပ်အယောင် တစ်စုံတစ်ရာဟာလည်း ခင်လေးရဲ့ စိတ်ကို အဖော်ရသလို လုံခြုံမှုတစ်ခု ရှိစေခဲ့ပါသည်။

သူကတော့ သိချင်မှ သိမှာပေါ့။ သူ့မျက်ဝန်းများထဲက တစ်စုံတစ်ရာဟာ သူက ဖန်တီးထားတဲ့ သူကိုယ်တိုင်သိတဲ့ အရာတစ်ခုလည်း ဖြစ်ချင်ဖြစ်မည်။ သူ ကိုယ်တိုင်မသိတဲ့ အရာတစ်ခုလည်း ဖြစ်ချင်ဖြစ်မည်။

ခင်လေးရဲ့နှလုံးသားများကို ထိုတစ်စုံတစ်ရာက လူမသိ သူမသိ နွေးဖိုရှိန်းမြစေခဲ့တယ်ဆိုတာကိုလည်း ခင်လေးကလွဲလို့ ကမ္ဘာမှာသိတဲ့သူ မရှိ။ ဘယ်သူမှမသိတာကိုပဲ ခင်လေးက ကြိုက်ပါသည်။ သိဖို့လည်း မလိုပါဘူးလေ။





ဒါပေမဲ့ သူနဲ့ ခင်လေးဟာ ရေစက်ပဲပါတာလား။

သူက ရန်ကုန်မှာပဲ နေတော့မည်ရယ်လို့ သူ့ဟာသူ ပြန်သွားပြီး တစ်လအကြာ ခင်လေးကလည်း ကိုယ့်ဟာကိုယ့် ကိုယ်ဆုံးဖြတ်ချက်နှင့် အပြီးပြန်လာခဲ့တယ်ဆိုတော့ ဒီမှာလာပြီး ဆုံစည်းလို့နေရပြန်ရောပင်။ ဒီကြားထဲ အန်ကယ်က ဒီအိမ်ခန်းကို သူ့ကိုမှပဲ လှမ်းပြင်ဆင်ခိုင်းထား ပြန်တာတဲ့။

အိမ်ရောက်တာနှင့် ခင်လေးစွာဖြုကြ သေတ္တာတွေ အိတ်တွေ အခန်းထောင့်ပုံပြီး ဗီရိုထဲတောင်မရွှေ့ မပြင်ဆင်ဘဲ အိပ်ရာထဲ ထိုးလှဲအိပ်လိုက်သည်မှာ နေ့လယ်ဆယ့်နှစ်နာရီမှ ဗိုက်ဆာပြီး နိုးလာပါသည်။ မီးဖိုထဲသွားကာ ရှာဖွေတော့ နံရံကပ်ကြောင်အိမ်ထဲမှာ ခေါက်ဆွဲခြောက်ထုပ်၊ ငရုတ်သီးကြက်သွန်၊ အာလူးအနည်းငယ်၊ ကော်ဖီမစ်ထုပ်၊ နို့ဆီဘူး၊ သကြားထုပ်၊ အခန်းထောင့်မှာ 24 Kg ဆန်အိတ်ငယ်၊ ဆီသုံးပိဿာပုံး။

ခင်လေး ပြုံးမိသည်။ တော်တော်စေ့စပ်တဲ့လူပဲ။

ရေခဲသေတ္တာထဲမှာကျတော့ ရေသန့်ဘူးသစ်များ။ အသင့်သောက် လိမ္မော်ရည်ဘူးကြီးတစ်ဘူး။ ကြက်ဥ၊ ဝက်အူချောင်း။

ခင်လေးက စိတ်ချမ်းသာစရာမရှိတဲ့ ကိုယ့်အနေအထားကြီးမှာပင် စိတ်ကြည်နူးစရာလေး လှစ်ခနဲ တွေ့ရသလို ခပ်ပြုံးပြုံး ရှိနေမိကာ ခေါက်ဆွဲခြောက်ထုပ်တစ်ထုပ် ပြုတ်၍စားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲမှာလည်း ဆပ်ပြာ၊ ခေါင်းလျှော်ရည်က အစ ဆပ်ပြာမှုန့်ထုပ်အထိ ရှိသည်။ အဝတ်လျှော်ဖို့ ပလတ်စတစ်ဇုံး၊ တံမြက်စည်း၊ ဂေါ်ပြားကအစ စိမ်ပြေနပြေ ထိုင်စဉ်းစား၊ စားရင်းချရေးပြီးမှ ဝယ်ဖြည့်ထားပုံမျိုးပင်။

ဘာမှလုပ်စရာမရှိတဲ့ဘူတူ ခင်လေးခွာဖြူက ရေမိုးချိုးပြီး ပြန်လှဲအိပ်နေပြန်ပါသည်။ အိမ်ကိုလည်း မသွားချင်သေးပါ။ မေမေတို့ မောင်လေးတို့နှင့် မျက်နှာချင်း မဆိုင်ချင်သေး။ အားမွေးပြီးမှပဲ သွားပါတော့မည်။ ညနေစာ ထမင်းဟင်းလည်း မချက်ချင်။ ဘာမှထ,မလုပ်ချင်။ သေတ္တာတောင် မရှင်းချင်။

အိပ်ရာထဲ လူးလွန့်ကာနေရင်းမင် အပြင်မှာ မှောင်လာပြီကို သတိပြုမိကာ မီးထ,ထွန်းလိုက်ပါသည်။ မီးကပျက်နေတော့ မလာ။ မှောင်ထဲမှာထိုင်နေရင်း လူက ငိုချင်သလိုလို ဖြစ်လာပါသည်။ တစ်ယောက်တည်း အထီးကျန်ရတာလောက် ငိုချင်စရာကောင်းတာ ဘယ်ရှိပါ့မလဲ။

မေမေ ... နွေးနွေးနဲ့ မောင်လေးကို တွေ့ချင်ပေမယ့် သူတို့ဘက်က ရှိနေမယ့် သဘောထားကို ခင်လေး မသိရသေးဘူးလေ။ ဟိုးအရင်က ကောလာဟလလိုလို မရေရာ မသေမချာ ကြားတဲ့ သတင်းတွေကြောင့်တောင်မှ မောင်လေးနှင့်သူမ အကြီးအကျယ် ရန်ဖြစ်ပြသနာတက်ခဲ့သေးတာ။





အခုတော့ ဒီထက်ခိုင်လုံပြည့်စုံတဲ့ သတင်းတွေ သူတို့ ကြားပြီးနေရောပေါ့။ မေ့မေ့ကျန်းမာရေးအတွက်တော့ဖြင့် ခင်လေး အရမ်းမပူပန်ပါ။ ကိုယ့်ထက် အများကြီး တတ်သိနားလည်တဲ့ ဆရာဝန်ဖြစ်တော့မယ့် မောင်လေး ရှိတယ်လေ။ မောင်လေးက အခုလောက်ဆို ဟောက်စ်ဆင်းနေရလောက်ပြီ။

ခင်လေးက အရင်က ခင်မင်ခဲ့ပြီး အခုတော့ အဆက်အသွယ်ပြတ်သလောက် ဖြစ်နေတဲ့ သူငယ်ချင်းတွေကို စဉ်းစားသည်။

သက်ထား ...။

ခင်ဝင့်သွ ...။

စောနန်း ...။

ပထမဆုံးတစ်ခါ ထွက်သွားတုန်းကတော့ သူငယ်ချင်းတွေကို ခင်လေး ဆက်သွယ်ပါသည်။ အားရင် ချက်တင်တွေ ဘာတွေပြောပေါ့၊ ဒါပေမဲ့ ကိုယ့်ဘက်မှာ ကိုယ့်အခြေအနေအဖြစ်အပျက်နဲ့ကိုယ် သူတို့ထံ ဆက်သွယ်ဖို့ ဝန်လေးလာတဲ့အချိန်မှာ ခင်လေးက အဆက်အသွယ်တွေကို တဖြည်းဖြည်း ကျဲဖြတ်လိုက်ပါသည်။

ကိုယ့်ရဲ့အိုးက မလုံတော့တာလေ။ သူတို့ဘက်က ဘာမှဖြစ်တာမဟုတ်။ သူငယ်ချင်းတွေက e-mail တွေ ဘာတွေ ပို့ကြပါသေးသည်။ ခင်လေးက မပြန်ဖြစ်တော့တာ။ တစ်ကိုယ်က စ,ခွာမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်တဲ့ အခေါက်တွေမှာလည်း သူငယ်ချင်းတွေကို တမင်ပဲ သွားမတွေ့တော့ဘဲ နေလိုက်တော့တာပါ။ ဒီတော့ ပြတ်နေကြတာ နှစ်ပေါင်းအတော်ကြာပြီပေါ့။ ခုလို တစ်ယောက်တည်းဖြစ်နေချိန်မှာ သူငယ်ချင်း အရင်းအချာတွေကိုလည်း သတိရတမ်းတသည်။ နောက်နေ့မှ ဆက်သွယ်ကြည့်ဦးမှ။

သူတို့ ခင်လေးချာဖြူသတင်းတွေ ဘယ်လိုကြားလဲ၊ ဘယ်လောက်သိလဲ၊ ဘယ်လိုသဘောထားသလဲ ဆိုတာတွေက ဆက်သွယ်ကြည့်မှ သိရမှာတွေပါ။

"တူတူတူတူ ... တူတူတူတူ"

ဘုရားရေ ...။

ခင်လေးက လန့်သွားကာ ဘေးဘီကို ကမန်းကတန်း ဝေ့ဝဲကြည့်မိသည်။

"တူတူတူတူ ... တူတူတူတူ"

အခန်းထောင့်က အောက်မှာ ဗီရိုလေးတစ်အံတွဲထားတဲ့ ဘေးစားပွဲပုလေး တစ်လုံးပေါ်မှာ အစလေးနဲ့အုပ်ထားတဲ့ အောက်က မီးပြာပြာလေး လင်းလက်နေတာဟာ တယ်လီဖုန်းပေါ့။

တယ်လီဖုန်း၊ ခင်လေးက ထိတ်ခနဲ ဝမ်းသာသွားမိပါသည်။ ဟိုကထွက်လာကတည်းက အတော်ဝမ်းပန်းတသာ စိတ်ချမ်းသာ ခံစားလိုက်ရတာ အခုပထမဆုံးပင်။ ဖုန်းတစ်လုံး ရှိနေတော့ အထီးကျန် မဆန်လှတော့ဘူးပေါ့။ အိမ်ကနေမထွက်ဘဲနဲ့လည်း ပတ်ဝန်းကျင်ပြင်ပနဲ့ အဆက်အသွယ်ရပြီပေါ့။





ခင်လေးက တယ်လီဖုန်းနား ချက်ချင်းပဲ ရောက်သွားကာ ကမန်းကတန်း ကောက်ကိုင်လိုက်ရင်း ...

"ဟယ်လို"

"........."

"ဟယ်လို"

"မခင်လေးလား"

ခင်လေးက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ စိတ်အနှောင့်အယှက် ဖြစ်သွားခြင်းနှင့် တစ်ပြိုင်နက် စိတ်မှာအား ရှိလုံခြုံ ချမ်းမြေ့သွားရတာကိုလည်း ငြင်းကွယ်မရ။

"ဖုန်းက အပိုင်လား"

"ဗျာ ... ဟုတ်ကဲ့၊ အပိုင်ပါ"

"နံပါတ်က ဘယ်လောက်လဲ"

"ကျွန်တော် ဖုန်းပေါ်မှာ ရေးထားပေးတယ်၊ '.........'ပါ"

နံပါတ်ဆန်းဆန်း ရှည်ရှည်တစ်ခု သူက ရွတ်ပြသည်။

"မခင်လေး အဆင်ပြေလား"

"အင်း ... ပြေပါတယ်၊ ရှင် ဘာကိစ္စနဲ့ ဆက်တာလဲ"

"အဆင်ပြေရဲ့လားရယ်၊ ဘာလိုသေးလဲရယ် မေးတာပါ"

"ခုထိတော့ အဆင်ပြေပါတယ်၊ ဘာမှမလိုသေးဘူး၊ ဘာလိုတယ် မလိုဘူးလဲ ကျွန်မ မစဉ်းစားရသေးဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုလည်းကိစ္စမရှိပါဘူး၊ ကျွန်မ ဖြေရှင်းနိုင်တာမျိုးပဲ ဖြစ်မှာပါ၊ ကိုလတ်ကို ကျေးဇူးတင်ပါတယ်"

ခင်လေးအသံက အနည်းငယ် လှုပ်ခတ်တိုးတိမ်သွားသည်။

"ရပါတယ် မခင်လေး"

"အပန်းမကြီးရင် ကျွန်မကို ခင်လေးလို့ပဲခေါ်ပါ၊ မခင်လေးဆိုတာက နားထဲထောင့်နေလို့ပါ"

"ဟုတ်ကဲ့ ... ဟို ... ပြီးတော့ ခင်လေးရဲ့ Bank account ထဲလည်း အန်ကယ်နိုင်းတဲ့အတိုင်း ငွေလွှဲထည့်ပေးထားပါတယ်၊ နောက်နေ့ စာအုပ်မှာ သွားသွင်းလိုက်ပါဦး"

သြော် ... အန်ကယ်က ဒီလူကို အတော်ယုံစားအားကိုးတာပါလား။ ခင်လေးရဲ့ Bank account တို့ ဘာတို့လဲ အန်ကယ်က သူ့ကို ပြောလို့သာပေါ့။ သူ့ကို ဘယ်လောက်ထိအောင် အန်ကယ်က လူယုံထားထားပါလိမ့်။ သူဟာ အန်ကယ့်ကိုယ်ရေးကိုယ်တာကိစ္စတွေအပေါ် ဘယ်လောက်အထိများ အတွင်းကျကျ သိခွင့်ရပါလိမ့်။

"နောက်ပြီး ခင်လေး တခြား ဘာလိုအပ်လဲ၊ သွားစရာလာစရာတွေ ဘာတွေရှိလို့ ကားလိုရင်လည်း ဖုန်းဆက်လိုက်ပါ"





"ဖုန်းဆက်လိုက်ရင် ရှင်က ကားစီစဉ်ပေးမယ် အဲ့လိုလား"

"ဒီမှာ အဝေးပြေးရော မြို့တွင်းတက္ကစီရော အန်ကယ်က အငှားကားကုမ္ပဏီတစ်ခု ဟပ်ထောင်ထားပါတယ်၊ တက္ကစီတွေမှ အများကြီးပါ၊ ခင်လေး ခေါ်သုံးလို့ရပါတယ်"

"ကျွန်မ ခေါ်သုံးခွင့်ရှိတယ်လို့ ရှင်က ဘာဖြစ်လို့ ဆုံးဖြတ်ရတာလဲ"

"အန်ကယ်က ခင်လေး လိုအပ်တာအားလုံး အဆင်ပြေအောင် လုပ်ပေးဖို့ စကားကုန် မှာထားပြီးသားပါ"

"သြော် ... အဲဒီလိုကိုး"

"မြို့တွင်းတက္ကစီက အစီးခြောက်ဆယ် ရှိတာမို့လို့ ခင်လေးကားလိုတဲ့နေ့ မနက်စောစောကို ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ရုံပါပဲ၊ နေ့တိုင်းလိုလည်း ရပါတယ်"

"ရှင်က ဒီမှာလည်း အန်ကယ့်ကုမ္ပဏီမှာပဲပေါ့"

"ဟုတ်ကဲ့"

"ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ ဒီကိုရောက်ရောက်ချင်း ဘာမှ အပူတပြင်း စီစဉ်စရာမလိုအောင် အားလုံးပြည့်ပြည့်စုံစုံ အဆင်သင့်ရှိနေတာ ရှင့်ကျေးဇူးပါ ကိုလတ်၊ လောလောဆယ်တော့ ကားလည်းမလိုနိုင်သေးပါဘူး၊ ကျွန်မလည်း ဘယ်မှသွားဦးမှာ မဟုတ်သေးပါဘူး၊ အိမ်မှာပဲနားနေဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ခင်လေး လိုအပ်ရင် အချိန်မရွေး ဖုန်းဆက်ပါ"

"ကောင်းပါပြီ"

"ကျွန်တော် ဖုန်းချလိုက်မယ် ခင်လေး"

"ဟုတ်ကဲ့"

တစ်ဖက်က ဖုန်းချသံကို နားထောင်ပြီးမှ ခင်လေးက ဖုန်းကို ပုခက်ပေါ် ပြန်တင်လိုက်ပါသည်။ နှစ်နဲ့ချီကာ သူ ဘယ်သူ ကိုယ်ဘယ်သူဆိုတာ သိပြီးကျွမ်းပြီးသား ကိုလတ်နှင့် အခုမှစပြီး စကားလက်ဆုံကျကာ ဖွင့်ဖွင့်ရာရာ ပြောဆိုဖူးကြ ပြီဆိုပေမယ့် ရင်းနှီးခင်မင်ဖို့အထိတော့ ကျွန်မ မရည်ရွယ်တော့ဘူး ကိုလတ်ရယ်။





## အခန်း ၄

"အန်တီငယ် ... အန်တီငယ်"

စောနန်းက အိမ်ရှေ့ကနေ အော်ဟစ်ခေါ်ရင်း ခြောက်ခနဲ ခြံစည်းရိုးရဲ့တံခါးလေးကို ချိတ်ဖြုတ်တွန်းဝင်လိုက်ပါသည်။ လေကာအသုံးထစ်ထိပ်က သံဆန်ခါကွက် ကာရံထားတဲ့ အိမ်အရှေ့ ခန်းကို ခြင်းတစ်လုံး လက်ချိတ်ထားတဲ့ နွေးနွေး ထွက်လာကာ...

"ကြီးကြီး ခုမှ အိပ်ရာထတာ မမစောနန်း၊ မျက်နှာသစ် နေတယ်"

"ဟုတ်လား... အေး၊ နင် ဈေးသွားတော့မလို့လား နွေးနွေး"

"ဟုတ်ကဲ့"

စောနန်းက လက်ထဲက ငါးရာတန်ကို နွေးနွေးထံ ာမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ညီမလေးရယ်၊ ငါ့ကိုဈေးအကြို ဝယ်ခဲ့ပေးစမ်းပါဟယ်"

"ဘာဝယ်ခဲ့ရမလဲ မမစောနန်း"

"ဟင်းခတ်မှုန့်အသေးလေး တစ်ထုပ်ရယ်၊ ပဲနီလေးထုပ်အသေးတစ်ထုပ်ရယ် ဝယ်ခဲ့ပါဟယ်နော်၊ သေးသေးလေးတွေပါ မလေးပါဘူးဟယ်နော်"

"ရပါတယ် မမစောနန်းရဲ့၊ မှာချင်တာ ထပ်မှာပါ"

"မမှာတော့ပါဘူး ညီမလေးရယ်၊ အခုတောင် ငါက ဒီကိုလာချင်တာ၊ ငါ့အမေကို ဈေးမှာ ဟင်းခတ်မှုန့်လေးလိုလို့ပြေးဦးမယ်လို့ ပြောပြီး ထွက်လာတာဟဲ့၊ အပြန်ကျ ပါမှဖြစ်မှာ၊ နင်နဲ့တွေ့တော့ ငါ ဒီမှာစကားကြာကြာပြောလို့ရတာပေါ့ ... ဟင်း ဟင်း"

"သွားပြီ မမ၊ ခဏစောင့်နေလိုက်နော်"

"အေးပါ၊ နင့်အစ်ကို ဆရာဝန်လောင်းရော သွားပြီလား"

စောနန်းက အသံကိုနှိမ့်၍ မေးလိုက်တာပင်။

"ရှိသေးတယ်"

စောနန်းက တွန့်သွားသလို ရှုံ့မဲ့လိုက်ပါသည်။

"သွားခါနီးပါပြီ၊ ဒီနေ့ စောစောသွားမှာ"

"အေး ... သွား ... သွား"





နွေးနွေးက ခပ်သွက်သွက် ထွက်သွားပါသည်။ စောနန်းက ဒီတစ်အိမ်လုံး ညှော်ခန်း၊ အိပ်ခန်း အိမ်သာရေချိုးခန်း၊ မီးဖိုခန်းမကျန် ကိုယ့်အိမ်ကိုယ့်ရာလို ဝင်ထွက်နေကျ ဖြစ်ပေမယ့် အန်တီငယ်က ရေချိုးခန်းထဲ ရောက်နေလျှင် အပြင်မှာ ကျော်မင်းညိုတစ်ယောက်သာ ရှိနေမှာမို့ အထဲတွေ ဘာတွေ ဝင်မနေတော့။ အပြင်ဘက် ညှော်ခန်းမှာပဲ ညှော်သည်လို ထိုင်နေလိုက်ပါသည်။

ကျော်မင်းညိုက ခင်လေးတို့ စောနန်းတို့ထက် နှစ်နှစ်နည်းပါး ငယ်ပေမယ့် အနေတည်တံ့တဲ့ လူမှန်ဖြစ်၍ သူ့ကို ရိုန်ကြ လန့်ကြရပါသည်။ အစ်မသူငယ်ချင်းတွေနှင့်လည်း သိပ်တရင်းတနှီး အရောတဝင်ပြုတာမဟုတ်။ လူချင်း တရင်းတနှီး နှစ်ရှည်လများ ခင်မင်ခဲ့တာတောင် စကားကို လိုသလောက်သာ ပြောသူပါ။

လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကတော့ ခင်လေးနဲ့ ပတ်သက်တဲ့ ကောလာဟလသတင်းတချို့ကို သူငယ်ချင်းတွေဖြစ်တဲ့ စောနန်းတို့အပါအဝင် ခင်လေးရဲ့အမေတို့ မောင်တို့ပါ သဲ့သဲ့သိကြားခဲ့ကြရသည်။ အဲဒီကစပြီး ခင်လေးက စောနန်းတို့နှင့် သိပ်မဆက်သွယ်တော့တာပါ။

အဲဒီနောက် တစ်ခေါက်ပြန်လာတာတောင် စောနန်းတို့ မသိလိုက်။ ကျော်မင်းညိုနှင့် ရန်ဖြစ်ပြဿနာတက်ပြီး ပြန်ထွက်သွားတယ်လို့ သိရပါသည်။ ခုနောက်ပိုင်းတော့ အရင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ကောလာဟာလတို့မှာ အပိုဆာဒါးတွေ မပါတော့ဘဲ ဖြစ်နိုင်ချေ ရှိသလောက်ကိုသာ ခိုင်ခိုင်လုံလုံ ထပ်ကြား လာကြရပါသည်။

သူငယ်ချင်းတွေထဲမှာလည်း စကားလုပ်ပြောစရာ အကြောင်းအရာကြီးကိုဖြစ်လို့။ အဖြစ်အပျက်အပေါ်မှာ အထင်တွေ အမြင်တွေ ခံယူချက်သဘောထားတွေကတော့ တစ်ယောက်နှင့် တစ်ယောက် မတူကြဘူးပေါ့။

စောနန်းကတော့ ခင်လေးဇွာဖြူရဲ့ အနေအထားဟာ ဘယ်လိုပဲ ဆိုးဝါးနေပါစေ ဒါဟာ ပေါ့ပေါ့နေ ပေါ့ပေါ့စား ရေစုန်မျှောလိုက်ပါပြီး ဖြစ်ချင်သလို ဖြစ်ပျက် အကျင့်ပျက်တာမျိုး မဖြစ်နိုင်ဘဲ တစ်စုံတစ်ရာသော အကြောင်းခိုင်ခိုင်လုံလုံအပေါ် သူ့ဟာသူ ကျေကျေနပ်နပ် လိုလိုချင်ချင် ဆုံးဖြတ်ပြီး ရွေးချယ်လျှောက်လှမ်းလိုက်တဲ့လမ်းမျိုး ဖြစ်မှာလို့ ယူဆပါသည်။

ခင်လေးက ပေါ့တီးပေါ့ပျက် မိန်းကလေးမှ မဟုတ်ခဲ့ဘဲ။ အတူတူ ခင်မင်လက်တွဲရင်း အပျိုပေါက်ကြ၊ အရွယ်ရောက်ကြ ဖြစ်ခဲ့တာလေ။ ခင်လေး စိတ်ကို စောနန်း သိပါသည်။ ခင်လေးဟာ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့ သူတစ်ယောက်ပဲ။ စောနန်းရဲ့အထင် မမှားဘူးလို့ စောနန်း နောက်တော့ သိလာရသည်မှာ လွန်ခဲ့တဲ့နှစ်နှစ်က အန်တီငယ် ကျောက်ကပ်လဲဖြစ်ခဲ့တဲ့ကိစ္စ ကြောင့်ပင်။





စောနန်းက တွေးရင်း သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

"မစောနန်း"

"ဟင် ... သြော် ... ကျော်မင်းညို"

"ဘာထိုင်လုပ်နေတာလဲ"

"သြော် ... ဟိုလေ၊ အန်တီငယ့်ဆီ လာတာပါ၊ အန်တီငယ် မျက်နှာသစ်တုန်းဆိုလို့ ခဏထိုင်စောင့်နေတာ"

"မေမေ့ဆီ ဘာလာလုပ်တာလဲ"

ရစ်ပြီ ... ဒီကောင်တော့။ မသိလိုက် မသိဘာသာလေးကို မနေဘူး။

"အန်တီငယ် နေကောင်းလား၊ သတင်းလာမေးတာပါဟာ"

"မေမေ နေကောင်းလား ဆိုတာကို နေ့တစ်နေ့ရဲ့မနက်အစောပိုင်းကြီးမှာ ရုတ်တရက် သတင်းလာမေးတယ်ဆိုတာက ဘယ်လိုလဲ၊ မေမေ နေမကောင်းဘူး ကြားလို့လား"

စောနန်းက စိတ်ညစ်ညစ်နှင့် ...

"အဲလိုလည်း မဟုတ်ပါဘူးဟယ်၊ အန်တီငယ့်ဆီလည်း မရောက်တာကြာလို့ သတင်းလေး ဘာလေး ဝင်မေးဦးမယ်ဆိုပြီး အစ်မက လာတာပါ၊ ဈေးသွားရင်း ဝင်လာတာ၊ အမှန်က ဈေးသွားတာ၊ ဒီရေ့မှာ နွေးနွေး ဈေးသွားကာနီးနဲ့တွေ့တော့ အစ်မဝယ်မှာလေးက ဟင်းခတ်မှုန့်နဲ့ ပါနီ



www.burmeseclassic.com

www.burmeseclassic.com



လေးပဲဆိုတော့ ခွေးခွေးကို ပိုက်ဆံပေးပြီး မှာလိုက်ပြီးတော့ အစ်မက အန့်တီငယ်ကို သတင်းလေးဘာလေးမေး စကားလေး ဘာလေး ပြောမယ်ဆိုပြီး ဝင်လာတာပါ ...

နေပါဦး၊ အစ်မ သတင်းမေး လာတာကို အရှမ်းစစ်စစ်ပေါက်ပေါက် မေးနေတာဆိုတော့ ကျော်မင်းညိုက ဘာထင်နေလို့လဲ"

စောနန်းကလည်း စိတ်ပေါက်ပေါက်နှင့် နည်းနည်းတော့ ပြန်အထွန့်တက်လိုက်ပါသည်။

"မသိပါဘူး၊ ကျွန်တော်က မစောနန်း သတင်းတစ်ခုခု ရတယ်လို့ထင်လို့ မေးကြည့်တာပါ"

စောနန်းက ထိတ်ခနဲ ဖြစ်သွားပါသည်။ ကွက်တိမှန်နေတာကိုး။ တော်တော်ပါးနပ်ပြီး မှန်းဆနိုင်တဲ့ ကျော်မင်းညို။ နေပါဦး၊ သူကော သိများသိပြီးနေပြီလား။

"ဘာသတင်းလဲ"

"အစ်မ ... မေမေ့ကို သတင်းတစ်ခု လာပြောတာ မှန်ရင်တော့ မေမေရော အစ်မရော ရင်းနှီးသိကျွမ်းတဲ့သူရဲ့သတင်းပဲ ဖြစ်မှာပေါ့"

စောနန်းက ကျော်မင်းညိုကို စူးစိုက်ကြည့်လိုက်ပါသည်။

"ဟုတ်တယ်မို့လား အစ်မ"





ကျော်မင်းညို မေးနေဆဲပင် ...

"ဟဲ့ ... ဘယ်သူလဲ၊ စောနန်းပါလား၊ ဘယ်ကလှည့်လာလဲ သမီး"

"ဒီကိုပဲ အန့်တီငယ်၊ ဈေးသွားရင်း ဝင်လာတာပါ"

"ဘာလဲ ... ကျော်မင်းညိုနဲ့ ဘာတွေ ငြင်းခုန်နေကြရပြန်ပြီလဲ၊ သားရေ ... မင်းဟာလေ ကိုယ့်အစ်မသူငယ်ချင်းတွေကို သိပ်မရစ်စမ်းပါနဲ့၊ ငါသားရယ်၊ နောင် သိပ်မလာရဲ မပြုရဲနေပါ့မယ်၊ မင့် လန့်ပြီး အဝင်အထွက် ကျဲကုန်ကြတာချည်းပဲ"

"မရစ်ပါဘူး မေမေရယ်၊ မစောနန်းကို သားက ခင်ပါတယ်၊ စောစောစီးစီးကြီး ရောက်လာတာ သတင်းတစ်ခုခု ပေးစရာရှိတယ်လို့ထင်ပြီး မေးကြည့်တာပါ"

"ဘာသတင်းလဲ"

"ပြောလေ မစောနန်း၊ ပြောလိုက်ပါ၊ ကျွန်တော်လည်း အဲဒီသတင်း ရထားပြီးပါပြီ"

"တင် ... ဘာသတင်းလဲ သား"

ဒေါ်ငယ်ငယ်က ကျော်မင်းညိုကို မေးပေမယ့် ကျော်မင်းညိုက မဖြေ။ ဒေါ်ငယ်ငယ်က စောနန်းဘက်လှည့်ကာ ...

"စောနန်း ... ဘာသတင်းလဲ သမီး၊ ဟင် ... ဘာသတင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလကားနေရင်း အန်တီငယ် စိတ်ပူပန်နေမည်စိုး၍ နဝိုကတည်းက ပြောဖို့ပဲလာတဲ့သူပီပီ ကျော်မင်းညိုလည်း သတင်းရပြီးပြီ ဆိုမှတော့ စောနန်းက ပြောချလိုက်ပါတော့သည်။

"ခင်လေး ပြန်ရောက်တယ် ကြားလို့ပါ အန်တီငယ်"

"ဟင်"

"စောနန်း ဒီနားပြောင်းလာတာ ခင်လေးမှ မသိသေးတာ၊ အရင်နေတဲ့ စမ်းချောင်းက အောက်ဆုံးထပ် စတိုးဆိုင်ဖုန်းကိုပဲ သူ ဆက်တာ၊ အဲဒီစတိုးဆိုင်က စောနန်းတို့အိမ်ပြောင်းသွားကြတယ်လို့ ပြောလိုက်တယ်တဲ့၊ မနေ့က စောနန်း သိသိချင်း သက်ထားဆီ လှမ်းဆက်ကြည့်တော့ ဟုတ်တယ်၊ သက်ထားဆီကိုလည်း သူ ဆက်တယ်တဲ့"

"ဟင် … ခင်လေး ပြန်ရောက်တယ် ! ! ၊ သားက ဒီသတင်းကြားပြီးသားပေါ့"

"သားလည်း တစ်နေ့ကမှ သိတာ"

"မေမေ့ကို ဘာဖြစ်လို့ မပြောလဲ သား၊ သား ဘယ်ကကြားတာလဲ သေချာလား"

"သေချာတယ်၊ ကျော်စွာအစ်ကိုက လေဆိပ်လဝက ဆိုတော့ အဲဒီနေ့မနက်က လေဆိပ်မှာ တာဝန်ကျနေတာ၊ မေမေ့သမီးက သူ့ကိုမသိပေမယ့် သူက သိတော့ သူ့ညီကိုပြောပြတာနဲ့ ကျော်စွာကတစ်ဆင့် သားသိတာ …





မေမေ့ကို ပြောမပြတာကတော့ ပြန်ရောက်လာတယ်ဆိုပြီး သူက ရောက်မှမလာတာ၊ ဘာတွေ ဘယ်လိုမှန်းမှ မသိတာ၊ အဲဒါကြောင့် ပြောမနေတော့တာ"

"ပြန်ရောက်လာတာ သေချာရင် ခင်လေးက အိမ်ကိုမလာဘဲ ဘယ်မှာသွားနေတာလဲ သား၊ ဘယ်ရောက်နေတာလဲ"

"ဘယ်သိမလဲဗျ၊ မေမေ့သမီး ရောက်လာမှပဲ မေးကြည့်ပေါ့၊ သူ့ဟာသူ မလာချင်လို့ မလာတာ၊ ဘယ်သူက သိမှာလဲ"

ဒေါ်ငယ်ငယ်သည် ချက်ချင်း မျက်ရည်တွေရစ်လည်ဝိုင်းတက်လာရင်း …

"နောက်ဆုံးတစ်ခေါက် ပြန်လာတုန်းက ခင်လေးကို သားပြဿနာလုပ်ခဲ့တာကိုး၊ သား ရန်လုပ်ခဲ့တာကိုး၊ ဒါကြောင့်မင်းအစ်မ မလာဝံ့ဘူးနေမှာပေါ့ သား"

"သား ဘာပြဿနာလုပ်လုပ်၊ သူ့ကိုယ်သူလုံရင် သူ့ကိုယ်သူယုံရင် လာပေါ့၊ မလာရဲတာ သူ့အပြစ်ရှိလို့ပေါ့၊ သူ့အပြစ်နဲ့သူ မလာရဲတာ"

"မှန်ပါတယ် သား၊ သူ့မှာပဲ အပြစ်ရှိတာပါ၊ သားမှာဘာအပြစ်မှ မရှိပါဘူး၊ ဒါပေမဲ့ ခင်လေးက, သားအစ်မလေသား"

ကျော်မင်းညိုက ကျောခိုင်းရပ်နေရာမှ ဝုန်းခနဲလှည့်လာကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သားအစ်မမို့လို့ သားပါသိက္ခာကျနေတာပေါ့၊ ဘာမှမတော်ရင် သားက ဘာဖြစ်စရာလိုလဲ၊ အစ်မတော်နေလို့ ခုလိုဖြစ်နေရတာ၊ တောက် ... ရှက်တယ်ဗျ၊ ဒီမျက်နှာကို ဘယ်လိုထားနေရသလဲ မေမေတို့ နားလည်လို့လား၊ သတင်းတစ်ခု အတင်းအဖျင်းတစ်ခုက မပျံ့မနှံ့ဘဲ ငြိမ်နေမယ်လို့ ထင်လို့လား၊ လူတွေကကော ကိုယ်သိထားတာကို နှုတ်လုံပြီး ပိတ်ထားမယ် ထင်နေလို့လား"

နီရဲခက်ထန်ပြီး မျက်ရည်တွေ ရစ်လည်လာတဲ့ ကျော်မင်းညို မျက်နှာကို စောနန်းက ငေးကြည့်နေရင်း သနားစိတ်တစ်ဝက် စိတ်ပျက်ခြင်းတစ်ဝက်နှင့် ငိုင်တွေငြိမ်သက်နေမိသည်။

"မေမေ နားလည်ပါတယ် သားရယ်၊ ဒါပေမဲ့ ဒါတွေအားလုံးကို သေသေချာချာ ခြေခြေမြစ်မြစ် စဉ်းစားကြည့်မယ်ဆိုရင် ..."

"ဟာ ... တော်ပြီဗျာ၊ ဘယ်သူကမှလဲ ခြေခြေမြစ်မြစ်သိတာ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှလဲ ဇာတ်ကြောရှည်ကြီး ရှင်းပြနိုင်တာ မဟုတ်ဘူး၊ လူတွေက သိချင်တဲ့နေရာက ဖြတ်သိ၊ ကြားချင်တဲ့နေရာက ဖြတ်ကြားတာ၊ ဘာပဲဖြစ်ဖြစ် လူပြောစရာမဖြစ်အောင်နေဖို့က သူ့တာဝန်၊ အစကတည်းက ဖိုက်ဆံမရှိလို့ လူအထင်မကြီးပါဘူးဆိုတဲ့ အနေအထားကနေ ထပ်အထင်သေးခံရအောင် သူလုပ်တာ ..."



ဒီမှာ မေမေ၊ မေမေက အိမ်ထဲမှာနေတာ၊ မေမေ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာက ဒီရပ်ကွက်တစ်ကွက်လက်တစ်ဆုပ်စာပဲ၊ သားက အရမ်းကျယ်ပြန့်တဲ့အသိုင်းအဝိုင်းထဲ ရောက်နေတာ၊ ဆေးကျောင်းသား ဆရာဝန်လောင်း၊ အပေါင်းအသင်း အသိုင်းအဝိုင်းက အများကြီး အကျယ်ကြီး ...

မေမေ ရင်ဆိုင်ရတာလောက်နဲ့ သားရင်ဆိုင်ရတာ မတူဘူး၊ သားရဲ့အသိုင်းအဝိုင်းထဲမှာ လူတကာအထင်ကြီးအားကျရတဲ့သူတွေချည်းပဲ၊ လူကောင်းလူတော်တွေချည်းပဲ၊ သူတစ်ပါး တံတွေးခွက်ထဲကလူ တစ်ယောက်မှမပါဘူးဗျ၊ အဲဒီအဝန်းအဝိုင်းထဲမှာ သားက ဒီအခြေအနေကြီးကို ရင်ဆိုင်ပြီး နေနေရတာ"

ကျော်မင်းညို အသံက တုန်ခိုက်လာကာ မျက်ရည်တွေကလည်း ပါးပေါ်ပြုတ်ကျတော့မလို အလုအယက် ပြည့်လျှံဝိုင်းဖွဲ့လာသည်။ လှုပ်တဆတ်ဆတ် တုန်လာ၍ စောနန်းက ကြည့်ရဲဘဲ ခေါင်းငုံ့ချလိုက်ရပါသည်။ ခေါင်ငယ်ငယ်သည်လည်း ဘာမှမပြောနိုင်ဘဲ သူ့သားကိုသူ ငေးကြည့်လို့သာ ငြိမ်နေရှာလေသည်။

ကျော်မင်းညိုက လွယ်အိတ်ဆွဲယူလိုက်ရင်း ...

"မလာလည်း ကောင်းတာပဲ၊ သားမှာ အကုသိုလ်နည်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးပြောကာ အိမ်ငယ်လေးပေါ်မှ ကြမ်းကြမ်းတမ်းတမ်း ရပ်သုတ်သုတ် ဆင်းသွားပါသည်။ စောနန်းသည် တိတ်ရှိကျန်ခဲ့သော အိမ်လေးပေါ် ခဏရော တိတ်နေမိပြီးမှ ...

"အန်တီငယ် ... လာထိုင်ပါဦး"

"........."

"စိတ်မကောင်း မဖြစ်ပါနဲ့ အန်တီငယ်ရယ်၊ ကျော်မင်းညို အဖို့လည်း သူ့ဘက်ကကြည့်တော့ ဒီအမြင်ပေါ့"

"ဟုတ်ပါတယ်လေ၊ အဲဒါ ထားပါ၊ ပြောပါဦး သမီးရယ်၊ သမီးဘာကြားထားလဲဟင်"

"ခုနပြောသလောက်ပဲ အန်တီ၊ သမီးတို့အရင်နေတဲ့ စမ်းချောင်းတိုက်ခန်း အောက်ဆုံးထပ်က စတိုးဆိုင်က အန်တီနဲ့ သွားဆုံတာနဲ့ သူက ပြောတာ၊ ခင်လေး ဆိုတာ ဖုန်းဆက်တယ်တဲ့၊ သူက စောနန်းတို့ အင်းစိန်ဘက် ပြောင်းသွားတယ်၊ လိပ်စာဖုန်းနံပါတ်တွေတော့ မသိဘူးလို့ ပြောလိုက်တယ်တဲ့ ...

အဲဒါ သိရတာနဲ့ သမီးက သက်ထားဆီရော ခင်ဝင့်သူဆီရော ဖုန်းလှမ်းဆက်မေးတယ်၊ သက်ထားက သူ ဆက်တဲ့အချိန် အိမ်မှာမရှိတော့ ခင်လေးနဲ့ စကားမပြောလိုက်ရဘူးတဲ့"

"ခင်ဝင့်သူနဲ့ရော ဘာပြောတယ်တဲ့လဲ"





"ဟို ... ခင်ဝင့်သူအမေက သူဖုန်းကိုင်တော့ ခင် ... ခင်လေးကို ခင်ဝင့်သူနဲ့ ပေးမပြောဘူး အန်တီငယ်၊ နောက်လည်း မဆက်နဲ့လို့တောင် ပြောလိုက်တယ်တဲ့၊ ခင်ဝင့်သူက အရမ်းစိတ်မကောင်းဖြစ်ပြီး သမီးကိုပြန်ပြောပြတယ်"

"ရှိပါစေ သမီးရယ်၊ မိခင်ဆိုတော့ ကိုယ့်သမီးလူပေါင်းများမှာ ပူမှာပဲ သမီး၊ အန်တီ နားလည်နိုင်တယ်"

"သက်ထား အိမ်မှာရော၊ ခင်ဝင့်သူ အိမ်မှာရော သူ ရန်ကုန် ပြန်ရောက်လို့ ဆက်တာပါလို့ ပြောသွားတယ်၊ ရောက်တာတော့ သိပ်ကြာသေးပုံ မပေါ်ဘူး အန်တီ"

"ဘယ်မှာများ နေနေပါလိမ့်၊ သမီး သတင်းတစ်ခုခုရရင် အန်တီ့ကို ပြောပါ စောနန်းရယ်"

"ဟုတ်ကဲ့ အန်တီ၊ သမီးလည်း စုံစမ်းဦးမှာပါ၊ ဒီရေ့တစ်ခေါက် ပြန်လာတုန်းကဆိုရင် သမီးတို့ကိုတောင် သူ ဆက်သွယ်တာ မဟုတ်ဘူး၊ ပြန်ရောက်တာကိုတောင် လျှို့ထားတာလေ အန်တီ၊ အခု လှမ်းဆက်သွယ်တယ်ဆိုတော့ တစ်ခုခုတော့ ထူးတယ်၊ သူ ဘာများဖြစ်နေလို့လဲ၊ ဒါမှမဟုတ်၊ အရင်လို နှစ်ပတ် သုံးပတ်နဲ့ ပြန်မသွားဘဲ ဒီမှာပဲ နေတော့မှာမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုမလာတာကတော့ အရင်တစ်ခေါက်က သားနဲ့က အကြီးအကျယ်ကို ပေါက်ကွဲရန်ဖြစ်ကြတာလေ၊ သားက လည်း သူ့ကို တော်တော် ပစ်ပစ်ခါခါပြောတယ်၊ ခင်လေး လည်း တော်တော်နာနာကျင်ကျင် ခံစားရမှာ၊ အဲဒါကြောင့် သူ မလာချင်ဘူးထင်တယ်၊ မလာတော့လည်း သူ ဘယ် မှာသွားနေမလဲ၊ တစ်ယောက်တည်းနေမယ်ဆိုရင်တောင် သူ့အသက်က အခုမှ အစိတ်တောင် ပြည့်သေးတာမဟုတ် ဘူး၊ တစ်ယောက်တည်းနေဖို့ စောလွန်းသေးတယ် မဟုတ် လား စောနန်းရယ်"

"သူ့ကိုတွေ့ရင်တော့ ဒါတွေ သေချာပြောရမှာပေါ့ အန်တီ ငယ်၊ ဘာတွေ ဘယ်လိုဖြစ်ဖြစ် လူဆိုတာ ကိုယ့်အကြောင်း ကံနဲ့ ကိုယ်လာကြတာ မဟုတ်လား အန်တီ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်မိသားစုကတော့ မိသားစုပဲပေါ့၊ သူငယ်ချင်းအပေါင်း အသင်းကလည်း သူငယ်ချင်း အပေါင်းအသင်းပဲပေါ့ သံယောဇဉ်ဖြတ်လို့ ရတာမှ မဟုတ်တာ"

"သမီးက ဒီသဘောထား ရှိပေမယ့် သမီးတို့အိမ်ကမိ[illegible] ကကော ဒီလို နားလည်ပေးနိုင်ပါ့မလား သမီး၊ ကိုယ့်[illegible] ကို နားမည်ပျက်ရှိသူနဲ့ ဘယ်မိဘမှ ပေါင်းသင်းစေချင်မှာ မဟုတ်ဘူး၊ အန်တီ နားလည်မှုရှိပါတယ်၊ သမီးအ[illegible] မကြိုက်ရင် သမီးအားမနာပါနဲ့၊ အဆင်ပြေသလိုနေပါ"





စောနန်းက တိတ်နေပါသည်။ သူ့အမေက "မပေါင်း ရ"လို့ အတိအလင်း မတားမြစ် မကန့်ကွက်သေးပေမယ့် စိတ် ထဲက အင်ကာ စောနန်းကို ပွစိပွစိတော့ သိပ်မကျေနပ်လှတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးသည် နွေးနွေးရဲ့ ခြင်းကိုင်းတစ်ဖက်ကို နောက်ကနေ လှမ်းဆွဲလိုက်ပါသည်။

"ဟင်"

နွေးနွေးက ငုံ့ကြည့်ရင်း ...

"ဟင် ... မမ၊ မမခင်လေး ... မမခင်လေး"

နွေးနွေးသည် အလန့်တကြား တုန်တုန်လှုပ်လှုပ်နှင့် အော်ဟစ်လိုက်ပါသည်။ ချက်ချင်း ခုန်ခုန်ပေါက်ပေါက် ဖြစ်သွားကာ ခင်လေးချာဖြူရဲ့လက်ကို အတင်းဆွဲဖက်လိုက်ရင်း ...

"မမခင်လေး ... ဘယ်က ရောက်လာတာလဲ၊ ဘယ်တုန်းက ရောက်လာတာလဲဟင်"

"မမရောက်တာ သုံးလေးရက်ရှိပြီ နွေး"

"ဟင် ...၊ အိမ်ကိုလည်း မလာဘူး၊ မမခင်လေး ဘယ်မှာ သွားနေနေတာလဲ"





"တစ်နေရာမှာ နေနေလို့ပါ နွေးနွေးရယ်၊ အခု အိမ်မှာ မေမေ ရှိလား"

"ရှိတာပေါ့ မမခင်လေးရဲ့"

"မောင်လေးရော"

"ကိုလေးလည်း ရှိသေးတယ်၊ ဒါပေမဲ့ နွေး ဈေးထွက်မလာခင်က ရှိတာပါ၊ ခုချိန်လောက်ဆို သွားပြီ၊ ဒီမနက် ဆေးရုံစောစောသွားရမယ့်ရက်၊ ထမင်းဘူးတောင် မမီလို့ မထည့်ပေးရဘူး"

ခင်လေးက နွေးနွေးစကားကို ပြုံး၍နားထောင်နေပါသည်။ နွေးနွေးဟာ မေမေ့ညီမအရင်းရဲ့ သမီးလေးမို့ ခင်လေးတို့နှင့် တစ်ဝမ်းပဲ ကွဲပါသည်။ မေမေ့ညီမက ကွယ်လွန်ပြီး သူ့အဖေက သူ့ကိုမြို့မှာ နောက်အိမ်ထောင်ပြုလိုက်တဲ့အတွက် သူ့ခဲ့နေမှုထိုင်မှုနှင့် အိမ်တွင်းရေး သိပ်အဆင်မပြေလှတဲ့အတွက် ခင်လေးတို့ထံ ရောက်လာပြီး ခိုလှုံနေတဲ့ ညီမလေးပါ။

ကြီးတော်ဖြစ်တဲ့ မေမေ့ကို နွေးနွေးက သူ့အမေရင်းသို့ သဘောထားကာ ခင်လေးကိုလည်း ချစ်လှတဲ့ ညီမလေးပါ။ မောင်လေး ကျော်မင်းညိုကိုသာ သူနည်းနည်းရှိန်လန့်၍ သိပ်ကြီး အရင်းတနီးမနေရဲ။ နွေးနွေးရှိလို့လည်းပဲ မေမေ့ကို ပြုစုဖို့တို့ ဆောင့်ရှောက်ဖို့တို့အတွက် ခင်လေး စိတ်ချလက်ချ နောက်ဆံမ ဆွဲင်းဘဲ နေနိုင်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... လာလေ၊ သွားကြစို့"

"နွေးနွေး ဝယ်တာ ပြီးပြီလား"

"ပြီးပြီ မမခင်လေး၊ အိမ်မှာတောင် မမစောနန်း ရောက်နေတယ်"

"စောနန်း"

"ဟုတ်တယ်၊ မမစောနန်းက ဈေးတောင်မှာလိုက်သေးတယ်"

"စောနန်းက အစောကြီး ဘာကိစ္စရှိလို့ လာတာလဲ"

"မမစောနန်းက နွေးနွေးတို့နား ဟိုဘက်လမ်းကို ပြောင်းလာတာ တစ်နှစ်နီးပါးတောင်ရှိပြီ မမခင်လေးရဲ့"

"ဪ"

နွေးနွေးနှင့် ခင်လေး စကားတပြောပြောနှင့် လက်တွဲလမ်းလျှောက်လာကြပါသည်။ ခင်လေးသည် အိမ်ပေါ် တစ်ယောက်တည်း ငေါင်းစင်းစင်း တက်လာဖို့ မျက်နှာပူ ဝန်လေးနေတဲ့ ခံစားချက်ကြောင့် ဈေးဘက်ကို အစောကြီး ကြိုလာလိုက်တာပင်။

နွေးနွေး မနက်တိုင်း ဈေးလာဝယ်တာ သိပြီးသားမို့ ဈေးသေးသေးလေးထဲမှာ နွေးနွေးကို စောင့်ရှာပြီး နွေးနွေး အပြန်မှာ အတူလိုက်ပါပြီး နွေးနွေးနှင့်အတူ အိမ်ပေါ်ကိုတက်ဖို့ ကြံဖန်ကြံစည်ထားခဲ့တာပါ။





"မေမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် မမခင်လေးရဲ့၊ မမခင်လေး ဘယ်နှရက်နေမှာလဲဟင်"

"နေမှာပါ"

"ဒီတစ်ခါ အကြာကြီးလား"

"အင်း ... ကြာကြာနေမလို့ပါ"

"ကောင်းလိုက်တာ၊ ဒါပေမဲ့ ဘာလို့ အိမ်မှာလာပြန်မနေတာလဲဟင်၊ ဘယ်မှာနေတာလဲဟင် မမ"

"မမမှာ နေစရာတစ်နေရာရှိတယ်၊ အိမ်မှာကျတော့ မောင်လေးနဲ့က သိပ်အဆင်မပြေပါဘူး နွေးနွေးရယ်၊ မမလည်း အနေကျဉ်းကျပ် စိတ်ကျဉ်းကျပ်ရမယ်၊ သူလည်းပဲ မမကို မြင်တိုင်း တွေ့တိုင်း စိတ်တိုဒေါသဖြစ် ပေါက်ကွဲနေရင် ပင်ပန်းတယ်၊ ခပ်လှမ်းလှမ်းလေးနေလိုက်ရင် ဘာပြဿနာမှ တက်စရာ အကြောင်းမရှိတော့ဘူးပေါ့"

"ဒါပေမဲ့ တခြားမှာကျတော့ မမခင်လေး တစ်ယောက်တည်း ဖြစ်နေမှာလား"

"ဟုတ်တယ်၊ တစ်ယောက်တည်းတော့ ဖြစ်တယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး နွေးနွေးရဲ့၊ ဘာမှကြောက်စရာ မရှိပါဘူး"

"မမ တစ်ယောက်တည်းဆိုရင် နွေး လာနေပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မေမေက နွေးနွေးကို ပို့လိုအပ်တာ၊ မေမေ့ကို ပဲ နွေးနွေး ပြုစုစောင့်ရှောက်ပေးပါ၊ နွေးနွေး ကျေးဇူးကို မမ ဘယ်တော့မှ မမေ့ဘူး၊ နွေးနွေးရှိလို့ မေမေ့ကို မမ စိတ်ချလို့ရတယ်"

"အို ... မမခင်လေးကလည်းနော်၊ မမခင်လေးတို့ ကြီးကြီး တို့ရဲ့ကျေးဇူးတွေကသာ နွေးအပေါ် အများကြီးပိနေတာပါ"

စကားတပြောပြောနှင့် ခင်လေးတို့နှစ်ယောက်သား အိမ်ကို ရောက်လာပါသည်။ လမ်းထဲလျှောက်လာရင်း ခင်လေး၏ နည်းနည်းပါးပါးသိတဲ့ မျက်မှန်းတန်းတဲ့ တစ်လမ်းတည်းသား ချင်း အိမ်နီးနားချင်းတွေက ပြုံးရယ်နှုတ်ဆက်သွားကြပါသည်။

အင်း ... ခါးခါးသီးသီး စိမ်းစိမ်းကားကား ပုံစံမျိုး တွေတော့ ရင်မဆိုင်ရပါ။ တကယ်တော့ ခင်လေးကလည်း အရှိ ရှိမ်ပိုနေမိတာပါလေ။

"ကြီးကြီး ... ကြီးကြီးရေ၊ မမစောနန်း"

နွေးနွေးက အိမ်ရှေ့မှ သံကုန်ကျူးအော်သည်။

"ဟောဒီမှာ မမခင်လေး ပါလာပြီ"

အိမ်ထဲမှ စောနန်း အရင်ဆုံး ပြေးထွက်လာပါသည်။

"ဟင် ... ခင်လေး၊ ခင်လေး"

"စောနန်း"





ချက်ချင်းပဲ နှစ်ယောက်လုံးဟာ မျက်ရည်လည်ရွဲ ဖြစ်လာကြရတော့တာပင်။ စိတ်လှုပ်ရှားသော်လည်း ကျန်းမာရေး အနေအထားကြောင့် နောက်နားမှ ခပ်ဖြည်းဖြည်း လိုက်ထွက်လာ တဲ့ မေမေ့ကို မြင်လျှင်တော့ ခင်လေးသည် စောနန်းကို ဖက်တွယ် ထားတဲ့လက်တို့ကိုဖြုတ်ကာ မေမေ့ကို အပြစ်မကင်းသော မျက်ဝန်း တို့နှင့် တိတ်ဆိတ်စွာ ငေးကြည့်မိသည်။

"သမီး ... ခင်လေး"

"မေမေ"

"သမီး"

"မေမေ နေကောင်းတယ်နော်"

"မေမေ နေကောင်းတယ် သမီး၊ ဗိုက်ခွဲထားတဲ့ အခြေ အနေလည်း အကုန်ကောင်းတယ်၊ အမြဲဆရာဝန်ပြန်ပြ ပြတယ်၊ မေမေ ကျောက်ကပ်လည်း လဲပြီးသွားပြီဆိုတော့ သမီးရှေ့ကို သိပ်ပူပင်စရာ မလိုတော့ဘူး၊ စိတ်ပင်ပန်း လူပင်ပန်းစရာလည်း မလိုတော့ဘူး၊ ငါ့သမီး အေးအေး ချမ်းချမ်း နားပါဦး"

မေမေရဲ့ တိုးတိတ်ညင်သာတဲ့ လေသံစကားလုံးတို့ ကြောင့် ခင်လေး ပါးပြင်ပေါ် မျက်ရည်စီးကြောင်းလေး လျှောကျ စီးသွယ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ကိုလတ်သည် ခင်လေးခွာဖြူ သွားရာ နေရာစုံကို နောက်ကနေ လိုက်နေရင်း သူ့အဖြစ်ကို သူ ရယ်ချင်နေပါသည်။ ဟိုက သူ့ဟာသူ သွားချင်ရာ ဦးတည်ရာမဲ့ လျှောက်သွားနေတာ တက္ကစီငှားပြီး သွားလိုက်ရင် နောက်က လိုက်လို့လွယ်ပေမယ့် ခုလို လမ်းလျှောက်နေတော့ သူ့မှာ အခက်ကြုံတာပေါ့။

သူလျှောက်နေတဲ့လမ်းကို မှန်းဆပြီး ကိုယ့်ကားကို တစ်ဘလောက်စာလောက် ကျော်တက်ကြိုရပ်ရသည်။ အဲဒါက သိပ်တော့မလွယ်။ နှစ်ရက်လုံးလုံး ဈေးတွေ စူပါမားကက်တွေ လျှောက်ပတ်သွားလာနေတဲ့ ခင်လေးဟာ ဘာမှလဲ မယ်မယ်ရရ ဝယ်တာတော့ မဟုတ်။ အပျင်းပြေ လျှောက်သွားနေသလိုပင်။

ကားလှမ်းခေါ်လိုက်ရင် ပြီးရော။ ကားလည်းမခေါ်ဘဲ သူ့ဟာသူ ကြုံရာကားလက်တား ငှားစီးပြီး သွားလာနေသည်။





ချည်သားအထူပျော့ ရင်ဖုံးကြယ်သီးတံတပ် ပုံစံ ယိုးဒယားစတိုင် အင်္ကျီအနက်နှင့် ရှမ်းဘောင်းဘီဆန်ဆန် ပတ်ရပြီး ကြိုးချည်ကာ ခါးအနားပတ် ပြန်ခေါက်ချထားသော ယိုးဒယားချည်ဘောင်းဘီ နီညိုရောင် ခပ်ပွပွကို ဝတ်ဆင်ကာ ကာကီရောင်ဦးထုပ် ကာကီရောင် ဘေးလွယ်အိတ် ကွင်းထိုးဖိနပ်တို့နှင့် အေးအေးလူလူ လက်ပိုက်ကာ လမ်းလျှောက်နေတဲ့ ခင်လေးရဲ့သွင်ပြင်ဟာ တိုးရစ်စ်နှင့် တူနေသည်။

ဒီနေ့တော့ အရင်ဆုံး စကော့ဈေးသွားကာ အဲဒီက တစ်ဆင့် စကော့ဈေးရှေ့ကပဲ ကားငှားပြီး မြို့ထဲက ပန်းချီပြခန်းတစ်ခုကို သွားသည်။ ပန်းချီပြပွဲကို စိမ်ပြေနပြေ ဝင်ကြည့်နေပြီးတဲ့နောက် ကားငှားကာ သူ့အိမ်ဘက် ပြန်သည်ထင်ပေမယ့် အိမ်ထိမစီးဘဲ သူ့အိမ်နှင့်နီးတဲ့ ဒဂုံစင်တာမှာ ဆင်းလိုက်ပါသည်။

ခင်လေး ဒဂုံစင်တာထဲဝင်တော့ နောက်ခလှမ်းမကမ်းကနေ သူလည်း လိုက်ဝင်သည်။ ခင်လေးက အေးအေးဆေးဆေး တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်ကြည့်နေကာ ဘေးဘီဝဲယာလည်း မျက်လုံးမကစားတတ်သူဖြစ်၍ သူ့ကိုလည်း မမြင်ပါ။ လူတွေအများကြီးကြားထဲ သွားလာနေတဲ့ ခင်လေးပုံစံက တစ်ယောက်တည်း အထီးကျန်ဆန် ကွဲထွက်နေသလို သူ ခံစားရသည်။

တကယ်တော့ ခင်လေးကို သူ တွေ့ချင်မြင်ချင် နှာဆက်ချင် ဝင်ထွက်ဆက်ဆံ ခင်မင်ချင်လှပါသည်။ အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



သိပြီးသားလည်း ဖြစ်နေပေမယ့် သူ့အဖို့ ခင်လေးချာဖြူကို တရင်းတနှီး ဆက်ဆံဖို့ရာ တစ်စုံတစ်ရာက ပင်ပန်းခက်ခဲနေ သည်။ ပြီးတော့ ခင်လေးဘက်ကလည်း သူ့ကို ရင်းနှီးခင်မင်ဖို့ ဟက်ဟက်ပက်ပက် မလိုလားဘူးလို့ သူ ယူဆမိပါသည်။

ခုလို ခင်လေး သွားလေရာနောက် အမိပွာယ်မဲ့လိုက် ပါနေမိတာကတော့ တော်တော်ရူးတဲ့ အလုပ်မျိုးပဲ မဟုတ်လား။

ခင်လေး ဆိုင်တစ်ဆိုင်ထဲ ဝင်သွား၍ မလှမ်းမကမ်း လှမ်းမြင်ရတဲ့ တစ်နေရာမှာ ရပ်စောင့်နေမိစဉ် ခင်လေးက ဆိုင် ထဲမှ ပြန်ထွက်လာကာ ရှေ့ဆက်လျှောက်ကာနီး ရှေ့ကလူတစ် ယောက်နှင့် ရင်ဆိုင်တိုးမိနေပါသည်။ အဲဒီလူက နှုတ်ဆက်လိုက်၍ မို့ ခင်လေးကလည်း စကားပြန်ပြောနေတာကို ကိုလတ် မြင်နေ ရသည်။

"ချာဖြူ ... ချာဖြူ မဟုတ်လား"

ခင်လေးက ရှေ့ကလူကို ဣန္ဒြေရရ ပြန်အကဲခတ် ကြည့်နေမိစဉ် ...

"ဟုတ်ပါတယ်၊ မင်း ဇန်ကောက်က မဟုတ်လား"

"ရှင် ... ဟို ... လူမှားနေတယ် ထင်တယ်"

"ဘာဖြစ်လို့ လူမှားရမှာလဲ၊ လုံးဝမမှားပါဘူး၊ မင်း ဒေါ်နန်းနန်းဆိုင်မှာလုပ်တဲ့ကောင်မလေးလေ၊ ချာဖြူပါ ဟုတ်တယ် မဟုတ်လား"





"ရှင့်ကို ကျွန်မ မသိဘူး"

"ဒါပေါ့၊ ဘယ်သိမလဲ၊ စကားတွေ ဘာတွေမှ သေချာ မပြောဖူးတာ၊ ဒါပေမဲ့ သေချာပြန်စဉ်းစားကြည့်ရင်တော့ တစ်ကြိမ် နှစ်ကြိမ် ဖြတ်သွားဖြတ်လာ ဆုံဖူးတာ မင်းမှတ် မိမှာပါ"

"ဆောရီးနော် ... ကျွန်မ မမှတ်မိလို့၊ သွားလိုက်ပါဦးမယ်"

"ဟေး ... နေပါဦးကွ"

ထိုလူက ခင်လေးရှေ့မှာ လက်နှစ်ဖက်ကို ထပ်ဆီး တိုးသလို ဆန့်ကာလိုက်ရင်း ရယ်ကာမောကာ တားလိုက်ပါ သည်။ တကယ်တော့ မြင်မြင်ချင်း ရုတ်တရက် မမှတ်မိသေမယ့် စကားတစ်ခွန်းနှစ်ခွန်း ပြောရုံနှင့် ဒီလူကို ခင်လေး မှတ်မိလာပါ သည်။

အန်တီနန်းနှင့် ဝင်ထွက် အလုပ်လုပ်နေသော ကျောက်သမားတွေပဲ။ ဆိုင်ကို ရောက်ဖူးနေတာပဲ။ အန်တီနန်းရဲ့ ဆိုင်မှာ အရောင်းဝန်ထမ်း မိန်းကလေးတွေ မြန်မာလူမျိုးရော ထိုင်းလူမျိုးရော အများကြီး ရှိပါလျက် ခင်လေးကို နာမည်နှင့် တကွ ဒီလူ သိနေတယ်ဆိုတာဟာ စကားစပ်ဖူးလို့ မေးမြန်းပြော ဆိုဖူးလို့ မှတ်မိနေတာ ဖြစ်မှာပါ။

"နေပါဦးကွ၊ ခု ရန်ကုန်ကို ဘာပြန်လုပ်လဲ၊ အလုပ်ကိစ္စ နဲ့ ခဏပြန်လာတာလား"

"မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အပြီးပြန်လာနေတာလား"

"ဟုတ်ကဲ့ ... ကျွန်မ မိသားစုဆီ အပြီးပြန်လာတာပါ၊ သွားစရာရှိလို့ ခွင့်ပြုပါဦး"

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် အလျင်လိုနေရတာလဲ၊ အေးဆေးပေါ့၊ ဘာတွေဖြစ်နေတာလဲ"

ခင်လေးသည် အဲဒီလူရဲ့ မျက်နှာရိပ် မျက်နှာကဲ ဟန်ပန်မူရာကို လုံးဝမနှစ်မြို့။ ဒီလူ့ထံမှ အန္တရာယ်နံ့ကို ရှူရှိုက်ရသလို ခံစားရသည်။ ဒါပေမဲ့ ဖွတ်တရွတ်လည်း ထွက်မသွားရဲ။ ဒီလူစားဟာ ပတ်ဝန်းကျင်ကို ဂရုစိုက်မည့် ဣန္ဒြေရရ လူစားထဲ မပါဘူးဆိုတာ တွက်ဆမိလို့ပင်။

"မင်း ခု ဘယ်မှာနေလဲ"

"ဟို ... ကျွန်မ ရန်ကင်းမှာပါ"

"ရန်ကင်း ဘယ်နားမှာနေလဲ၊ ပြောပါဦး"

သည်းခံပြီး လိုက်လိုက်လျောလျော ပြောဆိုနေရင်းကပင် ခင်လေး ကျွဲမြီးတိုလာပါသည်။ ဒီလူဟာ သူ့ကို ခင်လေး ရှိန်နေ လန့်နေတယ်လို့လည်း သိနေပြီ။ ဒါကြောင့်လည်း ပိုပိုရဲတင်းလာတာ။

"နေပါဦး၊ ရှင်က ကျွန်မကို သိနေပေမယ့် ကျွန်မက ရှင့်ကိုမှ မသိတာ၊ ဘာအတွက် ကျွန်မက ကျွန်မရဲ့နေရပ်လိပ်စာတို့ ဘာတို့ ရှင့်ကို ပြောပြနေရမှာလဲ၊ ပြောဖို့မလိုဘူးထင်တယ်"





"ဟာ ... အဲလို စွာစွာလေးမှ ကိုယ်က သဘောကျတာ၊ မင်း မသိရင် မှတ်ထားဦး၊ ကိုယ့်နာမည်က ဘစိုးတင့်၊ မင်းတို့ အန်တီနန်းနဲ့ စီးပွားဖက်၊ အလုပ်ချင်း ဆက်စပ်နေတဲ့သူပဲ၊ အဲ ... မင်းရဲ့နောက်သော့စ်တင်ဆယာက်ဖြစ်တဲ့ ဦးမိုးဆွေနဲ့တော့ သိပ်မခင်ဘူး၊ သူနဲ့တော့ အလုပ်ချင်း မဆက်စပ်ဘူးပေါ့"

ခင်လေးသည် ရင်တွေလည်း တဒိတ်ဒိတ်တုန်လာကာ ဒေါသလည်းဖြစ်၊ စိတ်လည်းညစ်၊ ရှောင်ထွက်သွားဖို့လည်း အခြေအနေမပေးဘဲ ဘစိုးတင့် ဆိုတဲ့ လူကြီးရဲ့မျက်နှာကို စိုက်ကြည့်နေမိသည်။ သူ့ရဲ့စကားအသွားအလာအရ ဒီလူဟာ တစ်စုံတစ်ရာကို သိထား ကြားထားကာ ခင်လေးကို အထင်တသေးရှိသဲ့သို့ လုပ်နေတာဆိုတာ ရိပ်စားမိလာ၍ ဝမ်းလည်းနည်းလာမိပါသည်။

"ကိုယ်ပြောတာ သဘောပေါက်တယ်နော်"

"ဟင့်အင်း ... ကျွန်မ သဘောမပေါက်ဘူး"

"ဟုတ်လို့လား၊ မင်း အဲဒီလောက် ဒုန်းဝေးလို့လား၊ ကဲ သဘောမပေါက်လည်း တည့်တည့်ပြောမယ်၊ ကိုယ်တို့ ဒေါ်နန်းနဲ့ ဒီလောက်ခင်မင် ဆက်ဆံနေတာပဲဟာ၊ မင်း ဘာလဲဆိုတာ သိပါတယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေး မျက်နှာက ဖြန်းခနဲ နီမြန်းတင်းမာသွားပါသည်။

အန်တီနန်း ...။ အန်တီနန်း ...။ ရက်စက်လိုက်တာ အန်တီနန်းရယ်။ ဒီလူကို ဘာတွေများ ဘယ်လောက်တောင်ထိ ခင်လေးအပေါ် ချိုးချိုးဖွဲ့ဖွဲ့ အသိပေးထားပါလိမ့်။

"မအံ့ဩနဲ့လေ၊ ဒေါ်နန်းက အားလုံးပြောပြထားပြီးသား၊ ဒါကြောင့် မင်းကို ကောင်းကောင်းသိတာပေါ့၊ ကဲ ... အခုဘယ်လိုလဲ၊ ဒီမှာရော မင်း ဘာအလုပ် လုပ်နေလဲ၊ စပွန်ဆာရော ရထားပြီးပြီလား"

"ရှင် ... ရှင် ... မိန်းကလေးတစ်ယောက်ကို စော်ကား မော်ကား ပြောတဲ့စကားတွေ ခုချက်ချင်း ရပ်ပေးပါ၊ ကျွန်မက ရှင်ထင်သလို မဟုတ်ဘူး၊ ကျွန်မသွားမယ့်လမ်းကို ဖယ်ပေးပါ၊ ရှင်မဖယ်ရင်တော့ ကျွန်မ လုံခြုံရေးတွေကို လှမ်းအော် အကူအညီတောင်းရလိမ့်မယ်"

"မင်း အဲသလိုလုပ်ရင် ကိုယ်ကလည်း လုံခြုံရေးတွေကို ဖြေရှင်းရတော့မှာပေါ့၊ မင်းဟာ ဘယ်လိုမိန်းကလေးပါ၊ ဒါကြောင့်မို့ ဒီလို ဒီလို မေးမြန်းပြောဆိုနေတာပါဆိုပြီး"

"ကျွန်မ တောင်းပန်ပါတယ် ဦးဘစိုးတင့်၊ ကျွန်မ ဇန်ကောက်မှာ ရှင်သိထားခဲ့တဲ့ ခွာဖြူ မဟုတ်တော့ပါဘူး၊ ဒီမှာ ကိုယ့်မိသားစုနဲ့ကိုယ် ကိုယ့်သိက္ခာနဲ့ကိုယ် နေနေတာ





ပါ၊ ရှင်ထင်နေတာတွေ မှန်မှန်မှားမှား ဒီမှာတော့ ကျွန်မကို မနှောင့်ယှက်ပါနဲ့"

"သဘောပေါက်ပြီ၊ သဘောပေါက်ပါတယ်၊ ဒီလိုပဲရှိတတ်ကြပါတယ်လေ၊ တခြားမှာတော့ အသွင်တစ်မျိုး၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်မိသားစုနဲ့ကျတော့ အသွင်တစ်မျိုးပေါ့ ဟုတ်တယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို မင်းရဲ့ လိပ်စာတော့ပေးခဲ့"

"ရှင့်ကို ဘာလို့ ကျွန်မ လိပ်စာပေးရမှာလဲ"

"ဒီလိုပဲ လိုအပ်ရင် ဆက်သွယ်လို့ရကြအောင်ပေါ့"

"ဆက်သွယ်စရာလည်း အကြောင်းမရှိပါဘူး၊ လိပ်စာလည်း မပေးနိုင်ဘူး"

"အဲသလို မတင်းမာနဲ့လေ"

"ကျွန်မ သွားမယ်၊ လမ်းဖယ်ပါ"

"ဒီပုံစံနဲ့တော့ မသွားရသေးဘူး၊ လိပ်စာပြောပြီးရင် သွား"

တဖြည်းဖြည်း တင်းမာရာမှ နီမြန်းခက်ထန်လာနေတဲ့ ခင်လေးရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကိုလတ် မြင်နေရပါသည်။ ပြီးတော့ ထုပ်ဆီးတိုးနေသလို အနေအထား။ ခင်လေးက ကွေ့ရှောင်ထွက်သွားမယ်ပြင်၊ ဟိုလူက မသိမသာကာပြီးတား။ ခင်လေးအနှောင့်ယှက် ခံနေရတယ်ဆိုတာ သေချာလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကိုလတ်သည် သူ ဝင်ပါသင့်တယ်လို့ ဆုံးဖြတ်လိုက်ကာ ခင်လေးတို့နှစ်ယောက်ရှိရာ လျှောက်လာခဲ့ပြီး ခင်လေး အားရပ်ကာ ...

"ခင်လေး"

"ဟင် ... ကိုလတ်"

ခင်လေးရဲ့မျက်နှာက ဝင်းတောက်သွားပါသည်။

"ပြီးပြီလား ခင်လေး၊ ပြီးရင် သွားကြစို့လေ"

"ဟုတ်ကဲ့ ... ပြီးပြီ ကိုလတ်၊ ဒီမှာ အရင်က ခင်လေးရဲ့ အလုပ်ရှင်ရဲ့မိတ်ဆွေနဲ့ တွေ့နေလို့လေ"

ခင်လေးက ဝမ်းနည်းဝမ်းသာ ခံစားချက်နှစ်မျိုးနှင့် ကိုလတ်ရဲ့လက်တစ်ဖက်ကို တွဲချိတ်လိုက်ပြီး ဟိုလူ့ဘက်လှည့်လိုက်ကာ ...

"ကျွန်မ အမျိုးသား လာကြိုနေပြီ၊ သွားလိုက်ပါဦးမယ် ဦးဘစိုးတင့်"

ဦးဘစိုးတင့်က အောင့်သက်သက်နှင့်ပင် ...

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ သွားပါ"

ခင်လေးနဲ့ ကိုလတ် လှည့်ထွက်လာခဲ့ပါသည်။ မနည်းအောင့်ပြီး ထိန်းထားတဲ့ မျက်ရည်တို့သည် မျက်လုံးအိမ်ထဲ ပြည့်လျှံအိုင်ထွန်းနေပြီ။ ပါးပေါ်မကျအောင်ကို မနည်းကြိုးစား အားတင်းထားရပါသည်။ ခေါင်းကိုငုံ့ထားတဲ့ ခင်လေးကို ...





"ခင်လေး ဘာဝယ်ဦးမလဲ"

"ဟင့်အင်း၊ ပြန်မယ် ကိုလတ်"

ဒဂုံစင်တာရှေ့ ကားပါကင်က ကိုလတ်ရဲ့ကားထဲ နှစ်ယောက်သား ထိုင်မိကြပါသည်။ ကိုလတ်ကားက ကုမ္ပဏီတက္ကစီ အနက်ပင်။ ကားပေါ်ရောက်သည်နှင့် ခင်လေးထံက ရှိုက်သံတွေ ထွက်လာသည်။ စိတ်လျှော့လိုက်သလို မျက်ရည်ပေါက်တို့က လည်း ပါးပြင်ပေါ် အလုအယက် ခုန်ဆင်းပြုတ်ကျလာကြပါသည်။

ကိုလတ် ဘာမှမမေးပါ။

မေးစရာလည်း မလိုအောင် ဖြစ်နိုင်ခြေကို မှန်းဆလို့ရနေပါသည်။ ဒါကြောင့်လည်း ခင်လေး စိတ်ပေါ့သွားအောင် ငိုချင်တိုင်း ငိုပစေရယ်လို့ လွှတ်ထားလိုက်ကာ ကားကိုစထိုးပြီး ကားထဲက အဲကွန်းကို ဖွင့်ထားပေးလိုက်ပါသည်။

အိမ်က ဒဂုံစင်တာနဲ့ အနီးကလေးမှာမို့ ဝင်ဘာဝင်းထဲက ကားကိုထွက်ပြီးရင် ပြည်လမ်းပေါ်က လမ်းသွယ်ထဲ ချိုးဝင်လိုက်တာနှင့်ရောက်ပြီ။ နှစ်မိနစ်အတွင်း အိမ်ရောက်သွားမည်ဖြစ်ရာ ဤကဲ့သို့ ရှိုက်ကြီးတငင် ငိုထားတဲ့မျက်နှာအခြေအနေနှင့် မသွားသင့်သေးဘူးလို့ ကိုလတ်က တွေးကာ ကားကိုမထွက်ပါ။

ဘာဖြစ်တာလဲ ဒီလူက ဘာလာပြောတာလဲ ဆိုတာကို မမေးဘဲနှင့် ကိုယ့်ဟာကိုယ် မှန်းဆပြီး သိနိုင်ပါသည်။ ဒီ ဦးဘစိုးတင့်ကို ကိုလတ် သိသည်။ သူလည်းပဲ ကိုလတ်ကို သိ



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း သိနိုင်သလို အမှတ်တမဲ့မို့ မသိဘဲလည်း ရှိနိုင်သည်။ တိုက်ရိုက်ပတ်သက်ဆက်ဆံမှုခြင်း မရှိခဲ့ဟဲ ဒေါ်နန်းနန်းနဲ့ အလုပ်သဘောပတ်သက်မှုရှိတဲ့ စီးပွားရေးသမား လူလည်လူရှုပ်လို့ သူသိထားပါသည်။

သူက အန်ကယ်ဦးမိုးဆွေနဲ့ပဲ ထိစပ်လုပ်ကိုင်ရတာမို့ ဒေါ်နန်းနန်းရဲ့ပါတနာတွေနှင့် တိုက်ရိုက်ပတ်သက်ဆက်ဆံရခြင်း မရှိခဲ့ပါ။ အန်ကယ်နဲ့ အန်တီက အလုပ်ချင်းတစ်ကဏ္ဍစီ။

အရင်ကတော့ အန်ကယ်က သူ ထိုင်းမှာစီးပွားရေးလုပ်လုပ်ချင်း လက်ဝတ်ရတနာနှင့် မြန်မာ့ရိုးရာအဝတ်အထည် အသုံးအဆောင် အထိမ်းအမှတ် လက်မှုပစ္စည်းမျိုးစုံ အရောင်းဆိုင်ကို စတင်ဖွင့်ခဲ့တာ။ ဒီဆိုင် အရှိန်ရအပြီး အန်ကယ်က တက္ကစီကုမ္ပဏီတစ်ခု ထောင်လိုက်တဲ့ အချိန်မှာတော့ ဒီဆိုင်ကို အန်တီနန်းကိုပဲ ဦးစီးစေပါတော့သည်။

မြို့တွင်းသွား တက္ကစီတွေအပြင် ခရီးဝေးသွား မီနီဘတ်စ်တွေနှင့် Tour လုပ်ငန်းကိုပါ အန်ကယ်က တွဲလုပ်ခဲ့ပါသည်။ ကိုလတ်က အဲဒီလုပ်ငန်းစ,မှ အန်ကယ့်ဆီရောက်ခဲ့တာ။ ခင်လေးက သူ့ထက်စောကာ အန်တီနန်းတို့ထံ ရောက်နှင့်နေခဲ့တာပါ။

ဦးဘစိုးတင့် လာပြောနေတဲ့ စကားတွေဟာ ခင်လေးရဲ့အသည်းနှလုံးကို နာကျင်ထိခိုက်စေမယ့် စကားတွေဆိုတာ မှန်းဆမိပြီး သူ ဘာမေးခွန်းမှ မထုတ်ဘဲ နေခဲ့တာပါ။





"ကိုလတ်"

"ခင်ဗျာ"

ခင်လေးအသံက တုန်ယင်ကြေကွဲတုန်း။

"ရှင် တိုက်တိုက်ဆိုင်ဆိုင် မတော်တဆ ရောက်လာတာလား"

"ကျွန်တော် ..."

အမှန်အတိုင်း ဖြေရမလား၊ ညာပြောရမလား၊ ကြားကောင်းအောင် ပြောရမလား ဝေခွဲမရဖြစ်ပြီး ခဏ တုံ့ဆိုင်းနေမိပြီးမှ ...

"ကျွန်တော် မနက်ကတည်းက ခင်လေး ဘယ်များသွားချင်မလဲလို့ ခင်လေးတို့အိမ်နား ရောက်လာတာ၊ ခင်လေးကားငှားပြီး ထွက်သွားတော့ ဘာရယ်မဟုတ် နောက်ကလိုက်ပါနေမိတာပါ၊ ကျွန်တော့်ကားနဲ့ သွားပါလို့ ခင်လေးကို လာပြောမလို့ပါပဲ၊ ခင်လေး ကိုယ့်အတွေးနဲ့ကိုယ် လွတ်လွတ်လပ်လပ် သွားနေတာကိုလည်း ကျွန်တော် မနှောင့်ယှက် မဖျက်ဆီးချင်တာနဲ့"

"ဘယ်လိုပဲဖြစ်ဖြစ် အရမ်းလိုအပ်နေတဲ့အချိန်မှာ ရောက်လာတာကို အလေးအနက် ကျေးဇူးတင်ပါတယ် ကိုလတ်"

ခင်လေးက နားထင်လေးနှစ်ဖက်ကို လက်ချောင်းများနှင့်ညှပ်၍ တစ်ချက် နှစ်ချက် နှိပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး ခေါင်းကိုက်နေလား"

"………"

"မနက် အိမ်ကထွက်ကတည်းက ခုထိ ခင်လေး လမ်းမှာ တစ်ခုခုစားတာ မတွေ့သေးဘူး၊ တစ်ခုခု စားလိုက်ပါလား ခင်လေး"

"စားမယ်လေ၊ ကျွန်မလည်း ဗိုက်ဆာတယ်၊ ကိုလတ် ကြိုက်တဲ့ဆိုင်တစ်ဆိုင် သွားလိုက်ပါ"

ကိုလတ်က ကားကိုမောင်းထွက်လာကာ ပြည်လမ်းနှင့် အလုံလမ်းထောင့် ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်ဝင်းထဲက အသစ်ဖွင့်တာ မကြာသေးတဲ့ ယူရိုပီယံဟော့ပေါ့စားသောက်ဆိုင်လေးဆီ ခင်လေးကို ခေါ်လာပါသည်။ ဆိုင်လေးက လူရှင်းပြီး တိတ်ဆိတ်သည်။

ခင်လေးသည် ယောကျ်ားတစ်ယောက်ရဲ့ အရှိန်အဝါ အဟန့် စွမ်းအားကို ခုမှပဲ မျက်ဝါးထင်ထင် ကြုံရကာ ဆန်းကြယ်အံ့အားသင့်နေမိတော့သည်။ အလံမရှိတဲ့ရထား ဆိုလား။ အုပ်ထိန်းသူ ယောကျ်ားတစ်ယောက်မရှိတဲ့ မိန်းမဘဝဟာ မတင့်တယ်ဘူးလို့ ကြားဖူးတာမျိုးတော့ ရှိပေမယ့် ဒီစကားကို ရေရေရာရာနားမလည်မိပါ။

ဦးဘစိုးတင့် ဆိုသူလို အနည်းငယ် ရမ်းကားသောစရိုက်ရှိချင်တဲ့ လူတစ်ယောက်ဟာ ကိုလတ် အနားရောက်လာ





တာနှင့် အသာတကြည် အရှိန်သတ်လိုက်တာဟာ ကိုလတ်ကို ကြောက်လို့တော့ ဘယ်ဟုတ်ပါမလဲ။ အရှိန် … အဟန့် … စည်းကမ်း … ယဉ်ကျေးမှု … ဒါတွေကြောင့်သာ။

ပိုင်ဆိုင်ပတ်သက်သူ ရှိပုံရသော မိန်းမတို့ကို တော်ရုံတန်ရုံ လူမစော်ကား မနှောင့်ယှက်ဝံ့တာဟာ အံ့အားသင့်စရာ ကောင်းကောင်းသည်။ ဦးဘစိုးတင့်လို လူပင်လျှင် ဆိုင်သူယောကျ်ားအပေါ် အသိအမှတ်ပြု လေးစားသမှုနှင့် ခြေလှမ်းကိုရုတ်ပေးသည်။

"ရှင် ဒီနေ့ အလုပ်မရှိဘူးလား ကိုလတ်"

"ရှိတော့ ရှိပါတယ်"

"ရှင် မနက်ကတည်းက အပြင်ထွက်နေတာ ဆိုလို့လေ၊ ရှင်က ဒီက ကုမ္ပဏီမှာ ဘာလုပ်ရတာလဲ"

"ကျွန်တော်က … အင်း … ရုံးထိုင်ရတာပါ"

"သြော် … တော်သေးတာပေါ့၊ ရှင့်တာဝန်က ကားမောင်းရတာဆိုရင် ဒီနေ့အဖို့ ရှင် ဘာဝင်ငွေမှ မပြနိုင်ဘဲ ဒုက္ခရောက်ပြီလို့ တွေးမိတာ"

ကိုလတ်က ခင်လေးရဲ့ ငိုထားမှန်း သိသာနေသေးတဲ့ ရုပ်လေးကို စူးစိုက်ကြည့်ရင်း …

"ခင်လေး နောက်ကို သွားစရာရှိတိုင်း ကားခေါ်လိုက်ပါ၊ ကျွန်တော် အလေးအနက် တောင်းဆိုတာပါ"

ခင်လေးက တစ်ဖက်ကိုလှည့်ငေးနေကာ စကားမှ…



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အန်ကယ်က ဘာတွေမှာထားသေးလဲဟင်"

"ခင်လေး အဆင်ပြေအောင် လိုအပ်တာ လုပ်ပေးဖို့ပဲ ခြုံပြီးမှာထားတာပါ"

ခင်လေးက သူ့ကိုမကြည့်ဘဲ ...

"အန်ကယ်က စိတ်ကောင်းတော့ ရှိပါတယ်"

"........."

"ဟိုတစ်ရက်က အန်ကယ် ဖုန်းဆက်တယ်လေ၊ ဒီဖုန်းနံပါတ် ရှင် ပြောပြထားတာပေါ့နော်"

"နဂိုကတည်းက အန်ကယ်က သူပြောစရာရှိ လှမ်းဆက်နိုင်အောင် ဖုန်းတစ်လုံး ဝယ်ပေးထားခိုင်းတာဆိုတော့ ကျွန်တော် အိမ်ကိစ္စတွေ လုပ်နေကတည်းက ခင်လေး ဒီကို ပြန်မလာခင်ကတည်းက ဒီဖုန်းနံပါတ်ကို အန်ကယ် သိနှင့်တာပါ"

"အင်းပေါ့လေ၊ ကျွန်မ ကိုလတ်ကို အပြစ်တင်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အန်ကယ့်ကို နောက်ကို ဖုန်းမဆက်ပါနဲ့လို့ ကျွန်မ ပြောလိုက်တယ်၊ တောင်းပန်လိုက်တာပါ၊ အန်ကယ် ဆက်သွယ်နေသမျှ ကျွန်မ ရုန်းထွက်ချင်တဲ့ လောင်းရိပ်ကြီးအောက်က ကျွန်မ ထွက်လို့ရမှာ မဟုတ်ဘူးလေ၊ ဒီလောင်းရိပ်အောက်ကလွတ်ဖို့ ကျွန်မ တော်တော် အချိန်ယူ စည်ဆောက်ရဦးမှာ၊ ဒီနေ့ဖြစ်ရပ်ကိုပဲ ကြည့်လေ"





ကိုလတ်က ကတုန်ကယင် ဖြစ်နေတဲ့ ခင်လေးအသံကို ရင်ခပ်နင့်နင့်နင့် ငြိမ်သက် နားစိုက်ထောင်နေပါသည်။

"ကိုလတ် ရှင်တော့ ကျွန်မကို ဘယ်လောက်အထိသိပြီး ဘယ်လိုနားလည်သဘောပေါက်ထားလဲဆိုတာ ကျွန်မအတိအကျ မသိပေမယ့် နည်းနည်းပါးပါးတော့ ရှင်ကြားဖူးထားတဲ့ သတင်းတွေ ရှိမှာပါလေ၊ အကျိုးတရားတိုင်းဟာ အကြောင်းရင်းရှိလို့ ဖြစ်လာတာချည်းပါပဲ၊ ကျွန်မ ဒီအချိန်မှာ ဘယ်သူ့ကိုမှ အပြစ်မပြောချင်ပါဘူး ...

ဒါပေမဲ့ လက်ရှိ ကျွန်မရဲ့အနေအထား ရင်ဆိုင်နေရတဲ့ အခြေအနေက ဟိုတုန်းကပေါင်းခဲ့တဲ့ သူငယ်ချင်းတွေကတောင် သူတို့အိမ်က မကြိုက်လို့ဆိုပြီး ခပ်အင်တင်တင် ဖြစ်ကြတဲ့ အခြေအနေ၊ ကျွန်မရဲ့ မောင်အရင်းကိုယ်တိုင်က ကျွန်မကို ဝေးဝေးမှာနေပါ လာမပတ်သက်ပါနဲ့လို့ မောင်းထုတ်ထားတဲ့ အခြေအနေ၊ သိပ်ကို သတိထားဆင်ခြင်ရမယ့် အခြေအနေဆိုတော့ ..."

ခင်လေး အသံက တိမ်ဝင်သွားသည်။

အဲသလောက် ပွင့်ပွင့်လင်းလင်း ခပ်ဘွင်းဘွင်းစကားမျိုး သူ့ကို ခုလောက်အချိန်တိုအတွင်း ပြောလာလိမ့်မည် ထင်မှတ်မထား၍ ကိုလတ်က စကားလည်း မထောက်နိုင်၊ ဘာမှမှတ်ချက်မပေးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်နေမိပါသည်။

"ကျွန်မ တော်တော် သတိထားရမှာ"

"........."

"အဲဒီတော့ ကိုလတ်လည်း အန်ကယ်နဲ့ စကားပြောဆိုဖို့ ကြုံကြိုက်လာတဲ့အခါ ကျေးဇူးပြုပြီး အန်ကယ့်ကိုကူပြီး တောင်းပန်ပေးပါ၊ ကျွန်မကို ကျွန်မဘာသာ အေးအေးချမ်းချမ်း နေပါစေ ဆိုတာမျိုး နားချပေးပါ"

"........."

"ကိုလတ်က အန်ကယ့်ဆီမှာ ဘယ်လောက်ထိ အရေးပါအရာရောက်နိုင်တယ်ဆိုတာ ကျွန်မ မပြောတတ်ပေမယ့် အန်ကယ်က ကိုလတ်ကို အတိုင်းအတာတစ်ခုအထိ ယုံကြည်စိတ်ချတယ်၊ အားကိုးအားထား သဘောထားတယ် ဆိုတာကတော့ အခု တွေ့ရသလောက် သိသာထင်ရှားပါတယ်...

အန်ကယ် ကျွန်မကို ခုလောက်ထိ ကြည့်ရှုစောင့်ရှောက်တာကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ ဒီလောက်တောင် မစောင့်ရှောက်ချင်ရင်လည်း ကျွန်မ ဘာမှစောဒကတက်နိုင်တာ မဟုတ်ပါဘူး၊ အဲဒီကျေးဇူးတရားကိုလည်း ကျွန်မက တစ်သက်လုံး ဂါရဝပြုသွားမှာပါဆိုတာ ကိုလတ်ပဲ ပြောပြပေးပါ ...





အန်ကယ် လှမ်းဆက်သွယ်နေသရွေ့ ခုနက ဦးဘစိုးတင့်လို ကိစ္စမျိုးတွေ ကျွန်မမှာ ကြုံတွေ့ရရာ ဖြစ်နေဦးမှာပဲ၊ အန်ကယ်စီမံပေးထားတာတွေလည်း အားလုံးအဆင်ပြေပြေ ဖူလုံပါတယ်၊ ကျွန်မ အလုပ်လေးတစ်ခုခု ရှာလုပ်ဖို့ ကြိုးစားရင်း ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ရပ်တည်ရပါဦးမယ် ...

ကျွန်မ ပြောတာတွေ ကိုလတ် သဘောပေါက်တယ် မဟုတ်လားဟင်"

ကိုလတ်က ခေါင်းညိတ်လိုက်ပါသည်။

"ကျွန်တော် သဘောပေါက်ပါတယ် ခင်လေး"

နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် စူးစူးဆောက်ဆောက် စေ့စေ့စိုက်စိုက် ကြည့်လိုက်မိကြပါသည်။ မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်ကိုယ်စီနှင့်ပင်။

✿ ❤ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၆

ပေါ်တီကိုအောက် ကားရပ်၊ အိမ်ထဲကို ကိုလတ် ဝင်လာလျှင် ဧည့်ခန်းမှာရှိနေတဲ့ လူစုံတက်စုံက သူ့ကိုလှည့်ကြည့်ကြပြီး အန်တီချောက ...

"ကိုလတ်ကို အားနာလိုက်တာကွယ်၊ အလုပ်ကနေ တစ်ခေါက် ပြန်ထွက်လာရတယ်လို့"

"ရပါတယ် အန်တီချော၊ ကိစ္စမရှိပါဘူး"

"ကိစ္စမရှိပါဘူးဆို ချောရယ်၊ ကုမ္ပဏီမှာ မန်နေဂျာကစပြီး ရုံးအဖွဲ့က သူ့ဟာနဲ့သူ အဆင့်ဆင့်ရှိပြီးသား။ သူက နည်းနည်းကြီးကြပ်အုပ်ချုပ်ရုံပါပဲ၊ လိုတဲ့ကိစ္စ ဆုံးဖြတ်ရုံပါပဲ၊ အားလုံးက မျက်နှာလွှဲလို့ရတယ်"

လဝန်းက ပြုံးပြုံးလေး တရင်းတနှီး ...

"ကိုလတ်က ဘောစ့်ပဲဟာကို မေမေရယ်"





"ဘောစ့်လည်း ဘောစ့်အလျောက် တာဝန်ရှိတာပဲ သမီးရဲ့၊ တာဝန်တောင် အကြီးဆုံး"

ကိုလတ်က သူ တစ်ချိန်က ရင်ခုန်လှုပ်ခတ်ခဲ့ဖူးတဲ့ လဝန်း ဆိုတဲ့ မိန်းမချောလေးကို ပြုံးပြရင်း လဝန်းနှင့် တစ်ခုံကျော်မှာ ဝင်ထိုင်လိုက်ပါသည်။

"အန်တီတို့လည်း တစ်ဆိတ်ရှိ ကိုလတ်တို့ ဆုမွန်တို့ကိုပဲ အားကိုးနေ ချောဆွဲနေရတယ်၊ လဝန်းက အိမ်ထကား ကို သူကိုယ်တိုင်မောင်းမယ် ပြောနေပေမယ့် အန်တီက စိတ်မချဘူး သားရဲ့၊ လဝန်းက ကားမောင်းရင် အရမ်းကြောက်ကြောင်ရယ်"

"မေမေကလည်း လူတိုင်း မောင်းနေကြတာ"

"လူတိုင်း မောင်းနေတာပဲဆိုပြီး ဖြစ်ချင်ရာဖြစ် လွှတ်မထားနိုင်ပါဘူး သမီးရယ်၊ ညည်းက ပါကင်ထိုးတာညည့်၊ ဟိုနားဒုံ့ခနဲ ဒီနားဒုံ့ခနဲ အကြီးအကျယ် မဟုတ်တဲ့ ထွက်မိ ရှပ်မိ ထိမိနေတာ၊ ဟိုအရင်ကတည်းက၊ အခုထ ကား မမောင်းတာ အနည်းဆုံး တစ်နှစ်ခွဲခြားနေပြီ"

"ပြန်ကျင့်ရင် ခဏပါ မေမေရယ်၊ မေမေကိုက စိတ်မချတာ"

ကိုလတ်မေမေ ဒေါ်ဆုမွန်က ဝင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမောင်းပါနဲ့ သမီးလေးရယ်၊ ဒရိုင်ဘာနဲ့ပဲ ထိုင်စီးပါ၊ ဒရိုင်ဘာရတော့လည်းဒရိုင်ဘာနဲ့ပေါ့၊ ဒရိုင်ဘာ မရသေးခင် သမီး ကိုလတ်ကို အားမနာနဲ့ ချောသာဆွဲ၊ သူ လုံးဝမ အားလည်း အိမ်က ဦးထွန်းခင် ရှိသေးတယ်"

"အဲဒါ … သမီးနဲ့လည်း စိတ်ချရမယ့် ဒရိုင်ဘာကောင်းကောင်းတစ်ယောက်လောက်လည်း ကိုလတ်ပဲ ရှာပေးပါဦးကွယ်"

"ရပါတယ် အန်တီ၊ အဲဒါကတော့ အပန်းမကြီးပါဘူး၊ ကုမ္ပဏီမှာ လာလျှောက်ထားတဲ့ထဲက အရည်အချင်းမီပေမယ့် ဦးရေပြည့်သွားလို့ မရွေးလိုက်ရတာတွေ အများကြီး ရှိပါတယ်၊ ကျွန်တော် ဆက်သွယ်ပြီး ပြန်ခေါ်တွေ့လို့ ရပါတယ်"

"အခု သူ ပြန်ရောက်ပြီဆိုတော့ ကားက နေ့စဉ်သုံးဖို့ လိုလာပြီ မဟုတ်လား၊ သူ အလုပ်ဝင်ရင် နေ့တိုင်းကြိုပို့ ရတော့မှာလေ၊ အရင်ကတော့ အန်တီတစ်ယောက်တည်း ဆိုတော့ အန်တီက သွားစရာရှိ ကားငှားသွားလိုက်တာပဲ၊ အိမ်ကကားကိုလည်း မိတ်ဆွေတစ်ယောက်ကို ငှားထား လိုက်တာ၊ ခုမှ သူပြန်ရောက်လို့ ပြန်ထုတ်ယူလိုက်တာ လေ"

"ဟုတ်ကဲ့"





အန်တီဒေါ်ချောချောဟာ သူ့အမျိုးသား စောစောစီးစီး ဆုံးသွားပြီးကတည်းက ဘာစီးပွားရေးမှလည်းမလုပ်၊ လုပ်လည်း မလုပ်တတ်ဘဲ အမွေရတဲ့ ခြံတစ်ခြံ တိုက်တစ်လုံး အပိုကို နိုင်ငံခြားသား ငှားထားကာ အဲဒီအိမ်ငှားခနဲ့ပဲ ငြိမ်းငြိမ်းချမ်းချမ်း ထိုင်စားနေခဲ့တာပါ။

"ဒီနေ့က မေမေတို့လည်း ကိစ္စလေးရှိလို့ တစ်လမ်းသတ်သတ် ထွက်လိုက်ကြမယ်ဆိုတော့ ဦးထွန်းခင်နဲ့ သွားလိုက်မယ်၊ လဝန်းကလည်း ကိစ္စလေးတွေ သတ်သတ်ရှိတော့ မေမေက နောက်နေ့စောင့်မနေနဲ့ ကိုလတ် ချောဆွဲသွားလိုက်လို့ ပြောလိုက်တာ သားရဲ့"

စကားနည်းနေတဲ့ ကိုလတ်ကို လဝန်းကကြည့်တာ…

"ကိုလတ် ရဲ့လား၊ လဝန်းက အရမ်း အလျှင်လိုလှတဲ့ ကိစ္စတွေတော့ မဟုတ်ပါဘူး၊ ရွှေ့ရရင်လည်း ဖြစ်ပါတယ်"

"ရပါတယ် လဝန်း၊ အရေးတကြီး ကျွန်တော့်မှာ မရှိပါဘူး"

"အချိန်စကောစကကြီးနဲ့၊ ကိုလတ် ထမင်းစားဦးမလား"

"ဩော် … အပြင်ကျမှ အဆင်ပြေတဲ့ တစ်နေရာရာမှာ အတူတူ စားလိုက်ကြပေါ့၊ အိမ်ကထမင်း စားမနေပါနဲ့တော့၊ ဟုတ်ဘူးလား သား"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က မေမေ့ကို ရယ်ချင်မိတာကို အောင့်ထားလိုက်ရပါသည်။ ဩော် ... မေမေ ... မေမေ။ ဒီလဝန်းနဲ့ သဘောတူတာကလည်းတူ။ အဲဒါအပြင် ကိုလတ်ကို ခင်လေးချာဖြူ နဲ့ ငြိတွယ်သွားမှာကိုလည်း မေမေ အသေအလဲ ကြောက်ရှာတာ။ သူ့သား ဒီကောင်မလေးကို ဘယ်လောက်တောင် မျက်စိစုံမှိတ် စွဲလမ်းငြိတွယ်တယ်ဆိုတာကိုလည်း ကိုလတ် ကိုယ်တိုင်ကိုယ်ကျ ရင်ထဲရှိသမျှ အန်ချ သွန်ချ ရေးထားတဲ့ မှတ်တမ်းမှတ်ရာတွေ အကုန်လုံး မေမေ ဖတ်ခဲ့ရတာကိုး။

အခု ရန်ကုန်ကို ခင်လေးချာဖြူ ပြန်လာတယ်လို့ မေမေ ကြားသိတော့ အလွန်ကို ပူပန်နေကာ ကိုလတ်ကိုလည်း အကဲတခတ်ခတ်။ ဖြစ်နိုင်ရင် လဝန်းနဲ့ ခပ်မြန်မြန် နေရာချလိုက်ချင်တဲ့ အရိပ်အယောင်မျိုး ရှိနေတယ်ဆိုတာ ကိုလတ် ရိပ်မိသည်။

"ကိုလတ် ဆာရင်စားပါစေဦး အန်တီ လဝန်းတို့က နည်းနည်းပါးပါး စားလာသေးတယ်၊ ကိုလတ်က အလုပ်က တန်းပြန်လာတာဆိုတော့"

"ကျွန်တော် မဆာပါဘူး လဝန်း၊ လမ်းကျမှ တစ်နေရာရာ ဝင်စားတာပေါ့၊ လဝန်းလည်း ပြန်ရောက်ပြီး ဒီက အပြင်ဆိုင်တွေ သိပ်စားဖြစ်ဦးမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ အပြင်ထွက်မစားဖြစ်သေးဘူး ကိုလတ်ရဲ့"





"သွားလိုက်ကြရအောင် လဝန်း၊ မေမေ ... အန်တီချော ကျွန်တော်တို့ သွားလိုက်ဦးမယ်"

"အေး အေး ... သား သွား"

အမေနှစ်ယောက်သား သွားတွေအကုန်ပေါ်မတတ် ပြုံးချိုကျေနပ်ပြီး ကျန်ရစ်ခဲ့ကြပါသည်။ လဝန်းရဲ့ စာရွက်စာတမ်း ကိစ္စတချို့ကို အရင်ဆောင်ရွက်လိုက်ပြီးတဲ့နောက် ကိုလတ်က လဝန်းကို ဟိုတစ်နေ့က ခင်လေးကို ခေါ်သွားတဲ့ ဆိုင်လေးကိုပဲ ခေါ်သွားမိပါသည်။

ခင်လေးနဲ့ ပထမဆုံး အတူထိုင်ဖူးတဲ့ ဆိုင်လေးလေ။

ဝမ်းနည်းကြေကွဲနေတဲ့ ခင်လေးကို ငေးကြည့်ပြီး သူ့ရင်တွေပါ ဆို့နင့် နာကျင်ခဲ့ရတဲ့ ခံစားချက်ကို ခုထိလွမ်းဆွတ်တုန်း။

"ဆိုင်လေးက ချစ်စရာလေး ကိုလတ်"

"ဟုတ်တယ်၊ ကျွန်တော် မကြာ မကြာ ရောက်တယ်"

ကိုလတ်က ခင်လေးနဲ့ ထိုင်ဖြစ်ခဲ့တဲ့ နေ့လေးကိုပဲ အမှတ်ရစွာ အဲဒီစားပွဲလေးဖက် ဦးတည်လိုက်ပါသည်။

ဟင် ...။

ရင်ထဲမှာတင် တိုးတိုးတိမ်တိမ် ရေရွတ်လိုက်မိတဲ့ အာမေဍိတ်သံပင်။ သူတို့ထိုင်ခဲ့တဲ့ စားပွဲလေးမှာ တစ်ယောက်တည်းထိုင်နေတဲ့သူက ခင်လေး။ ခင်လေးက တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်ကျန် ထိုင်နေကာ ရှေ့ကပန်းကန်ကို ဖွန်းထိပ်ဖျားနှင့် ခပ်ပြီး စိတ်မပါ လက်မပါ စားနေ သည်။

အထီးကျန်ကျန် ထိုင် ယ်လို့ ရည်ညွှန်းရတာက ခင်လေးရဲ့ပုံသဏ္ဌာန် ဟန်ပန်ဟာ အသေးစိတ် ပြောပြဖို့ မလွယ်ဘဲ ကြည့်လိုက်တာနှင့် အထီးကျန်ဆန်နေလွန်းလှလို့ပင်။ နားမှာ နားကြပ်ကြီးတစ်ချောင်း တွဲလောင်းကျနေတာလည်း မြင်ရတော့ သီချင်းပဲ နားထောင်နေသလားလို့ ထင်မိသည်။

ထိပ်ဖျားလေးတင်ကော်ကာ တစ်ဖွန်းစားလိုက်ပြီး လီမွှော်ရည်ဖန်ခွက်ကို နည်းနည်းလေး မော့သောက်လိုက်တဲ့ဟန်က ပျင်းတိပျင်းရွဲ နိုင်လှသည်။ ဒီဆိုင်လေးက ဒီခုံကိုပဲ လာစားနေတာ ခင်လေး ကျွန်တော့်ကိုများ သတိရနေလို့လား။

သူ့ရင်ထဲ ခပ်နင့်နင့် စိတ်မကောင်း ဖြစ်သွားရကာ ...

"လဝန်း ... လာ၊ ဟိုဘက်စားပွဲဘက် သွားရအောင်"

လဝန်းကို ခပ်တိုးတိုးပြောကာ အလယ်စားပွဲရှည်ကြီးကို တစ်ပတ်ပတ်၍ တခြားတစ်ဖက်ဆီ ခေါ်သွားလိုက်ပါသည်။ ရွေးချယ်ထိုင်လိုက်တဲ့ စားပွဲဟာ ခင်လေးရဲ့နေရာက ရုတ်တရက် ကြည့်လျှင် မမြင်သာပါ။ ကိုလတ် စိတ်ထဲမှာ သူနဲ့ လဝန်းကို ခင်လေး တွေ့မြင်မသွားစေလိုတဲ့ ဆန္ဒနှင့် တထိတ်ထိတ်ရှိနေ သည်။





တကယ်ဆို ဆိုင်ထဲကဘောင် ပြန်ထွက်ခွာသွားလိုက်ချင်တာ။ လဝန်းက ဝင်လာကတည်းက ဆိုင်အဆင်အပြင်လေးကို သဘောတကျ ဖြစ်နေတာကြောင့် ပြန်ထွက်သွားဖို့ကလည်း အဆင်မပြေတော့ပါ။

အစားအသောက်တွေမှာကာ ရောက်လာတော့ စားသာစားသောက်နေရသည်။ ကိုလတ် ရင်ထဲ နောက်ဆံတင်းနေပါသည်။ လဝန်းကတော့ ဆိုင်ကိုရော အစားအသောက်ကိုရော သဘောတွေ ကျနေသည်။

အဲဒီရဲ့နောက် မကြာခင်မှာပဲ ကိုလတ်ရဲ့အသည်းတွေ ဖျတ်ခနဲ ခုန်လှုပ်အေးစက်သွားရတဲ့ အဖြစ်ကို ကြုံရသည်။ အဲဒါကတော့ ခင်လေးဟာ သူ့စားပွဲက ထလာပြီး အလယ်စားပွဲမြင့်ကိုပတ်ကာ ဒီဘက်ခြမ်းကို ဘွားခနဲ ရောက်လာခြင်းပါ။

တကယ်တော့ သူရှိတာလည်း ခင်လေး သိနိုင်လို့ မဟုတ်။ သူ ထိုင်နေတဲ့ဘက်ခြမ်းမှာ အပြင်ဘက်ကိုထွက်တဲ့ တံခါးပေါက်တွေက ထွက်လိုက်ရင် ဝရန်တာလို အမိုးအကာမဲ့ နေရာလေးတစ်ခုကို ရောက်သည်။ အဲဒီကနေ လမ်းဘက်ကို ကာရံထားတဲ့ နံရံကြီးတွေက ဆန်းသစ်လှပကာ အဖြူရောင်ဆက်တီနှင့် စားပွဲတွေ ခင်းကျင်းထားပုံက ချစ်စဖွယ်လှပသည်ဖြစ်၍ ဤရှုခင်းကို ခင်လေး ထွက်ကြည့်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာဘက် ဦးတည်ထွက်ဖို့ လှမ်းလာတဲ့ ခင်လေး ခြေလှမ်းများဟာ သူတို့စားပွဲကိုမြင်တော့ တုံ့ခနဲရပ်သွားပါသည်။ တုန်လှုပ်အံ့သြသွားဟန်ရှိတဲ့ ခင်လေးရဲ့အကြည့်များဟာ သူ့ထံကို တစ်ချက်၊ သူနှင့်မျက်နှာချင်းဆိုင်က လဝန်းထံကိုတစ်ချက်။

သူ ခင်လေးကို ပြုံးမပြရသေးခင်မှာပင် ခင်လေးက ဖျတ်ခနဲ ချက်ချင်းလို မမြင်ချင်ယောင်ဆောင်လိုက်ပြီး ဣန္ဒြေရရ၊ အေးတိအေးစက်နှင့်ပင် ဝရန်တာဘက် ထွက်သွားလိုက်ပါသည်။ ကိုလတ်ရဲ့ရင်ခုန်သံဟာ တဒိန်းဒိန်း မြည်နေသည်။ ခင်လေးကို အရမ်းသနားနေမိပါသည်။

အလကားနေရင်း မိန်းမတစ်ယောက်အပေါ် အကြင်နာ ကရုဏာတွေ သက်ဆင်းကျရောက်နေမိတဲ့ သူ့နှလုံးသားကို သူ အံ့အားသင့်နေမိတော့တာပင်။

"ကိုလတ် ဘာမှလဲ သိပ်မစားဘူး၊ တို့တိ တို့တိနဲ့၊ လဝန်း ဖြင့် အိမ်က စားလာတာတောင် အားရပါးရ ထပ်စားနိုင်သေးတယ်"

"ကျွန်တော်က စားချိန်မမှန်ဘူး လဝန်းရဲ့၊ အဲဒီတော့ ဗိုက်ဆာမှ စားလို့ဝင်တာ၊ အခုက သိပ်မဆာလှသေးလို့ပါ"

ပါးစပ်ထဲက ထွက်တာတွေ လျှောက်ဖြေရင်း သူ့ရင်ထဲ ပိုပြည့်လာသည်။





"ထိုင်နေစမ်းပါဟယ်၊ ငါ လုပ်ပါ့မယ်"

"သြော် ... ငါတို့ပါ ကူလုပ်တော့ မြန်တာပေါ့ဟ"

"ငါ မြန်မြန်လုပ်ပါ့မယ်၊ နင်တို့ ဗိုက်ဆာလို့လား၊ ဗိုက်ဆာရင် ဟိုမှာလေ ငါ ဝယ်ထားတဲ့ ပလိန်းကိတ် နည်းနည်း ရှိသေးတယ်၊ အဲဒါ လှီးစားထား"

"ဗိုက်ဆာလို့ မဟုတ်ပါဘူးဟာ၊ အားလုံး တူတူလုပ်တော့ ဟင်းမြန်မြန်ကျက်တာပေါ့ဟ"

"ငါပဲ ချက်ကျွေးပါ့မယ်ဟာ၊ ငါ ကျွမ်းပါတယ်၊ နင်တို့ လာတာ ငါ အရမ်းပျော်တာပဲ သိလား၊ နင်တို့ ငါ့ကို စကားတွေချည်းသာ ထိုင်ပြောနေကြပါဟာ၊ တခြား ဘာမှ မလုပ်နဲ့၊ ငါမှာ သူငယ်ချင်းအပေါင်းအသင်းနဲ့ စကားမပြောရတာ ကြာလှပြီ"

စောနန်းက ရှုံ့မဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နင်က မပြောတာပဲလေ၊ ဂျီတော့ခ်လည်း နင်ပဲ မပြောတော့ဘဲ ဖြတ်ချတာ၊ အိမ်မေးလ်အဆက်အသွယ် တွေလည်း နင်ဖြတ်တာလေ"

"အေးလေ၊ ပထမတော့ ငါတို့က ငါတို့ပြောစကားထဲမှာ နင် စိတ်ဆိုးသွားတာများ ဘာပါသွားပါလိမ့်လို့ အတွေးရှ ကျပ်လိုက်တာ ခေါင်းကို ပူနေတာပဲ"

ခင်လေးက မချိုပြုံးလေးနှင့် ...

"ငါ့အကြောင်းနဲ့ ငါပါဟာ"

စောနန်းနှင့် ခင်ဝင့်သူသည် ခင်လေးကို စိတ်မ ကောင်းစွာ ငေးကြည့်နေမိကြပါသည်။ ခင်လေးဟာ ဝမ်းနည်း တစ်ဝက် ဝမ်းသာတစ်ဝက် ဖြစ်နေကာ လက်ကတော့ ဟင်းလျာ တွေကို ဇယ်စက်သလို ချက်ပြုတ်နေသည်။ မမျှော်လင့်ဘဲ သူငယ် ချင်းနှစ်ယောက် ပြန်းဆိုပေါက်လာ၍ သူတို့နှင့်အတူစားဖို့ ထမင်း အိုးကောက်တည်၊ ဟင်းကောက်ချက် လုပ်ရတာပါ။

တစ်ယောက်တည်းမို့ ပျင်းပျင်းရိရိနှင့် ချက်မစား တာ များပေမယ့် ရေခဲသေတ္တာ ဖရီဇာထဲမှာ ချက်ဖို့အသင့် သား ငါးတော့ အနည်းအကျင်း ဝယ်ထားပါသည်။

"မိသူ ... နင်လာတာ အဆင်ပြေရဲ့လားဟာ"

"နင် စိတ်မကောင်း မဖြစ်နဲ့၊ အိမ်က သိရင်တော့ ဘယ် အဆင်ပြေမလဲဟ၊ နင့်ဆီသွားမှာလို့ ပေးမသိဘူးပေါ့"



"စောနန်းရော"

"မေမေက ဘာမှတော့ မကန့်ကွက်သေးဘူးဟ၊ ဒါပေမဲ့ ငါလည်း မပြောခဲ့ဘူး၊ မပြောလည်း ရတာပဲဟာ၊ မဖြစ် မနေပြောဖို့မှ မလိုတာ"

ခင်လေးက အားတင်း၍ ပြုံးလိုက်မိပါသည်။ ကိစ္စမရှိ ပါဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ သူ့သူငယ်ချင်းတွေ သူ့အနား ရှိနေတာပဲ ရင်ထဲမှာ ကျေနပ်ဝမ်းသာလှပြီ။ သူတို့ဘာသာ ခိုးပြီး ပဲလာလာ ကိစ္စမရှိပါ။ လာရင်တော်ပြီ။

"ငါ သိပ်ပျော်တာပဲ သိလား"

ခင်လေး အသံက တုန်နေသည်။

"ငါ အခုပြန်လာတာ အရမ်း အားတင်းပြီး ပြန်လာရတာ သိလား၊ ဟိုမှာ ငါ့ဘဝကို ဆက်ပြီးမြှုပ်နှံမထားချင်တော့ ဘူး၊ ငါ ဒီမှာ ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ဘယ်သူတွေ ငါ့ကို ဘယ်လိုဆက်ဆံ ဆက်ဆံ တံတွေးနဲ့ပဲ ထွေးထွေး ခံတော့မယ်လို့ ဆုံးဖြတ်ပြီး လာတာ၊ ငါ အားလုံးကို အခြေအနေကောင်းလိမ့်မယ်လို့ တွက်မထားဘူး"

စောနန်းက သူပါ မျက်ရည်လည်လာရင်း —

"နင် ဘယ်လိုများ ဖြစ်သွားတာလဲဟယ်"

ခင်လေးကိုယ်တိုင်က ဖုံးကွယ်လို့ရှုက် လိမ်ညာ ဟန်ဆောင်မည့် အရိပ်အယောင် မရှိ၍ စောနန်းက ရှင်းမောမော နှင့် မေးလိုက်မိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရမလဲ စောနန်းရယ်၊ ပထမဆုံးကတော့ အနိုင်ကျင့်ခံရတာ၊ မမျှော်လင့်ဘဲ ရေတိမ်နစ်ရတာပေါ့"

ခင်လေးနှုတ်ခမ်းလေးဟာ မထိမဲ့မြင် သရော်ကာ အပြုံးလေးနှင့် တွန့်တက်နေကာ မျက်လုံးများကတော့ နာကြည်းခြင်းနှင့် စူးရဲဝင်းတောက်နေပါသည်။

"တောက် … နင်ကလည်းဟာ၊ တိုင်မပစ်ဘူးလား၊ တရားစွဲမပစ်ဘူးလား"

"ဘယ်နားသွားတိုင်ပြီး ဘယ်နားသွား တရားစွဲရမှာလဲ သူများနိုင်ငံမှာ၊ စကားတောင်မှ မနည်းပေါက်အောင်လု နေရတာဟာ၊ ပိုက်ဆံက အိမ်အတွက် ကြိုထုတ်ပြီး များများ ပေးခဲ့တာဆိုတော့ အဲဒါကျေရင် ပြန်မယ်လို့ အစွမ်းကုန် ဆုံးဖြတ်နိုင်တယ်"

"ဟို … ဟို … ဒေါ်နန်းနန်းရဲ့ ယောက် … ယောက်ျား"

စောနန်းက မေးခွန်းစကား စ,လိုက်ပေမယ့် ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျလာတဲ့ ခင်လေးရဲ့ မျက်ရည်စက်တို့ကြောင့် ခင်ဝင့်သူက စောနန်းကို တံတောင်ဆစ်နှင့် တွက်လိုက်ရာ စောနန်း တိခနဲ ပါးစပ်ပိတ်လိုက်မိပါသည်။

"ငါ သတ်သေရမလားတောင် စဉ်းစားခဲ့သေးတယ်"

"မလုပ်မိလို့ တော်သေးတာပေါ့ဟာ၊ ရှုံးသထက်ရှုံးအောင် ဘာကိစ္စ ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာလဲ"





"တကယ်တော့ သတ်သေလောက်အောင်လည်း ငါ့သတ္တိ မရှိပါဘူးဟာ၊ အန်တီနန်း မသိအောင် မျက်နှာကိုမပျက်အောင် ဟန်ဆောင်နေခဲ့ရတယ်"

"ငွေကျေတော့ နင် ဘာလို့ပြန်မလာလဲ"

"ငွေတောင် မကျေသေးပါဘူး"

ခင်လေးက စောနန်းနှင့် ခင်ဝင့်သူကို ပြုံးမဲ့မဲ့လေး ကြည့်ကြည့်သည်။

"ကျော်မင်းညိုလည်း စက္ကန်းအမ်ဘီ(ဆေးတက္ကသိုလ်ဒုတိယနှစ်)ရောက်မှ စရိတ်အရမ်းကြီးလို့ ကျောင်းထွက်မယ်၊ မေဂျာယူမယ်၊ အလုပ်ဝင်လုပ်မယ်ဆိုတဲ့ သတင်းရယ်၊ မေမေ့ကို ဆရာဝန်က ကျောက်ကပ်ရောဂါဆိုးနေပြီး သေချာကုရတော့မယ်ဆိုတဲ့ သတင်းရယ် ရောက်လာတယ် …

တကယ်တော့ ကျော်မင်းညိုလည်း အဝေးသင်ယူပြီး ဝင်ငွေလေးတစ်ဖက်ရှာ၊ ငါလည်းပြန်လာပြီး အရင်လိုပဲ စတိုးဆိုင်တစ်ဆိုင်ဆိုင်မှာ အရောင်းစာရေးဝန်ထမ်းလုပ်၊ နှစ်ယောက်အားနဲ့ရှာရင် မေမေ့ကို ခြစ်ခြစ်ချုတ်ချုတ် ဆေးကုနိုင်လောက်တဲ့ငွေတော့ ထွက်လာမလား မသိဘူးပေါ့ဟာ"

နာကျင်တုန်ယင်နေတဲ့ ခင်လေး စကားတွင် စောနန်း မျက်ရည်ရစ်လည်လာသည်။ စောနန်းက ခင်လေးကို နှစ်သော လေသံလေးနှင့် …



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို လုပ်ဖြစ်ခဲ့ရင်လည်း မလွယ်ပါဘူးဟာ၊ အန်တီငယ်က ခဏကုပြီး ပြီးသွားမယ့် အခြေအနေမျိုးမှမဟုတ်ဘဲ၊ ခုဆို နောက်ဆုံး ကျောက်ကပ်ကို လဲလိုက်ရတဲ့အထိ လုပ်ရတာလေ"

"ဒါဖြင့် ငါ မှန်တယ်လား စောနန်းရယ်"

"........."

"ဒီလိုတော့ ဘယ်သူမှ ပြောမထွက်ဘူးနော်၊ ငါမှားတယ်၊ မှားတာကိုပဲ ဇွတ်မိုက်ရွေးချယ်လုပ်ခဲ့တယ်၊ အခြေအနေလေးက ငါ့ဘက်ကရှိတယ် ပြောရမလား မသိအောင် အန် ... အန်ကယ်က တွေ့တဲ့အိုင် ကြုံတုန်း ခြေဝင်ဆေးလိုက်တာမျိုး မကဘဲ ငါ့အပေါ်မှာ စွဲစွဲလမ်းလမ်း ရှိခဲ့တယ်_

ဖြစ်သွားတဲ့ အခြေအနေအပေါ် တောက်လျှောက်တောင်းပန်တယ်၊ အဲဒီအချိန်မှာ ငါ့အိမ်ကအခြေအနေ သတင်းစကားတွေကို ငါနဲ့ လုပ်ဖော်ကိုင်ဖက် မချို ဆိုတဲ့ အစ်မကြီးကတစ်ဆင့် သိသွားတော့ အိမ်ကိုပို့ပေးဖို့ ပိုက်ဆံ ဇွတ်ထုတ်ပေးခဲ့တယ်"

ဒီလောက်သိရပြီးမှတော့ ရှေ့ဇာတ်လမ်းစဉ်တွေကို မပြောလည်း မှန်းနိုင်ပါပြီ။ မစွန်းရင်းကလည်း ရှိခဲ့ချိန်မှာ နှစ်ဦးနှစ်ဖက် လိုလားချက်တွေနှင့်။



"မေမေ ကျောက်ကပ်လဲရမယ်ဆိုတာ သိတဲ့အထိပါပဲ။ တောက်လျှောက် အကြိမ်ကြိမ် လိုအပ်သမျှ မညည်းမညူ အန်ကယ်ပဲ ထုတ်ပေးနေခဲ့တာ၊ မှားတယ် မှန်တယ်ဆိုတာတွေ၊ ငါ မစဉ်းစားချင်တော့ပါဘူး၊ ဖြစ်ပြီးခဲ့သမျှမှာ မေမေ့ကို ခွဲစိတ် ကျောက်ကပ်လဲလိုက်နိုင်တာအတွက် ငါကျေနပ်တယ်၊ ခုချိန်ထိ ကျော်မင်းညို ကျောင်းပညာရေးကိစ္စ ကမောက်ကမ မဖြစ်ရဘဲ အေးအေးဆေးဆေး ဆရာဝန်လောင်း ဖြစ်လာခဲ့တဲ့အတွက် ငါ ကျေနပ်တယ်"

"နင် ကျေနပ်ပေမယ့် နင့်မောင်က မကျေနပ်ဘူး"

"သူက ဒီလိုမသန့်ရှင်းတဲ့ငွေနဲ့ သူ ဆရာဝန် မဖြစ်ချင်ဘူး ဆိုတဲ့ သဘောပေါ့ဟယ်"

"ဒါဖြင့်လည်းဟယ် ရှောင်ထွက်ပြီး လုံးဝကျောင်းဆက်မတက်နဲ့ပေါ့၊ ဒီငွေနဲ့ သူ လူတစ်လုံး သူတစ်လုံး အဖြစ်မခံဘူးဆိုလည်း ပြတ်ပြတ်သားသား ကင်းကင်းရှင်းရှင်းပေါ့၊ နင့်မောင်လေးက သိပ်မမိုက်ဘူးဟာ၊ ဒီငွေမျိုး မသုံးချင်သော်လည်း သုံးစွဲခဲ့ရပြီ၊ ဆရာဝန်တောင် ဖြစ်လာပြီဆိုတဲ့ထိ နင့်ကိုတော့ ခါးခါးသီးသီးနဲ့ မဆက်ဆံနိုင်အောင် ဖြစ်မနေသင့်တော့ဘူးပေါ့ဟာ"

"ရှိပါစေဟာ၊ သူက ဘဝမှာ သူလိုချင်တဲ့ အစိတ်အပိုင်းလေးကို ကွင်းပြီး ရွေးထုတ် လက်ဆုပ်လက်ကိုင် လုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သူက ပြောတယ်လေ၊ သူ ဆေးကျောင်းတက်ဖို့ ကုန်ကျတဲ့ငွေက ငါ့ဘဝအပျက်ခံ ရှာဖွေဖို့အထိမလိုလောက်တဲ့ ငွေပမာဏ နည်းနည်းပါတဲ့၊ ငါ ဒီလိုအဖြစ်ခံတာဟာ သူ့အတွက် မပါဘူး၊ မေမေ့ကျောက်ကပ်ကုဖို့ပဲ၊ သူက အဲသလိုပဲ ယူဆသတ်မှတ်ချင်တာ၊ ဒါမှ သူ့အတွက် ငါက အနစ်နာခံတယ်ဆိုတဲ့ အဖြစ်မျိုး မဖြစ်မှာလေ၊ သူက အဲလိုအဖြစ်မခံနိုင်ဘူး၊ ငါက အနစ်နာခံလို့ မျက်စိမှိတ် ရှာငွေရှာလို့ သူ ဆရာဝန်ဖြစ်ရပါတယ်လို့ အဖြစ်မခံနိုင်ဘူး"

"ဒီတော့ ... နင် အန်တီနန်းနန်းဆီ လုပ်လို့ရတဲ့ ပုံမှန်လခဝင်ငွေကပဲ သူ့ကျောင်းစရိတ်၊ တခြားက အပိုအလျှံရခဲ့တာတွေက နင့်အမေ ကျန်းမာရေးစရိတ်၊ သူက ဒီလိုခွဲခြားလိုက်တာပေါ့ ဟုတ်လား"

စောနန်းက အောင့်သီးအောင့်သက် မေးလိုက်ပါသည်။ ခင်လေးကလည်း မျက်ရည်လေးတွေ သုတ်ရင်း အောင့်သက်သက်လေးရယ်ကာ ...

"အဲဒီသဘောပဲဟာ"

"နင့်မောင်က တစ်ကိုယ်ကောင်း ဆန်လိုက်တာ"

"ရှိပါစေဟာ၊ သူက ယောက်ျားလေးဖြစ်ပြီး ငါ့ဘဝပျက်မှ ရတဲ့ငွေနဲ့ ဆရာဝန်ဖြစ်ရတယ် ဆိုတာကိုပဲ အရှမ်းခါးသီးပြီး လုံးဝလက်မခံချင်အောင် ဖြစ်နေတာ၊ ငါကလည်း





အဲသလိုမဏ္ဍာပ်တိုင် မတက်ပါဘူးဟယ်၊ ငါကလည်း ငါ့မောင်လေး ဆရာဝန်ဖြစ်ပါစေတော့ဟဲ့လို့ ဆိုပြီး ဒီဇာတ်လမ်းကိုစ,, ဒီလမ်းကို လျှောက်ခဲ့တာမှ မဟုတ်ဘဲ ...

အရာအားလုံးက ကြိုတင်စီစဉ်တာ မပါဘဲနဲ့ကို ကြိုစီစဉ်ခဲ့သလို ပုံစံခွက်ထဲ ဒီအချိန် ဒီအဖြစ်အပျက်ဆိုပြီး အံဝင်ခွင်ကျ ဖြစ်သွားခဲ့သလိုပဲ။ တစ်ခါမှ ကြိုတွေးစားဖူးဘူးလေ၊ ငါ့မောင်အတွက် ဘဝပျက်ခံပြီး ငွေရှာမယ်လို့ အထိတော့ ငါလည်း စေတနာကြီးထားပြီး ကြိုတင်ဆုံးဖြတ်တာမျိုး မလုပ်ခဲ့ပါဘူး ...

မမျှော်လင့်ဘဲ ဖြစ်သွားခဲ့တယ်ဟာ၊ ဒီပေါ်မှာ ရှိနိုင်သလောက် ငါကနင်းပြီး အမြတ်ထုတ်လိုက်တာလောက်ပါပဲ၊ ငါ ... ငါ မကောင်းဘူးဟာ၊ ငါ့ကိုယ်ငါ တော်တော်ရွံမိတယ်၊ ဒီလိုဖြစ်သွားလို့သာ ဒီလမ်းလျှောက်လိုက်တာ၊ မိန်းမပျိုလေးတန်မယ့် ဒီလိုအဖြစ်အပျက်မျိုးမှာ ချော်လဲရောထိုင်သဘောမျိုး လုပ်ခဲ့တယ်ဆိုတာ ငါတော်တော်သိက္ခာမဲ့တာပါဟာ"

ခင်လေးက ပြောလည်းပြော မျက်ရည်တွေလည်း သုတ်။

"ခင်လေး ... ပြီးတာတွေက ပြီးသွားပြီပဲဟယ်၊ အခုတော့ ဒီဇာတ်လမ်းတွေ အားလုံးပြီးဆုံးသွားပြီပဲ မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...၊ ငါ ရန်ကုန်ပြန်ချင်တယ်၊ ငါ့အတွက် တတ်နိုင်သလောက် ထောက်ပံ့ထူထောင်ပေးပါလို့ အန်ကယ့်ကို ငါတောင်းဆိုခဲ့တာ၊ အန်ကယ်က ငါတောင်းဆိုရင် မညည်းမညူ စေတနာရှိရှာပါတယ်၊ ဒီအခန်းလေး ဝယ်ပေးတယ်၊ အလုပ်လေး ဘာလေး နည်းနည်းပါးပါး လုပ်လို့ကိုင်လို့ ရအောင် ပိုက်ဆံလည်း ထည့်ထားပေးတယ်"

"အဆက်အသွယ် ပြတ်သွားပြီပေါ့"

"ဖုန်းတစ်ခါဆက်တယ်၊ ငါက မဆက်ပါနဲ့တော့လို့ တောင်းပန်လိုက်လို့ ခုထိတော့ ထပ်မဆက်ပါဘူး"

"ဖုန်းနံပါတ်တွေ ဘာတွေက"

"ဒီမှာ ငါ့အတွက် သူ့တပည့်တစ်ယောက်က အစစအရာရာ ကြိုတင်ပြင်ဆင်ပေးထားတာ၊ ဒီတော့ ဒီဖုန်းနံပါတ် သူသိတာပေါ့"

"အဲဒီတပည့်ကကော လူကောင်းဟုတ်ရဲ့လား၊ စိတ်ချရရဲ့လား"

"သူ လူကောင်းလို့ ထင်ပါတယ်"

"နင်နဲ့ အစကတည်းက သိတာလား"

"ဟိုမှာကတည်းက သိပါတယ်၊ မရင်းနှီးခဲ့ပေမယ့် ငါတို့ စိတ်ချင်းနီးစပ်ဆက်သွယ်မှုတော့ ရှိတယ်"

"ဘယ်လို !!"





စောနန်းက ခင်လေးရဲ့အပြောကို နားထွေးသွားသလို အံ့အားတသင့်နှင့် ပြန်မေးလိုက်ပါသည်။ ခင်လေးကလည်း စောနန်းကို ကြောင်တက်တက်လေးနှင့် ငါ ဘာပြောလိုက်မိပါလိမ့်ဆိုတဲ့ပုံ ပြန်ကြည့်နေမိရာ

"စိတ်ချင်း နီးစပ်မှု ဆက်သွယ်မှုရှိတယ် ... ဟုတ်လား"

ခင်လေးက မျက်နှာလွှဲကာ ခေါင်းညိတ်လိုက်ပါသည်။

"နင်က အန်ကယ်ဦးမိုးဆွေတပည့်တစ်ယောက်နဲ့ စိတ်ချင်းနီးစပ်ဆက်သွယ်မှုရှိတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ ခင်လေး"

ခင်လေးသည် ဤကိစ္စအတွက် ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်မိသူဖြစ်ရာ အေးအေးဆေးဆေး စိတ်ထဲ ဘာမှမရှိသူလို ချက်ချင်း စကားမပြန်နိုင်ပါ။ ကိုလည်း အကြောင်း စောနန်းတို့ ခင်ဝင့်သူတို့ကို အသိပေးမယ် မပေးဘူး ဆုံးဖြတ်မထားရသေးသည်ဖြစ်ရာ ရုတ်တရက် ပြောစရာစကား မရှိဘဲ ပုံစံကလည်း မလုံမလဲပုံ ထွက်နေပါသည်။

"ခင်လေး"

"ဟင်"

"နင်နဲ့ အဲဒီတပည့်က !!"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ပြောပြပါ ခင်လေးရဲ့၊ နင့်အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် သိချင်လွန်းလို့ စပ်စုနေတာ မဟုတ်ပါဘူး၊ နင့်ရှေ့မှာ ဘယ်သူမှ ဘာမှ မတိုင်ပင်ဘဲ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ကျိတ်လုပ်ချင်တာတွေ လုပ်နေခဲ့ပြီးပြီ၊ တကယ်တော့ နင် ကံကောင်းလို့ အဖတ်ဆယ်မရအထိ မဖြစ်တာ ...

အခုနောက်ပိုင်းတော့ နင် တစ်ကိုယ်တော် လုန်းရိန်ဂျာ လုပ်မနေနဲ့တော့၊ ဒီအချိန်မှာ နင်က အစစအရာရာ အဘက်ဘက်က သတိဝီရိယရှိရှိ အစွန်းလွတ်လွတ်နေရတော့မှာလေ၊ ငါတို့ကိုလည်း တိုင်ပင်လို့ ရပါတယ်ဟာ၊ တစ်ယောက်တည်း ဆုံးဖြတ်တော့ ခံစားမှုကို ဦးစားပေးမိတတ်တယ် ...

သူများအကြံဉာဏ်ပါ ယူတာက နင်မမြင်နိုင်တဲ့ ဘေးလူအမြင်မျိုးကိုပါ နင် သိရမယ် ခင်လေး"

"ဟုတ်တယ် ခင်လေး၊ အခု စောနန်း ပြောတုန်း ငါ စဉ်းစားနေတာ၊ ဦးမိုးဆွေက ဓာတ်လမ်းအားလုံး အခုအဆုံးသတ်ချိန်မှာ နင့်ကို သူ့တပည့်တစ်ယောက်နဲ့ ထိုးကျွေးထားတာမျိုးလား"

"အာ ... အဲသလို မဟုတ်ပါဘူးဟာ"





ခါးခါးသီးသီး ငြင်းလိုက်ပြီးမှ ခင်ဝင့်သူ စကားကို စေ့စေ့တွေးရင်း ခင်လေး ရင်ထဲ တစ်မျိုးတစ်မည် တွေဝေလေး ပင်လာသည်။ ခင်ဝင့်သူရဲ့စကားကို ခင်လေးလည်း ကောင်းကောင်း အမိဖွာယ်ပေါက်သည်။

ဇာန်ကယ်ဟာ ခင်လေးကို သူ အတိအလင်း တာဝန်မယူနိုင်တဲ့ အခြေအနေမျိုးမှာ သူ ယုံကြည်စိတ်ချ အားကိုးတဲ့ လက်ရုံးတပည့်ထံ ထိုးအပ်လိုက်တာမျိုး တကယ်ပဲ ဖြစ်နိုင်ဘူးလို့ ပြောနိုင်လား။ ဒီမြေကြီးကို ပြန်နင်းနင်းချင်းကတည်းက ကိုလတ်ကိုပဲ တန်းတွေ့မြင်ဆက်ဆံရတာလေ။ ကိုယ်နေဖို့အိမ်ကိုရော အစစအရာရာ အတော်များများကို ကိုလတ်ပဲ တာဝန်ယူ စီစဉ်ထားခဲ့တာ။

နိုးစပ်မှုအတွက် ကြိုတင်စီစဉ် ရေးဆွဲထားတဲ့ ဓာတ်ညွှန်းများလား။

"ငါနဲ့ သူနဲ့မှ ဘာမှမဖြစ်တာ"

"အခုမဖြစ်သေးတာ ဟုတ်တယ်လေ၊ သူ့ပုံစံကကော ဘယ်လိုရှိလဲ၊ နင့်အပေါ် ဘယ်လိုသဘောထားတယ်ထင်လဲ"

ငါ့ကို ငြိတွယ်နေပုံရတယ်။

အဲသလို ခင်လေး ဘယ်လိုလုပ်ပြီး ဖြေရပါ့မလဲ။ အန်ကယ်ဟာ သူ အသုံးမပြုတော့တဲ့ ပစ္စည်းအသုံးအဆောင် ဟောင်းတစ်ခုကို တပည့်ကျော်ကို စွန့်ကျဲလိုက်တာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်နိုင်ဘူး ထင်ပါရဲ့။ ခင်လေး ပြန်လာခဲ့တာဟာလည်း အန်ကယ်က ခင်လေးကို စွန့်ပစ်ခဲ့တာ မဟုတ်ဘဲ ခင်လေးကသာ အန်ကယ့်ကို စွန့်ထားရစ်ခဲ့တာပါ။

ကိုယ့်ဆုံးဖြတ်ချက်နဲ့ ပြန်ခဲ့တာပါ။ နေမရတော့လို့ ပြန်လာခဲ့ရတာလည်းမဟုတ်။ တစ်စုံတစ်ယောက်က ပြန်စေလိုတဲ့အတွက် ပြန်ခဲ့ရတာလည်းမဟုတ်။ ခင်လေးကိုယ်တိုင်က ကိုယ့်ဘဝကို ဟိုနေရာမှာ နိမ့်နိမ့်ကျကျ သိက္ခာမဲ့မဲ့ ဆက်လက်ရေစုန်မျှောပြီး မနေလိုတော့တဲ့အတွက် ပြန်မယ်ဆုံးဖြတ်တာ။

"ခင်လေး ... နင့်ပုံကြည့်ရတာ ငိုင်တွေတွေနဲ့ အခြေအနေက သိပ်မရှိးသားဘူးထင်တယ်"

"မိသူ ... အခု ပြန်လာတာ ငါ လွင့်လာခဲ့ရတာမဟုတ်ဘူးနော်၊ နင်တို့ကို ငါ မညာဘူး၊ ငါ အားလုံးကိုစွန့်ပစ်ထားခဲ့တာ၊ ရုပ်တန်းက ရုပ်ပစ်ခဲ့တာ၊ ကိုယ့်ကိုယ်ကိုယ်ပြန်အဖတ်ဆယ်ဖို့ ငါ့ဘာသာငါ ဆုံးဖြတ်ပြီး ပြန်လာတာ၊ ဒါကြောင့် အန်ကယ်ကလည်း ငါ့ကို တပည့်လက်ထဲ စွန့်ကျဲလိုက်တာမျိုး လုံးဝမဖြစ်နိုင်တာပါ ...

ဟိုနေ့ကတောင် အန်ကယ် ဖုန်းဆက်သေးတာပဲ၊ ငါက မဆက်ဖို့ မနည်းတောင်းပန်ရတာပါ"

"ဒါတော့ ဒါပေါ့၊ သူ့မှာလည်း သံယောဇဉ်တော့ ရှိမှာပေါ့၊ ဒါပေမဲ့ သူ့သဘောမဟုတ်ဘဲ နင့်သဘောနဲ့ပဲ နင်





ပြန်လာတာပဲ ဖြစ်ပစေ သူက နင့်ကို လက်လွှတ်လိုက်ရပြီလေ၊ အဲဒီအခါမှာ နင့်ဘဝအတွက် စေတနာထားလို့ပဲဖြစ်ဖြစ်၊ အားကြောင့်ပဲဖြစ်ဖြစ်ပေါ့ သူ့တပည့်ရင်းနဲ့ ရည်ရွယ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောမရဘူး"

"........."

"သူက ဘယ်အရွယ်လဲ"

"ငါနဲ့ ရွယ်တူပဲ"

"တွေ့လား၊ ဒီလို သက်တူရွယ်ကောင်း ယောကျ်ားတစ်ယောက်ကို နင့်ကို ကူညီပေးဖို့ အန်ကယ် စေလွှတ်စီစဉ်ထားတာ ရှိးသားပါ့မလား၊ ပုံမှန်ဆိုရင် ငြိမျှားသွားကြမလားလို့ သဝန်တိုရမှာ မဟုတ်လား၊ ဖြစ်သွားစေချင်တဲ့သဘောတွေ ပါမနေဘူးလား"

ခင်လေး မပြောတတ်တော့ပါ။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကိုလတ်ရဲ့မျက်ဝန်းထဲက သံယောဇဉ်ငြိတွယ်မှု အငွေ့အသက်တို့ဟာ ခုမှ ပေါ်ပေါက်လာတဲ့ဟာတွေ မဟုတ်ပါ။ ဟိုမှာရှိနေကြကတည်းက ရိပ်မိသိရှိနိုင်နေခဲ့တဲ့ အရိပ်အယောင်များပဲ မဟုတ်လား။

"ချောလား"

ခင်လေးက စာနန်း အမေးကြောင့် ပြုံးမိတော့ကာ...

"ကြည့်ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား၊ အခု နင်ပြုံးလိုက်တဲ့ အပြုံးလေးကလည်း ကြည်နူးစရာလေး၊ တစ်မျိုးလေး ဖြစ်နေတယ်၊ ခင်လေး … နင် ထင်ရာမလုပ်နဲ့နော်"

"အင်းပါဟာ"

"နင် လူတစ်ယောက်ကို ခပ်မြန်မြန် ဆွဲလွဲအားကိုးရာစရာ ဘာအကြောင်းမှ မရှိဘူး"

"ငါ နားလည်ပါတယ်ဟာ"

"ပိုပြီးတော့ အချိန်ယူ စဉ်းစားရမယ်"

"အေးပါဟာ၊ စဉ်းစားမှာပါ"

"နင့်စိတ်ထဲမှာ ငါဟာ ကိုယ့်အားနည်းချက်နဲ့ကိုယ်ဆိုပြီး ကိုယ့်ဘဝအတွက် အဖော်ဆိုတာကို ရှိနေတုန်း ပေါ်လာတုန်း မြန်မြန်လက်ဖမ်းချိတ် တွဲထားလိုက်ဖို့ စိတ်ကူးစရာမလို ဘူးနော် ခင်လေး"

ခင်လေးက သူငယ်ချင်းနှစ်ယောက်ကို ချစ်ခင်စွာ ပြုံးရင်း ခေါင်းညိတ်လိုက်ရပါသည်။ ပေါ်လာတုန်း ပေါ်လာခိုက် ဆိုပြီး မြန်မြန်တွဲချိတ်ထားလိုက်မှာမျိုး မဟုတ်ဘဲ ကိုလတ်ကို ဟိုးတုန်းကတည်းက အကြောင်းပြချက်မဲ့မဲ့နှင့် ခပ်လှမ်းလှမ်းကနေ ပဲ တိတ်တခိုး ချစ်ခင်ငြိတွယ်ခဲ့မိပြီးသား ဖြစ်နေတယ် သူငယ်ချင်း တို့ရယ်။

"တီ တီ တီ … တီ တီ"





ဖုန်းမြည်သံကြောင့် ခင်လေးက ထိတ်ခနဲဖြစ်သွား ပါသည်။ ဒီဖုန်းကသိတဲ့သူမှ သိပ်မရှိသေးတာပဲ။ ဘယ်သူမှဆက် တာမဟုတ်။ ဟိုတစ်နေ့က မေမေ့ကို ပေးခဲ့ပေမယ့် မေမေက လည်း အကြောင်းထူးမရှိဘဲ အပြင်ထွက်ဖုန်းဆက်မယ့်သူ မဟုတ် ဘူးလေ။

ခင်လေး ထိတ်ခနဲ ဖြစ်သွားသလို စောနန်းနှင့် ခင် ခင့်သူကလည်း တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက် ကြပါသည်။ သူတို့တောင် မသိရသေးတဲ့ ဖုန်းနံပါတ်ကို ဆက်တဲ့ သူဟာ ဘယ်သူဖြစ်လိမ့်မယ်ဆိုတာ မှန်းဆကြည့်ဖို့က ခက်တာ ကိုက်လို့။ ဦးရေများများမှ မရှိတာပဲ။

"တီတီ … တီတီတီ"

သူတို့ အကဲခတ်နေကြ၍ ခင်လေးကလည်း ဖုန်း ကိုင်ဖို့ အနည်းငယ် ဆုတ်ဆိုင်းနေကာ ဖုန်းက တီးလုံးသံလေးက တော်ပြီးထွက်ပေါ်နေပါသည်။

"ဟဲန်းဒ်ဖုန်းလား"

"ဘာဖုန်းလဲတော့ ငါ မသိဘူးဟ၊ နံပါတ်ကတော့ တခက် တခဲကြီး အဆန်းကြီး၊ အရင် ငါ ဒီမှာရှိတုန်းက ဒီနံပါတ် မျိုးတွေ မရှိဘူး"

"ဩော် … ငါးသိန်းဖုန်းပေါ့"

"ငါးသိန်းဖုန်းတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာလည်း အထိုင်ဖုန်းတစ်ခု မဟုတ်လား၊ အပြင်သွားမယ်ဆို ဖုန်းကတ်ကိုဟဲန်းဒ်ဆက်ထဲ ထည့်သွားရတာပေါ့၊ ဟုတ်လား"

"အင်း ... ဟုတ်တယ်"

"တီတီတီ ... တီတီတီတီ"

"ဖုန်းကိုင်လိုက်ဦးလေ"

ခင်လေးက ဖုန်းကိုနှိပ်၍ နားထောင်လိုက်ပါသည်။

"ခင်လေး ... ကျွန်တော်ပါ"

"ဟုတ်ကဲ့ ... ပြောပါ"

"ခင်လေး နေကောင်းလား"

"ဟုတ်ကဲ့"

"ဒီနေ့ အိမ်မှာပဲလား၊ ဘယ်မှမသွားဘူးပေါ့"

သူ ဟိုတစ်နေ့ကလိုများ ဒီနားတစ်ဝိုက်က လာစောင့်ကြည့်နေလေသလား။

"ကျွန်မ အိမ်မှာပဲ ကိုလတ်၊ သူငယ်ချင်းတွေ ရောက်နေလို့ ဘယ်မှမသွားဘူး၊ အိမ်မှာပဲ သူငယ်ချင်းတွေနဲ့ ထမင်းချက်စားနေကြတာ"

"ဩော် ... သူငယ်ချင်းတွေ ရှိနေလား၊ ခင်လေး အားရဲ့လား"

"ရပါတယ် ပြောပါ"





"ကျွန်တော်က ဒီနားကြုံကြိုက်ပြီး ရောက်လာတာနဲ့ ခင်လေး သွားချင်တာရှိရင် ကြိုပို့ပေးရမလား လှမ်းမေးကြည့်တာပါ"

"ဘယ်မှမသွားတော့ပါဘူး ကိုလတ်"

တစ်ဖက်က စကားကုန်သွားသလို ဘာပြောရမယ်တွေးမရသလို ခဏတိတ်သွားပါသည်။

"ခင်လေး"

"ဟုတ်ကဲ့"

"ဟိုတစ်နေ့က ယူရိုပီယံပော့ပေါ့ဆိုင်မှာ ကျွန်တော့်ကို ခင်လေး မြင်တယ်မဟုတ်လား"

ခင်လေးက ခဏငြိမ်နေပြီးမှ ...

"အင်း ... တွေ့တယ်"

"ခင်လေး မမြင်တာလား၊ မမြင်ချင်ယောင်ဆောင်တာလား စဉ်းစားနေတာ"

"မမြင်ချင်ယောင်ဆောင်တာပါ"

"ဟို ... သူက ကျွန်တော့်အမေ သူငယ်ချင်းရဲ့ ..."

"ဘယ်သူဖြစ်ဖြစ် ကိစ္စမရှိပါဘူး ကိုလတ်"

ခင်လေးက သူ့စကားကို မဆုံးသေးပဲ ဝင်ဖြတ်လိုက်ပါသည်။

"ကိုလတ်ကို မမြင်ချင်ယောင်ဆောင်တာကလည်း ဘာကြောင့်မှ မဟုတ်ပါဘူး၊ တွေ့ရင် နှုတ်ဆက်ရင်းက မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးနေရဦးမယ်၊ အဲဒီကျ ဟိုတုန်းကတည်းက သိခဲ့တာ ဘာညာ စသဖြင့် ဇာတ်ကြောင်းတွေ လှန်နေရဦးမယ်၊ ကျွန်မ ဘာရယ်လို့ မဟုတ်ပေမယ့် စိတ်ပင်ပန်းလို့ပါ၊ စိတ်မပါလို့ပါ ကိုလတ်၊ ကျွန်မလည်း ဘာမှသဘောမထားသလို ကိုလတ်လည်း ဘယ်လိုမှ သဘောမထားပါနဲ့"

တစ်ဖက်က သက်ပြင်းချသံ ခပ်သဲ့သဲ့ ပေါ်လာပါသည်။

"ပြီးတော့ ကျွန်မကို မကြာခဏ အားပေးဖေးမပြီး ဖုန်းဆက်ဆက်နေဖို့လည်း မလိုပါဘူး ကိုလတ်၊ ကျွန်မ အသားကျစတောင် ပြုပါပြီ။ ကျွန်မ နေတတ်ပါတယ်၊ ကိုလတ်ရဲ့ အားပေးမှု တာဝန်ကျေမှုတွေကို ကျွန်မကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မအတွက် သိပ်မလိုအပ်ပါဘူး"

တစ်ဖက်က တိတ်နေပါသည်။ ခင်လေး ရင်ထဲလည်း ကြေကွဲသလောင် လှုပ်ခတ်လိုက်မိလာသည်။ ဝမ်းနည်းတယ် ကိုလတ်ရယ်။

"ကိုလတ် ပြောစရာမရှိတော့ရင် ကျွန်မ ဖုန်းချလိုက်မယ်နော်၊ သူငယ်ချင်းတွေ ရှိနေလို့"

တစ်ဖက်က စကားပြန်ကိုပင် စောင့်မနေတော့ဘဲ ခင်လေးက ဖုန်းကို အသာအယာ ပိတ်ပစ်လိုက်ပါသည်။

✿ ❤ ✿





# အခန်း ၇

ကိုလတ်သည် ကားကို စိတ်လှုပ်ရှားစွာ ခံစားချက် ခပ်ပြင်းပြင်းတစ်ခုနှင့် ခပ်ကြမ်းကြမ်း မောင်းထွက်လာပါသည်။ သူ့ရင်ထဲ ပြင်းထန်ပေါက်ကွဲတဲ့ ခံစားချက်ဟာ ဒေါသနှင့်တော့ အလားသဏ္ဌာန်တူပေမယ့် ဒေါသလည်း မဟုတ်ဘူးထင်သည်။

သူ ခင်လေးအပေါ် ဒေါသမထားရက်ပါ။ ခင်လေးကို သူ အမြဲပင် အလုံးစုံ နားလည်မှု ပေးနိုင်ပါသည်။ ဟိုတစ်နေ့ကနဲ့ မတူဘဲ ပြောင်းလဲသွားတဲ့ ဆက်ဆံရေးက အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ သူ့သူငယ်ချင်းတွေ အိမ်မှာရှိနေတယ်ဆိုတဲ့အတွက် ခင်လေး ပြောသမျှ သူငယ်ချင်းတွေ ကြားသိစပ်စုကြမယ့် အနေအထားမှာ ကြားစေ သိစေချင်တာမျိုး တမင်ရွေးချယ်ပြောလိုက်တာလည်း ဖြစ်နိုင်ပါသည်။

နောက်တစ်ခုက ဟိုတစ်နေ့က ဟိုဆိုင်လေးမှာ သူ့ကို လဝန်းနဲ့ တူတူတွေ့သွားခဲ့လို့လည်း ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်မှာလည်း သူ့မိန်းကလေးနဲ့သူမို့ အလကား ခုတ်လမ်း အရှုပ်မခံ၊ ပြဿနာအတက်မခံချင်တော့ဘဲ ခပ်ကင်းကင်းလေး နေလိုက်တော့မည်လို့ ဆုံးဖြတ်တော့တာလည်း ဖြစ်နိုင်သည်။

ခင်လေး ဘယ်လိုသဘောထားရှိရှိ သူ့စိတ်ထဲ ခင်လေးကို မငြိုငြင်။ ကိုယ့်တစ်ယောက်တည်းသာ ကြိတ်မှိန်ခံမရ စိတ်က ပေါက်ပေါက်ကွဲကွဲဖြစ်ကာ ယောကျ်ားတန်မဲ့ ဝမ်းနည်းသလိုလို ငိုချင်သလိုလို ဖြစ်လာပါသည်။

အရမ်းလှုပ်ရှားနေတဲ့ သူ့စိတ်ကို အပြောင်းအလဲ တစ်ခု လုပ်လိုက်ဖို့လိုသည်။ သို့မဟုတ်ရင် ဒါကိုခံစားရင်း သူ ရူးရလိမ့်မည်။

ကိုလတ်က ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။

"ဟယ်လို"

"………"

"ဟယ်လို … ကိုလတ်"

တစ်ဖက်က ရွှင်ရွှင်ပျပျလေး ထူးသံကြားတဲ့အချိန်မှာ သူ ဘာဆက်ပြောရမလဲ မသိဘဲ ဆွံ့အတိတ်ဆိတ်နေမိသည်။

"ဟား ဟား … ကိုလတ် ဘာလဲ၊ လဝန်းကို နောက်နေတာလား၊ ဘာမှမပြောဘဲ တိတ်နေတယ်၊ သူ့နံပါတ်ကြီးကဖြင့် လဝန်း ဖုန်းပေါ် လာပေါ်နေပြီးတော့"

"အိမ်မှာလား လဝန်း"





သူက ဖျစ်ညှစ်၍ တစ်ခွန်းပြောလိုက်ရပါသည်။

"အိမ်မှာပေါ့ ကိုလတ်ရဲ့၊ အလုပ်က နောက်လဆန်းမှ စဝင်ရမှာလေ၊ ပြီးတော့ ရာသီဥတုကလည်း ဒီလောက်ပူနေတာ အိမ်မှာပဲ ရှိနေတာပေါ့"

"အင်း"

"ဘာပြောမလို့လဲ၊ ပြောလေ"

"ဘာမှမပြောတော့ဘူး"

"အွန်း … မရပါဘူး၊ တစ်ခုခု ပြောမလို့ဆက်တာ မဟုတ်လား၊ အလကားနေရင်း ဘယ်သူက ဆက်မှာလဲ၊ ပြောမယ့်ဟာကိုပြော၊ လျှောမချနဲ့"

"လျှောချတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်တာလဲ"

လဝန်း ပြောသလိုပဲ ရာသီဥတုက ပူတော့ သူ့ရဲ့ ခေါင်းထဲ ဦးနှောက်တွေလည်း ပူထူဆူပွက် ပျစ်ခဲပြီး အတွေးတွေ ပေါက်ကရချော်ကာ ရူးကြောင်မူးကြောင်ဖြစ်ပြီး လျှာရှည်ကာ ဖုန်းဆက်မိသည်။ တကယ်တော့ လောလောဆယ် တစ်ယောက်ယောက်နှင့် စကားအချီအချပြောကာ သူ့ရဲ့စိတ်အာရုံကို ပြောင်းလဲအောင် လမ်းလွှဲပစ်ချင်တာမျိုးလည်း ဖြစ်ပါသည်။

"ပြောလေ"

"ဩော် … ရာသီဥတုကလည်း ပူနေတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်သည် ခင်လေးထံသာ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်ရောက်သွားနေပြီး ပါးစပ်က ပြောမိပြောရာ ဘာတွေပြောနေမိတယ် မသိ။

"ဒီတော့ ဘာဖြစ်လဲ"

"လဝန်းပဲ ပြောတယ် မဟုတ်လား၊ ရာသီဥတုက ပူနေတယ်ဆိုပြီး"

"ဪ ... သိပြီ၊ ကိုလတ်က အပြင်တစ်နေရာရာသွားဖို့ ခေါ်မလို့ ဖုန်းဆက်လိုက်တာ မဟုတ်လား"

"အင် ..."

"လဝန်းက ပူတယ်ပြောလိုက်တာနဲ့ ရေ့ကို စကားဆက်ပြောဖို့ ခက်သွားတာ မဟုတ်လား"

"ဟင်း ဟင်း"

"ရယ်မနေပါနဲ့၊ ကိုလတ်နဲ့ စကားပြောရတာ တော်တော်လက်ဝင်တာ၊ မပွင့်တပွင့်နဲ့ ကိုယ့်ဟာကိုယ် ခန့်မှန်းယူနေရတယ်၊ တစ်ခါတည်း"

လဝန်းရဲ့ ခပ်နွဲ့နွဲ့ပြောသံလေးကို သူ ကရုဏာသက်နေမိသည်။ သူဟာ တစ်ချိန်က ဒီမိန်းကလေးကို အင်မတန်နှစ်လိုတဲ့ အရိပ်အယောင်များ ပြခဲ့ဖူးသည်။ တကယ်လည်း စိတ်ဝင်စား လှုပ်ခတ်မှု ရှိခဲ့တာဖြစ်ပြီး သူ့အနေနှင့် အပျော်သက်သက်သဘောမျိုးတော့လည်း မဟုတ်ခဲ့တာ အမှန်ပေ။





ရှင်ရှင်ပျပျလေး အပြစ်ကင်းစင်နေတဲ့ လဝန်းကို သူ ဖွင့်ပြောမိတော့လုဆဲဆဲမှာ စီးပွားရေးကိစ္စနှင့် ပတ်သက်ပြီး အန်ကယ် ဗန်ကောက်ကနေ လှမ်းခေါ်၍ သူ ထွက်သွားခဲ့ရပါသည်။ ဟိုမှာ တစ်လလောက်ကြာတဲ့ အချိန်မှာ သူ ခင်လေးကို စ,တွေ့တာ။

အဲဒီနေ့က ...။ အဲဒီနေ့က ငိုနေတဲ့ ခင်လေး။

ခင်လေးရယ်။

ခင်လေးနဲ့ ပတ်သက်တဲ့ သတင်းစကားတွေကို သူ ဖြည်းဖြည်းချင်း ကြားကြားလာခဲ့ရပါသည်။ ကြားလာခဲ့တဲ့အချိန်မှာ သူ့စိတ်က တွန့်တွန့်ပြီး ရွံ့သွားသင့်တဲ့အစား တစ်ကြိမ်ကြားလေ သနားကြင်နာခြင်းနှင့် သူ့အသည်းထဲ တထစ်နစ်လေ။ နောက်တစ်ကြိမ်ကြားရင် နောက်တစ်ရစ်နစ်၊ အထပ်ထပ် အရစ်ရစ် နစ်ဝင်ခဲ့ပြီးတဲ့နောက် ...

"ကိုလတ်"

"........."

"ကိုလတ် ... ဆို"

"ဟင် ... ခင် ... ခင်"

"ကိုလတ် ဘာတွေပြောနေတာလဲ"

"လဝန်း"

"တကယ်ပဲ ကိုလတ်က ခေါ်နေတာ မကြားတဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကားတွေရှုပ်နေလို့ပါ လဝန်းရယ်"

"သတိထားမောင်းဦး၊ ဘာပဲဖြစ်ဖြစ် အိမ်ကိုလာခဲ့လေ၊ နေပူပေမယ့်လည်း ကိုလတ်ကားက အဲကွန်းကောင်းသားပဲ၊ တစ်နေရာရာ သွားချင်လည်း သွားလေ"

"ဒါပဲနော် ... လဝန်း"

ကိုလတ်သည် ရင်ထဲရှုပ်ထွေးထွေး နာကျင်ကျင်နှင့်ပင် ဖုန်းကိုပိတ်ကာ ကားကိုဒလကြမ်း မောင်းလာခဲ့ပါသည်။ လဝန်းတို့ ခြံဝန်းတံခါးက အသင့်ဖွင့်ထား၍ သူ အရှိန်မသတ်ဘဲ မောင်းဝင်လိုက်ရာ ခြံထဲက ပန်းပင်တွေအနား အရိပ်တစ်နေရာမှာ ရှိနေတဲ့ အန်တီချော လန့်သွားပုံရပါသည်။

သူ့စိတ်တွေ ထွေပြားနေလိုက်တာ၊ လဝန်းထံ လာလျှင် အိမ်မှာ အန်တီချော ရှိနေနိုင်သည် ဆိုတာကိုပင် မေ့နေပါသည်။

"ဟယ် ... သား၊ ကိုလတ်၊ ဘာတွေအရေးကြီးလာတာလဲ သား၊ ဆိုမွှန် ဘာဖြစ်လဲ၊ ဘာမှာလိုက်လို့လဲ"

သူ ကားပေါ်ကဆင်းပြီး အန်တီချောကို အားနာပါးနာ ခေါင်းညွတ်နှုတ်ဆက်ရင်း ...

"ဘာမှ မမှာပါဘူး အန်တီချော၊ ကျွန်တော့်ဘာသာ သတ်သတ်လာတာပါ"

"အိမ်ပေါ်တက်လေ ကိုလတ်"





ရုတ်တရက် အိမ်တံခါးဝမှာ ပေါ်လာပြီး ဖိတ်ခေါ်လိုက်တဲ့ သူ့သမီးကိုတစ်လှည့် ကိုလတ်ကိုတစ်လှည့်ကြည့်ရင်း ဒေါ်ချောချောမှာ လိုက်မမီ နားမလည်နိုင်အလို ဖြစ်နေပါသည်။ သူတို့ချင်း ကြိုတင်ချိန်းချက် ခေါ်ယူပုံမျိုး ဖြစ်နေ၍ သူ့အတွက် ဆန်းကြယ်နေရသော်လည်း ဒီလိုအဖြစ်မျိုး ကိုလတ်နှင့် သူ့သမီး အကြားမှာ ရှိနေတာကို ဒေါ်ချောချောက ဝမ်းသာပီတိ ဖြစ်နေမိပါသည်။

"ဪ ... ချိန်းထားကြတာလား သမီးတို့"

သူ့သမီးကို သူလှည့်မေးလိုက်သည်။

"မချိန်းပါဘူး၊ ခုမှ ရုတ်တရက် ဖုန်းဆက်လာတာ၊ ဘာမှန်းမသိပါဘူး"

လဝန်းက ချစ်စဖွယ်လေး ပြောဆိုနေပါသည်။ ဒီလောက် ချစ်စဖွယ်လေး ရှိနေတဲ့ မိန်းကလေးကို စိတ်ဝင်စားမှုဖြစ်ပြီးကာမှ ဖြူဖြူစင်စင် အပြစ်ကင်းကင်းလေး မဟုတ်တဲ့ ဒဏ်ရာအနာတရတွေနဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့် သူ့စိတ်က လုံးလုံးပြောင်းလဲ ငြီတွယ်ခဲ့ပါလိမ့်။

ခင်လေးရဲ့ ညှို့ပြင်းအားဟာ လဝန်းရဲ့ ဆွဲဆောင်နိုင်အားထက် အဆတစ်ရာလောက် အင်အားပြင်းထန်နေသည်။ တကယ်တော့ ခင်လေးခမျာဟာလည်း သူ့အပေါ် ဘယ်လိုအပြုအမူမျိုးနဲ့မှ ဆွဲဆောင်ညှို့ငင်ခြင်း မပြုခဲ့ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ထဲရောက်လာပါသည်။ ညှော်ခန်းမှာ ဝင်ထိုင်လိုက်တဲ့ သူ့အနား လဝန်းက ယပ်တောင်ကြီးတစ်ချောင်းနှင့် ကပ်လာရင်း ...

"အဟင်း ဟင်း ဟင်း ... မီးပျက်နေတော့ ယပ်ပဲခတ်ပေးမယ်"

"နေပါစေ လဝန်း"

"မီးစက်နိုးပေးရမလား"

"မနိုးပါနဲ့ ရပါတယ်"

"အဲဒီမီးစက်ကလည်း လဲမှဖြစ်တော့မှာ၊ မီးစက် တစ်ခါတစ်ခါနိုးဖို့အရေး အရမ်းပင်ပန်းတာပဲ၊ မလုပ်တတ် လုပ်တတ်နဲ့ပဲ လဝန်းရယ် မကြင်ရယ် နိုးရဘာ၊ အရင်က မီးသိပ်မှ မပျက်တာ မနိုးရဘူး၊ မေမေကတော့ အားလည်းမရှိဘူး၊ မီးစက် မနိုးနိုင်ပါဘူး"

လဝန်းက တလေးတစ်ယောက်လို ရောက်တတ်ရာရာတွေ လျှောက်ပြောနေရင်း ကိုလတ်ကို ယပ်ခတ်နေပါသည်။

"နေပါစေ လဝန်းရယ်၊ မခတ်ပါနဲ့"

"မခတ်လို့ ဖြစ်မလား၊ မျက်နှာကြီးက နီတောင်ရဲနေတာ"

တကယ်တော့ ကားထဲ အဲကွန်းလေးဖွင့်ပြီး လာခဲ့တာပဲ။ သူ့မျက်နှာ ရဲနေတာကတော့ စိတ်လှုပ်ရှားမှု အရှိန်အဟုန်က မျက်နှာပေါ်အထိ ရိုက်ခတ်တာ ဖြစ်နိုင်သည်။





"အဲကွန်းဖွင့်လို့ရအောင် မီးစက်နိုးလိုက်မယ်လေ"

"မဖွင့်ပါနဲ့ လဝန်း၊ ကျွန်တော် တကယ်သိပ်မအိုက်ပါဘူး၊ တကယ်လို့ လဝန်း တခြားသုံးချင်တာရှိလို့ မီးစက်နိုးချင်ရင်တော့ ကျွန်တော် နိုးပေးခဲ့မယ်လေ"

"ဟင့်အင်း ... မသုံးချင်ပါဘူး"

ဒေါ်ချောချောက ညှော်ခန်းထဲ ဝင်လာရင်း နားစွန်နားဖျားကြားနှင့် ...

"အန်တီတို့အိမ်မှာ ယောက်ျားသား လုပ်ရမယ့်အလုပ်တွေ၊ လုပ်မယ့်ကိုင်မယ့်သူ မရှိဘူး ကိုလတ်ရေ၊ ဒီလိုပဲ လူခေါ်တန်ခေါ်၊ လဝန်းပဲ လုပ်နိုင်တာလေးလည်းလုပ်၊ ဒီလိုပဲ လုပ်နေရတာ သားရေ"

"တစ်ခုခု လုပ်စရာရှိရင် ကျွန်တော့်ကိုခေါ်ပါ အန်တီချော"

"ခုလို ရေ-က်တုန်း ကြုံတုန်း ဆိုရင်လည်း တစ်မျိုးပေါ့ သားရယ်၊ တကူးတကကြီး ခေါ်ရမှာကျတော့ အားနာပါတယ်ကွယ်"

"အားမနာပါနဲ့ အန်တီရယ်၊ လိုအပ်ရင် တခြားလူမှမရှိဘဲ၊ အခု ကျွန်တော်ခေါ်ပေးထားတဲ့ ဒရိုင်ဘာကြီးရော အဆင်ပြေလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတွေချည်းနေတဲ့အိမ်မို့ ကိုလတ်က ဒရိုင်ဘာကို အသက်ကြီးကြီး ရိုးရိုးအေးအေးကဲ့က စိစစ်ပြီး ခေါ်ပေးထားပါသည်။ မနားတမ်းမောင်းရမယ့်အိမ်လည်း မဟုတ်တာမို့ ရိုးသားဖို့ကလိုရင်း။

"ပြောတယ် သား၊ အန်တီတို့အိမ်က ဘယ်မှသွားစရာမောင်းစရာ သိပ်မရှိတော့ သူလည်း တစ်နေ့ တစ်နေ့ပျင်းတယ်လေ၊ အန်တီ့ကို ပြောတယ်၊ နောက်ဖေးက မြေကြီးအလွတ်ကွက်လေးကဲ သူ သုံးလို့ရလားတဲ့၊ စားပင်လေးစိုက်ချင်လို့ဆိုလို့ အန်တီက လုပ်ချင်တာသာလုပ်၊ စိုက်သာစိုက်လို့ ခွင့်ပြုထားတာ ...

မြောင်းတွေ ဘာတွေတောင် ဖော်ပြီး ပျိုးထားလိုက်တာ၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ချဉ်ပေါင်တဲ့ ရှိသေးတယ် စုံနေတာပဲ သားရေ၊ တစ်နေ့ တစ်နေ့ အားရင် အဲဒါလေးတွေပဲပြုစုရင်း သူလည်း ဝါသနာပါတော့ သဘောတွေကျလို့၊ သူ့မျိုးစေ့တွေကနေ ညှောက်တောက်ကလေးတွေတောင် ပေါက်နေပြီ"

"ခုလည်း နောက်ဖေးမှာပဲ ကိုလတ်ရဲ့"

"သား စားပြီးပြီလား"

"မစားရသေးပါဘူး အန်တီ"





"ဒါဖြင့် ထမင်းဝင်စား၊ ကြင်ကြင်ရေ"

"မစားတော့ပါဘူး အန်တီ"

"စားသွားပါ သားရဲ့၊ သားက သိပ်ရောက်လေ့ရှိတာလည်း မဟုတ်ဘဲနဲ့ ရောက်တုန်းရောက်ခိုက်လေး ဒီအိမ်လက်ရာ စားသွား၊ ခုနောက်ပိုင်း ဟင်းတွေက လဝန်းလက်ရာမကောင်းဘူး"

"ဟီး ဟီး"

လဝန်းက ချစ်စဖွယ် ရယ်နေပါသည်။

"ဟိုမှာ ကျောင်းသွားတက်နေတော့ သူ့ဟာသူ ချက်စားမယ်မထင်နဲ့၊ သူ့သူငယ်ချင်းတစ်ယောက်က အရမ်းချက်တတ်တာ၊ သူက အဲဒီကောင်မလေးဆီပဲ ပိုက်ဆံပေးပြီး ကပ်စားနေတာ၊ ဘာမှမချက်တတ်ဘူး၊ အခုတော့ မရတော့ဘူးလေ၊ အသက်ကလည်း ကလေးလေး မဟုတ်တော့ဘူး၊ မိန်းမဆိုတာ ကိုယ်ကချက်ဖို့မလိုဘူးဆိုရင်တောင် ချက်တော့ ချက်တတ်နေရမယ် ...

ဟင်းတစ်အိုးမှာ ဆီ၊ ငရုတ်သီး၊ ကြက်သွန်၊ ဘာဘယ်လောက်ကုန်လဲ၊ ဒါတွေကအစ သိနေမှ ကိုယ်က ချက်မယ့်သူကို ပြန်စီမံခန့်ခွဲနိုင်တာလို့၊ သူ့ကို အန်တီရော ကြင်ကြင်ရော ဝိုင်းသင်ပေးနေကြတာ၊ နေ့တိုင်း နည်းနည်းတော့ သူ ဝင်ဝင်ချက်နေရ လေ့လာနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ဟင်းအိုးမှ လဝန်း လက်ရာ မကောင်းဘူး … အဟဲ”

“စားသွား သား၊ လာ … လာ … ကြင်ကြင်ရေ အဆင်သင့် ဖြစ်ပြီလား”

“ဟုတ် … ရပါပြီ မမ”

အဲဒီလိုနှင့် မရည်ရွယ်ဘဲ ကိုလတ်သည် လဝန်းတို့အိမ်က ထမင်းပွဲကို လဝန်းတို့သားအမိနှင့်အတူ ဝင်စားဖြစ်ခဲ့ရပါသည်။

သူ့ရဲ့အာရုံထဲမှာတော့ သူငယ်ချင်းတွေနှင့်အတူ ဟင်းချက်စားနေတယ်ဆိုတဲ့ ခင်လေးရဲ့ထမင်းပွဲကို ရမ်းရော်တမ်းတနေမိပါသည်။

ခင်လေး … ခင်လေးရယ်။

ဘယ်သူပါဆိုတာတောင် စကားဆုံးအောင် ရှင်းပြခွင့်မပြု။ ဘယ်သူဖြစ်ဖြစ် ကိစ္စမရှိပါဘူးတဲ့။ မကြာခဏ အားပေးပေးမ,ပြီး ဖုန်းဆက်နေဖို့လည်း မလိုပါဘူးတဲ့။

အားပေးမှု တာဝန်ကျေမှုတွေကို ကျေးဇူးတင်ပေမယ့် သိပ်မလိုအပ်ပါဘူးတဲ့။

ခင်လေး စကားတွေအတွက် ခင်လေးကို ကျွန်တော် အပြစ်မမြင်ပါဘူး၊ ခင်လေးကို နားလည်ပါတယ် ခင်လေးရယ်။ ဒါပေမဲ့ ကျွန်တော် ခံစားလို့မရဘူး။





“ကိုလတ်”

“………”

“ကိုလတ် ဘာဖြစ်နေတာလဲ၊ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ၊ စိတ်ရှုပ်ထွေးနေသလိုပဲ။ တစ်ခုခု ဖြစ်နေလား”

လဝန်းကလည်း သူ့မျက်နှာကို သေချာဂရုတစိုက် ဖတ်ရှုနေပြန်ပြီ။

“ပြောစရာစကား တစ်ခုခုများ ရှိနေလားဟင် ကိုလတ်”

အန်တီချောကပါ သူ့သမီးစကားကြောင့် ကိုလတ်ကို အကဲခတ်နေလေပြီဖြစ်ရာ …

“မဟုတ်ပါဘူး လဝန်းရဲ့”

“ကဲ … ဒါဖြင့် မြန်မြန်စားလေ၊ ပြီးရင် အပြင်သွားရင်လည်း သွားမယ်လေ”

“လဝန်း မသွားချင်လည်း မသွားပါနဲ့၊ ကျွန်တော်က ဘာကိစ္စမှတော့ရှိလို့ မဟုတ်ပါဘူး”

“ကိစ္စတစ်ခုခုရှိမှ သွားလို့ရတာလည်း မဟုတ်ပါဘူး ကိုလတ်ရယ်၊ သွားတာပေါ့၊ ဒီနားနီးနီးဆိုရင် ဘလေဇွန်တို့ ဒဂုံစင်တာတို့ ဘယ်သွားမလဲ၊ အဲဒီတွေထဲသွားရင် အေးလည်းအေးတယ်လေ”

ဒဂုံစင်တာဆိုတော့ ခင်လေးကို သတိရပြန်သည်။ ဒဂုံစင်တာတော့ မသွားချင်ပါ။ ခင်လေးများ သူ့သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အပျင်းပြေ ရောက်လာခဲ့ရင် လဝန်းနဲ့တွဲရက်ကြီး နောက်တစ်ခေါက် သွားထပ်ဆုံနေဦးမည်။

ဒေါ်ချောချောကတော့ သူ့သမီးနှင့် ကိုလတ်တို့ရဲ့ ဆက်ဆံရေးက တစ်မှဟုတ်ချင်း ခပ်သွက်သွက် တိုးတက်မှု မြန်ဆန်လာခြင်းအပေါ် အတော်ကျေနပ် နှစ်သိမ့်ပုံရကာ ...

“ဟုတ်တယ် ... သွားကြ ... သွားကြ၊ အေးအေးလူလူ လေး ရှောပင်လုပ်ကြ၊ ကောင်းတယ်၊ ကိုလတ် ခုလိုလာ ခေါ်ပါမှပဲ၊ နို့မို့ လဝန်းလည်း ဘယ်မှထွက်ဖြစ်လှတာ မဟုတ်ဘူး”

ဘာလိုလိုနှင့်ပဲ အပြင်ထွက်ဖို့ကိစ္စက သူ့ဟာနှင့်သူ အတည်ကြီးဖြစ်လို့ သွားခဲ့ပြီ။ ကိုလတ်ကလည်း စိတ်ဒုံးဒုံးချလိုက်ပါသည်။ သွားမယ်ကွာ ဘာဖြစ်လဲ။ လဝန်းနှင့် တွဲသွားတွဲလာပြုတဲ့အတွက် သူ့မှာ အကျိုးမဲ့စရာ ဘာအကြောင်းမှ မရှိပါဘူး။ နှစ်ဖက်မိခင်တွေလည်း စိတ်ချမ်းသာ ကျေနပ်တဲ့ကိစ္စပဲလေ။

လဝန်းကလည်း သူကိုယ်တိုင် နှစ်လိုလက်ခံနိုင်ခဲ့တဲ့ မိန်းကလေးပဲ။ ငြိမ်းချမ်းသော ဖြောင့်ဖြူးသော သာယာသော ဘဝလမ်းခရီးမျိုးကိုတော့ လဝန်းလို မိန်းကလေးမျိုးနဲ့မှပဲ သူ လျှောက်လို့ရမှာ။ မူလောင်ဆူပွက်ခြင်းတွေ ရင်နင့်လှိုက်မောခြင်းတွေ တင်းကျပ်မှုတွေ ပင့်သက်တွေ ဝမ်းနည်းခြင်း နာကျင်ခြင်း ဒဏ်ရာ အနာတရ ခံစားချက်တွေကိုပေးတဲ့ ခင်လေး ထံပါး၌သာ





တစ်ရစ်ပတ်ပတ် ငင်နေချင်တဲ့ သူ့နှလုံးသားကို မရှိသင့်တဲ့နေရာကနေ အသာလေးကောက်ယူပြီး ရှိသင့် ရှိအပ်တဲ့နေရာလေးမှာ ပြောင်းရွှေ့ချထားလို့များ ရခဲ့ရင် သိပ်ကောင်းမှာလဲလို့ သူတွေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၈

ဈေးခြင်းတောင်းလေးဆွဲလျက် ခပ်သုတ်သုတ် ဈေးဝယ်နေသော ခင်လေးခွာဖြူသည် အိမ်နေရင်း စပန့်သားအင်္ကျီ ခပ်ဟောင်းဟောင်းလေးနှင့် ဒူးကျော်ကျော် ဂျင်းဘောင်းဘီစက လေးဝတ်လျက် ဆံပင်လေးတွေ အားလုံး ငှယ်ထိပ်စုတင် ကျား ပါးစပ်နှင့်ညှပ်ကာ ကပိုကရိုနှင့် ကလေးတစ်ယောက်ပုံနှယ် ဖြစ်နေပါသည်။

အမြဲချက်မစားဖြစ်ပေမယ့် ခုတလောတော့ သူငယ်ချင်းတွေက ရက်ခြားလောက် ပေါက်ချလာတတ်သည်ဖြစ်ရာ သူတို့လာရင် ချက်ပြုတ်စရာရှိအောင် အဆင်သင့် ဝယ်ခြမ်းထားရတာပါ။ တစ်ကိုယ်တည်း ဖြစ်နေတဲ့ အနေအထားမို့ သူငယ်ချင်းတွေလာလျှင် လစ်ဟာနေတဲ့ရင်ထဲ အားရှိသလိုလို နွေးထွေးသလိုလိုပင်။



"ဒီပုစွန်ဘောဂျိတ်လေးတွေ ဘယ်ဈေးလဲရှင်"

"ငါးရာ"

"မလျှော့ဘူးလားဟင်"

"မလျှော့ဘူး အစ်မရေ၊ ပုစွန်ခုတလောရှားတယ်၊ ဒါတွေအားလုံးယူရင်တော့ လေးရာနဲ့ ယူသွားလိုက်တော့ ပြန်ချင်လို့"

"အားလုံးတော့ မယူတော့ဘူး၊ နှစ်ဆယ်သားပဲပေး"

ခင်လေးရဲ့တိုက်ခန်းကနေဆင်းပြီး လမ်းအတွင်းဘက်ထဲ အနည်းငယ် လျှောက်ဝင်ကာ တစ်နေ့ရာကျ ချိုးကွေ့လိုက်ရုံနှင့် လမ်းမပေါ် ချရောင်းနေတဲ့ ဈေးတန်းလေးဆီကိုရောက်သည်။ လမ်းဘေးဈေးတန်းလေးပေမယ့် သားငါးအစုံရသည်။ ဆိုင်ခုံလေးခင်း၍ ရောင်းသူလည်း တချို့တလေတော့ ရှိတာပင်။

ခင်လေး ပိုက်ဆံတစ်ထောင်တန် ထုတ်ပေးနေဆဲ...

"ဟော့"

ဘေးကပ်ပေါ်လာတဲ့ အသံကြောင့် ငဲ့ကြည့်လိုက်လျှင် ...

"ဟင်"

ခင်လေးသည် ခေါင်းကို တူနဲ့အထုခံလိုက်ရသလို ထုပ္ပုသွားပါသည်။ ဒီလူ ဘယ်ကနေများ ရောက်လာပြန်ပါလိမ့်။

"ဩော် ... မင်းက ဒီနားမှာပဲ နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက မျက်နှာကို တင်းလိုက်ရင်း ...

"ကျွန်မ ဒီနားမှာနေတာ မဟုတ်ပါဘူး"

"မဟုတ်ရင် အင်္ကျီပေါင်းကြီးနဲ့ မနက်စောစောကြီး ဘာ ကားစီးပြီး ဒီဈေးတန်းလေးအထိ ရောက်လာရတာလဲ"

ခင်လေးက ပုစွန်ထုပ်ယူ၍ ခြင်းထဲထည့်ကာ လှည့်ထွက်လာပါသည်။

"ဟင်း ဟင်း ဟင်း"

ဦးဘစိုးတင့်က ကပ်လိုက်လာပါသည်။ သူ့ပုံက စပို့ရှပ်ဖြူ ဒူးလောက်ဘောင်းဘီတိုနက်ပြာနှင့် မနက်စောစောထ, လမ်းလျှောက်ဟဲ့ပုံစံပင်။ လမ်းလျှောက်ကအပြန် ဈေးကဖြတ်ရင်း ဆုံတာဖြစ်မည်။

"ကိုယ်လည်း ဒီနားမှာပဲ နေတာလေ ခွာဖြူရဲ့၊ တိုက်တိုက် ဆိုင်ဆိုင်ကွာ"

ခင်လေးက ရှေ့ကိုသာ စိုက်စိုက် စိုက်စိုက်နှင့် မဲလျှောက်နေပါသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဖြည်းဖြည်းလျှောက်လေ"

"ရှင် ဘာဖြစ်လို့ ကျွန်မနောက် လိုက်လာတာလဲ၊ ကိုယ့် လမ်းကိုယ်သွားပါ"

"ကိုယ်က ဒီလမ်းပဲသွားမှာ"





ခင်လေးက ခြေလှမ်းရပ်လိုက်ပါသည်။ ဒီလူ အိမ်အထိများ နောက်က လိုက်လာတော့မလို့လား။ သူ့ဘဝဟာ မလုံခြုံအန္တရာယ်မကင်းပါလားလို့ ရုတ်တရက် စမ်းနည်းလာမိပါသည်။

"ကဲ ... ရှင် သွားစရာရှိတာသွား ဦးဘစိုးတင့်၊ ကျွန်မက ဈေးဝယ်ဦးမှာ"

"ဘာလဲ ... ဟဲ ဟဲ၊ မင်းနေတဲ့နေရာ သိသွားမှာ စိုးရိမ်နေတာလား"

"စိုးရိမ်စရာ အကြောင်းမရှိပါဘူး၊ ရှင်သိလို့လည်း ဘာထူးလို့လဲ၊ မသိလို့ကော ဘာထူးလို့လဲ၊ ရှင်နဲ့အတူ တွဲလျှောက်နေစရာ အကြောင်းမရှိလို့ပါ"

တကယ်တော့ ခင်လေးနေတဲ့တိုက်ကို ဦးဘစိုးတင့် သိသွားမှာ တကယ်စိုးရိမ်ပါသည်။ စိုးရိမ်မှန်း ကြောက်မှန်းသိလေ ဒီလိုလူက ဖြဲခြောက်လေဖြစ်မှာမို့ မစိုးရိမ်တဲ့ဟန် လုပ်နေရတာ။

"ကိုယ်ကလည်း မင်းနေတဲ့နေရာကို သိအောင်ကို လုပ်ဦးမှာ၊ ဒီနားမှာနေမှန်း စောစောက မသိဘူး"

"သိရော ရှင့်အတွက် ဘာထူးမှာမို့လဲ"

"ဘာရယ်တော့ မဟုတ်ပါဘူး၊ သိထားတာ ကောင်းတာပေါ့၊ မင်းကကော၊ မင်းအိမ်ကို ကိုယ်သိတော့ ဘာဖြစ်မှာမို့ မုန်းကွယ်ထားချင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဖုံးကွယ်ပါဘူး၊ ကျွန်မဘာသာ ဈေးဝယ်စရာရှိသေးလို့ ပါဆို"

"ဝယ်လေ ဘယ်သူက တားနေလို့လဲ"

"ရှင်က ဘေးနားမှာရှိနေတာ ကျွန်မ စိတ်မလွတ်လပ်ဘူး"

"ကိုယ်လည်း ဒီရပ်ကွက်သားပဲလေ၊ ဒီနားက လမ်းတစ်ခု ပေါ် ကိုယ့်ဟာကိုယ် ရပ်နေနေ လျှောက်နေနေ မင်းပိတ် ပင်ကန့်ကွက်လို့ မရဘူး ခွာဖြူရဲ့"

တောက် ...။

စိတ်ရှိတိုင်းသာဆို ဒီလူကြီးကို ကုတ်ဖဲ့ပစ်ချင်သည်။ ခင်လေးသည် စိတ်လေးကို လျှော့ချရှိုးနိမ်ပြီး သရက်သီးတို့ ဘာတို့ စသဖြင့် အချိန်ယူ ရွေးချယ်ဝယ်နေလိုက်ရကာ ထွက်မ သွားတဲ့ ဦးဘစိုးတင့်ကြောင့် စိတ်ညစ်လာပါသည်။

သရက်သီး၊ ကြက်ဥ၊ ပုစွန်ချဉ်၊ ပဲနီလေး၊ ကြက်သား စသဖြင့် တစ်ခုပြီးတစ်ခု စိတ်ညစ်ညစ်နှင့် ဝယ်ခြမ်းနေတဲ့ ခင်လေးနဲ့ မလှမ်းမကမ်းမှ လိုက်ပါနေရင်းက ...

"နေစမ်းပါဦး၊ ဒီလောက်တောင် ဟင်းရံတွေအများကြီး ဝယ်နေရအောင် မင်းတို့အိမ် လူဘယ်နှယောက်ရှိလို့လဲ ခွာဖြူ၊ မင်းက ဘယ်သူနဲ့ နေနေလို့လဲ"

"အဲဒါ ရှင့်ကိစ္စ မဟုတ်ပါဘူး ဦးဘစိုးတင့်"





"မင်းက အလကားနေရင်း ဘာကြောင့် ရန်လိုသလိုဖြစ် နေရတာလဲ၊ မင်းရဲ့ဆက်ဆံပုံ ဆက်ဆံနည်းကို နည်းနည်း ပြင်ဖို့လိုတယ်၊ မင်းပုံစံက ကိုယ့်ကို မထီလေးစားဆက်ဆံ နေသလို ဖြစ်နေတယ် ခွာဖြူ"

"မဟုတ်ပါဘူး ဦးဘစိုးတင့်ရယ်၊ ဘာဝယ်ရမှန်း မသိလို့ စိတ်ရှုပ်ရတဲ့ကြားထဲ"

"ဒီလောက် ဝယ်ခြမ်းထားတာတောင် ဘာဝယ်ရမှန်းမသိ သေးဘူးလား၊ မင်းတစ်ယောက်တည်း နေနေတာ မဟုတ် ဘူးလား"

"မဟုတ်ပါဘူးရှင် ပေါက်ပေါက်ရာရာ"

"ဒါဖြင့်ဘယ်သူနဲ့ နေနေလို့လဲ၊ မင်း မှတ်မိသလား၊ လွန် ခဲ့တဲ့နှစ်နှစ်က မင်းဟိုကနေ မင်းအမေဆီကို ပိုက်ဆံသိန်း သုံးဆယ်တစ်ကြိမ်လွှဲဖူးတယ်၊ အဲဒီပိုက်ဆံကို ဟွန်ဒီလုပ်ပေး ခဲ့တာ ကိုယ်ပဲ၊ အဲဒီတုန်းက မင်းရဲ့အိမ်ကို ကိုယ်ကိုယ်တိုင် သွားပို့ပေးခဲ့တာပဲ ခွာဖြူ၊ မင်းအိမ်က အင်းစိန်မြို့နယ်ရဲ့ ရပ်ကွက်ကလေးတစ်ခုမှာဆိုတာ ကိုယ်မှတ်မိတယ်၊ အလွတ် မသိပေမယ့် အိမ်ကျမှတ်ထားတာတွေထဲ ပြန်မွှေရှာလိုက် ရင် မင်းအမေနဲ့ မင်းမောင်နေတဲ့ အင်းစိန်လိပ်စာထွက် လာမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းလေးကျဉ်းကျဉ်းနဲ့ သစ်သားအိမ်လေးတစ်လုံးကို သွားပို့ပေးခဲ့ရတာ၊ မင်း အခု ဒီနားမှာနေတယ်ဆိုရင် မင်းအမေနဲ့ တူတူနေတာ မဟုတ်ဘူးပေါ့၊ မင်းတစ်ယောက်တည်းနေတာပဲ ဖြစ်ရမှာပေါ့"

ခင်လေးက ဦးဘစိုးတင့်ကို ခပ်စူးစူး ကြည့်လိုက်ပါသည်။

"ဟိုတစ်နေ့က ရှင့်ရှေ့မှာပဲ ကျွန်မရဲ့အမျိုးသား လာခေါ်သွားတာ ရှင် မှတ်မိမှာပါ"

ဦးဘစိုးတင့်က ပခုံးတွန့်ရင်း ...

"မင်းအမျိုးသားဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ကျွန်မယောကျ်ား"

"မင်းယောကျ်ား ! ! "

"ဟုတ်တယ်"

"ဟုတ်မှလည်းလုပ်ပါ ခွာဖြူရယ်၊ ကိုယ် ဒီကိုပြန်လာတုန်းက မင်း မပြန်သေးဘဲ ဟိုမှာပဲ ကျန်နေခဲ့သေးတာပဲ၊ အဲဒီနောက် ဘယ်လောက်ကြာမှ ပြန်ရောက်လာလာ အချိန် ဘယ်လောက်မှ မရှိသေးတာ၊ ယောကျ်ားတစ်ယောက်ရတာ တယ်မြန်ပါလား၊ ရှီးမနေစမ်းပါနဲ့ကွာ၊ စပွန်ဆာလို့ ထင်ရအောင်ကလည်း ဒီလူရွယ်က အဲဒီရုပ်လည်းမပေါက်ပါဘူး"





"ရှင် ဒီစကားလုံးကို ဟိုနေ့ကလည်း သုံးခဲ့တယ်နော် ဦးဘစိုးတင့်၊ ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်မစော်ကားပါနဲ့ ဦးဘစိုးတင့်၊ ကျွန်မ အောင်းကောင်းကောင်း ပန်နေတာပါ"

"ကိုယ်က နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ သိပေါင်းကျွမ်းပေါင်းချင်းချင်း မခေါ်ချင်သလို မပြောချင်သလို မင်းကသာ လုပ်နေတာပါ ခွာဖြူ၊ ကိုယ့်ဘက်က ဘာမှကို မလုပ်ရသေးဘဲနဲ့ မင်းက အဖုံးတွေ အကာတွေ အပိတ်တွေ အဆို့တွေနဲ့ အချက်ပေးဂလိုင်ခေါက်ပြီးသလို လုပ်နေတာကသာ ငါ့ကို စော်ကားသလို ဖြစ်နေတာပါ"

"ကျွန်မ အိမ်ထောင်ကျနေပြီ"

"မယုံပါဘူး"

"ရှင်မယုံလည်း မတတ်နိုင်ပါဘူး၊ မယုံလည်း ကိစ္စမရှိပါဘူး၊ ရှင့်ဟာရှင် ယုံချင်ယုံ၊ မယုံချင်နေ ရှင့်လွတ်လပ်ခွင့်ပါ၊ ကျွန်မကလည်း ကျွန်မပြောစရာရှိတာ ပြောရတာ"

"မင်းယောကျ်ားက ဘယ်သူလဲ"

"ရှင့်ကို အသိပေးဖို့ မလိုအပ်ပါဘူးထင်တယ်"

"ဟိုတစ်နေ့ကတော့ ဒီလူရောက်လာတော့ မင်းက ကိုလတ်လို့ခေါ်လိုက်သံ ကြားတယ်၊ သူက ဘယ်သူလဲ၊ ဟိုကလူပဲလား၊ ဒီရောက်မှ တွေ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအရင်ကတည်းက ကျွန်မချစ်သူ၊ အချိန်တန်တော့ယူတယ်၊ ဒါပါပဲ"

"ဒါဖြင့် မင်းငှယောက်ျားရှိတဲ့အိမ်ကို ကိုယ်က မိတ်ဆွေယောင်းတစ်ယောက်အနေနဲ့ ဝင်ထွက်လည်ပတ်လို့ ရရမှာပေါ့၊ ကိုယ်က မင်းရဲ့ဘော့စ် ဒေါ်နန်းနန်းရဲ့ ပါတနာပဲ၊ မင်းဘော့စ်ရဲ့မိတ်ဆွေကို မင်းက မဖိတ်ခေါ်တဲ့အပြင် တစ်ဖက်က လာလည်ဖို့လို့ စကားကြောင်းနေတာကိုတောင် မင်းက ပုတ်ချဖို့ လုပ်နေတယ် ..."

အဲဒါ ဘာသဘောလဲ၊ အစိပ္ပာယ်မရှိဘူး၊ ဘာကို ဖုံးကွယ်ထားချင်တဲ့ သဘောလဲဆိုတာ စဉ်းစားမိတော့ ဒီလိုပဲ မေးခွန်းထုတ်ရတာပေါ့"

"ကျွန်မ ဖုံးကွယ်ချင်တာ မဟုတ်ဘူး၊ ကျွန်မ ကိုယ့်ဘာသာ အေးအေးချမ်းချမ်းပဲ နေချင်ရုံသက်သက်ပါ၊ ဟိုမှာနေခဲ့တုန်းကလူတွေနဲ့လည်း အဆက်အဆံ မလုပ်ချင်တော့ဘူး၊ ကျွန်မ ဟိုက ခွာဖြုလည်း မဟုတ်တော့ဘူး"

ဒီလူကြီးဟာ ဘယ်နည်းနဲ့မဆို ခင်လေးရဲ့အကြောင်းကို ကြားဖူးတဲ့သူ ဖြစ်လိမ့်မည်။ အမှန်တရားတွေအပေါ်မှာ အတင်းအဖျင်းသဘောတွေပါ ရောနှောလွှမ်းခြုံပါဝင်နေလိမ့်မယ်လို့ ခင်လေး ထင်သည်။ အရုပ်ခပ်ဆိုးဆိုးသတင်းမျိုး ကြားထားတာကြောင့်သာ ဒီလူဟာ ခင်လေးအပေါ် မလေးမစားသဘောထားပြီး ရိသဲ့သဲ့ ပြောဆို သွေးတိုးစမ်းချင်တဲ့သဘော ရှိနေတာပေါ့။





"ဘာလို့ ဟိုဘက်က လူတွေနဲ့ မဆက်ဆံချင်တော့တာလဲ"

"ကျွန်မကိစ္စပါ"

"အဟင်းဟင်း၊ မင်း စိတ်ဆိုးသွားပြန်ပြီ၊ အမှန်ကအရင်က သိဖူးတဲ့သူတစ်ယောက်အနေနဲ့ နှုတ်ဆက်တဲ့သူကို အေးအေးဆေးဆေး ပြန်နှုတ်ဆက်လိုက်ရင် ဘာပြဿနာမှမရှိဘူး မဟုတ်လား"

"ဒါပေမဲ့ ရှင်က ရိုင်းပျတဲ့စကားလုံးတွေသုံးပြီး ကျွန်မကစော်ကားတဲ့စကားမျိုး သွေးတိုးစမ်းတဲ့စကားမျိုး ပြောနေတာ မဟုတ်လား ဦးဘစိုးတင့်၊ အဲဒါကြောင့် ရှင်နဲ့လည်း ကျွန်မ မခင်မင် မရင်းနှီးချင်ဘူး"

ညှံ့တယ်ပဲ ဆိုချင်ဆို။ ခင်လေးသည် တစ်ဖက်သားနားခံသာအောင် လှည့်ပတ်ကွေ့ဝိုက်၍ စကားမပြောတတ်ပါ။ တဲ့တိုး တုံးတိ ငုံးစိစိကြီးသာ ပြောပစ်တဲ့ ခင်လေးစကားတို့က နားထဲတော့ သာတောင့်သာယာ ဝင်မည်မထင်။ ဦးဘစိုးတင့်ရဲ့ မခံချိမခံသာဖြစ်မှုကို ပိုပြီး နှိုးဆွပုံရသည်။

"မင်းက အခု မင်းရဲ့အိမ်ကို ကိုယ့်ကိုအသိမခံလိုတဲ့သဘောနဲ့ ဈေးကိုမပြီးအောင် ဝယ်နေတာများလား ... ဟင်းဟင်း ဟင်း"

ဦးဘစိုးတင့်က ကလိတိတိ ရိသဲ့သဲ့နှင့် မခံချိမခံသာဖြစ်ချင်စရာ ရယ်နေပြန်ပါသည်။ တကယ်တော့ သူ ထင်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင်။ ဒါပေမဲ့ ဒီလူကြည့်ရတာ အားနာတဲ့ အလိုက်သိတဲ့ပုံမှ မရဘဲ၊ ပေ စ်ဖက်သားကြိုက်ပုံမပေါ်ရင် ဆင်ခြင်လိုက်မယ်ဆိုတဲ့ သိက္ခာမျိုးလည်း ရှိပုံမှ မရဘဲ။

ဆက်ပြီးပတ်ဝယ်နေလဲ အလကားပင်။ သူ့ဟာသူ လိုက်လာလာ မလာလာ အိမ်ကိုလိုက်ကြည့်ကြည့်၊ မကြည့်ကြည့် ခေါင်းထဲထည့်မနေတော့ပါ။

"အခု ကျွန်မပြီးပြီ၊ ကျွန်မ သွားတော့မယ် ဦးဘစိုးတင့်"

ခင်လေးက နောက်လှည့်မကြည့်တော့ဘဲ ခပ်သုတ်သုတ်နှင့် ကိုယ့်အိမ်ကိုယ်ပြန်လာခဲ့ပါတော့သည်။ ဒီလူကြီးနဲ့မှ လာတိုးနေရတာယ်လို့။ နောက်ဆက်တွဲ ပြဿနာတွေ ထပ်မံပေါ်ပေါက်လာမှာကို တွေးတောစိတ်ညစ်ညူးဆင်းရဲနေမိတဲ့ ခင်လေးမျက်နှာဟာ မှုန်မှိုင်းနေပါသည်။

လောကကြီးမှာ တစ်ခါ နာမည်ဆိုး နာမည်ပျက်ရှိခဲ့ပြီးရင် အဲဒီအမည်ဆိုးဟာ ကိုယ်နှင့်မသက်ဆိုင်သလို ကျွတ်ကျွတ်လွတ်လွတ် ရှောင်ဖယ်ထွက်ဖို့ မလွယ်ကူပါလား။ အရိပ်ကမထင်မှတ်တဲ့ ချောင်ကြိုချောင်ကြားကနေ ထိုးစိုက်လိုက်မိုးနေဆဲပဲ။ သူ့ဘဝဟာ လုံခြုံမှုမရှိပါလားလို့ တွေးမိရင်းက ခင်လေး ရင်ထဲ နာကျင်ဝမ်းနည်းလာပါသည်။

နောက်ကြောင်းမကြည့် လျှောက်လာခဲ့ပြီး တိုက်လှေကားမှ တန်းတက်သွားကာ ကိုယ့်အခန်းထဲရောက်မှ ဝရန်တာ





ဘက် ပြန်ပြေးထွက်လာပြီး အောက်ကနေ သူ့ကို မမြင်နိုင်အောင်ကွယ်ပြီးမှ အောက်ဘက်ကို ပြန်ချောင်းကြည့်လိုက်ပါသည်။

"တောက်"

ဒေါသလေးထွက်ထွက်နှင့် ခင်လေးက တောက်ခတ်မိကာ မျက်ရည်တွေတောင် လည်လာပါသည်။ ဝရန်တာမှာ ပုနေရင်း ဘာလုပ်လို့ လုပ်ရမယ်မသိ။ ခင်လေးကို အချောင်ရနိုင်ခြေများ ရှိမလားလို့ အတော်စိတ်ဝင်စားနေဟန်ရှိတဲ့ ဦးဘစိုးတင့်ဟာ ခင်လေးရဲ့တိုက်နှင့် မျက်စောင်းထိုးယွန်းယွန်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရဲ့ မျက်နှာစာစားပွဲမှာ ထိုင်နေလျက်သား။

ခင်လေးသည် ဝရန်တာမှာ ဒူးကိုပိုက်၍ ဖင်ထိုင်ချရင်း မျက်ရည်စီးကျလာမိပါသည်။ သူ့အတွက် အန္တရာယ်ဟာ လက်တစ်ကမ်းလောက်မှာ ဖြစ်နေပြီ။ တကယ့်ကို မလုံမခြုံအနေအထားမျိုး ဖြစ်နေပြီ။ ဤပတ်ဝန်းကျင်ဟာ ခင်လေးအတွက် အသစ်။ ခုမှ အခန်းနီးနားချင်းနှင့် အသိမိတ်ဆွေဖြစ်ဖို့ အစပျိုးအဆင့်လောက် ရှိသေးသည်။

ခုလောက်မှာ သတင်းလေလွင့် နာမည်ပျက်သွားရင် ဒီရပ်ကွက်မှာ ခင်လေး အနေအထားက ဆိုးဝါးသွားပါလိမ့်မည်။ ခင်လေးသည် တစ်ယောက်တည်း ဝမ်းပန်းတနည်း ငိုရင်းရှိုက်ရင်း ဝရန်တာကနေ အိမ်ထဲရောက်အောင် မတ်တတ်မရပ်ဝံ့ဘဲ လေးဖက်လေးထောက်လျက် ကုန်းကုန်း ကုန်းကုန်း ဝင်လာခဲ့ပါသည်။

www.burmeseclassic.com



ဒီအတိုင်းပစ်ထားတဲ့ ဈေးခြင်းထဲက ပုစွန်တွေတော့ ပုပ်ကုန်တော့မလားပင်။ ခင်လေးသည် အိမ်ထဲရောက်တဲ့အထိ ရောင်ရမ်းပြီး ထ,မရပ်မိဘဲ ပုပု ပုပုနှင့် လျှောက်သွားနေမိပါသည်။ ဖုန်းတင်ထားတဲ့ စားပွဲဆီလာကာ ဖုန်းကိုယူပြီး ခလုတ်တချို့နှိပ်လိုက်သည်။

မျက်ရည်တွေကိုသုတ် နှာရည်ကိုရှုံ့သွင်းနေစဉ်ပင်...

"ဟယ်လို ... ခင်လေး"

"ကို ... ကိုလတ်"

"ဟင် ... ခင်လေး၊ ဘာဖြစ်လို့လဲ၊ ခင်လေးအသံ ဘာဖြစ်နေတာလဲ"

"ကိုလတ် ... ခင်လေးလေ"

"ခင်လေး ဘာဖြစ်လဲ ပြော၊ ငိုနေတာလား"

"ဟုတ်၊ အိ ... ဟင့်"

ခင်လေးသည် ဝမ်းသာဝမ်းနည်းနှင့် တိတ်တိတ်လေး အောင့်ကျိတ်ဆက်ငိုနေမိပါသည်။

"ခင်လေး ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ ... ပြောလေ"

ခင်လေးသည် သူ့ဘက်က တိုပြတ်တုံးတိ ဆက်ဆံလွှတ်လည်းပဲ သံယောဇဉ်မပြတ်ရှာတဲ့ ကိုလတ်ကိုလည်း သနားကရုဏာသက်စွာ ကျေးဇူးတင်စွာ ရင်ထဲဆို့နင့်နေပြီး တိတ်တိတ်လေး တောင်းပန်နေမိပါသည်။





"ခင်လေး ... ပြောပါ၊ ကျွန်တော် စိတ်ပူလှပြီ"

"ကိုလတ်"

"ခင်လေး ကျွန်တော် အခုလာခဲ့ရမလားဟင်"

"ဟုတ် ... ဟုတ်ကဲ့"

"ခင်လေး ဘယ်မှာလဲ၊ အိမ်မှာပဲလားဟင်"

"ဟုတ် ... ဟုတ်ကဲ့"

"ကျွန်တော် အခုလာပြီ ခင်လေး"

ဖျတ်ခနဲ အဆက်အသွယ်ပြတ်သွားတဲ့ ဖုန်းလိုင်းကို ခင်လေးဘက်ကပါ ပိတ်လိုက်ရင်း ဖုန်းကိုဘေးချ၍ တိုက်ခန်းရဲ့ဟိုးအနောက်ဘက်ထဲအထိ ကုန်းကုန်းကွကွလေးနှင့်ပဲ ဝင်လာခဲ့မိသည်။ ကိုယ့်အိမ်ထဲမှာကိုယ် ဦးဘစိုးတင့်လည်း လုမ်းမြင်နိုင်တာမဟုတ်ဘူး ဆိုတာမျိုးကို မေ့လျော့ပြီး ကိုယ့်ကိုဘယ်နေရာကနေ ဘယ်သူတွေ ချောင်းနေမလဲ မြင်နေရမလဲဆိုတဲ့ မလုံခြုံစိတ်သာ ကြီးစိုးနေတာပင်။

ကြွေပြားတွေခင်းထားတဲ့ မီးဖိုကြမ်းပြင်ပေါ်ထိုင်ကာ ခုံရှည်တစ်ခုကိုမှီရင်း ဝမ်းပန်းတနည်း ဆက်ငိုနေမိသည်။ ကိုလတ်လာခဲ့မယ်ဆိုတော့ အားရှိသွားကာ စိုးရွံ့ကြောက်လန့်စိတ်တော့ပျောက်သွားပေမယ့် ဝမ်းတော့ အကြီးအကျယ်နည်းနေဆဲ။ ဘာကြောင့်ဒီလောက်တောင် ဝမ်းနည်းနေရတာလဲလို့ ကိုယ့်ကိုယ်ကိုယ်ဝင်မမြင်ကတ်လာတဲ့အထိ ရင်ထဲ နင့်ခဲကြေကွဲနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးသည် ဘယ်လောက်တောင် သတိလက်လွတ် ဖြစ်နေမိတယ်မသိ။ ရုတ်တရက် အိမ်ရှေ့တံခါးဆီမှ သော့ဖွင့်သံ တံခါးဖွင့်သံတွေ ကြားလိုက်ရလျှင် ခေါင်းနပန်းကြီးသွားပြီး ဘာမှမတွေးနိုင်ခင် ရင်ဒိတ်ဒိတ်တုန်အောင် လန့်သွားပါသည်။

တံခါးကိုဖွင့်ဝင်လာတာ။ အဲဒီနောက် ခြေသံ။

ထိုခြေသံက နောက်ဖေးထိ တရှပ်ရှပ် ခပ်သွက်သွက်နီးကပ်လာကာ ...

"ခင်လေး"

စိုးရိမ်တကြီး ခေါ်လိုက်သံကြားမှ ခင်လေးက နံရံကိုမှီကာ ကျုံ့ကျုံ့ကုပ်ကုပ်လေး ထိုင်နေရာမှ ခေါင်းကို မီးဖိုတံခါးပေါက်မှထွက်ပြီး ကြည့်လိုက်သည်။

"ခင်လေး"

ကိုလတ်က ခင်လေးကိုတွေ့လျှင် စိုးရိမ်တကြီး ထပ်အော်ကာ ခင်လေးအနား အပြေးလာထိုင်ချလိုက်ပြီး ...

"ခင်လေး ... ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ"

ပန်းနုစ်ဖက်ကို ကိုင်ကာ လှုပ်ကာ ပါးနှစ်ဖက်ကို ညှပ်ယူမော့ကာ ဟိုကြည့် ဒီကြည့်နှင့် ဒဏ်ရာဒဏ်ချက်တွေပဲတွေ့တော့မလို ဘုမသိ ဘမသိ သွေးရူးသွေးတန်း ရှာဖွေနေတဲ့ ကိုလတ် သက်ကို ဆုပ်ကိုင်မိရင်း ...

"ခင်လေး ဘာမှမဖြစ်ဘူး၊ ခင်လေး ဘာမှမဖြစ်ပါဘူး"





"ဒါဖြင့် ဘာလို့ငိုနေတာလဲ၊ ဟင် ... ခင်လေး"

ခင်လေးသည် သူ့ လက်နှစ်ဖက်နှင့် ညှပ်ယူမော့ထားတဲ့ မျက်နှာလေး အလိုက်သင့်နှင့် ကိုလတ်ကို ဝမ်းပန်းတနည်း စိုက်ကြည့်နေမိသည်။ မျက်ရည်စတွေကတော့ ပါးပေါ်ပြည်းပြည်း စီးလိမ့်ကျနေတုန်း။

"ခင်လေး ပြောပါ၊ ဘာဖြစ်လို့ ငိုနေတာလဲ"

"ခင်လေး စိတ်ညစ်လို့ပါ"

"ခင်လေး ဘာဖြစ်လို့ စိတ်ညစ်တာလဲ"

ကိုလတ်က ဘေးဘီဝဲယာ ငဲ့ကြည့်ရင်း ဘာမှမထုတ်ရသေးတဲ့ ဈေးဆွဲခြင်းကိုမြင်ကာ ...

"ခင်လေး ဈေးက ပြန်လာတာလား"

"အင်း"

"ဈေးမှာ ဘာဖြစ်ခဲ့လို့လဲ"

ချော့မော့တဲ့လေသံနှင့် မေးလိုက်တဲ့ ကိုလတ်ကို နူးစိုက်ကြည့်နေရင်း ခင်လေးရဲ့ဘယ်ဘက်ရင်အုံထဲ ကျင်ရှုရှုနွေးလာပါသည်။ တွန့်ချိုးထားတဲ့ မျက်ခုံးများအောက်က မျက်ဝန်းညိုညိုများထဲမှာ အကြင်နာတရားကို ခင်လေး ထင်ထင်ရှားရှား တွေ့ပါသည်။

ကိုလတ်ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်နဲ့ မတွေ့သေးခင် ခင်လေးက ဘာကြောင့်များ မကောင်းသော အဖြစ်အပျက်ဆိုးများနှင့် ကြုံကြိုက်နှင့်ပြီး ဖြစ်ခဲ့ရတာလဲ။ ကံကြမ္မာက ခင်လေးကို ဘာကြောင့် ရက်စက်တာလဲ။ ခင်လေးဘဝက ဘာဖြစ်လို့ နာကြည်းစရာ ကြေကွဲစရာကောင်းခဲ့တာလဲ။

"ခင်လေး"

ကိုလတ်သည် စကားတွေများစွာ ပြောနေသော မျက်ဝန်းသေများနှင့် သူ့ကို မျက်တောင်မခတ် ကြည့်နေတဲ့ ခင်လေး မျက်နှာလေးကို ဆက်ပြီးကြည့်မနေရက်၍ ထိုမျက်နှာလေးကို သူ့ရင်ခွင်သို့ ဆွဲယူအပ်လိုက်ပါသည်။

"ခင်လေး ဘာကိုမှ သိပ်မတွေးပါနဲ့၊ စိတ်လျှော့လိုက်ပါ ခင်လေးရယ်၊ ခင်လေး ခံစားနေရတာတွေကို ကျွန်တော် အကြမ်းဖျဉ်းသိတယ်၊ ခေါင်းထဲက ထုတ်လိုက်ပါ၊ ဘာမှ မဖြစ်ပါဘူး၊ စိတ်အေးအေးထားပါ၊ လိုအပ်တာထက်ပိုခံစားနေရင် ခင်လေး ရူးသွားလိမ့်မယ်"

"ကိုလတ်"

"ခင်လေး"

"ဈေးထဲမှာ ဟိုလူကြီးနဲ့တွေ့တယ်"

"ဘယ်သူလဲ"





"ဦးဘစိုးတင့်"

"သူက ခင်လေးကို ဘာလုပ်လဲ"

"အိမ်အထိ နောက်ကပါလာတယ်၊ အနှောင့်အယှက်ပေးတဲ့စကားတွေပြောပြီး နှင်ထုတ်လို့လည်း မရဘူး၊ သူက ခင်လေးရဲ့ အင်းစိန်အိမ်ကိုလည်း သိနေတယ်၊ အခုတော့ ဒီအိမ်မှာ တစ်ယောက်တည်းနေတာလားဆိုပြီး လိုက်လာတယ်"

"လိုက်လာပြီးတော့"

"မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတယ်၊ ခင်လေးက ရှေ့က ခပ်သုတ်သုတ်ပြန်ပြီး မြန်မြန်တက်လာခဲ့တာ၊ သူ လိုက်တော့ တက်မလာဘူး"

"တောက်"

ကိုလတ်က ဒေါသတကြီး တောက်ခတ်လိုက်ပြီး ခင်လေး ရှေ့ထိုင်နေရာမှ ထ,ရပ်လိုက်ပါသည်။ အိမ်ရှေ့ကိုထွက်သွားတာမို့ ခင်လေးကပါ လူးလဲထ,လိုက်ရင်း ...

"ကိုလတ် ... ကိုလတ်"

"တောက် ... ဒီကောင်ကြီးကို သွားပြောပစ်ရမယ်"

"မပြောပါနဲ့ ကိုလတ်၊ ခင်လေး ကြောက်တယ်"

"ဘာကိုကြောက်တာလဲ ခင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ် ရှိတုန်းတော့ သူက ဘာမှမလုပ်ဘဲ ကိုလတ် မရှိဘဲ ခင်လေး တစ်ယောက်တည်း ကျန်တော့မှ ဒုက္ခပေးမှာ လာနှောင့်ယှက်မှာ ကြောက်တယ်"

"ခင်လေးရယ် ... တရားဥပဒေမရှိတဲ့နိုင်ငံမှ မဟုတ်ဘဲ၊ သူ တင်သလို နှောင့်ယှက်လို့ ဒုက္ခပေးလို့ရမလား"

"အရှက်ခွဲမှာ ကြောက်တယ်"

ခင်လေးရဲ့အသံတိမ်တိမ်နောက်တွင် ကိုလတ် ဘာမှထပ်မပြောဘာ။ ခင်လေးကိုသာ သနားကြင်နာစွာ ပခုံးလေးမှ ထွေးဖက်ထား လိုက်မိသည်။ သူ့မှာ အသားယူလိုခြင်း အခွင့်အရေးယူလိုခြင်းစိတ်မျိုး မရှိတာကို ရှင်းပြဖို့တောင် လိုမယ်မထင်ပါ။ သနားလွန်း၍ ရင်ခွင်ထဲသာ ထည့်ထားလိုက်ချင်တော့တာမျိုးပင်။

ဖြစ်နိုင်ရင် သူ့ခြေပေါ်တောင် သူ ရပ်မနေစေချင်၊ ကောက်ပြီး ပွေ့ချီထားလိုက်ချင်တဲ့အထိ နှစ်သိမ့်ချော့မော့ပေးချင်နေမိတာပါ။

"ကိုလတ် ကွယ်ပြီးကြည့်နော်"

ခင်လေးက စိုးရိမ်နေ၍ ခင်လေး စကားအတိုင်း ခပ်ကွယ်ကွယ်နှင့် ကြည့်ရသည်။ တောက် ... အလကားကောင်ကြီး။

"ရှိသေးလားဟင်"

"အင်း ... ရှိတယ်"





"ကြာလှပြီ"

"ကျွန်တော် ဝရန်တာမှာ ထွက်ရပ်လိုက်မယ် ခင်လေးရဲ့၊ ကျွန်တော့်ကို သူ သိတာပဲဟာ၊ ရှိန်သွားမှာပေါ့"

"ဘယ်အထပ် ဘယ်အခန်းလဲ သိသွားမှာပေါ့"

"သိလည်း သိပစေလေ၊ ကျွန်တော် ရှိနေတာပဲဟာ၊ သူ အခုမသိလည်း နောက်တစ်နေ့နေ့ သိမှာပဲ ခင်လေး၊ ကျွန်တော့်ကို ခင်လေးအခန်းမှာ တွေ့ရင် နည်းနည်းတော့ သူ မူမှာပါ"

"ခင်လေးကို သူက တစ်ယောက်တည်း နေတာလားမေးလို့ ခင်လေးက ခင်လေးယောကျ်ားနဲ့ နေတာလို့ ပြောထားသေးတယ် ကိုလတ်ရဲ့"

ကိုလတ်က ခဏစဉ်းစားရင်း ...

"ကိစ္စမရှိဘူး၊ အဲဒါ ပိုတောင်ကောင်းသေးတယ်"

"ကိုလတ်ကို သူက"

"ထင်ပစေ"

ခင်လေးက ဘာမှမပြောတော့ပါ။ တွေတွေငေးငေးကလေးသာ ငြိမ်နေသည်။ ကိုလတ်က ဝရန်တာမှာ မြင်သာထင်သာ ထွက်ရပ်လိုက်ပါသည်။ အဲဒီဘက်ကို သေချာမကြည့်ပေမယ့် ကိုလတ် ထွက်လာတာ မြင်သည်နှင့် ဟိုလူ အမူအရာပျက်လျှက် ရှားသွားတာကို မျက်အိမ်ထောင့်စွန်းက မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ပါ။ ဦးဘစိုးတင့်က ငွေရှင်းပြီး လက်ဖက်ရည်ဆိုင်မှ ထွက်သွားပါတော့သည်။

"သွားပြီ ခင်လေး"

ခင်လေးက ကျောခိုင်းသွားနေတဲ့ ဦးဘစိုးတင့်ကို လှမ်းကြည့်ရင်း သက်ပြင်းလေးချသည်။

"နောင်လည်း သူ့ အရိပ်အကဲတော့ လာကြည့်နေမှာပဲ၊ ခင်လေးကို သူ ခပ်လွယ်လွယ်နဲ့ အချောင်ရလိမ့်မယ်လို့ သူ ထင်နေတာ၊ အလွယ်လေး လက်လျှော့လိုက်မယ်မထင်ဘူး"

"ကျွန်တော်လည်း အမြဲလာနေမှာပေါ့"

ဘယ်လောက်လာနိုင်မှာလဲ ကိုလတ်ရယ်၊ ခင်လေး စိတ်ထဲကပဲ မေးမိပါသည်။ တစ်ချိန်လုံး အနားမှာရှိနေနိုင်တာမျိုးမှ မဟုတ်တာ။

"သိပ်မကြောက်ပါနဲ့ ခင်လေး၊ အခု ခင်လေးက ယောကျ်ားရှိတဲ့သဘော ပြောလိုက်တာလဲ၊ အဟန့်တစ်ခုပဲလေ"

"သူ့ကြည့်ရတာ ယုံပုံမရပါဘူး"

"စဉ်းစားစရာတစ်ချက်အနေနဲ့တော့ အရှိန်အဟန့်ဖြစ်တာပဲပေါ့"

ခင်လေးက တံခါးကိုကြည့်ရင်း ...





"ကိုလတ် ဘယ်လိုဝင်လာတာလဲ၊ ခင်လေး မှန်ထူပြီး တံခါးပိတ်မထားမိတာလား"

"ကျွန်တော် သော့ဖွင့်ဝင်လာတာ"

ခင်လေးက ကိုလတ်လက်ထဲက သော့တွဲကြိုးချိန်းလေးကို ငေးကြည့်နေမိသည်။

"ကျွန်တော် အိမ်လာပြင်တာလေ ခင်လေး၊ ဒီသော့တွေက ကျွန်တော်ပဲ ဝယ်ခတ်ထားတာပဲလေ၊ သံတံခါးသော့ ခလောက်အတွက် သော့တစ်ချောင်းရယ် အထဲက သစ်သားတံခါး ဒိုးလော့ခ်အတွက် သော့တစ်ချောင်းရယ်၊ နှစ်ချောင်းပူးတစ်စုံကို အန်ကယ့်ဆီ လူကြုံနဲ့ ကျွန်တော်ပဲ ပို့ထားတာ၊ ကျွန်တော့်မှာ တစ်စုံရှိနေတာပါ"

ခင်လေးက ကိုလတ်ကို ငေးစိုက်ကြည့်နေမိမြဲ။

"ခင်လေး ... ကျွန်တော် ဒီသော့တစ်စုံ ဆက်ယူထားပါရစေ"

"........."

"နော်"

မသိမသာလေး ခေါင်းကိုညိတ်ပြရင်း ခင်လေးက မီးဖိုထဲ ဝင်လာပါသည်။ သားငါးတွေလည်း ပုပ်များကုန်လေပြီလားပင်။ ရေခဲခြင်းထဲက တစ်ခုပြီးတစ်ခု ထုတ်ကာ ကြွေပြားကင် မီးဖိုခုံပေါ်ချ ရှင်းလင်းသိမ်းဆည်းဖို့ ပြင်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး"

"………"

"ကျွန်တော် အားတယ်၊ မပြန်သေးဘူးနော်"

"………"

"ကျွန်တော်လည်း ကူလုပ်ပေးမယ်နော် ခင်လေး"

ခင်လေး ရင်ထဲက နွေးမြကျင်ရှုတဲ့ ခံစားချက်လေးကို ပျောက်ပျက်မသွားစေချင်တော့ပါ။





## ၉

"ကိုလတ်"

"ခင်လေး"

"ခင်လေးလေ ဆိုင်လေးတစ်ဆိုင် ဖွင့်မလားလို့"

"ဘာဆိုင်လဲ ခင်လေး"

"အင်္ကျီအဝတ်အထည်တွေရောင်းတဲ့ဆိုင်လေ၊ ဒီနားမှာ ဒဂုံစင်တာရှိတယ်၊ ဆိုင်ခန်းများ သူများဆီက အားသွားတာ ရနိုင်မလား၊ စုံစမ်းနေတာ၊ ဒဂုံစင်တာမှာသာရရင် အိမ်နဲ့လည်း နီးနီးနားနားဖြစ်တယ်"

"အင်္ကျီအဝတ်အထည်တွေက ဘယ်ကရမလဲ"

"ဪ … ကိုလတ်ရယ်၊ ခင်လေး ကိုယ်တိုင် ဇန်ကောက်ထွက်ဝယ်မှာပဲပေါ့၊ ခင်လေး ဇန်ကောက်မှာ ဒ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်နဲ့စပ်တာ၊ စရိတ်သက်သက်သာသာနဲ့လည်း တည်းခိုနိုင်တယ်၊ သွားလိုက် ပြန်လိုက် ဝယ်လိုက် ရောင်းလိုက် လုပ်ရမှာပေါ့၊ ခင်လေး အခု ဒီမှာဆိုင်တွေလိုက်ကြည့်နေတာ၊ ဟိုကဈေးထက် ခေါက်ချိုးကျော်ကျော်တင်ထားတာပဲ ကိုလတ်ရဲ့ ...

အဲဒီအလုပ်က ကိုယ်လည်း လုပ်တတ်လုပ်နိုင်ပြီး ခင်လေး ရပ်တည်ဖို့လည်း အဆင်ပြေမယ်လို့ ထင်တယ်၊ ခင်လေး အလုပ်လိုက်ရှာ စုံစမ်းနေတာ၊ ခင်လေးလည်း ရပ်တည်လို့ရ၊ မေမေကိုလည်း ထောက်ပံ့လို့ရမယ့်ဝင်ငွေမျိုး ရနိုင်မယ့်အလုပ်က မရှိဘူး၊ ရှားတယ်"

စားပွဲပေါ်မှာ နှစ်ဦးသား တံတောင်ဆစ်ထောက်မေးထောက်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက် ခပ်နီးနီးလေး စိုက်ကြည့်နေကာ မျက်တောင်မခတ် မျက်နှာမလွှဲစတမ်း ကျန်တဲ့လက်တစ်ဖက်ချင်း ဆုပ်ကိုင်ထားတဲ့ပုံစံနှင့် ခင်လေးနှင့် ကိုလတ်က ပြုံးပြုံးကလေး ကြည်နူးနေပါသည်။

တစ်ဦးရဲ့ရင်ထဲက ဖုထည်အဟုန် ကြီးမားပြင်းထန်နေတဲ့ ချစ်ခြင်းမေတ္တာကို နောက်တစ်ဦးက ဘယ်လိုမှ မလွန်ဆန်နိုင်ဘဲ သူတို့နှစ်ယောက် ချစ်မိသွားခဲ့ကြလေပြီ။ ဖြစ်သင့်ဖြစ်ထိုက်သလား၊ ချစ်သင့် ချစ်ထိုက်သလားဆိုတဲ့ နောင်အရှည်ကိစ္စတွေကို သူတို့ ထည့်မစဉ်းစားတော့ပါ။





ဒါတွေကို စဉ်းစားနေရင် သူတို့မှာ နေစရာနေရာလည်း ရှိမှာမဟုတ်ရုံမက မွန်းကျပ်ပင်ပန်းဆင်းရဲလို့ ဆုံးမှာမဟုတ်။ သူတို့နှစ်ဦးသားရဲ့ စိတ်၏ကြည်နူးချမ်းသာခြင်းလေးတစ်ခုတည်းကိုသာ ကွက်ကွက်ကလေး ရှေ့ရှုပြီး တွဲဆက်လိုက်တဲ့လက်များပါ။

တစ်နေ့သောအခါ တစ်ချိန်မှာ ဆိုတဲ့ ရှည်ရှယ်ချက်အတွေးမျိုး စိတ်ကူးမျိုးကို ခေါင်းထဲမထည့်မိပါ။ ဘာကိုမှကို ခေါင်းထဲထည့်မနေမိတော့တာပါ။ ကိုလတ်က ခင်လေးကို သိပ်ချစ်တယ်၊ ခင်လေးက ကိုလတ်ကို အရမ်းချစ်တယ်ဆိုတဲ့ အချက်ကလေးနှစ်ချက်အပေါ်မှာပဲ အာရုံစိုက်ပြီး သူတို့ပတ်သက်လိုက်မိတာ။

"ခင်လေး"

"ကိုလတ်"

"အဲသလိုဆိုရင် ခင်လေး ဗန်ကောက်ကို ခဏ ခဏသွားနေရမှာပေါ့"

"အင်းပေါ့ ကိုလတ်ရယ်၊ ခင်လေး စဉ်းစားနိုင်တာနှစ်ခုပဲ ရှိတယ်၊ တစ်ခုက ခင်လေးကိုယ်တိုင် ထွက်ဝယ်ပြီး ဆိုင်ဖွင့်မလား၊ နောက်တစ်ချက်က ဆိုင်မဖွင့်ဘဲ အဝယ်ထွက်ပြီး ဆိုင်တွေခပ်များများကို ပြန်သွင်း ပြန်ဖြန့်မလား။ နှစ်ခုစလုံး မဆိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး ဗန်ကောက် ခဏခဏသွားမှာကို စိတ်မချဘူး"

"ခင်လေးကို အဲလိုမပြောနဲ့ ကိုလတ်ရယ်"

"စိတ်မှမချတာ"

"ခင်လေးက ဟိုရောက်ရင် ဘာလုပ်မယ် ထင်လို့လဲ"

"ခင်လေး ကောင်းကောင်းလေး နေမယ်ဆိုတာ ကိုယ်သိတာပေါ့၊ အန်ကယ်မိုးဆွေတို့ အန်တီနန်းနန်းတို့ အသိုင်းအဝိုင်းနဲ့ အဝေးဆုံးမှာ ရှောင်နေမယ်ဆိုတာ သိတာပေါ့၊ ဒါပေမဲ့ ကိုယ်ကရှောင်နေနိုင်တိုင်း အန္တရာယ်ကင်းတာ မဟုတ်ဘူး ခင်လေး၊ အခုဆိုရင်ပဲ ခင်လေး ကြည့်ပါလား၊ ကိုယ့်ကိုနှောင့်ယှက် ဖျက်ဆီးချင်တဲ့သူက သူ့ဟာနဲ့သူရှာဖွေပြီး ရောက်လာမှာပဲ ...

နောက်ပြီးတော့လည်း ..."

ကိုလတ်က စကားကို ရင်နင့်နင့်နှင့် ရပ်ထားလိုက်ပါသည်။ ပြီးခဲ့တဲ့ရက်ပိုင်းများက အန်ကယ်ဦးမိုးဆွေထံမှ ကြားခဲ့ရတဲ့စကားသံများကို ပြန်ပြီးကြားယောင်လာပါသည်။

"ကိုလတ် ... ငါ နန်းနဲ့လမ်းခွဲဖို့ ရှေ့နေနဲ့ စီစဉ်နေတယ်"

ဒီစကားဟာ ကိုလတ်အတွက် မင်္ဂလာရှိတဲ့ ဝမ်းသာစရာကောင်းတဲ့သတင်း မဟုတ်။ ကိုလတ်သည် ရင်တွေတဒိတ်ဒိတ်ခုန်လာကာ ...

"ဘာဖြစ်လို့လဲ အန်ကယ်"





"မင်းလည်းသိတဲ့အတိုင်းပဲလေ၊ ငါတို့အိမ်ထောင်ရေးက ကျိုးပဲ့နေတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ၊ နှစ်ယောက်စလုံးက တစ်ယောက်အပေါ် တစ်ယောက် စေတနာမေတ္တာတွေ ခန်းခြောက်နေမှတော့ အတူတူ ဘာလုပ်ဖို့ ဆက်နေနေဦးမှာလဲ၊ တကယ်တော့ ဒီလိုဖြစ်သင့်တာ ကြာခဲ့ပြီပဲ"

ကိုလတ် စကားမပြန်နိုင်ခဲ့။

"မင်း ဘယ့်လိုသဘောရလဲ"

"ကျွန်တော် မပြောတတ်ဘူး"

တကယ်တော့ အန်ကယ်ဦးမိုးဆွေနှင့် အန်တီဒေါ်နန်းနန်းတို့ရဲ့ အိမ်ထောင်ရေးဟာ ခြောက်ကပ်အေးစက်ဝတ်ကြားအက်ခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းကပင်။ ဒါကို မေမေတောင် မသိပေမယ့် ကိုလတ် သိသည်။ ဘာကြောင့်လဲဆိုတော့ အန်ကယ်က ကိုလတ်ကို တူလို သားလိုထက် သူငယ်ချင်းပေါင်း ပေါင်းခဲ့လို့ပင်။

ခပ်ငယ်ငယ်ကတည်းက အန်ကယ်တို့အိမ်မှာ ဝင်ကာထွက်ကာ စားသောက်အိမ် လုပ်နေခဲ့တာမို့ သူတို့ရဲ့ရာဇဝင်ကို အစုံအလင် သိနေပါသည်။

သူ အမွေရတဲ့အထုပ်ပိုက်ကာ ခပ်တေတေလေလေနေခဲ့တဲ့ အန်ကယ်ဦးမိုးဆွေဟာ သူ့ငွေကြေးလည်း ကုန်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



အဘော်အသက်ကြီးမှ သူ့လိုပဲ မိဘမရှိထင်သလို ဆိုရှယ်ကျကျ နေတတ်တဲ့ အန်တီနန်းနှင့် ချိတ်,ချိင်္ခ၊ချင်း ချိတ်မိကြတာပင်။ နှုးစာကပါလာတော့ သူတို့နှစ်ယောက် အိမ်ထောင်ကျခဲ့ကြသည်။

လည်လွှန်းတဲ့ဘီး ချေးသင့်ဆိုဇဲ့ ဘားဆိုရိုးကို ကိုးကားလျှင် ဒေါ်နန်းနန်းဆိုတဲ့ဘီး ချေးသင့်သွားတာလား၊ ဦးမိုးဆွေဆိုတဲ့ဘီးက ချေးသင့်သွားတာလား ဆိုတာပင် အတော် အဖြေပေးရခက်သည့် အနေအထားမှာရှိသည်။ သေချာတာကတော့ အသီးသီး အသက အပြန်အလှန် စွန်းထင်းပေကျံခဲ့ကြတာပင်။

အန်ကယ် အမြတ်ထွက်တာက ဒေါ်နန်းနန်းရဲ့အမွေ အနှစ်ထုပ်က သူ့လောက်မပြားချပ်သေးရာ အိမ်ထောင်ကျကာ အခြေတကျ အလုပ်အကိုင်လေးတစ်ခု စွဲစွဲမြဲမြဲ လုပ်တော့မည့် အန်ကယ့်အတွက် အရင်းအနှီးလေး မ,တည်နိုင်ခဲ့တာ။ အန်ကယ် က လုပ်ရည်ကိုင်ရည်ရှိသူ ထက်မြက်သူဖြစ်ရာ သူတို့အနေအထား က အရင်နဲ့မတူ တရိပ်ရိပ်တက်လာတော့တာဖြစ်သည်။

အိမ်ထောင်ကျပြီးနောက် အန်ကယ်က အချိုးပြင် ခြေငြိမ်ပြောင်းလဲသွားခဲ့ပေမယ့် အန်တီနန်းက အရင်အချိုးအချိတ် မှ သိပ်ပြောင်းလဲတာ မဟုတ်။ ဝတ်စားပြင်ဆင် သုံးဖြုန်းပြီး တွဲချင်သူနှင့်တွဲတုန်း။ အန်ကယ်က ရှေ့ကရှာ၊ အန်တီကနောက် ကဖြုန်း။





ဒါတွေကို ကိုလတ် မျက်စိနှင့် မြင်နေခဲ့တာပင်။ အန်ကယ်က သူ့ပွဲရုံလုပ်ငန်းထဲ အန်တီမကူညီပေမယ့် စိန်ရွှေရတနာ ဆိုင်လေးဆိုရင်ဖြင့် စိတ်ပါဝင်စားလေမလားလို့ အန်တီ့အတွက် ရတနာဆိုင်တစ်ဆိုင် ထူထောင်ပေးခဲ့ပါသည်။

ရတနာဆိုင်လေးက အထိုက်အလျောက် ဝင်ငွေတွေ ကောင်းနေပေမယ့် အန်တီ့မှာ ဘာမှအဖတ်မတင်။ ရသမျှဟာ သူ့ရဲ့အတွဲအဖော်တွေကို ဖို့ရပေးရကမ်းရသည်နှင့် ကုန်လေသည်။ ဒီအခြေအနေကို ဆက်သည်းခံ လက်ပိုက်ကြည့်မနေလိုတော့တဲ့ အန်ကယ်ဟာ အန်တီ့ကိုတော့ သူ့စီးပွားရေးရဲ့ အခြေခံအုတ်မြစ်, သူ့ကျေးဇူးရှင် တစ်စိတ်တစ်ပိုင်းလို့လည်း သတ်မှတ်ထားတာဖြစ် ရာ ကွာရှင်းပစ်ဖို့ ထားရစ်ဖို့ စိတ်မကူးရှာပါ။

အဲဒီအချိန်မှာ သူ့ဟာသူ အကောင်းဆုံးဖြစ်မည် ထင်တာကို ဆုံးဖြတ်လိုက်တာကတော့ ဒီက သူ့ပွဲရုံနှင့် စီးပွားရေး တွေ ပိုင်ဆိုင်မှုတွေကို ရောင်းချပြီး ဗန်ကောက်မှာ သွားရောက် အခြေချလိုက်တာပင်။ ရတနာဆိုင်ကို ဟိုမှာပြန်အစပျိုးသည်။ ဒီမှာ နေစရာအိမ်, ကား, စီးပွားရေး ဘာတစ်ခုမှ မရှိတော့ဘဲ ဟိုမှာအိမ်ဝယ်သည်။ စီးပွားရေးကိုစသည်။

နိုင်ငံပါပြောင်းပြီး အခြေချနေထိုင်လိုက်တာမို့ အန်တီ လည်း သူ့အဆက်အသွယ် အဖော်အပေါင်းတွေနှင့် ဇာတ်လမ်း တွေ အဆုံးသတ်ကုန်မည်လို့ အန်ကယ်ယူဆခဲ့တဲ့ တွက်ကိန်းက မမှန်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အန်တီအဆွယ်အပွား ဖာတ်လမ်းတွဲတချို့က ဟို
အထိ ပြောင်းရွှေ့လိုက်ပါလာကာ သူတို့ပါ အခြေချလာကြတာတွေ
ရှိလာသည်။ တကယ်တော့ သူတို့အိမ်ထောင်ရေးမှာ ပြုံးပြုံး ပြုံးပြ
နှင့် မထင်ရဘဲ ယဉ်ယဉ်ကလေး ဆိုးဝါးသူက အန်တီနန်းနန်
သာ။

ဟိုကိုရွှေ့ပြောင်းစဉ်မှာ ဒီက ရတနာဆိုင်က အရောင်
ဝန်ထမ်းတချို့ကိုပါ ဝန်ထမ်းအဖြစ် ခေါ်ဆောင်သွားခဲ့တဲ့အထဲ
"ခင်လေးချာဖြူ"လည်း ပါခဲ့သည်။ အဲဒီရဲ့အရင်က ခင်လေးကို
ကိုလတ် မသိပါ။ ရန်ကုန်က ရတနာဆိုင်တုန်းက အဝင်အထွက်
မရှိခဲ့၍ ခင်လေးကို မသိခဲ့ရ။

အန်ကယ်က ဟိုမှာ မြို့တွင်းတက္ကစီနှင့် Tou
ကုမ္ပဏီအသစ် ထပ်မံထူထောင်လုပ်ကိုင်တော့မည်ဆိုမှ ကျောင်း
ပြီးပြီး အားလည်းနေပြီဖြစ်တဲ့ ကိုလတ်ကိုပါ ...

"ဟောကောင် ... မင်းအမေကို သေချာရှင်းပြပြီး ငါ့အလုပ်
မှာ ရှယ်ယာလာပါချည်၊ ဒီအလုပ်က တိုးတက်ကြီးပွားတော
မယ့်အလုပ်၊ မင်းလည်း လာဝင်လုပ်နိုင်သလောက်လုပ်
ဒီမှာနေလိုက် ပြန်လိုက်ပေါ့ကွာ၊ မင်းလည်း အလုပ်တစ်ခု
လုပ်ရမယ့်အရွယ် ရောက်ပြီပဲ၊ ငါနဲ့ လာပူးပေါင်းလုပ်
ငါလည်း တိုင်ပင်ဖော် တိုင်ပင်ဖက် လိုတယ်"





မေမေကလည်း သဘောတူတဲ့အတွက် ဗန်ကောက်
က အန်ကယ့်ကားငှားကုမ္ပဏီမှာ ရှယ်ယာလည်းပါ၊ လုပ်ငန်းလည်း
ကူဖို့ ကိုလတ် ရောက်လာခဲ့တာ။ ဒါပေမဲ့ ကိုလတ်ကိုများသော
အားဖြင့်က အန်ကယ့်ဝန်ထမ်းလို့သာ သိထားကြပါသည်။ သူက
လည်း အဲသလို ထင်လောက်စရာပဲနေသည်။

"မင်းလည်း သိတာပဲ ကိုလတ်၊ မင်းအန်တီနဲ့ ယူပြီးက
တည်းက ငါ အေးအေးဆေးဆေး စီးပွားပဲ ရှာလာခဲ့တာ၊
ငါ သူ့ကို အများကြီး ခွင့်လွှတ်ထားခဲ့တယ်၊ တချို့ကိစ္စ
တွေ ငါမသိလို့မှ မဟုတ်ဘဲ၊ ဒီလုပ်ငန်းတွေရဲ့ဘော့စ်က
သူ့ငွေအပေါ်ရင်းခဲ့တာ၊ သူ့ကျေးဇူးမကင်းဘူးဆိုပြီး နေခဲ့
တာပဲ ...

တကယ်တော့ အပြင်မှာလွှတ်နေတဲ့ မိန်းမတစ်
ယောက်ကို သည်းခံပေါင်းနိုင်တယ် ခွင့်လွှတ်နိုင်တယ်ဆို
တာ ငါ ပါရမီရင့်ကျက်လွန်းလို့ မဟုတ်ဘူး ကိုလတ်၊ ငါ
ကိုက သူ့အပေါ် သိပ်သဝန်မတိုမိ၊ မမွှန်မိတော့တာပဲ၊
တကယ်တော့ ငါတို့ချင်း လင်မယားတော်စပ်ပေမယ့် နန်း
နဲ့ ငါ မပေါင်းခဲ့တာ ဒီရောက်ပြီး သိပ်မကြာခင်ကတည်း
ကပဲ"

ကိုလတ် ငြိမ်သက်တိတ်ဆိတ်နေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခု ငါလည်း အသက်ကြီးလာပြီ ကိုလတ်ရ၊ ငါရဲ့ Life က အဓိပ္ပာယ်မရှိ ဖြစ်နေတာလဲ၊ ကြာပြီ၊ ငါ သူ့ကို စီးပွားခွဲခြမ်းပေးပြီး ကွာရှင်းဖို့ ကမ်းလှမ်းထားတယ် လိုအပ်တာလည်း စုံစမ်းတိုင်ပင်နေတယ်"

"အန်တီနန်းကကော ဘာပြောလဲ"

"သူကတော့ ငွေရေးကြေးရေး သူ့စိတ်တိုင်းကျ ညှိနှိုင်းရင် စဉ်းစားမယ်လို့ ပြောတယ်"

"ဪ"

"ဒီတော့ အခု ရန်ကုန်မှာ စ,ပျိုးလိုက်တဲ့ ကုမ္ပဏီကို မင်း တတ်နိုင်ရင် မင်းတစ်ယောက်တည်း ကိုင်လိုက်စေချင်တယ် ငါ့ကို ချက်ချင်းပိုက်ဆံတွေ ရှင်းလင်းအမ်းထုတ်ပေးစရာ မလိုပါဘူး၊ ဖြည်းဖြည်းချင်း ထုတ်ပေးပေါ့၊ မင်းအမေတတ် နိုင်ပါတယ်၊ ပြီးတော့ ဒီက မင်းရဲ့ရှယ်ယာတချို့ကိုလည်း မင်း ပြန်ထုတ်လိုရင်ထုတ် ဆက်ထားလိုရင်ထား၊ ဒါတော့ မင်းသဘောအတိုင်း လုပ်လို့ရတယ်"

"ဟုတ်"

"အဓိက,က ငါ ကွာရှင်းဖို့ ပြင်ဆင်နေတယ်ဆိုတာ မင်းကို တိုင်ပင်တာပါ"

"အသိပေးတာ မဟုတ်လား အန်ကယ်"





"အေးပေါ့လေ၊ အသိပေးတယ် ဆိုပါတော့၊ ဒါပေမဲ့ မင်း ဘယ်လိုဝေဖန်အကြံပေးချင်လဲ ဆိုတာတော့ ကြားချင်သေးတာ အမှန်ပါပဲ"

တကယ်တမ်းမှာ အန်ကယ် အခုဆုံးဖြတ်လိုက်ပုံက အန်ကယ့်အတွက် ကောင်းပါသည်။ ဒါပေမဲ့ပေါ့လေ။

"ပြောပါဦးကွ"

"ခုလို ဆုံးဖြတ်တာ အန်ကယ့်အတွက် ကောင်းပါတယ်"

"နန်းအတွက် မကောင်းဘူးလား"

"အန်တီနန်းအတွက်လည်း ကောင်းတာပါပဲ"

"ဪ ... မင်းကလည်း၊ ဒါဖြင့် ဘာဖြစ်နေလဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်က ကောင်းပါတယ်လို့ပဲ ပြောတာပဲလေ"

"မင်းကလည်း စကားပြောရ လက်ပေါက်ကပ်လိုက်တာ"

"ကွာရှင်းပြီးရင်ကော အန်ကယ် ဘာဆက်လုပ်မလဲ"

"ဒါတော့ စဉ်းစားတုန်းပါကွာ"

အဲဒီနေ့က အပြန်အလှန် ပြောဆိုဖြစ်ခဲ့တာတွေကို စဉ်းစားရင်း ကိုလတ် ရင်ထဲ ပူပန်စိုးရိမ်ခြင်းနှင့် မောကျပ်ပါလာပါသည်။ သူဟာ အန်ကယ်နဲ့ အနီးကပ်နေခဲ့ကာ အန်ကယ့်ခံစားချက်တွေကို တွေ့မြင်ကျွမ်းဝင်ခဲ့ဖူးသူမို့ ခင်လေးနှင့် ပတ်သက်၍ အန်ကယ့်ရင်ထဲမှာ ဘာရှိနေတယ်ဆိုတာကိုလည်း အနီးစပ်ဆုံး သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ ဘာဖြစ်သေး ကိုလတ်"

ခင်လေးက သူ့ရင်အားကို ပြန်ကောက်ပြီး မေးနေပါပြီ။ သူ ဘာဖြေမလဲ။

"ဟင် ... ကိုလတ်"

"ဘာမှ မဟုတ်ပါဘူး"

"ဟင် ... ကိုလတ်ကလည်း၊ ကိုလတ် တစ်ခုခုပြောမလို့ပါ၊ ခုမှ မပြောတော့ဘဲ လျှော့ချလိုက်တာ"

"မဟုတ်ပါဘူး ခင်လေးရယ်"

"ဟုတ်ပါတယ်၊ ခင်လေး သိပါတယ် ကိုလတ်ရယ်၊ ကိုလတ် မျက်နှာကို ခင်လေး အမြဲဖတ်တတ်ပါတယ်"

"အဟင်း ဟင်း"

သူက သဘောတကျ ရယ်မိသည်။

"မရယ်ပါနဲ့ ကိုလတ်ရဲ့၊ တကယ်ပါ၊ ကိုလတ် မျက်နှာပေါ်မှာ ကိုလတ် မပြောဘဲ ခင်လေး သိရတာတွေအများကြီးပါ၊ ဥပမာ ကစားစပ်ရင်း ကိုလတ်ရဲ့အိမ်အကြောင်းရောက်သွားမိရင် ကိုလတ် ဖြစ်သွားတဲ့မျက်နှာ၊ မသာယာတဲ့ ကျဉ်းကျပ်တဲ့အမူအရာ ဒါတွေကိုကြည့်ရင်း ကိုလတ်ရဲ့မေမေကို ခင်လေးဆီ ,လာလာနေတာ အသိမခံထားဘူးဆိုတာ ခင်လေး သိတဲ့အပြင် ..."

"ခင်လေး"





"ခင်လေးကို အားမနာပါနဲ့ ကိုလတ်ရယ်၊ ခင်လေးကသာ ကိုလတ်ကို အားနာတာ သနားတာ၊ မမျှော်လင့်ဘဲ ကိုလတ်ကို ချစ်မိခဲ့တာ၊ အဲဒီအချစ်ကို မျိုသိပ်မထားနိုင်ခဲ့တာအတွက် အားနာမိတယ်"

"ခင်လေးရယ်"

"ခင်လေးကို ကိုလတ်က မပြောလို့ အတိအကျ မသိပေမယ့် ဆဋ္ဌမအာရုံက အလိုလို သိနေတာတွေရှိတယ်၊ ကိုလတ်အမေ ခင်လေးကို သိတယ်လို့ ထင်တယ်၊ သိလားဟင် ကိုလတ်"

"ခင်လေး"

"သိထားတယ် မဟုတ်လား၊ ကိုလတ်က ပြောပြတာတော့ မဖြစ်နိုင်ပါဘူးနော်၊ ကိုလတ် အဲလောက် မိုက်မဲလို့လား၊ ကိုလတ်မေမေ ဘယ်ကများ သိသလဲဟင်၊ သိတယ်မဟုတ်လား"

ကိုလတ်က ငြိမ်နေမိရာမှ ခင်လေး လက်လေးကို …စ်ချက်ညှစ်ကာ ...

"မေမေက အန်တီနန်းနဲ့ သိတာပဲလေ"

ခင်လေး မျက်နှာလေးက ကွက်ခနဲမည်းကာ အိုမင်း…က်ပွင့်သွားပါသည်။ အန်တီနန်းနှင့် ခင်မင်သူဟာ အန်တီနန်း…မှ ဘယ်လိုစကားမျိုးကို ကြားထားရမလဲဆိုတာ မှန်းလို့ရပါ…သည်။ မခက်ခဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး ဝမ်းမနည်းပါနဲ့"

"ဝမ်းမနည်းတော့ပါဘူး ကိုလတ်ရယ်၊ ခင်လေးကမှမကောင်းတာ၊ မကောင်းသတင်းပဲ ကြားရမှာပေါ့"

"ထမင်းစားကြတော့မလား ခင်လေး"

"ဟင့်အင်း ... ကိုလတ် စကားမလွှဲနဲ့၊ နေပါဦး ကိုလတ်ရယ်၊ ကိုလတ်အမေက ခင်လေးအကြောင်း သိတာကတော့ ဟုတ်ပါပြီ၊ ကိုလတ်နဲ့ ပတ်သက်မှုကိုတော့ အန်ကယ်က နိုင်းလို့ ခင်လေး နေထိုင်စားသောက်ရေးကို ကူညီပေးရတာလောက်ပဲ သိမှာမဟုတ်လား"

"ဟင့်အင်း"

"ဟင် _ ဘယ်လိုသိထားလို့လဲ"

"ခင်လေးကို ကိုယ် စတွေ့ချင်းတုန်းက ..."

ခင်လေး မျက်လုံးလေးများက အရောင်တောက်လက်ကာ ကိုလတ်ကို ငေးငေးဆွေးဆွေးလေး စိုက်ကြည့်နေပါသည်။

"ခင်လေးကို ကိုယ် မြင်မြင်ချင်း အရမ်းချစ်တာ၊ အရမ်းစွဲလမ်းသွားတာကို ကိုယ်နဲ့အတူထွက်လာတဲ့ အစ်ကိုဝမ်းကွဲက သိခဲ့တယ်၊ သူက သဘောတကျဖို့လာတာ၊ သူ့ကို ခင်လေး မသိဘူး၊ ဘန်ကောက်မှာ ခဏပဲနေမယ့်သူဆိုတော့ ကိုယ်ကလည်း ရင်ထဲက ခံစားချက်တွေ ဖွင့်ပြောမိတယ်၊ အဲဒီမှာ အစ်ကိုက အရမ်းစိတ်ပူပြီး မဖြစ်သင့်ဘူးထင်ပြီး မေမေ့ကို လှမ်းအသိပေးခဲ့တယ်"





ခင်လေးသည် လုံးဝသိမထားဖူးတဲ့ အကြောင်းအရာမို့ အံ့အားတသင့်လေး ဖြစ်နေမိပါသည်။

"အဲဒီတော့ မေမေက အရမ်းတားခဲ့ဖူးတယ်"

"ခြော်"

"ကိုယ်ကလည်း ဘာမှရှေ့မဆက်ပါဘူးဆိုတာ ကတိပေးပြီး ခင်လေးရှိတဲ့အနား နေလို့ရအောင် နေခဲ့တာ၊ ဒါပေမဲ့ တစ်ကြိမ်မှာ ကိုယ် ခင်လေးနဲ့ပတ်သက်ပြီး ရေးချင်ရာတွေ လျှောက်ရေးထားမိတဲ့စာအုပ်က ရန်ကုန်ကအိမ်မှာ ကျန်ခဲ့ပြီး မေမေ ဖတ်မိသွားတယ်"

"ကိုလတ်ကလည်းကွယ်"

"မေမေက ကိုယ့်ကိုကြည့်ရှုဖို့၊ စောင့်ရှောက်ဖို့၊ ကိုယ်ဟာ ခင်လေးကို ဒီလို ဒီလို သဘောထားခံစား ချက်မျိုး ရှိနေပါတယ်ဆိုတာ အန်တီနန်းကို လှမ်းအကြောင်းကြားခဲ့သေးတယ်"

"အန်တီနန်း ဘာတွေပြန်ပြောမယ်ဆိုတာ ခင်လေး မှန်းကြည့်လို့ ရပါတယ် ကိုလတ်ရယ်"

"ခင်လေးကို ကိုယ် ဘယ်လောက်ထိ ငြိတွယ်တာ မေမေ အားလုံးသိတယ် ခင်လေး၊ ခင်လေးသာ ခုမှသိပေမယ့် ကိုယ်တို့ဘက်မှာက ပြဿနာတွေ တက်တက်နေခဲ့တာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးလည်း ခုမှသိတာ မဟုတ်ပါဘူး ကိုလတ်ရယ်။ ဟိုးတုန်းကတည်းက စေ့စေ့ကြည့်ဖြစ်ကြတာတောင် ခပ်ရှားရှား အခြေအနေကြားကပဲ ဘယ်အာရုံကသိနေမှန်းမသိ သိနေခဲ့တာလေ။

"ခင်လေး အခု ရန်ကုန်ပြန်လာတာ ကိုလတ်မေမေ သိလို့လား"

"အန်တီနန်း အကြောင်းကြားတာ"

ခင်လေး မျက်နှာလေး မှုန်မှိုင်းသွားပါသည်။ အံကြိတ်လိုက်သလို ပါးကြောလေးလည်း ခပ်တင်းတင်း ဖြစ်လာသည်။

အန်တီနန်း ...။

အန်တီနန်းဟာ တကယ်တော့ ခင်လေးဘဝရဲ့ အမည်းစက်ကို သူကိုယ်တိုင် စုတ်တံကိုင် ရေးခြယ်ခဲ့တဲ့သူလေ။ ခင်လေးသည် အန်ကယ့်ကို ဘယ်လောက်နာကြည်းတယ်ဆိုဆို တစ်စတစ်စ နောက်ပိုင်းတွင် ကိုယ့်ဘဝလေးကို မှုန်းခြေရက်တဲ့သူဆိုတဲ့ နာကြည်းသော ခံစားချက်နှင့်အပြိုင် အထီးကျန်ဆန်ဆန်နှင့် ခင်လေးအပေါ် သံယောဇဉ်ကြီးရှာခဲ့တဲ့ အန်ကယ့်ကို ကရုဏာစိတ်တစ်ဝက်ကလည်း ဝင်ဖြစ်အောင် ဝင်ခဲ့ပါသေးသည်။

အန်တီနန်းကိုတော့ အဲ့အားတသင့် နာကြည်းခဲ့ရသည်မှာ အန်ကယ့်ကို နာကြည်းရတာထက်တောင် ပိုပါရဲ့။

"ခင်လေး"

"........"





"ခင်လေး"

"ကိုလတ်"

"ခင်လေး မျက်နှာအရမ်းပျက်နေတယ်၊ အန်တီ့အပေါ် ခင်လေးမှာ ဘာခံစားချက် ရှိလဲဟင်၊ အန်တီ့အကြောင်း ပြောရင်းက မျက်နှာက အရမ်းတင်းလာတာ"

"အန်တီ့ကို မုန်းတယ်"

ကိုလတ်က ခင်လေးကို ငေးစိုက်ကြည့်နေသည်။ အန်တီက အန်ကယ့်ဇနီးမို့ အန်တီ့ကိုမုန်းတယ်ဆိုတဲ့ စကားဟာ အဓိပ္ပာယ်တစ်မျိုး ချော်ထွက်သွားစေနိုင်သည်။ ခင်လေးက စိတ်လေးတင်းလိုက်ရင်း ...

"ကိုလတ်ကို ခင်လေးဘဝမှာ ဖုံးကွယ်ထားတာ လျှို့ဝှက်ထားတာ မရှိစေချင်ဘူး၊ ခင်လေးအကြောင်း သေးသေးလေးကအစ ကိုလတ် သိခွင့်ရထားမှ ခင်လေး စိတ်လုံခြုံမှာ၊ ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့ပေမယ့် ကိုလတ်ကို ခင်လေး ပြောပြချင်တယ်"

"ခင်လေး အရမ်းစိတ်ဆင်းရဲရမယ်၊ အသစ်ခံစားရမယ်ဆိုရင် မပြောပါနဲ့၊ လျှို့ဝှက်ထားတာလို့လည်း ကိုယ်ယူဆမှာ မဟုတ်ပါဘူး"

"ခင်လေး ပြောချင်တယ် ကိုလတ်၊ ခင်လေး အဖြစ်အပျက်က စော်ကားခံရလို့ ရေတိမ်နစ်ခဲ့တာထက် ဆိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး"

"ကိုလတ် သိလား၊ အန်ကယ်နဲ့ အန်တီက မပေါင်းကြဘူးဆိုတာ"

ကိုလတ်က ငြိမ်နေလိုက်ပါသည်။

"ခင်လေးက ဆိုင်ဝန်ထမ်း ဖြစ်ပေမယ့် အန်တီနန်းက လူရင်းဆိုတဲ့ အကြောင်းပြချက်နဲ့ သူတို့နေတဲ့အထပ်မှာ သူတို့ဝေယျာဝစ္စတွေပါ ခေါ်ခိုင်းထတ်တော့ ခင်လေးက အိမ်ဖော်တစ်ပိုင်းလိုပါပဲ ကိုလတ်ရယ်၊ ဘာပဲခိုင်းခိုင်း အမြဲငွေကြိုထုတ်ချင်နေတဲ့ ခင်လေးကလည်း မျက်နှာသာရအောင်မညည်းမညူ လုပ်ပေးခဲ့တာပါ ...

ဒေါ်ခမ်းကြီးက ချက်ပြုတ် လျှော်ဖွပ်ပဲလုပ်တာ၊ အပေါ်ထပ် အန်ကယ်တို့ အန်တီတို့ ရေချိုးခန်း အိမ်သာတွေအထိ ခင်လေး ဆေးပေးခဲ့ရပါတယ်၊ အန်တီနန်းကို နှိပ်ပေးရတာမျိုး၊ အိပ်ရာပြင်ပေးရတာမျိုးတွေလည်း လုပ်ရတယ်၊ အဲဒီအထပ်ကို တက်ခွင့်ရ အမြဲဝင်ထွက်ခွင့်ရတယ် ...

အဲဒီလိုဖြစ်တဲ့နေ့က အန်ကယ်ကတော့ မူးတော့မူးနေခဲ့ပါတယ်၊ အမူးလွန်နေပြီး ခင်လေးကလည်း သူတို့အထပ်မှာ ရောက်နေတော့ အဖြစ်အပျက်ဟာ ကံဆိုးမိုးမှောင် မတော်တဆ မှားယွင်းခဲ့တာလို့ ခင်လေး ယူဆခဲ့တာ၊ နောက်မှ ... နောက်တော့မှ ခင်လေး ပြန်သိခဲ့ရတာ"





ခင်လေး ပါးပေါ် မျက်ရည်လေး တလိမ့်လိမ့်စီးကျလာသည်။

"ခင်လေး"

"အဲဒါကို သိလိုက်ရတဲ့နေ့က အန်ကယ့်ရုံးခန်းရှိတဲ့အထပ်မှာ ခင်လေး ချောင်တိုးပြီး ငိုနေခဲ့တာ၊ အဲဒီနေ့က ကိုလတ်ကို ခင်လေး စ,တွေ့ဖူးတဲ့နေ့ပဲလေ၊ ကိုလတ် လှေကားက တက်ပြီး ဝင်လာတာ မှတ်မိလား"

"မှတ်မိတာပေါ့ ခင်လေးရယ်"

"အန်တီကိုယ်တိုင် သူများကို ပြန်ပြောပြနေတာကို ခင်လေးနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ၊ အဲဒီနေ့က သူ တမင်တကာဒီအဖြစ်အပျက်ဖြစ်အောင် စီရင်ဖန်တီး ထောက်ချောက်ဆင်ထားတာကိုလေ။ ခင်လေး လွတ်မြောက်နိုင်မယ့် တံခါးပေါက်တွေအားလုံးကိုလည်း အသေပိတ်ထားတယ်၊ ခင်လေးက အန်ကယ်ပဲ ပိတ်ထားတယ် ထင်ခဲ့တာ"

"တော်ပါတော့ ခင်လေး၊ တော်ပါတော့"

"အန်ကယ် ရှိနေမှန်း ခင်လေးကမသိ၊ ခင်လေးရှိနေမှန်း အန်ကယ်ကမသိ။ အန်ကယ်က အရမ်းမူးနေပြီး ခင်လေးမှာ ထွက်သွားစရာ တံခါးပေါက် လုံးဝမရှိခဲ့ဘူး"

"ခင်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနန်းရဲ့ အပြင်ကဇာတ်လမ်းတွေကို အန်ကယ်က သတိပေးတားမြစ်လာတာကြောင့် အန်ကယ့်ကို ပြန်ထောက်စရာ အပြစ်ကွက်တစ်ကွက် မရှိ့ရှိအောင် ဖန်တီးတဲ့သဘောလည်း ပါတယ် ...

အန်ကယ်က အဲဒီကတည်းက စီးပွားခွဲမလို လမ်းခွဲမလို စကားလမ်းကြောင်း စ,လာတာကြောင့် ချည်တိုင်တစ်ခုရှာပြီး တုပ်နှောင်ထားလိုက်တဲ့သဘောလည်းပါတယ်"

"အန်တီနန်းက သူ့ကအပြင်မှာ သုံးဖြုန်းလွန်းတော့ လမ်းခွဲကြရရင် အန်ကယ်က သူ့ကို ဘာမှသိပ်ပေးမှာ မဟုတ်ဘူးလို့ ထင်နေတာ ခင်လေးရဲ့၊ ဒါပေမဲ့ အန်ကယ်က သူ့ကို မျှမျှတတ လုပ်မယ့်သူပါ"

"ဘယ်လိုပဲဖြစ်ဖြစ် သူတို့ချင်းချင်းကြားက ပြဿနာထဲမှာ ခင်လေးကို ရက်ရက်စက်စက် ဆွဲထည့်ဖြေရှင်းခဲ့တယ်၊ အဲဒီနေ့က ခင်လေး ကြားခဲ့တာကို အန်ကယ့်ကိုလာပြီး ပေါက်ကွဲပြောပြမိတော့ အန်ကယ်က ခင်လေးကိုလက်ထပ်ပေးမယ်လို့ ပြောခဲ့ပါတယ်"

"ခင်လေး ဘာဖြစ်လို့ လက်မထပ်ခဲ့တာလဲ"

"ခင်လေးက အချစ်ကို ကိုးကွယ်ချင်တဲ့သူပါ ကိုလတ်၊ မတတ်သာလို့ ပြုလိုက်ရတဲ့ အိမ်ထောင်ကို ခင်လေး တစ်သက်လုံးကြီး ပိုက်ထွေးမသွားချင်ပါဘူး"





"တိတ်ပါတော့ ခင်လေး၊ ဒီအကြောင်းတွေ ရပ်ပါတော့၊ ကိုယ် ရင်နာလှပြီ၊ ရှေ့ဆက်ကြားရရင် ကိုယ် အန်တီနန်းကို တစ်ခုခုတောင် လုပ်ရင်လုပ်မိတော့မယ် ထင်တယ်"

အန်တီနန်းဟာ တစ်ဖက်မှာ ခင်လေးကို ရက်ရက်စက်စက်ခြယ်လှယ်၊ မေမေ့ထံကျတော့ ခင်လေးရဲ့သတင်းအပုပ်ကို ပုံကြီးချဲ့ပေးပို့။ ဒီအဝန်းအဝိုင်းလေး အတွင်းမှာ အတွင်းကျကျ သိသူ တစ်ယောက်စ နှစ်ယောက်စသာ အန်တီနန်းရဲ့လုပ်မှုရေး အရှုပ်အရှင်းတွေကိုသိပြီး များသောအားဖြင့်ကတော့ ဦးမိုးဆွေကြီးက ဒေါ်နန်းနန်း ဝန်ထမ်းတစ်ယောက်နဲ့ အိမ်ထဲမှာတင် ကျိတ်ဖောက်ပြန်နေတာ၊ ဒေါ်နန်းနန်း ခမျာ ဘာမှမပြောသာဆိုတဲ့ လှလှလေး ဆင်ထားသော ဇာတ်လမ်းပမာကိုသာ သိကြတာပါ။

ခုတော့ အန်ကယ်က အန်တီနန်းကို လမ်းခွဲမယ်ဆိုချိန်မှာ ခင်လေးက ရန်ကုန်–ဗန်ကောက် ကူးသန်းစီးပွားရေးလုပ်ဖို့ ကြံရွယ်နေသည်။ ကိုလတ် ရင်တွေ မွန်းကျပ်လို့နေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အပြင်မှာ ရာသီဥတုက ပူနေသည်။

ဒီနှစ် နွေရာသီက ပူလှပါသည်။ ဒီမှာမှမဟုတ်။ ကမ္ဘာအနှံ့ အရပ်ရပ်မှာ အေးတဲ့နေရာတွေက လွန်လွန်ကဲကဲအေး၊ ပူတဲ့နေရာတွေက လွန်လွန်ကဲကဲပူ။ ရာသီဥတုတွေ မမျှတ။

သူ့ရုံးခန်းလေးအတွင်းမှာတော့ အဲကွန်းရဲ့အအေးဓာတ်က ရာသီဥတုကို အံတုပြီး စိမ့်အေးနေပါသည်။ တကယ့်အပြင်မှာ ဖြစ်နေတာနဲ့ အတွင်းထဲမှာ ဖြစ်နေတာ ဆန့်ကျင်ဘက်ပြောင်းပြန်။ သူ့ရင်ထဲမှာလည်း ဒီအတိုင်းပင်။ အပြင်မှာ ပြထားတဲ့သရုပ်ကတစ်ခု။ အတွင်းမှာ ရှိနေတာကတစ်ခု။

ဦးမိုးဆွေက လက်ထဲက စီးကရက်ကို ထိုးခြေလိုက်စဉ် တံခါးက ချပ်ခနဲပွင့်ကာ တစ်စုံတစ်ယောက် ဝင်လာပါသည်။ ရုံးခန်းတံခါးကို မခေါက်ဘဲ ပိုင်စိုးပိုင်နင်း တန်းဖွင့်ဝင်လာမှာ





လောကမှာ ဘယ်နှယောက်ရှိလို့လဲ။ ဦးမိုးဆွေက ဆုံလည်ကုလားထိုင်ကို လမ်းမဘက် ပြတင်းပေါက်ဆီ လှည့်ထားရာမှ သူ့ဘက်ကို လှည့်မကြည့်ပါ။

နေမြဲတိုင်း မလှုပ်မယှက်။

"ဟင်း ... မှန်ထူနေတာပဲ"

သူ့ကို ရုတ်တရက် ဝင်မလာစေချင်လို့ တံခါးကို လော့ခ်ချထားလျှင်ပင် သော့နှင့်တန်းဖွင့်လိုက်ကာ ဝင်ချလာတတ်သူပဲ။

"ဒီဘက်ကြည့်ပါဦး၊ ကိုဆွေ့ကို ပြောစရာရှိတယ်"

ရှေ့ကဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရင်း ဒေါ်နန်းနန်းကပြောလျှင် ဦးမိုးဆွေက စကားနည်းရန်စဲ လုံးဝစောဒကမတက်ဘဲ ကိစ္စတစ်ရပ် မြန်မြန်ထက်ထက် ပြီးဆုံးသွားဖို့ လိုရင်းပဲဆိုတဲ့ အကျင့်ပါနေတဲ့ အတွေးနှင့်ပင် ဆုံလည်ခုံကို သူ့ဘက်လှည့်လိုက်ပါသည်။

"ရှင် ... ဟိုတစ်နေ့က ပြောတဲ့ စကားထဲမှာ ပါလိုက်ပါတယ်"

"........."

"ဘာတဲ့ ... မင်းလည်း အပြင်ကို ဖြန်းပစ်တာတွေ များပြီးတဲ့၊ မင်း တစ်ကိုယ်ရည်သုံးတာ ဖြုန်းတာ မဟုတ်တဲ့ မလို သားအပ်တဲ့ အပေးအကမ်းတွေ ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲဒါ ဘာဖြစ်လို့လဲ"

"နန်းက အဲဒါကို စောဒက မတက်ချင်ပါဘူး၊ ဟုတ်တာ ကလည်း ဟုတ်နေတာပဲလေ"

"ဒါဖြင့် ဘာလာပြောနေတာလဲ"

"ဘာလာပြောတာလဲဆိုတော့ အဲသလို ပြောတဲ့သူက ကိုယ့်ဘက်က ကိုယ်လုံမှ သူတစ်ပါးကို အဲသလိုပြောသင့် တာပေါ့၊ ကိုယ့်မှာလည်း အလားတူပြစ်ချက် ချို့ယွင်းချက် နဲ့ဆိုရင် တစ်ဖက်သားကိုလည်း ဒီကိစ္စမျိုးအတွက် အထု တလည် အပြစ်ထောက်မနေနဲ့တော့ပေါ့"

"မင်း ဘာကိုဆိုလိုတာလဲ နန်း"

"ဘာကိုဆိုလိုလဲ နန်းက ပြန်ရှင်းပြနေရမှာလား"

"ဘာကိုပြောနေမှန်းမှ မသိတာ"

"မသိစရာလား၊ ရှင်ကော ဘယ်သူတွေကို အလကားနေ ရင်း ပေးကမ်းထောက်ပံ့ စွန့်ကြဲထားလဲ၊ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ပါလား၊ သတိပေးနေရအောင်လည်း မေ့ လောက် လျော့လောက်စရာ ဝေးကွာတဲ့ အတိတ်ကာလ မဟုတ်သေးပါဘူး"

"………"

"ကဲ … ပြောလေ"





"ငါ ဘာပြောရမှာလဲ၊ မင်းဟာမင်း ပြောချင်ရင်ပြော မပြောချင်လည်းနေ၊ ငါ့မှာ ဘာမှပြောစရာမရှိဘူး"

"အဲဒါကိုက ရှင် ဖုံးကွယ်နေတာ"

"………"

"ဖုံးကွယ်နေတာက သတ္တိမရှိတာပေါ့၊ သတ္တိမရှိတဲ့လူက လူကြောက်ပဲ၊ ကိုယ်လုပ် လုပ်တယ်ပေါ့၊ ကိုယ်ဟုတ် ဟုတ်တယ်ပေါ့"

ဒေါ်နန်းနန်းက သူ့ဝသီအတိုင်း တစ်ဖက်သားကို မနာ့,နာအောင် မခံချင်မဖြစ်,ဖြစ်အောင် စကားကို ဆွ၍ ကလိ၍ ရိ၍ ပြောသည်။ သို့သော် ဦးမိုးဆွေက အရေထူနေပြီ။ မခံချင် ဖြစ်ပြီး နာပြီး တုံ့ပြန်ရင် စကားအရှာမှာ သူ့လောက်မကြွယ်ဝတဲ့ ကိုယ့်ဘက်ကသာ အရှုံး။

ဒါကြောင့် နာလည်းမနာ မခံချင်လည်းမဖြစ်။ လူ ကြောက်မကလို့ ဘာကြီးဖြစ်ဖြစ် ပြောချင်တာသာပြော။

"ရှင်က အခု ရှင်လုပ်တာကို ဝန်မခံဘူးဆိုတော့ ရှင့်ကိုယ် ရှင် လူကြောက်လို့တော့ ဝန်ခံလိုက်တာပေါ့"

"နားတွေငြီးလိုက်တာကွာ၊ ငါ့မှာ လုပ်စရာအလုပ်တွေရှိ သေးတယ်၊ မြန်မြန်လေး ပြောစရာရှိတာပြောပြီး သွားစမ်း ပါကွာ"

"ရှင် ဝန်မခံဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘာမှဝန်ခံစရာ မရှိဘူး၊ ဝန်ခံတယ် ဆိုတာ အပြစ်လုပ်ထားတဲ့ သူတွေပဲ လုပ်ရမယ့်အလုပ်၊ ငါက ဘာအပြစ်မှ လုပ်ထားတဲ့ကောင် မဟုတ်ဘူး"

"ရှင် အလကားလူပဲ၊ ကြောက်ပဲ၊ အေးလေ ... ဒါလည်း ခုမှမဟုတ်ပါဘူး၊ အရင်ကတည်းက ဒေါသလူတွေတောင် သိနေတာပဲလေ"

ဦးမိုးဆွေ မျက်နှာပေါ်က အကြောစိုင်လေးတွေ တစ်ချက်တော့ တင်းသွားရပါသည်။ ဒါပေမဲ့ ဒေါ်မပွ,ပွအောင် ဆွနေတာဆိုတာ ကိုယ်အသိပဲမို့ သက်ပြင်းတစ်ချက်ချပြီး စိတ်လျှော့လိုက်ပါသည်။

"မင်းပြောချင်တာက ငါ ကြောက်ဖြစ်တာ တစ်ခုပဲလား၊ မင်းပြောသလိုပဲ အရင်ကတည်းက အားလုံးသိပြီးသားပဲ ဆိုရင် ဘာလို့လေကုန်ခံပြီး လာထပ်ပြောနေတာလဲ နန်း၊ ကဲ ... ပြီးပြီလား"

သိပ်ဟုန်လှုပ်မှုမရှိတဲ့ ဦးမိုးဆွေကို ဒေါ်နန်းနန်း အံကြိတ်ကာ ...

"ရှင့်ကို အတည်ပဲ ပြောတော့မယ်"

"အေး ... ဒီလိုမှပေါ့၊ ကဲ ... ပြော"

"ရှင် နွာဖြူ့ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားထားတယ်ပေါ့လေ"





ဦးမိုးဆွေ မျက်နှာက အခုမှ ကွက်ခနဲ ပျက်သွားရပါသည်။ ဒါက လျှို့ဝှက်ချက်လေ။ ဒီကိစ္စကို သူရယ် ကိုလတ်ရယ် နွာဖြူရယ်ကလွဲရင် ဘယ်သူများ သိတာမို့လဲ။ မသိအောင် လျှို့ဝှက်ထားတာပဲ။

"ပြောလေ"

"မင်း ဘာတွေ လာပြောနေတာတုံး နန်း"

"ဟော ... တွေ့လား၊ ရှင်က တကယ့်ကိုလူကြောက်၊ ကိုယ်လုပ်တာ ကိုယ်ဝန်မခံရဲတဲ့သူ"

"မင်း ဘာတွေ အိပ်မက်,မက်ပြီး ပြဿနာလာရှာနေတာလဲ"

"ကဲ ... ဒါဖြင့် ပြောစမ်းပါ၊ အခု နွာဖြူ ဘယ်မှာနေနေလဲ"

"သူ့ဟိုအရင် အင်းစိန်အိမ်မှာပဲ နေမှာပေါ့"

"ဟင်း ဟင်း ... လူလိမ်၊ နွာဖြူက အင်းစိန်မှာတဲ့လား"

"နေစမ်းပါဦး၊ အချိန်ကုန်တယ်၊ မင်း ဘယ်ကကြားလို့ ဘာတွေ လာပြောနေတာလဲ၊ မင်းကို ဘယ်သူပြောတာလဲ"

"ဘယ်သူပြောလဲဆိုတာ ရှင့်ကိုအစီရင်ခံဖို့ မလိုပါဘူးထင်တယ်၊ ဒါပေမဲ့ ဒါဟာ လုံးဝသတင်းမှားတော့ မဟုတ်ဘူး၊ ရှင် မြန်မြန်ဝန်ခံမှာလား ဝန်မခံဘူးလား၊ နွာဖြူ့ဆီကို ဒီအိမ် ဘယ်သူဝယ်ပေးလဲ၊ ကျွန်မလူကို လွှတ်မေးခိုင်းရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

ဦးမိုးဆွေက နည်းနည်းတော့ ခေါင်းနားပန်းကြီး သွားပြီး ...

"မင်းအတွက် ဒီကိစ္စက ဘာအရေးကြီးနေလဲ"

"ကြီးတယ်လေ၊ ရှင်က နန်းကိုပဲ ကြီးလေးတဲ့ စွပ်စွဲချက်တွေ တင်တင်နေတာ၊ ရှင်လည်း အတူတူနဲ့ အနှုန်းနှုန်းပဲဆိုတာ ပေါ်လာတာပေါ့"

"ပေါ်လာတော့ ဘာဖြစ်လဲ"

"ရှင် နန်းကို ဒီအပြစ်တွေ ဒီအပြစ်တွေကြောင့် ပိုင်ဆိုင်မှု ခွဲခြမ်းစိတ်ဖြာတဲ့ နေရာမှာ လျှော့ပေးဖို့ စိတ်မကူးနဲ့"

"သြော် ... အဓိက ငွေရေးကြေးရေးကိုး"

"ဟုတ်တယ်၊ အဲဒါပဲ"

"ကဲ ... မင်း စိတ်အေးအေးထားပြီး သွားတော့၊ ငါ မင်းကို ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး မမျှမတ နိုင်ထက်စီးနင်းလုပ်ဖို့ ရည်ရွယ်ချက် မရှိဘူး နန်း၊ ဒါဆို ပြီးရောပေါ့"

"မပြီးသေးဘူး"

"ရော ... ခက်တော့နေပြီ၊ ဘာကမပြီးပြန်တာလဲ"

"ရှင်က နိုင်ထက်စီးနင်း မမျှမတ မလုပ်ဘူး ဆိုတာကို ဟိုးအပေါ်စီးကနေ စိတ်သဘောထားပြည့်ဝတဲ့ သူတော်





ကောင်းကြီးပုံစံနဲ့ ပြောတာကို လက်မခံနိုင်ဘူး၊ ကျွန်မလည်း ကျွန်မအပြစ်နဲ့၊ ရှင်လည်း ရှင့်အပြစ်နဲ့မို့ သူ့မသာကိုယ်မနာ သာတူညီမျှ ဖြစ်ကြတာဆိုတဲ့ အခြေအနေကိုပဲ လိုချင်တယ်"

"မင်းက ရလေလိုလေ အိုတစ္ဆေပါလား၊ ငွေရရင်ပြီးပြီ မဟုတ်လား"

"ရှင်ကတော့ ငွေရော နာမည်ကောင်းရော ရမှာလေ၊ မညီမျှဘူး၊ ရှင်လည်း နာမည်ကောင်း မရထိုက်ဘူး၊ ဒါကြောင့် ဝန်ခံပါ၊ ဝန်မခံရင် ခုချက်ချင်းပဲ ကျွန်မရဲ့လူကို နှာဖူးဆီ လွှတ်ရလိမ့်မယ်"

ဦးမိုးဆွေ မျက်နှာကြီးက မည်းပုပ်လာပြီး ...

"လွှတ်ပြီး မင်း ဘာလုပ်မှာလဲ"

"နင် ဒီအိမ် ဘယ်ကရလဲ၊ ဘယ်သူ့ အထောက်အပံ့လဲ၊ ဘယ်သူက စပွန်ဆာလုပ်တာလဲ မေးရမှာပေါ့"

"တောက် ... အလကားနေရင်း မင်း သူများအပေါ် ဘာဖြစ်လို့ နှောင့်ယှက်ဖို့ စိတ်ကူးတွေ ဝင်ရတာလဲ"

"ရှင်ဝန်မခံလို့၊ ရှင်ဖွင့်ပြီး ဝန်ခံလိုက်ရင် ပြီးပြီ"

"တောက်"

"ကဲ ... မြန်မြန်ဝန်ခံပါ၊ စုံစုံလင်လင် နန်း သိချင်တယ်"

"အေး ... ငါ ဝယ်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဆွေက စိတ်ရှုပ်ရှုပ်နှင့် မြန်မြန်ပဲ ခေါင်းညိတ်လိုက်ပါသည်။

"ဘယ်လောက်ပေးရလဲ"

"မင်း ဘာလုပ်မလို့လဲ"

"သိချင်လို့ မေးနေတာပေါ့"

နှစ်ယောက်ချင်း ယှဉ်တဲ့အခါတိုင်း နကိုဗီဇကိုက ဒေါ်နန်းနန်းက စိတ်မာ စိတ်ဆတ် စိတ်ပြတ်တဲ့သူ။ ဘာမျက်နှာမှထောက်ဖို့ အကြံမရှိတဲ့သူ။ ဘာကိုမှ အရှည်မတွေး မျက်ကန်းတောတိုး လုပ်ချင်ရာလုပ်တဲ့သူ။ ဦးမိုးဆွေက တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန်နှင့် ဟိုလူဒီလူ အားနာမျက်နှာထောက်နေတုန်း ဒေါ်နန်းနန်းက ဝုန်းဒိုင်းဘုန်းဘိုင်းနှင့် လုပ်ပစ်လိုက်ပြီးပြီ။

လောကမှာ ငွေညာထောက်ထားစရာ ပိုတဲ့သူဟာ ဘာမှငဲ့ကွက်လေ့မရှိသူကို ရှုံးရစမြဲမမှတာ။

"ခြံတွေ အိမ်တွေ မဟုတ်ပါဘူး နန်း၊ တိုက်ခန်းပါကွာ၊ သိန်းနှစ်ရာကျော်ပဲ ပေးရတယ်၊ ဘာမှ ဒီလောက်တန်ဖိုး မရှိပါဘူး၊ ဒါကို မင်း စာတောင်ဖွဲ့မနေသင့်ပါဘူး၊ မင်း နမြောထိုက်တဲ့ ပမာဏလည်း မဟုတ်ပါဘူး"

"မနမြောပါဘူး ကိုဆွေရဲ့ 'ဟိုလူဒီလူ ပေးကျွေးထောက်ပံ့' ဆိုတဲ့ ပြစ်ချက်မျိုး ကိုဆွေလည်း မကင်းဘူးဆိုတာ ရှင်





ဟာရှင်သိရင် ပြီးတာပဲ၊ ကျွန်မကပဲ ပေါလွင်နေလွန်းလို့ ပြောနေရတာ"

ပေါလွင်မှာပေါ့။ သူပေးကမ်းစွန့်ကြဲနေတာတွေက နည်းမှမနည်းဘဲ။ တစ်ယောက်လည်းမဟုတ် နှစ်ယောက်လည်း မဟုတ်တာ။ ပေးကိုပေါင်းတာ။ ကဲ ... ဒါတွေထားလိုက်ပါတော့လေ။

"နေပါဦး ... ဒီကိစ္စ မင်း ဘယ်ကသိလဲ နန်း"

"ဟွန်း ... ရှင်က လူကို နားပိတ် မျက်စိပိတ် အမြင်အကြား မနှံ့မစပ်လို့ ထင်နေတယ်ပေါ့၊ ရှင့်ကိုယ်ရှင် လုံလုပြီ၊ မိန်နန်း တစ်ယောက်တော့ သိမှာမဟုတ်၊ ဆော်နိုင်မှာမဟုတ်လို့ ထင်နေတာပေါ့၊ ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ မလိုအပ်ဘဲ ဘယ်သူ့ကိုမှ မပြောမထားလို့ မင်း ဘယ်ကကြားလဲ သိချင်တာ"

"နန်းရဲ့သတင်းလမ်းကြောင်းကိုတော့ ရှင့်ကို မပြောပြနိုင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ရှင့်ကို သနားသောအားဖြင့် ပြောပြချင်သေးတယ်"

"........."

ဦးမိုးဆွေက ဆိုဖာပေါ် ဒူးချိတ်ထိုင်နေသော ဒေါ်နန်းကို မျက်ဝန်းများမှေးပြီး လှမ်းကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မယုံမရှိနဲ့နော် ကိုဆွေ၊ ဒါ သတင်းအမှန်တစ်ခုပဲ၊ ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ကိုယ်တွေ့ ပို့ထားတဲ့သတင်း၊ ထင်ရာရမ်းပြောတဲ့သတင်း မဟုတ်ဘူး"

"မင်းပြောစရာရှိတာ ပြောပါ"

"ခွာဖြူက ရှင်ဝယ်ပေးတဲ့ အိမ်ပေါ်မှာ ယောကျ်ားတစ်ယောက် ကောက်ယူတင်ထားတယ်ဆိုတာ ရှင် သိလား"

"ဘာ"

"ဩော် ... ရှင်မသိဘူးကိုး၊ အေးလေ ... ဟိုကလည်း ဒါမျိုး ဘယ်အသိခံပါ့မလဲ၊ ရှင်ပေးလိုက်ရတာ တိုက်ခန်းပဲလား၊ ငွေရော ဘယ်လောက်ထိအောင် ရက်ရက်ရောရော ပုံပေးလိုက်ရသေးလဲ"

"ဒါ မင်းကိစ္စ မဟုတ်ဘူး နန်း"

"ဩော် ... ကျွန်မကိစ္စ မဟုတ်ဘူးလား၊ ပြီးတာပဲလေ၊ ဘာပဲဖြစ်ဖြစ်လေ ရှင် ပေးကမ်းလိုက်တာတွေက သူများ စံစားဖို့ ဖြစ်သွားတာလေးတော့ ရှင်သိဖို့ ရှင့်မှာအခွင့်အရေး ရှိတယ်ထင်လို့ စေတနာနဲ့ ပြောပြတာ"

"မင်းကို ဒီသတင်းပြောတာ ဘယ်သူလဲ၊ ငါသိချင်တယ်"

"မိတ်ဆွေတစ်ယောက်ပါ၊ ခွာဖြူနဲ့ မပတ်သက်ပါဘူး၊ ခွာဖြူ့ကို သူကသိတယ်၊ ဒီလောက်ပါပဲ"





"မင်း ဘာကိစ္စ ခွာဖြူနဲ့ ပတ်သက်တာတွေ လိုက်စုံစမ်းနေတာလဲ"

"မစုံစမ်းပါဘူး၊ ဒါ အမှန်စကားပဲ ကိုဆွေ၊ ကျွန်မအဖို့ လိုက်စုံစမ်းနေရလောက်အောင် ခွာဖြူ့ကို စိတ်မဝင်စားဘူး၊ မိတ်ဆွေက သူ့ဟာနဲ့သူ လှမ်းသတင်းပေးလို့သာ သိရတာ၊ သူတို့ကလည်း ခွာဖြူ့ကို အရင်ကတည်းက ဘယ်လိုဘယ်လိုဆိုတဲ့ သတင်းတွေ ကြားဖူးနေကြတာပဲလေ"

"မင်းကို ပြောတဲ့သူက ဗန်ကောက်ကို လာဖူးတဲ့သူ ပေါ့"

"ရှင် ဘာဖြစ်လို့ ဒါကို သိချင်နေတာလဲ၊ Source က အရေးမကြီးပါဘူး ကိုဆွေရယ်၊ ဘယ် Source ကလာလာ သတင်းမှန်ဖို့က အရေးကြီးတာပါ"

"ငါ သိချင်တယ်"

တကယ်တော့ ဦးဘစိုးတင့်က ဒေါ်နန်းနန်းကို လှမ်း၍အကြောင်းကြားသည်မှာ မြေနီကုန်းက တိုက်ခန်းတစ်ခန်းမှာ ခွာဖြူ နေနေကြောင်း၊ ယောကျ်ားတစ်ယောက် ရထားသည်ဟု သတင်းကြားရကြောင်း၊ ယောကျ်ားတစ်ယောက်နှင့် အတူတကွလည်း တွေ့တွေ့နေရကြောင်း၊ သူ မေးကြည့်တဲ့အခါ ယောကျ်ား ရနေပြီလို့ ဖြေသွားကြောင်းမျှသာ။



www.burmeseclassic.com

www.burmeseclassic.com



ခွာဖြူတို့အိမ်ရဲ့ နဂိုစီးပွားရေးအခြေအနေကိုလည်းသိ၊ ခွာဖြူ့အမေ ကျောက်ကပ်လဲရ ဆေးကုသရတာလည်းသိ၊ ခွာဖြူ့မောင်လေး ဆရာဝန်ဖြစ်ဖို့ ကျောင်းဆက်တက်ဖို့ ငွေလိုတာလည်းသိ။ အားလုံးကို သိထားတဲ့ ဒေါ်နန်းနန်းက ဒီတိုက်ခန်းကိုဝယ်ဖို့ ခွာဖြူ့မှာ ကိုယ်ပိုင်အင်အား မရှိဘူးဆိုတာ နားလည်နေတာပါ။

တစ်ယောက်ယောက်က ဝယ်ပေးတယ်ဆိုရင် တခြားဘယ်သူနဲ့မှ ပတ်သက်မှုဇာတ်လမ်း မရှိခဲ့တဲ့ ခွာဖြူ့အတွက် အိမ်တစ်ခန်းဝယ်ပေးမည့် ငွေရှင်ကြေးရှင် မေတ္တာရှင်ဟာ ယောဒီ ဦးမိုးဆွေတစ်ယောက်ကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်တာ အတပ်တွေးပြီး ယုံယုံကြည်ကြည် စွပ်စွဲလိုက်တာ။

"ကျွန်မ မပြောနိုင်ဘူး"

"ယောက်ျားရှိတယ်ဆိုတာက ဘာစကားလဲ၊ ခွာဖြူက ဒီကပြန်သွားတာ ဘယ်လောက်ကြာသေးလို့လဲ"

"ဘာလဲ ကိုဆွေ၊ ရှင်က ခွာဖြူ့ကို အများကြီး ပိုတွက်ထားတာလား၊ ဒါမှမဟုတ် လျှော့တွက်ထားတာလား၊ ကောင်းတဲ့ဘက်က လှည့်စဉ်းစားပေးရင်တောင် သူ့မှာ သူ့အခြေအနေ သူ့နောက်ကြောင်း သူ့သတင်းတွေအရ အိမ်ထောင်ရက်သားတစ်ခု တည်တည်တံ့တံ့နဲ့ မြန်မြန်ကျ နိုင်လေ ကောင်းလေ မဟုတ်ဘူးလား ..."





ဒီအချိန်အတွင်း ယောက်ျားတစ်ယောက်ကို ကောက်ယူမှာ မဟုတ်ပါဘူးလို့ ရှင်က အရမ်းအထင်ကြီး လေးစားထားရင်တော့ ဟိုးအရင်ကတည်းက ကျန်ခဲ့တဲ့ ရည်းစားဆိုတာမျိုးလည်း ဖြစ်နိုင်တာပေါ့ရှင် ...

ဒါပေမဲ့ အချိန်ကကော ဘယ်လောက်တိုတောင်းနေလို့လဲ။ ခြောက်လတောင် ကျော်လာပြီပဲ ကိုဆွေရယ်၊ ခြောက်လဆိုတဲ့ အချိန်က တိုတောင်းတယ်တွက်လည်း တိုတောင်းတယ်ပေါ့၊ ဒါပေမဲ့ ကိုယ့်အကြောင်းနဲ့ကိုယ် အိမ်ထောင်ပြုသင့်တဲ့ မိန်းကလေးတစ်ယောက်အတွက်တော့ လှုပ်ရှားဖို့ လုံလောက်တဲ့ အချိန်တစ်ခုပဲလေ"

"သတင်းက ဘယ်လောက် တိကျလဲ"

"ဘုရားရေ"

ဒေါ်နန်းနန်းက ဦးမိုးဆွေကို မျက်လုံးပြူး ရင်ဖိကာ ကြည့်လိုက်ရင်း ...

"ရှင်က အသည်းကွဲခတ်ခံနေရတာမျိုးများလား"

"သတင်းတိကျတယ် မတိကျဘူး၊ ငါ့ကို သေသေချာချာ ပြောပါ"

"တိကျတယ်"

"ဘယ်လို တိကျတာလဲ"

"ပြောတဲ့သူ မျက်မြင်ကိုယ်တွေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“မျက်မြင်ကိုယ်တွေ့ဆိုတာက ဘာအဓိပ္ပာယ်လဲ၊ ဒီလူက ခွာဖြူ့ကို ယောကျ်ားတစ်ယောက်နဲ့ တွဲပြီးတွေ့တယ်၊ ဒါပဲမဟုတ်လား၊ ဒါနဲ့ပဲ ခွာဖြူ ယောကျ်ားရနေပါတယ်လို့ ပြောနိုင်ပြီလား၊ သူ တွဲနေတာလည်း ဖြစ်နိုင်တာပဲလေ”

ဒေါ်နန်းနန်းက ဦးမိုးဆွေကို တကျွတ်ကျွတ် စုတ်သပ်ကာ ခေါင်းတယမ်းယမ်းနှင့် ကြည့်နေလိုက်ပြီးမှ ...

“ရှင်က သနားစရာတောင် ကောင်းနေပြီ၊ မိန်းကလေးတစ်ယောက်ကို မေတ္တာကရုဏာတော်တွေ သက်ဆင်းကျရောက်ပြီး လှူဒါန်းစွန့်ကြဲလိုက်ပြီးမှ ဒီမိန်းကလေးက ရှင့်ကိုများ ကျေးဇူးတစ်ပုံကြီးတင်ပြီး လွမ်းဆွတ်တမ်းတနေလိမ့်မယ်၊ ညတိုင်း ဦးချအိပ်လိမ့်မယ်လို့များ မျှော်လင့်နေသေးတာလား ဦးမိုးဆွေရယ် ...

ကျွတ် ... ကျွတ် ... ကျွတ် ...၊ ရှင် သက်သာရာသက်သာကြောင်း စိတ်ချမ်းသာမယ့်ဘက်က လှည့်ပတ်တွေးမနေနဲ့၊ လမ်းမှာတွဲသွားတာလေးကို တွေ့ရုံမကဘူးရှင့်၊ ခွာဖြူ့အိမ်ပေါ်မှာ ဒီလူကို တွေ့တွေ့နေရတဲ့အပြင် အခုသတင်းပေးတဲ့သူက ခွာဖြူ့ကို နှုတ်ဆက်လို့ရတဲ့ သိကျွမ်းမှုမျိုးရှိတယ်၊ သူကိုယ်တိုင် ထုတ်မေးတာကို ခွာဖြူ ကိုယ်တိုင်က ယောကျ်ားရနေပါပြီ၊ အိမ်ထောင်ကျနေပါပြီလို့ ပါးစပ်က ထုတ်ပြောထားတာ ...





အဲဒီထက် သေချာတာ ဘာမှမရှိတော့ဘူး၊ ရှင့်စိတ်ကို ဒုံးဒုံးချလိုက်စမ်းပါ ကိုဆွေရယ်၊ ရှင့်အိမ်ခန်းပေါ်သူ့ယောကျ်ားခေါ်တင်ပြီး ရှင်ပေးတဲ့ပိုက်ဆံတွေ သူတို့လင်မယား ပျော်ပျော်ကြီး သုံးစွဲနေပြီဆိုတာ ယုံပြီး စိတ်လျှော့လိုက်”

ဒေါ်နန်းနန်းရဲ့ သရော်တော်တော် ရိသဲ့သဲ့စကားလုံးများအောက်မှာ ဦးမိုးဆွေရဲ့ရင်ထဲ မီးပြင်းတိုက်ခံရသလို ပူလောင်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၁

"အိမ်ကို ကိုမိုးဆွေ နှစ်ခါရှိပြီ ဖုန်းဆက်တာ"

အိမ်ထဲလှမ်းဝင်ဝင်ချင်း ပြောလိုက်တဲ့ မေမေ့စကားကြောင့် ကိုလတ်က ခြေလှမ်းတောင် တုံ့သွားရပါသည်။

"ငါ့မြေးဖုန်းကို ဆက်မရလို့တဲ့"

"ရုံးဖုန်းဆက်တော့လည်း ကုမ္ပဏီရုံးမှာ မရှိဘူးတဲ့၊ သား တစ်နေကုန် ဘယ်သွားနေလို့လဲ၊ ရုံးမကပ်ဘဲ ဘာလုပ်နေလဲ"

မေမေကတော့ သူ့အပေါ် အမြဲသက်ာမကင်းရှိနေဆဲပင်။ ဒါတော့ သူကလည်း ယုံစရာမှ မကောင်းတာ။ အမေဆိုတာ သားသမီးအရိပ်အကဲကို အရမ်းအကဲခတ်နိုင်စွမ်း အရှိဆုံးဆိုတာ ဟုတ်ပါလိမ့်မည်။

"အပြင်ကိစ္စတွေ ရှိလို့ပါ"





"ဘယ်လိုအပြင်ကိစ္စတွေလဲ"

"ရုံးကိစ္စ အခွန်ကိစ္စ၊ နောက် ... ဟို ... ယာဉ်မှုဖြစ်လို့ ယာဉ်ထိန်းရုံး သွားရတာတို့ ... ဘာတို့"

"တစ်ခါတစ်ရံသွားရတဲ့ ကိစ္စတွေကို နိစ္စဓူဝတွေလို စုပေါင်းသိမ်းကျုံးပြီး ပြောမနေစမ်းပါနဲ့ ကိုလတ်ရယ်၊ ကဲ ... ဒီနေ့ကိုပဲပြောပါ၊ ဘယ်တွေသွားနေလဲ"

"ကျွတ် ... မေမေကလည်းဗျာ"

ကိုလတ်က ရုတ်တရက် ဘာအကြောင်းပြရမယ်မသိ။ စိတ်ပျက်လက်ပျက် ရေရွတ်မိပါသည်။

"မိုးလင်းကမိုးချုပ် ဒီလောက် တစ်နေကုန် ထွက်နေရတဲ့ကိစ္စကိုပြော၊ မေမေ ကုမ္ပဏီကို ဆက်မေးတော့ မန်နေဂျာဦးမျိုးဝင်းက မင်း မရှိဘူးတဲ့၊ မနက်ကတည်းက မလာတာတဲ့၊ အပြင်မှာ ဘာကိစ္စတွေ ရှိလို့လဲလို့ မေမေက မေးကြည့်တော့ သူ သေချာမသိဘူးတဲ့၊ သူကလည်း မန်နေဂျာပဲ၊ သူ မသိတဲ့အလုပ်ကိစ္စ ဘာတွေရှိလဲ"

"ဟာ ... မေမေကလည်း၊ မေမေက ရုံးကိုလိုက်ဖုန်းဆက်ပြီး သားကို အဲသလို လိုက်ချက်ကနေရင် ရုံးမှာသားက ဘယ်လိုအုပ်ချုပ်မလဲ မေမေရာ၊ အဲသလို ဟိုမေး ဒီမေး လိုက်မေးမနေပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မမေးပါဘူး ကိုလတ်ရယ်၊ ဒီနေ့မှ ကိုမိုးဆွေကလည်း ရုံးကိုဆက်တာလည်း မရှိဘူး ပြောလို့ ဆက်ပြီးမေးကြည့်တာပါ၊ စစ်ဆေးမေးမြန်းတဲ့ သဘောလည်း မဟုတ်ပါဘူးနော်၊ ကိစ္စရှိလို့ လှမ်းမေးတဲ့သဘောပါပဲ၊ ဒါပေမဲ့ မင်းကို လိုက်စစ်ဆေးမှာ မင်းမကြိုက်ရင် မေမေ အားလုံးသိနေအောင် အသိပေးထား"

"ဘာကို အသိပေးရမှာလဲ၊ မေမေက ဘာကိုသိချင်နေတာလဲ"

"အားလုံး သိချင်တယ်၊ ကဲ ... ဒီနေ့ဆို မင်း အိမ်မှာမရှိ ရုံးမှာမရှိ ကြားမှာ ပျောက်နေတယ်၊ ရေရေရာရာ မသိရဘူး၊ ပြောလေ ဘယ်ရောက်နေလဲ မေမေသိချင်တယ်"

"ကျွတ် ... မေမေက ခက်လိုက်တာဗျာ၊ ခေါင်းစဉ်ကြီးကြီး တပ်လို့မရတဲ့ အလုပ်ကိစ္စ အသေးလေးတွေ ရှိသေးတယ်ဗျ၊ သူငယ်ချင်းနဲ့တွေ့လို့ လက်ဖက်ရည်ဆိုင် ထိုင်တာရောထည့်ပြောရမှာလား"

"ဘယ်သူငယ်ချင်းလဲ"

"ကျွတ် ... မေမေကလည်းဗျာ၊ ဘွားဘွား ... မေမေ့ကို မပြောတော့ဘူးလား"

"မင်းအမေ ကျေနပ်အောင် ဘယ်တွေ ဘယ်တွေဆိုတာ ပြောပြလိုက်ပေါ့ ငါ့မြေးရဲ့"





ဘွားဘွားထံကလည်း အကူအညီ အကာအကွယ် မရတော့။ ကိုလတ်က ခေါင်းကို တကျိကျိကုတ်ရင်းက သက်ပြင်းကျိတ်ရှိုက်ကာ ကယောင်ကတန်း သွေးရူးသွေးတန်း လိမ်ညာဖို့ စဉ်းစားရပါတော့သည်။

"ပြောလေ ကိုလတ်"

"မေမေကလည်းဗျာ၊ သူငယ်ချင်းက မေမေ မသိပါဘူး"

"ဘယ်သူငယ်ချင်းမို့ မေမေက မသိတာလဲ"

"ဗန်ကောက်မှာ သိလာတဲ့ သူငယ်ချင်းအသစ်ပါ၊ သူလည်း သင်္ဘောတက်သွားတဲ့သူပဲ၊ အခု ပြန်ရောက်နေတယ် တွေ့ကြရအောင်လို့ ဆက်သွယ်တာနဲ့ သူ့ဆီသွားတာပါ"

ကိုလတ်နှုတ်က အညာစကားတွေ ပိပိရိရိ ထွက်လာရပါသည်။ အရေးကြုံတော့လည်း မတတ်နိုင်ပါ။ ခင်လေးနှင့် ပတ်သက်ရင် သူ မေမေ့ကိုညာခဲ့ပေါင်း များပါပြီ။

"ဒီသူငယ်ချင်းနဲ့ပဲ တစ်နေကုန်ရောလား ကိုလတ်"

"တခြား ဟိုဝင် ဒီထွက်တွေ ရှိသေးတာပေါ့ မေမေရာ"

"အေး ... အဲဒီဘယ်တွေဝင် ဘယ်တွေထွက်တယ်ကို သိချင်တာ"

"ဟိုနေ့က မပြီးပြတ်သေးတဲ့ ယာဉ်မှုကိစ္စလည်း ၅၁ လမ်း ယာဉ်ထိန်းရုံးကို သွားရသေးတယ်"

"နောက်ကော"



www.burmeseclassic.com

www.burmeseclassic.com



"လဝန်းနဲ့လည်း တွေ့သေးတယ်"

ကိုလတ်က မေမေသည်းခြေကြိုက်ဖြစ်မည့် စကားမျိုး ရွေးပြောလိုက်မိပါသည်။

"တကယ်လား"

"ဟုတ်"

ဒေါ်ဆုမွန်က ခပ်တည်တည် မပြောမဆိုနှင့် ရုတ်တရက် ဖုန်းရှိရာကို ထ,သွားလိုက်ကာ ဖုန်းကိုကောက်မ,လိုက်၍ ကိုလတ်မှာ ရုတ်တရက် ခေါင်းကြီးသွားသလို ခံစားလိုက်ရပါသည်။ ဒါမှ တကယ်ချောက်ကျပြီ။

"ဟယ်လို"

"ဟယ်လို ... အမိန့်ရှိပါရှင်"

ဒေါ်ဆုမွန်က တစ်ဖက်က အသံကြောင့် ...

"သမီးလား ... လဝန်းလား၊ အန်တီဆုပါ သမီး"

"အော် ... အန်တီ၊ ဟုတ်ကဲ့ ပြောပါ အန်တီ"

"အော် ... အန်တီ တစ်ခုလောက် မေးချင်လို့ပါ၊ သမီး ဒီနေ့ ကိုလတ်နဲ့ တွေ့သေးလား"

ကိုလတ်က ခေါင်းကိုငိုက်စိုက်ငုံ့ကာ ရှုံ့မဲ့လိုက်မိသည်။ အင်း ... လဝန်းထံမှာတော့ အရှက်ကွဲပါပြီ။ မေမေက ဘာကြောင့် ညာကြောင့်နှင့် သူ့ကို ဒေါက်ဖြုတ်တော့မှာလေ။ မေမေက သူ့ကို ဆူပူကြိမ်းမောင်းဖို့ ပွည်ပွည်လုပ်ဖို့ အရပ်လေးမျက်နှာ ရွေးတဲ့လူမှ မဟုတ်ဘဲ။





"အော် ... ဟင်း ဟင်း ... အန်တီ ဘာဖြစ်လို့လဲ၊ ကိုလတ်ကြီး အပြန်နောက်ကျနေလို့လား"

လဝန်းထံမှ ရယ်သံလွင်လွင်စည်စည်လေးနှင့်အတူ အမေးစကားတစ်ခုက အဖြေမလာခင် အရင်ထွက်လာပါသည်။

"ဟုတ်ပါ့ သမီးရေ၊ ခုတလော အလုပ်ပစ်ပြီး အလည်လွန်လွန်းလို့ အန်တီက စစ်ဆေးနေရတာ၊ အဲဒါ သမီးနဲ့လည်း တွေ့တယ်ဆိုလို့ အန်တီက မေးကိုမေးဦးမှာဆိုပြီး လှမ်းမေးတာ"

"ဟုတ်ပါတယ် အန်တီရဲ့၊ သမီးနဲ့လည်း တွေ့သေးတယ်"

ဒေါ်ဆုမွန်က တစ်မျိုးလေး စိတ်ထဲထင့်တင့်တင့်ရှိရင်း ...

"ဟုတ်ရဲ့လား သမီး၊ ကိုလတ်ကြီး အဆူခံရမှာစိုးပြီး ကာကွယ်ပေးနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး အန်တီရယ်၊ သမီးတောင် သူ့ကိုပြောစရာရှိသေးတယ်၊ အန်တီပြီးရင် ကိုလတ်နဲ့ ခဏဆက်ပြောမယ်နော်"

"အေး ... ပြော၊ ဒါနဲ့ နေပါဦး၊ သမီးဆီလာတယ်ဆိုတော့ ချောနဲ့လည်း တွေ့တာပေါ့၊ ဟုတ်လား"

မေမေ့စကားကြောင့် သူက တစ်ဖက်မှာ လဝန်း ဘယ်လိုဖြေပေးလိုက်တယ်ဆိုတာ နားလည်ကာ အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးချမ်းသာ ဖြစ်သွားရစဉ် မေမေက တစ်ခါကွန့်ပြန်၍ ကိုလတ်က စိတ်တောင်တိုချင်လာပါပြီ။ မေမေ တစ်ယောက်က တော့ သူ့ကို အရှမ်းပင် သံသယဝင်နေတော့တာ။

လဝန်းက တွေ့တယ် ဆိုတာကို မယုံသေးဘဲ ဒေါ်ချောချောနှင့်ပါ တစ်ခါထပ်ပြီး သေချာအောင် Confirm လုပ်ချင်သေးတဲ့သဘော။

ကျွတ် ... သေပြီပေါ့။

"မေမေနဲ့ မတွေ့ဘူး အန်တီ"

"ဘာလို့မတွေ့တာလဲ သမီး"

"သမီးက အိမ်မှာမှ မဟုတ်တာ၊ သမီး အလုပ်ဝင်နေပြီ လေ အန်တီ"

"ဩော် ... အေး ... ဟုတ်သား၊ အလုပ်ဝင်နေပြီပဲ"

"ဟိုတယ်ကို လာတာပါ အန်တီ"

"ဩော် ... ဟုတ်လား၊ ရုံးအဆင်း လာတာလား"

"ဟုတ်ကဲ့ ... သမီး ဂျူတီမထွက်ရသေးခင်ကတည်းက အစောကြီးကတည်းက ရောက်နေတာ၊ ဒီနေ့ သမီးကလည်း ပြန်တာနောက်ကျတော့ ကိုလတ်ကြီးပါ နောက်ကျသွား တာပေါ့၊ အိမ်ကျ အဆူခံရပြီ၊ နောက်ဆို ကိုလတ်ကို မစောင့်ခိုင်းတော့ပါဘူး အန်တီ၊ သမီးက သူ အားတယ် ထင်လို့ပါ"





"အို ... အားပါတယ်၊ စောင့်ကြိုခိုင်းလို့ ရပါတယ် သမီး ရဲ့။ အန်တီက တခြားဘယ်တွေသွားထိုးနေလဲသာ ပူနေ တာ၊ မဟုတ်တဲ့ အပေါင်းအသင်းတွေနဲ့ လျှောက်ယှက် သွားနေတာ အကျင့်ပါမှာစိုးလို့လေ၊ သမီးနဲ့ ရှိနေပြီး သမီးအလုပ်ကပြန်မှ အတူပြန်လို့ နောက်ကျတာကတော့ ကိစ္စမရှိဘူး ...

ဒါဖြင့် သမီးလည်း ပြန်ရောက်တာ မကြာသေးဘူး ပေါ့"

ကိုလတ်က မေမေ့ တစ်ဖက်တည်းက စကားတွေ ကိုပဲ လိပ်ပတ်လည်အောင် သေချာစူးစမ်း နားစိုက်ထောင်နေမိ ပါသည်။ ကျေးဇူးပါ လဝန်းရယ်။

"မကြာသေးပါဘူး အန်တီ၊ တချို့ရက်တွေကျ ဒရိုင်ဘာ ကြီးနဲ့ လာကြိုလို့မရဘူး အန်တီ၊ ဂျူတီချိန် နောက်ကျမှ ထွက်ရတာ ရှိတယ်လေ၊ ဒရိုင်ဘာကြီးက ဟိုးသာကေတ အစွန်ထိ ပြန်ရတာဆိုတော့ အပြန်နောက်ကျရင် ဘတ်စ် ကားခတွေပါ ဈေးတက်ကုန်တာ အန်တီရဲ့ ...

ခြောက်နာရီမှ ပြန်ရမယ့်နေ့ဆိုရင် သမီးက ဒရိုင် ဘာကြီးကို ကြိုခိုင်းမနေတော့ဘူး၊ ငါးနာရီကျော် ငါးနာရီ ခွဲလောက် အလွန်ဆုံး သူ့ကိုပြန်လွှတ်မှ ကားအဆင်ပြေ တာလေ၊ အဲလိုနေ့ကျ သမီးက ဖယ်ရီအပြန်ခေါ်စီးလိုက် တယ် အန်တီ ...

www.burmeseclassic.com

www.burmeseclassic.com



အဲလိုနေ့မျိုး ကိုလတ် ရောက်လာရင် ဒါမှမဟုတ် ဖုန်းပြောဖြစ်ရင် သမီးက ချောဆွဲပစ်လိုက်တာ၊ ဟင်း ဟင်း ဟင်း၊ အိမ်ပြန်ရောက်တော့ ကိုလတ် ဆူခံထိပြီပေါ့၊ အဟား ... ကိုလတ်ကြီး သနားပါတယ်"

"သမီးနဲ့ဆို ဘာမှအရေးမကြီးဘူး၊ မေးလိုက်ရင် မပွင့်တပွင့် လုပ်နေလို့ အန်တီက စိတ်တိုပြီး လိုက်စစ်မေးမိတာပါကွယ်၊ ချောဆွဲသာဆွဲ သမီး၊ ဒရိုင်ဘာမကြို့တဲ့နေ့တွေ သူ့ပဲ ကြိုခိုင်းဖြစ်အောင်နိုင်း သမီး၊ ဖယ်ရီမစီးပါနဲ့ကွယ်၊ လူအများနဲ့ တစ်ပတ်ကြီး လိုက်နေရတယ်"

"ဟုတ်ကဲ့ အန်တီ၊ ကိုလတ်နဲ့ ခဏလောက်ပြောမယ်နော်၊ သူ့ကို ခုနက ပြောစရာ ကျန်ခဲ့တာလေးရှိလို့"

"အေး ... ကိုင်ထား သမီး"

ဖုန်းကိုဘေးချပြီး သူ့ကို လှမ်းမေးဆတ်ခေါ်လိုက်တဲ့ မေမေ့ပုံစံက ခုနကနှင့်မတူ ကြည်လင်ပေါ့ပါးနေပါသည်။ သူ့ကို အဆူမခံရအောင် ကာကွယ်ရုံမျှမက မေမေ့ကိုလည်း စိတ်လက်ပေါ့ပါး ချမ်းသာအောင် လဝန်း လုပ်ပေးလိုက်တာပဲ။

ကိုလတ်က ဖုန်းကို လာကိုင်သည်။ မေမေက ကျေနပ်သွားကာ မီးဖိုဘက်သို့ ဝင်သွားပါပြီ။ ကိုလတ်က အသံတိုးတိုး ချစ်စနိုးနှင့် ...

"လူညာမလေး"





"အဟင်း ... လှဲ့လိမ်ကြီးနဲ့ပေါင်းတော့ လူညာမဖြစ်ပြီပေါ့ ကိုလတ်ရဲ့၊ တကတဲ ကြိုဓာတ်မတိုက်ဘဲနဲ့များ ပြောချင်သလို ပြောထားတယ်၊ အန်တီက နည်းနည်းပါးပါး လောက် မသင်္ကာတာမို့ပေါ့၊ နှိုက်နှိုက်ချွတ်ချွတ် မစစ်လို့ လဝန်းလည်း အလိုက်အထိုက် ကြည့်ကျက်ပြီး ညာလို့ရတာ ...

နောက်ဆိုရင် လိမ်ချင် ညာချင်တာရှိရင် လူကိုလည်း ဆွဲထည့်မယ်ကြံရင် ကြိုပြီးဖုန်းဆက်ထားဦး ... ဟွန်း"

"ကြိုပြောဖို့ကို အခြေအနေ မပေးတာ လဝန်းရဲ့၊ မေမေက ရုတ်တရက်ကြီး စစ်ဆေးပြီး လဝန်းဆီလည်း ကောက်ဆက်လိုက်တာ"

"ကိုလတ်မှာလည်း ဘယ်သွားပါတယ်လို့ အကြောင်းပြစရာနေရာ အတော်ပဲ ရှားတာပေါ့နော်၊ တစ်ခါတည်း"

"လဝန်းဆီ သွားတယ်ဆိုရင်တော့ မေမေက သဘောလည်းကျမယ်ဆိုတာသိလို့ တမင်ထည့်ပြောကာမှ လှမ်းစစ်တယ်၊ တကယ်ပါပဲ မေမေကတော့"

"ကိုလတ်ကို လဝန်းက ကာကွယ်ပေးနေတဲ့ အချိန်မှာ ကိုလတ်က မဟုတ်ကဟုတ်က နေရာတွေလည်း လျှောက်သွားမနေနဲ့ဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မဟုတ်က ဟုတ်က နေရာတွေလဲ လဝန်းရဲ့၊ ဘယ်မှ မသွားပါဘူး"

"အထူးသဖြင့်တော့ လဝန်းဆီဆိုပြီး တခြားမိန်းကလေး တစ်ယောက်ဆီ ရောက်မနေရင် ပြီးတာပဲ ... ဟွန်း"

ပွင့်လင်းတဲ့ လဝန်း။

သူ့မှာ မေမေ့ကို ညာသလို "မသွားပါဘူး လဝန်းရဲ့" လို့ အလွယ်တကူလေးမညာလိုက်ချင်ဘဲ နှုတ်ဆွံ့သွားရပါသည်။

"ပြီးတော့ သူများဆီ တကယ်လည်း လာဦး"

"အဟင်း"

"ရယ်မနေပါနဲ့၊ တနင်္လာနဲ့ သောကြာဆို လဝန်း ဂျူတီ ထွက်ရတာ နောက်ကျတယ်၊ အဲဒီလိုနေ့မျိုးတွေ မတော်တဆ မျက်စိလည်ပြီး လာကြိုပေးရင် စိတ်မဆိုးဘူးသိလား၊ ကြိုပြောထားပေးတာ၊ တော်ကြာ လာလို့ရမှန်းမသိလို့ မလာဘူး ဖြစ်နေဦးမယ်"

"ကျွန်တော် လာခဲ့ပါဦးမယ် လဝန်း"

"ဟုတ်ကဲ့ရှင်၊ လာခဲ့ပါဦး"

"ဒါပဲနော် လဝန်း၊ ကျေးဇူးပဲ"

သူကဖုန်းကိုချကာ မေမေတို့ ဘွားဘွားတို့ဘက် လှည့်လိုက်လျှင်တော့ ရုပ်ကို မှန်တေတေ လုပ်ထားလိုက်ပါသည်။





"လဝန်းနဲ့ ငါ့မြေးနဲ့ အခြေအနေက တော်တော်တိုးတက်လာပြီလား ငါ့မြေး"

"မသိပါဘူးဗျာ"

"ဘာမသိပါဘူးလဲ ကိုလတ်နော်၊ ခုတလော ကတ်ဖိုးကတ်ဖွဲ့နဲ့၊ ဒီသီတင်းကျွတ်နဲ့ နောက်နှစ် ဝါပြန်မဝင်ခင်ကြားတော့ စီစဉ်လိုက်တော့မယ်၊ နှစ်ယောက်လုံးလည်း အလုပ်အကိုင်တွေ အထိုင်ကျနေပြီပဲ"

ကိုလတ်က ဘာမှပြန်မပြောဘဲ ကိုယ့်အခန်းဆီ ကိုယ်ဝင်ကာ ရေမိုးချိုးသည်။ အန်ကယ့်ဖုန်းကို ရှောင်မရနိုင်တော့ပါ။ တကယ်တော့ နေ့လယ်က သူ့ဖုန်းဆီ အန်ကယ်ရဲ့ဖုန်းကောလ် နှစ်ခါတောင် ဝင်လာပါသည်။ သူ တမင်တကာ မကိုင်လိုက်တာပါ။

ခင်လေးနဲ့ သူနဲ့ဟာ နှစ်ဦးကိုယ်စီရင်ထဲက ပြင်းထန်တဲ့အချစ်ရဲ့တွန်းအားကို မတွန်းလှန်နိုင်ဘဲ အပြန်အလှန် ချစ်မိကြပြီဖြစ်ရာ သူ အန်ကယ့်ကို စကားပြောဖို့ ဝန်လေးနေပါသည်။

သူ အန်ကယ့်ကို သစ္စာဖောက်သလိုများ ဖြစ်နေပြီလား။

အန်ကယ်ဦးမိုးဆွေဟာ ခင်လေးအပေါ် ကျူးလွန်မှု ဘယ်လိုပင်ရှိခဲ့ရှိခဲ့ ခုအချိန်မှာ ခင်လေးအပေါ် မေတ္တာ ကရုဏာ စေတနာတွေနှင့် မြတ်နိုးမှု အလေးထားမှုတွေ ရှိနေတယ်ဆိုတာ ကိုလတ် အသိဆုံးပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ ... တီတီ"

ရေချိုးနေတုန်း သူ့ဖုန်းရဲ့ Ring တီးလုံးသံလေး မြည်လာသံကြား၍ ခေါင်းကရှမ်ပူမြုပ်တွေစင်အောင် ကမန်းကတန်း ရေပန်းနှင့် လောင်းဆေးပြီး ထွက်အလာ ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အိမ်မှာ ကိုမိုးဆွေ၊ ဟော ... ရေချိုးတာပြီးလို့ ထွက်လာပြီ၊ ကိုင်ထားဦးနော်"

မေမေဟာ ဖုန်းမြည်သံကို ဝင်ကိုင်လိုက်တာပင်။ မလွယ်ပါလား မေမေရယ်လို့ ကိုလတ် ကျိတ်အာညည်းတွားမိရသည်။ ဦးမိုးဆွေ ဖုန်းကိုလည်း သူ ရှောင်နေတာလားလို့ မေမေ ရိပ်မိနေရော့သလား။ ဘာကိစ္စအတွက် ဒီလောက် ဆက်နေသလဲ ဆိုတာလည်း သိချင်နေပုံရပါသည်။

မေမေလှမ်းပေးတဲ့ဖုန်းကိုယူကာ သူ ဝရန်တာထွက်လာခဲ့သည်။ မေမေက အနားမှာ ဖွတ်ပေရပ်မနေလို့ တော်သေးတာပင်။ ကိုလတ်ကို တစ်ချက်ကြည့်ကာ အခန်းပြင် ပြန်ထွက်သွားပါသည်။

"ဟယ်လို ... အန်ကယ်"

"ဟေ့ကောင် ... အမယ်လေးကွာ၊ မင့်ဖမ်းရတာ မလွယ်ကူလိုက်တာ၊ မင်း ဘာတွေရှုပ်နေလဲ ကိုလတ်"

"မရှုပ်ပါဘူး အန်ကယ်"





"နေ့လယ်က ဆက်တာ မရဘူး၊ မင်း မကိုင်တာ၊ ဖုန်းက ခေါ်နေတယ်ကွ"

"သြော် ... ကျွန်တော် ကားထဲဖုန်းကျန်ပြီး သူငယ်ချင်းနဲ့ စားသောက်ဆိုင်ထဲ ရောက်နေလို့ဖြစ်မယ် အန်ကယ်"

"သြော် ... ငါက ဖုန်းပဲပျက်တာလား၊ ဘာလို့မကိုင်ပါလိမ့်နဲ့ မျိုးစုံတွေးပြီး စိတ်ပူနေတာကွ၊ ဒီအိမ်ကိုတောင် လှမ်းဆက်သေးတယ်"

"ဟုတ်ကဲ့ ... မေမေ ပြောတယ် အန်ကယ်"

ဖုန်းမပြောခင်က အန်ကယ်နှင့် ဖုန်းပြောရမှာ လိပ်ပြာမလုံသလို ဝန်လေးနေသော်လည်း ဖုန်းပြောမိချိန်မှာတော့ သူ့စိတ်ထဲ အန်ကယ့်အပေါ် မကျေနပ်စိတ်လိုလို ကြီးစိုးလာပြန်သည်။

ခင်လေးက ပုံချလိုက်သလိုမျိုး ကံကြမ္မာကိုသာ သူကတော့ ပုံမချချင်။ ခင်လေးရဲ့ဘဝကို အမည်းစက်ထင်ရှန်းစေခဲ့တာ အန်ကယ်ပဲလေ။ အန်တီက ဒီလိုဖြစ်အောင် စီစဉ်ခဲ့ပါတယ် ဆိုလည်းပဲ အန်ကယ့်ပြစ်မှုက ကျေပျက်လျော့ကျမသွားနိုင်ပါ။

ပိုက်ဆံမရှိတဲ့ အရေးတကြီး ငွေလိုနေခဲ့တဲ့ မိန်းမပျိုလေးတစ်ယောက် မာနလေးမျှ မထားနိုင်ဘဲ နစ်သထက်နစ် ပြားပြားဝပ်ခဲ့ရတဲ့ ဇာတ်လမ်းတစ်ပုဒ်ရဲ့ အဓိကတာဝန်ရှိသူ အပြစ်ရှိသူဟာ အန်ကယ်ပဲ မဟုတ်လား။

"မင်းကို မေးစရာရှိတယ် ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မင်း ခွာဖြူကို တိုက်ခန်းဝယ်ပေးတဲ့ကိစ္စကို ဘယ်သူတွေကို အသိပေးမိသေးလဲ၊ တခြား ဘယ်သူ့ကို ပြောပြသေးလဲ"

"မပြောပါဘူး၊ လူမသိအောင် လျှို့လျှို့ဝှက်ဝှက်လုပ်တဲ့ကိစ္စပဲ အန်ကယ်၊ ကျွန်တော်က ဘယ်သူ့ကို ပြောမှာလဲ"

"အေးလေ … မင်းလည်း ပြောမှာ မဟုတ်ဘူးဆိုတာ ငါ သိပါတယ်၊ ဒီလိုပဲ မေးကြည့်လိုက်တာပါ ကိုလတ်ရာ"

"အခု ဘာဖြစ်လို့လဲ အန်ကယ်"

"ဒီအိမ်ခန်းကို ခွာဖြူကို ငါ ဝယ်ပေးလိုက်တယ်ဆိုတဲ့ကိစ္စကို သိတဲ့သူတွေ ရှိနေတယ်ကွ"

"မသိနိုင်ပါဘူး အန်ကယ်"

"သြော် … သိနေပါတယ် ဆိုမှကွာ၊ လိပ်စာတောင်ပြောနိုင်တယ်"

ကိုလတ်က မျက်မှောင်တွန့်ကာ စဉ်းစားနေမိပါသည်။

"မင်း ခွာဖြူနဲ့ တွေ့သေးလား"

"………"





ကိုလတ် နှုတ်ဆိတ်သွားရပါသည်။ အမှန်ကိုဖြေရမလား၊ လိမ်ပြောရမလား။ သူ့ကိုယ်သူလည်း မလုံမခြုံ ခံစားနေရ၍ သူ အန်ကယ့်ကို မလိမ်ချင်ပါ။

"ခွာဖြူနဲ့ မင်း တွေ့လားလို့ မေးနေတာ ကိုလတ်"

"တွေ့တတ်ပါတယ် အန်ကယ်"

"မင်း သူ့ဆီရောက်သေးလား"

"ဟိုတစ်နေ့ကတောင် ရောက်ပါသေးတယ်"

"ကိစ္စထူး ရှိလို့လား"

အန်ကယ် ဘာကြောင့် ဒါတွေမေးနေတယ် မသိ၍ ကိုလတ် စိတ်တွေ ရှုပ်ထွေးလာပါသည်။ ချွေးတောင် ပြန်ချင်လာသည်။ တကယ်တော့ ဘာဖြစ်လဲ။ ခင်လေးလည်း လူလွတ် သူလည်း လူလွတ်။

သူတို့ဟာ လူမှုရေးကျင့်ဝတ် ဖောက်ဖျက်နေကြတဲ့သူတွေလည်း မဟုတ်။ ရိုးသားဖြူစင်စွာ ချစ်ကြတာ။

ခင်လေးနှင့် ချစ်မိကြတဲ့ အချိန်ကစပြီး ခင်လေးအိမ် အကြိမ်ကြိမ်ရောက်ပေမယ့် သူဟာ ခင်လေးကို လက်ဖျားလေး ဆုပ်ကိုင်ညှစ်ရုံကလွဲ၍ မထိပါးအောင် အမြဲရစိုက်ခဲ့ပါသည်။ တမြတ်တနိုးနှင့် နဖူးလေးတစ်ချက် မွှေးရှိုက်ချင်တာကိုပင် ပြန် ခါနိုးတော့မှပဲ နှုတ်ဆက်နမ်းရှိုက်မိတာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီး လက်ပွန်းတတီး ဖက်လဲတကင်း လုံးဝမရှိအောင် သူ တမင်တကာကို သတိထား စောင့်ထိန်းသည်။ ခင်လေးအပေါ် ကရုဏာ အကြင်နာနှင့်ယှဉ်တဲ့ ဖြူစင်မွန်မြတ်တဲ့ သူ့ရဲ့အချစ်ကို ခင်လေး ထင်ယောင်ထင်မှားဖြစ်မှာ သူ အစိုးရိမ်ဆုံးပါပင်။ သူ့အချစ်က စွန်းထင်းပေကျံပြီးသော ပဝါစကလေးကို မြတ်နိုးမက်မောလွန်း၍ ဘာမှထပ်မသုတ်ရက်ဘဲ တယုတယ ရေမွှေးဆွတ် သိမ်းထားချင်တဲ့သူလိုပါ။

အဲဒီအတွက် သူ့ကို ခင်လေး ကျေးဇူးတင်တာ လေးစားတာ ပိုပြီးမြတ်နိုးအားကိုးလာတာ သူလည်း ခံစားသိပါသည်။ ဘယ်လိုမဆို မှတ်ကျောက်တင်ခံရဲတဲ့ သူတို့ရဲ့တန်ဖိုးကြီးမား ဖြူစင်သော အချစ်ကို သူတို့နှစ်ယောက်လုံး ရှိသေလေးစားကြတာပါ။

"ချာဖြူက ခေါ်လို့ပါ"

"ဘာတဲ့လဲ"

"ရောက်ကာစကတည်းက အန်ကယ်ကလည်း လိုတာအားလုံး စောင့်ရှောက်ဖို့ မှာထားတဲ့အကြောင်း သူ့ကိုပြောပြပြီး ဘာအကြောင်းကိစ္စရှိရှိ ဘာပဲ အကူညီလိုအပ် လိုအပ် ကျွန်တော့်ကို အချိန်မရွေးခေါ်ဖို့ ပြောထားတာပါ၊ အခု သူက အလုပ်လုပ်ဖို့ ခေါ်တိုင်ပင်တာပါ၊ သူ ဖက်ရှင်





အဝတ်အထည်ဆိုင် ကိုယ်ပိုင်ဖွင့်ပြီး ဗန်ကောက်ကို ကိုယ်တိုင်ဆင်းဝယ်ရင် ကောင်းမလား ...

ဒါမှမဟုတ် ဗန်ကောက်ကိုတော့သွားဝယ်ပြီး ဒီမှာဆိုင်တွေကို ပြန်ဖြန့်ပေးတဲ့အလုပ်မျိုး လုပ်ရမလား၊ တစ်ခုခု လုပ်ချင်တယ်လို့ ပြောပါတယ်"

"အင်; ... ဟုတ်သားပဲ၊ သူလည်း ဒီတိုင်းနေလို့ ဘယ်ဖြစ်မလဲ၊ ပျင်းမှာပေါ့"

"ဟုတ်ကဲ့ ... သူ ပျင်းတယ်တဲ့"

"ပျင်းပြီး စိတ်လေနေမှာ စိုးရတယ်၊ လုပ်ချင်တာလုပ်ပါစေ"

"ဟုတ်ကဲ့"

"သူ့အိမ်ကကော သူနဲ့အဆင်ပြေလား"

"သူ့အမေနဲ့ အဆင်ပြေပါတယ်၊ သူ့မောင်နဲ့တော့ မပြေဘူး၊ ဒါပေမဲ့ ဒါကိုလည်း ချာဖြူက ခံစားမနေပါဘူး၊ သူ ဖြေသိမ့်နိုင်ပါတယ် အန်ကယ်"

"ချာဖြူက သိပ်သနားစရာ ကောင်းပါတယ်ကွာ၊ သူ့ပတ်ဝန်းကျင်မှာ သူ့အပေါ် မကောင်းတဲ့သူချည်းပဲ၊ နားလည်မပေးတဲ့သူချည်းပဲ"

ကျွန်တော်တစ်ယောက်လုံး ရှိသေးတယ်ဗျ၊ ကျွန်တော်က သူ့အပေါ် အကြွင်းမဲ့ကောင်းတယ်။ အကြွင်းမဲ့ နားလည်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အကြွင်းမဲ့ ခွင့်လွှတ်တယ်။ အကြွင်းမဲ့မေတ္တာ စေတနာ ကရုဏာထားပါတယ်။

"မင်း သူ့အိမ်ရောက်တော့ ထူးခြားတာ ဘာရှိလဲ"

"ဘာကိုပြောတာလဲ အန်ကယ်"

"အိမ်မှာ သူ တစ်ယောက်တည်းနေတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အန်ကယ်၊ ဘာဖြစ်လို့လဲ"

"မင်း ဘယ်လိုလုပ် အတတ်ပြောနိုင်လဲ၊ မင်းက သူ့နောက်ဖေးထဲအထိ ဝင်ကြည့်နိုင်တာမို့လို့လား၊ ခင်ဗျားတစ်ယောက် တည်းနေရဲ့လားလို့ကော မေးဖြစ်တာမို့လို့လား၊ မင်းက လည်း ဖြေဘာလွယ်လိုက်တာ"

"ဟာ ... အန်ကယ်ကလည်း၊ လွယ်လွယ်မဖြေဘဲ ခက် အောင် ဘယ်လိုဖြေရမှာလဲ၊ သူ တစ်ယောက်တည်းနေလို့ တစ်ယောက်တည်းနေတယ် ပြောတာပေါ့ဗျ"

ဦးမိုးဆွေက ဟောက်လိုက်၍ ကိုလတ်ကလည်း ရှူးခနဲ စိတ်ပေါက်ကာ လေသံမာမာနှင့် ပြန်ပက်လိုက်ပါသည်။

"သူ့အိမ်ထဲမှာ လူရှိရင် မင်း သိနိုင်လား ပြော"

"အန်ကယ် ဘာကိုသံသယရှိနေတာလဲ၊ ဝင်မကြည့်လည်း သိနိုင်ပါတယ်၊ သူ့ကိုလည်း ကျွန်တော် မျက်ခြည်မပြတ် ပါဘူး၊ အန်ကယ် ဘာတွေကြားနေလို့လဲ"





"သူ ယောကျ်ားယူထားတယ်လို့ ငါကြားတာကွ"

"ဗျာ"

"ယောကျ်ားရနေပြီတဲ့"

"ဘယ်သူပြောတာလဲ အန်ကယ်၊ မဟုတ်ရပါဘူးဗျာ၊ အလကားတွေ"

"ငါ့ကို ခိုင်ခိုင်လုံလုံ လာပြောနေတာကွ"

"ဘယ်သူက လာပြောနေတာလဲ"

"မင်း အန်တီနန်းပဲ လာပြောနေတာ၊ ယောကျ်ားယူထား တယ် ဆိုတာလည်း သူ့ကို တစ်ယောက်ယောက်က အကြောင်းကြား သတင်းပေးတာ၊ ငါက တိုက်ခန်းဝယ် ပေးထားတယ် ဆိုတာလည်း အဲဒီကနေပဲ သူ သတင်းရတာ၊ ငါလည်း ဟုတ်တယ် ဝန်ခံလိုက်ရတယ်"

"ဗျာ"

"အေး ... သူ့ကို ရန်ကုန်ကနေ သတင်းလှမ်းပို့တဲ့သူ ရှိနေတယ်"

"ဩော်"

ကိုလတ်က သဘောပေါက်သွားပြီး နဖူးကိုလက်ဝါးနှင့် ရိုက်မိကာ ...

"သိပြီ အန်ကယ်"

"ဘာသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနန်းကို လှမ်းပြောတာ ဦးဘစိုးတင့်ပါ"

ကိုလတ်က ဦးဘစိုးတင့်နှင့် ခင်လေး တွေ့ဆုံတာ တွေ ရှိသဲ့သဲ့ပြောတာ ခြိမ်းခြောက်တာတွေပါ ဦးမိုးဆွေကို လုံးစေ့ပတ်စေ့ ပြောပြလိုက်ပါသည်။

သူ့ကို ခင်လေး ကိုယ်တိုင် ပြောပြတဲ့အကြောင်း ပြန်ပြောပြလိုက်မှ ဦးမိုးဆွေက "ဪ ... ဒီလိုကိုး" ရယ်လို့ သက်ပြင်းကြီး ချသွားရပါသည်။

"အဲဒါကြောင့်ပဲ ခုနောက်ပိုင်း ကျွန်တော်လည်း ခွာဖြူ့ဆီ နည်းနည်းပါးပါး ဝင်ထွက်ပါတယ်၊ အဟန့်ဖြစ်အောင်ပါ၊ ဦးဘစိုးတင့်နဲ့လည်း ဆွေ့ပါတယ်၊ ကံကောင်းတာက သူ ကျွန်တော့်ကို မသိဘူး၊ ကျွန်တော်ကသာ သူ့ကိုသိတာ ဒါပေမဲ့ ဦးဘစိုးတင့်ကို ခွာဖြူက ဒီအိမ်ခန်းနဲ့ ပတ်သက်ပြီး ဘာမှပြောတာမှ မဟုတ်တာ၊ အန်ကယ်ဝယ်ပေးတယ်လို့ လည်း တစ်ထစ်ချ မပြောနိုင်လောက်ပါဘူး၊ သေချာပါ တယ်၊ အန်တီနန်းက သူ့ဟာနဲ့သူရမ်းပြီး အစ်လိုက်တာ အန်ကယ်က တည့်တည့်ကြီး ဟုတ်နေတော့ ဝန်ခံလိုက်ရ တော့တာပေါ့"

"ဟုတ်လား ... အဲသလိုလား၊ ကြားရတာ စိတ်ပေါ့သွား ရတာပေါ့ကွာ၊ ကျေးဇူးပဲ ကိုလတ်ရာ၊ မင်းရှိနေလို့ပဲ၊ ...





အတိုင်းပဲ ခွာဖြူကို စောင့်ရှောက်ပါ၊ ကာကွယ်ပါ ကိုလတ် ရာ၊ ခုလောလောဆယ် ငါကလည်း ဘာမှလှမ်းစောင့် ရှောက်နိုင်တာ မဟုတ်ဘူးလေ၊ ဒီကကိစ္စတွေ အရေးတကြီး အပြီးဖြတ်ရဦးမယ်၊ ငွေရေးကြေးရေးတွေပါ ရှင်းလင်းခွဲ စိတ်ရဦးမယ်၊ ငါက မင်း အန်တီနန်းကို သူလိုချင်တာ တတ်နိုင်သလောက် လက်ခံသဘောတူ ဖြည့်ဆည်းပေး လိုက်မှာ၊ ဒါမှ အဆင်ပြေပြေ ပြီးပြတ်မှာ"

"အန်ကယ် ဒီကို နောက်ဆံမတင်းပါနဲ့"

"အေးပါကွာ၊ ဟုတ်ပါပြီ၊ ကိစ္စပြတ်တာနဲ့တော့ ငါ ရန်ကုန်ကို ခဏပဲဖြစ်ဖြစ် လာဦးမယ်"

"အန်ကယ် ဘာကိစ္စရှိသေးလဲ ဒီမှာ"

"ခွာဖြူနဲ့ တွေ့ဖို့ပါပဲကွာ၊ ခွာဖြူကိုလည်း ခွင့်တောင်းရ ဦးမယ်လေ"

"ဘာခွင့်တောင်းရမှာလဲ အန်ကယ်"

"........"

ဦးမိုးဆွေက ခဏ အသံတိတ်နေသည်။ ကိုလတ် သည် တစ်စုံတစ်ရာကို မကြားဘဲ ကြားလိုက်ရသလို မတွေ့ဘဲ ဆွေ့လိုက်ရသလို မသိရသေးဘဲ သိရပြီးသလို တုန်လှုပ်လာပြီး လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ဘာကို ... ဟို ..."

"ကိုလတ် ... ငါ ခွာဖြူကို လက်ထပ်ခွင့် တောင်းမယ်လေ၊ ခွာဖြူကို ငါ လက်ထပ်လိုက်တာဟာ အကောင်းဆုံးရွေးချယ်မှုပဲ မဟုတ်လား၊ ခွာဖြူလည်း ငြင်းလိမ့်မယ်လို့ ငါ မထင်ပါဘူး ကိုလတ်ရာ ... နော်၊ သူ့အတွက်လည်း အခွင့်အရေးပါ၊ ငါ့အတွက်ကတော့ ... ငါ့အတွက်တော့ ဒါဟာ ဆုလာဘ်ပါကွာ"





## ၁၂

"ထမင်းစားလို့ မကောင်းလို့လားဟင် ... ကိုလတ်"

"ဟာ ... ကိုယ် ထမင်းတွေ ဒီလောက်အများကြီးစားတာ"

"ကြက်သားဟင်းက မကောင်းလို့ပေါ့"

"ဟင့်အင်း ... အရွက်ကြော်လေးက ကောင်းလို့၊ ခင်လေး အရွက်လေးတွေကြော်ရင် အရောင်လေးကလည်း စိမ်းတောက်ပြီး ကြွပ်ကြွပ်ဆတ်ဆတ်လေးနဲ့ အရမ်းစားလို့ကောင်းတာပဲ၊ ဒါကြောင့် ကိုယ်က အရွက်ကြော်နဲ့ပဲ စားပစ်တာ များသွားတာ ခင်လေးရဲ့"

ခင်လေး မျက်နှာလေးက စုမှ ဝင့်ပလာနိုင်ရင်း ...

"ရိုးရိုးလေး ကြော်တာပါ ကိုလတ်ရာ၊ ဂက်စ်မီးဖိုနဲ့ကြော်တော့ ပူပူလောင်လောင်လေးနဲ့ မြန်မြန်ကျက်ပြီး ချက်ချင်းစားလို့ရတာနဲ့ ကောင်းနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး လက်ရာကိုက ကောင်းတာ"

"အဟင်းဟင်း ... ဟိုမှာလည်း ဒေါ်ခမ်းကြီး အရွက်ကြော်ရင် နွမ်းသွားပြီး စားမကောင်းလို့ ဆိုပြီးတော့ အန့်တီတို့ အန်ကယ်တို့က ခင်လေးကို ကြော်ကြော်ခိုင်းကြတယ် ကိုလတ်ရဲ့"

ခင်လေးရဲ့ သတိတရစကားလေးဆုံးလျှင် ကိုလတ်ရဲ့မျက်နှာက တစ်မျိုးပြောင်းသွားပါသည်။ ဒါကို သတိထားမိသော ခင်လေးက ကိုလတ် မကြိုက်ဘူးလားလို့ စိတ်ထဲထင့်သွားရပါသည်။

"ခင်လေး"

"ကိုလတ်"

"ခင်လေး စိတ်ထဲမှာ အန်ကယ်တို့ အန့်တီနန်းတို့အပေါ် လုံးဝနာကြည်းတဲ့စိတ် မရှိဘူးလား"

ခင်လေးက ငိုင်ငေးသွားရင်း ...

"ရှိတော့ ရှိပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကိုယ့်ကိုယ့်ကိုယ် ကိုယ့်ဘဝကိုကိုယ် နာကြည်းမှုကပိုများတယ် ကိုလတ်"

ကိုလတ်သည် အန်ကယ့်အကြောင်း ခင်လေး စကားထဲ ညပ်ပါလာလျှင် နာကျင်အူတိုသလို ခံစားရတာကို ခုနောက်





ပိုင်း မမျိုသိပ်နိုင်။ ဘာကြောင့် ထည့်ပြောရတာလဲ (တစ်နည်းအားဖြင့် ဘာကြောင့် သတိတရ ရှိရတာလဲ)လို့ အောင့်သက်သက် မခံချိမခံသာ ဖြစ်မိတတ်ကာ စိတ်ထဲကမကောင်းပေ။

ကိုယ်လည်း ဘာမှမတတ်နိုင်၊ ခင်လေးလည်း ဘာမှ မပြုပြင်နိုင်တဲ့ ပြီးခဲ့သောကိစ္စတွေကို ကိုယ်တိုင်လည်း အားလုံး သိသိနှင့် အပြစ်မယူနိုင်ကာ သနားကရုဏာစိတ်ကပဲပိုလျက် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရတာ ဖြစ်ပေမယ့် တစ်ခါတစ်ရံတို့မှာတော့ သူ့စိတ်ကဖောက်၍ နာကျင်မိရတတ်ပြန်တာပါ။

"တကယ်တော့ သူတို့အလုပ်သမား သူတို့လက်ခုပ်ထဲက ရေလို ဖြစ်ပေမယ့်လည်း တကယ်တမ်း ပြဿနာရှာချင်ရင် ခင်လေး သူတို့ကို ပြဿနာရှာလို့ ရပါတယ်၊ ဒီလမ်းကို ခင်လေး ကိုယ်တိုင်ပဲ တိတ်တိတ်ဆိတ်ဆိတ် ရွေးချယ်လိုက်တာပဲ မဟုတ်လား ကိုလတ်ရယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ပဲ ပိုပြီး နာကြည်းပါတယ်"

"တော်ပါတော့ ခင်လေးရာ"

သူကပဲ အစဖော်ပြီး ခင်လေး ပြောပြန်တော့လည်း သူ နားမထောင်နိုင်။ မခံစားနိုင်ပြန်ပါ။ ကိုလတ် မျက်နှာ နွမ်းပျက်သွားတာမြင်တော့ ခင်လေး ရင်ထဲမကောင်းပေ။ ချော့မော့သော လေသံချိုလေးနှင့် ...

"ညနေစာရော စားမလားဟင် ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



"မကျွေးချင်လို့ မဟုတ်လား"

"ကိုလတ်ကလည်းကွာ"

"ဒါဖြင့် ဘာလို့မေးနေသေးလဲ၊ ခါတိုင်းလည်း စားတာပဲ ဟာ"

"တစ်ခါတလေလည်း မစားဘူးလေ"

"ဒီနေ့ စားမယ်"

"ဒါဖြင့် ကညွတ်လေး ဆင်းဝယ်ပြီး ကြော်ကျွေးမယ်၊ ကိုလတ်က ကညွတ်ကြိုက်တယ်လေ ... နော်"

"အင်း"

ရှုပ်ပုပ်ရုပ်ကြီးနှင့် ခေါင်းတော့ညိတ်တဲ့ ကိုလတ်ကို ခင်လေး ချစ်စနိုး ပြုံးရပါသည်။ ကိုလတ်ရဲ့ရင်ထဲမှာ အမြဲဖြစ်ပျက်နေတဲ့ ပဋိပက္ခတွေကို ခင်လေး အလုံးစုံ နားလည်ပါသည်။ ခင်လေးကိုချစ်တဲ့ အချစ်နဲ့ နာကျင်တဲ့ အသိစိတ်တို့ဟာ အမြဲဒွန်တွဲလွန်ဆွဲနေမှာပေါ့၊ ခင်လေးကိုလည်း မချစ်ဘဲ မနေနိုင်ရှာသလို အကြောင်းတိုက်ဆိုင်လည်း ရင်ထဲခါးသက်ခံစားရရှာမှာ။

ကိုယ်က အားနည်းချက် အမည်းစွန်းနဲ့သူ။ ကိုလတ်က သန့်စင်တဲ့သူ။ ဒါကိုတွေးမိတိုင်း ခင်လေး ကိုလတ်ကိုသနားလှပါသည်။ ခင်လေးရဲ့ရင်ထဲမှာ ကိုလတ်ကို တမြတ်တနိုး ချစ်သည်ဆိုတာထက် ဟိုးအရှေ့ကို ဘာမှကြိုတင်မျှော်လင့်မထားပါ။ ဘာကိုမှလဲ မလိုချင်ပါ။





ချစ်ခွင့်ရနေသလောက်ဟာ ခင်လေးဘဝရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ စိန်စီသော အချိန်ကာလတွေသာပါ။ လောလောဆယ်ပစ္စုပ္ပန် အခြေအနေကလေးကိုသာ ခင်လေးက တမက်တမောတန်ဖိုးထား ဖက်တွယ်ထားရုံထက် ဘာမှမပိုပါ။

"ဒါဖြင့် ခဏနေ ဈေးဆင်းဝယ်မယ်"

"ဘယ်မှာလဲ"

"မြေနီကုန်းဈေး၊ ဒဂုံစင်တာ လွန်လွန်လေးပဲ"

"အဝေးကြီး"

"ဟွန် ... ဒါလား အဝေးကြီး"

တမင်တကာ မကြည်မလင် ဂျစ်တိုက်ချင်နေတဲ့ ကိုလတ်ကို ခင်လေးက ခွင့်လွှတ်တဲ့အပြုံးလေးနဲ့သာ ကြည့်ရင်း ...

"ကိုလတ် ညောင်းရင်နေခဲ့လေ၊ ခင်လေး မြန်မြန်ကြီးပြေးဆင်းဝယ်ပြီး ပြန်ခဲ့မယ်"

ခင်လေးရဲ့ပြောပုံလေးကို ချစ်စနိုးဖြစ်မဆုံး၊ မချင့်မရဲ ခံစားလိုက်ရတဲ့ ကိုလတ်သည် ဆက်ပြီးတော့ ဂျစ်တိုက်သလိုလို စိတ်ကောက်သလိုလို လုပ်မနေနိုင်တော့။

"ကိုယ်လည်း မြန်မြန်ကြီးပြေးပြီး လိုက်မယ်"

ပြုံးစိစိနှင့် ပြန်ပြောလိုက်မိပါသည်။ ဒီတော့မှ ခင်လေးမျက်နှာလေးခမျာ ရွှင်လန်းချမ်းမြကာ ...

"ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဟိုလေ ... ဒီလို အကြာကြီး လာလာနေတာ ခုတလော အိမ်မှာ အဆင်ပြေရဲ့လားဟင်၊ ဟိုတလောက ကိုလတ် မေမေ တစ်ခါဆူတယ် မဟုတ်လား၊ လိုက်စစ်ဆေးတယ် ဆို၊ ခုတလောရော အဆင်ပြေရဲ့လား ကိုလတ်ရယ်"

"ပြေတယ်၊ ဘာမှ လူကိုမလာနဲ့တားဖို့ စိတ်ကူးမနေနဲ့"

"မလာနဲ့ မတားပါဘူး ကိုလတ်ရယ်၊ ခင်လေးမှ ကိုလတ်ကို မတွေ့ရဘဲ မနေနိုင်တာ၊ တစ်နေကုန် မနေဘဲ ခဏ တဖြုတ်ပဲ နေပါလားလို့ပဲ ခင်လေးက ပြောချင်တာပါ"

"ခင်လေးနော်"

"တစ်နေ့ကုန်နီးပါး ဒီမှာနေတော့ ကိုလတ် ကုမ္ပဏီအလုပ် လည်း ဘာမှမလုပ်ဘူး"

"မန်နေဂျာက တော်တယ်၊ သူသာညံ့နေရင် ကိုယ် ဒီလို လာလာနေလို့ ဘယ်ရမလဲ၊ ပြီးတော့ ကိုယ်တို့အလုပ်ခွင် က ထူးထူးခြားခြား ဆုံးဖြတ်စရာကိစ္စမျိုးတွေ ဘာတွေမှ မရှိတာ၊ တစ်နေ့ တစ်နေ့ လုပ်ရတဲ့လုပ်ငန်းစဉ်တွေက ဒါ ဒါပဲ တူတူပဲ"

ကိုလတ်က အရှိအခြေအနေအတိုင်း ပြောမိပြီးမှ ချက်ချင်း သူ့အမှားကို သူ ရိပ်မိချိန်မှာ ခင်လေးကလည်း ကိုလတ်စကားကို မျက်မှောင်လေးကုတ် အံ့အားသင့်ဖို့နေကာ ...





"မဟုတ်ဘူးလေ၊ အဲဒီမန်နေဂျာက ကိုလတ်ကို အလုပ်မ ဖြုတ်ဘူးလား၊ ဒီလောက် ပျက်ကွက်နေတာ"

ခင်လေးက သူ့ကို အန်ကယ်ဝန်ထမ်းလို့သာ ခုချိန်ထိ သိထားဆဲပါ။

"ဖြုတ်လို့မရဘူး၊ ကိုယ်က အန်ကယ်ကိုယ်တိုင် တိုက်ရိုက် ခန့်ထားတဲ့သူမို့လို့"

"ဒီလိုဆို ကိုလတ်က အခွင့်အရေး ယူသလို ဖြစ်နေမှာ ပေါ့"

"ခင်လေး ... ကိုယ် ခင်လေး နားမှာ လာနေတာမကြိုက် လို့လားဟင်"

ခင်လေး မျက်နှာလေးက ငယ်သွားပြီး ...

"ခင်လေးက မကြိုက်ဘဲ နေပါ့မလား ကိုလတ်ရယ်၊ ခင်လေးက တစ်ယောက်တည်း၊ ခင်လေးမှာ ဘယ်သူမှမှ မရှိတာ၊ ကိုလတ် လာရင် ခင်လေး ပျော်တယ်၊ ခင်လေး အားရှိတယ်၊ ခင်လေးကြောင့် ကိုလတ်ရဲ့ အလုပ်တို့ဘာ တို့ ထိခိုက်နေမှာ စိုးတာပါ"

"ခင်လေး ဘာမှမပူနဲ့၊ ကိုယ်က အန်ကယ့်လူယုံနေရာမျိုး ပဲ၊ ဘာမှလုပ်နေစရာ မလိုဘူး"

"တီတီတီ ... တီတီတီ"

"ဖုန်းလာနေတယ် ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ဖုန်းကိုကြည့်လိုက်ပါသည်။ ခင်လေးက ထမင်းပန်းကန် ဟင်းပန်းကန်တွေသိမ်းကာ ဘေစင်မှာဆေးကြောနေသည်။

"ဟယ်လို"

"ကိုလတ်လား"

"အင်း"

"ဘာသံကြီးလဲ၊ ကိုလတ် အလုပ်များနေလား"

"ဟင့်အင်း ... မများပါဘူး၊ ရပါတယ်"

"ရုံးမှာလား အပြင်မှာလား"

"အပြင်မှာ"

"တစ်ချိန်လုံး လစ်နေတာပဲပေါ့လေ ... ဟင်း ဟင်း"

"အရေးကြီးတဲ့ အလုပ်ကိစ္စလေးတွေ လုပ်နေတာပါ"

"အဲဒါဆိုရင်တော့ ဟုတ်ကို မဟုတ်တော့ဘူး၊ ဆော်ဒါတွေနဲ့ လျှောက်လိမ်နေပြီပဲ ဖြစ်လိမ့်မယ် ... ဟား ဟား"

လဝန်းက တသောသော ရယ်နေပြီးလျှင် ...

"စကားပြောလို့ကော ရရဲ့လား၊ ဟင် ... ကိုလတ်"

"ရပါတယ် လဝန်းရဲ့၊ ပြောပါ"

ပန်းကန်ဆေးနေတဲ့ ခင်လေး လက်လေးတွေ နှေးကွေးသွားပြီး ဘုံပိုင်ကရေကိုလည်း နည်းနည်းလျှော့ကာ အသံတိုးအောင် လုပ်လိုက်ပါသည်။ လဝန်းတဲ့။ ဒီနာမည်လေးဆိုက ဖုန်း





လာတာကို ခင်လေး နှစ်ခါကြားဖူးပြီ။ သူမနှင့် ဖုန်းပြောလျှင် ကိုလတ် အသံက ရွှင်ရွှင်ပျပျ နောက်နောက်ပြောင်ပြောင်။

ခင်မင်ရင်းနှီးသူဆိုတာ သိသာပါသည်။ မိသားစုလိုက် ရင်းနှီးပုံမျိုးဆိုတာလည်း သိသာပါသည်။

"ကိုလတ် ကိတ်မုန့်စားမလား"

"မစားတော့ပါဘူး၊ ဘာဖြစ်လို့လဲ"

"လဝန်းတို့ဟိုတယ်က ချောကလက်ကိတ်က အရမ်းကောင်းလို့၊ ချိစ်ကိတ်လည်း အရမ်းကိုကောင်းတာ၊ ကိုလတ်စားရင် ဝယ်ခဲ့ပေးမလို့"

"အဲဒီဟိုတယ်ကကိတ်ဆို အရမ်းဈေးကြီးမှာပေါ့"

"ညနေခြောက်နာရီကျော်ရင် သူတို့က ဈေးတစ်ဝက်ချလိုက်ပြီ ကိုလတ်ရဲ့၊ အဲဒီကျ သိပ်ဈေးမကြီးတော့ဘူးပေါ့၊ လဝန်းတို့လည်း ဝယ်စားချင်ရင် ခြောက်နာရီကျော်မှ ဝယ်စားတာပေါ့ ... ဟီး ဟီး၊ ကိုလတ် ကြိုက်ရင် ကိတ်တစ်ခြမ်းလောက် ဝယ်ခဲ့ပေးမလို့"

"အာ ... အများကြီး ဖြစ်နေမှာပေါ့"

"တစ်ဝက်ကို ကိုလတ် အိမ်တစ်ဝက်ယူသွား၊ အန်တီဆုနဲ့ ဘွားဘွားလည်း ကျွေးရတာပေါ့၊ တစ်ဝက်ကို လဝန်းယူသွားမယ်၊ တစ်စိတ်စီပဲပေါ့လို့"

"အင်းလေ ... စားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် … သဘောမပေါက်သေးဘူးလား၊ ဒီက သူ့ကို ချော့ဆွဲချင်လို့ ကိတ်မုန့်နဲ့ လာဘ်ထိုးနေတာကို အဟိ"

"သြော် … ဒီလိုကိုး"

ခင်လေးက ပန်းကန်စင်မှာ ပန်းကန်ထားရင်း မြူးရွှင်ပျနေတဲ့ ကိုလတ် မျက်နှာကို ဖျတ်ခနဲ ခိုးကြည့်မိသည်။ မုန့်ကို အဝေးယူသွားပြီး တိုးတိုးကျိတ်ကျိတ် ပြောနေတာမျိုးမဟုတ်တဲ့အတွက် ခင်လေး ထွေထွေရာရာ သံသယမရှိပါ။ ဒါပေမဲ့ ဒီမိန်းကလေးကို ကိုလတ် ခင်မင်နှစ်လိုသည် ဆိုတာကိုတော့ ရိပ်မိသည်။

"ဘယ်နှနာရီလဲ လဝန်း"

"ကိုလတ် အားရင် ခြောက်နာရီခွဲလောက် ရောက်ခဲ့ပါလား"

"အားရင်တွေ ဘာတွေ လုပ်မနေပါနဲ့ဗျာ၊ ကျွန်တော်လာခဲ့ပါ့မယ်"

"အဟင်းဟင်း၊ ဒါကြောင့် လဝန်းကလည်း ကိတ်မုန့်ကျွေးဖို့ စေတနာပေါက်ရတာပေါ့၊ ဟီး … ဒါပဲနော် ကိုလတ်၊ ဘော်ဒါတွေနဲ့ အရေးကြီးတာတွေ လုပ်လိုက်ဦး"

ကိုလတ် ဖုန်းပိတ်လိုက်လျှင် ခင်လေးက ကိုလတ် မျက်နှာကိုကြည့်ပြီး ကိုလတ် ပြောမည့်စကားကို စောင့်စားလိုက်ပါသည်။





"ခင်လေး … ကိုယ့်နည်းနည်းစောပြန်ရလိမ့်မယ် သိလား၊ အများကြီး မစောပါဘူး၊ ခြောက်နာရီအတိလောက်မှပြန်မှာပါ၊ ဒီတော့ ညနေထမင်းကို စောစောလေးစားလိုက်မယ်နော်"

ခင်လေးက အပြုံးလေးနှင့် ခေါင်းညိတ်လိုက်ပါသည်။

"အရွက်ဝယ်ဖို့ ဆင်းမယ်ဆိုရင် ခဏနေ ဆင်းလိုက်ကြတာပေါ့"

ခင်လေးက ခေါင်းပဲ ထပ်ညိတ်လိုက်ပါသည်။ ကိုလတ်က စကားမဆက်တော့ဘဲ အနားက ဂျာနယ်ကိုကောက်ကိုင်ဖတ်နေလိုက်တာမို့ စကားဆက် မပြတ်ခင် ခင်လေးကပဲ အစကောက်ကာ …

"ကိုလတ်"

"ဗျ"

"လဝန်း ဆိုတာ ဘယ်သူလဲဟင်"

ကိုလတ်က ခင်လေးကို မော့်ကြည့်လာသည်။ ကြည့်တဲ့မျက်ဝန်းများထဲမှာ နှစ်သိမ့်မှုတစ်မျိုးက ဖျော့ဖျော့လေးကပ်ပါနေပါသည်။

"ကိုလတ်ရဲ့ချစ်သူတော့ မဖြစ်နိုင်ဘူးပေါ့နော်၊ သူငယ်ချင်းပုံစံလည်း မဖြစ်နိုင်ဘူး၊ ဒီတော့ ကိုလတ်အမေက သဘောတူတဲ့ ကောင်မလေးများလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ခင်လေးကို ကြင်နာစွာပြုံးကာ ...

"ခင်လေးက ဦးနှောက်ကောင်းတယ်၊ တော်တယ်"

ခင်လေးသည် အပြုံးမပျက်အောင် မနည်းသတိထာ
ထားရပါသည်။ ရင်ထဲမှာ ပူလောင်ဆို့နင့်သွားတာပင်။ အို
ဒါပေမဲ့ ခင်လေးမှာ သဝန်တိုခွင့် ရှိလို့လား။ ချစ်သူတွေဆိုပေမယ
ခင်လေးတို့ ပတ်သက်မှုမှာ ရေ့ရှည်မှန်းချက် မျှော်လင့်ချက် 
တာတွေမှမရှိဘဲ။ ရေ့အတွက် ကိုလတ်က ဘာကတိမှ မပေးထာ
သလို ခင်လေးကလည်း ဘာကတိကိုမှ မလိုချင်တာလေ။

"ခင်လေး ရိုးမှန်းသိသွားရင် ကိုလတ်တို့ကိစ္စမှာ အနှော
အယှက်ပြဿနာ ရှိနေပါဦးမယ် ကိုလတ်ရယ်"

"ခင်လေး _ သူက ကိုယ့်ချစ်သူလည်း မဟုတ်ဘူး၊ ကိုယ
လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတဲ့သူလည်း မဟုတ်ဘူး

"နားထောင်ရတာ ကျေနပ်လိုက်တာ ကိုလတ်ရယ်၊ ဒါယေ
သူ့ဆီမှာ ကိုလတ် စကားမများပါစေနဲ့၊ ပြီးတော့ ညနေဖ
စောစောလေး သွားလိုက်နော်"

နှစ်ယောက်လုံးရဲ့မျက်နှာဟာ နွမ်းလျမှေးာတေ
သွားရပါသည်။ အဲဒီရဲ့နောက်မှာတော့ မနက်ခင်းကလော
စိတ်ပေါ့ပေါ့ပါးပါး မရှိကြတော့ပါ။ နှစ်ယောက်စလုံးရဲ့နှလုံးသာ
တွေ တစ်စုံတစ်ရာကို ခံစားနေကြရပါသည်။





သူတို့နှစ်ဦးကြားမှာ ကတိကဝတ်တွေ ရေ့ရှည်ရွယ်ချက်တွေ ဘာမှရှိမထားခဲ့ကြဘဲ နှလုံးသားကို မလွန်ဆန်နိုင်တာ သက်သက်နှင့် ချစ်မိနေကြတာ မဟုတ်လား။ တစ်ယောက်ကို တစ်ယောက် နှောင်ဖွဲ့ခွင့်မရှိသလို ခံစားရသည်။ ခင်လေးဘက်ကတော့ ပိုပြီးတော့ကို နှောင်ဖွဲ့ခွင့်မရှိတာပါ။ ဘယ်လိုအနေအထားကိုမဆို ခင်လေးလက်ခံရမည်သာ။

မွန်းလွဲ သုံးနာရီလောက်မှာတော့ ခင်လေးနှင့် ကိုလတ် မြေနီကုန်းဈေးဆီ ဆင်းလျှောက်ခဲ့ကြပါသည်။ သူတို့နံဘေးက ယှဉ်ဖြတ်မောင်းကာ ကျော်တက်သွားတဲ့ ကားတစ်စီးထဲကလူက သူတို့ကို သေသေချာချာ ကြည့်သွားပါသည်။

"ဦးဘစိုးတင့်နဲ့ ဆုံပြန်ပြီ"

"ကောင်းတယ်၊ ယောက်ျားရှိတယ်ဆိုတာကို ပိုခိုင်ခိုင်လုံလုံ ယူဆသွားမှာပေါ့၊ အန်တီနန်းဆီ သတင်းတွေပို့နေတာလေ"

"ဟုတ်လား ကိုလတ်"

"အင်း ... အန်ကယ်ကတောင် ကိုယ့်ဆီဖုန်းဆက်မေးတယ်၊ မင်း ခင်လေးဆီကို ရောက်ရဲ့လား၊ ယောက်ျားတစ်ယောက် ရှိနေလားတဲ့၊ မဟုတ်ပါဘူး၊ သတင်းမှားပါလို့ ကိုယ်ပြန် ဖြေလိုက်ရသေးတယ်၊ ခင်လေးဆီရော အန်ကယ်ဖုန်းဆက် သေးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမဆက်ဘူးပေါ့နော်"

"ခင်လေးက မဆက်ပါနဲ့ ဆိုတာကို မဆက်တော့ပါဘူး လို့ ကတိပေးသွားကတည်းကပဲ၊ အန်ကယ်က ကတိတည်ပါတယ်၊ လုံးဝမဆက်ဘူး"

"ခင်လေး"

"ကိုလတ်"

"ကိုယ် မပြောဖြစ်သေးတာ ရှိတယ်"

"ဘာလဲဟင် ကိုလတ်"

"ခင်လေးကို ဘာဖြစ်လို့ မပြောချင်မှန်း မသိဘူး"

ခင်လေးက မျက်လုံးဝိုင်းလေးနှင့် မော်ကြည့်နား စွင့်နေသည်။

"အန်ကယ်နဲ့ အန်တီနန်း ကွာရှင်းကြတော့မယ်"

"ဟင် — တကယ်လား"

"အင်း — တကယ်တော့ သူတို့နှစ်ယောက် ကွဲမယ်ကွာ မယ်လုပ်ခဲ့ကြတာ အတော့်တောင် ကြာနေပါပြီ။ ပစ္စည်း ငွေကြေးကိစ္စတွေအတွက်ပဲ တစ်ယောက်ကိုတစ်ယောက် ရှိန်နေကြပြီး ဘယ်သူကမှ ပြတ်ပြတ်သားသား စကားမစ ခဲ့တာ၊ အခု အန်ကယ်ကစ,လိုက်တယ်၊ ရှေ့နေနဲ့ စ,လုပ် နေပြီ"

ခင်လေးက စကားဆုံးအောင် နားထောင်နေပြီးမှ —





"ဒါကို ခင်လေးကို ဘာဖြစ်လို့ မပြောချင်ရတာလဲ"

ကိုလတ်က ခင်လေး လက်ဖျားလေးကို ဆုပ်ညှစ် လိုက်ရင်း ...

"ကိုယ်လည်း မသိပါဘူး ခင်လေးရယ်"

"ခင်လေး သိပါတယ်"

"………"

"အန်ကယ်နဲ့ အန်တီကွဲရင် အန်ကယ်က ခင်လေးကို ပြေးကပ်မလား၊ ဒါမှမဟုတ် ခင်လေးက အန်ကယ့်ကိုပြေး ကပ်မလား၊ အဲသလို တစ်ခုခုကို ကိုလတ် စိုးရိမ်နေတာ မဟုတ်လား၊ ဟုတ်တယ်မို့လား"

ခင်လေး အသံလေးက ဝမ်းနည်းသလို တုန်နေသည်။

"ကိုယ် မသိဘူး ခင်လေး၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘာ ကြောင့်မှန်း မသိပါဘူး၊ ဒါပေမဲ့ အန်ကယ် ခင်လေး အကြောင်းပြောတိုင်း၊ ခင်လေး အန်ကယ့်အကြောင်းပြော တိုင်း ကိုယ့်ရင်ထဲမှာ နာကျင်တယ်၊ ပူလောင်တယ်၊ သဝန်တိုတယ် ခင်လေး"

"တစ်ချိန်က အန်ကယ်က လက်ထပ်ပါမယ်လို့ စကားစ ခဲ့ဖူးတာကိုတောင် ခင်လေး ငြင်းခဲ့တာပါ ကိုလတ်ရယ်၊ ခင်လေးက အချစ်ကို ကိုးကွယ်ချင်တဲ့သူပါလို့ ပြောပြီးကော၊ ဘဝနာထားတာတောင်မှ အချစ်ဆိုတာကို တန်ဖိုးထား



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကိုးကွယ်ချင်နေသေးတယ်၊ စိတ်ကူးယဉ်ဆန်နေသေးတယ် ...

ဒါပေမဲ့ ခင်လေး သိပါတယ်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ အယူအဆ အစွဲအလမ်းမျိုးနဲ့ ခင်လေးလို မိန်းကလေးကို ဘယ်သားရှင်ကများ ကြည်ကြည်ဖြူဖြူ နှစ်သက်လိုလားမှာတဲ့လဲ၊ ခင်လေးက ... ခင်လေးက တစ်သက်လုံး တစ်ယောက်တည်း နေသွားရမယ့်သူပါ ကိုလတ်ရယ်"

"ဟင့်အင်း ... မဟုတ်ဘူး၊ ကိုယ် ရှိတယ်"

ခင်လေးက မဲ့ပြုံးလေး ပြုံးမိကာ ...

"ကိုယ်က ဘယ်လိုရှိတာလဲ ပြောပါဦး၊ ဘယ်နေရာကနေ ရှိနေမှာလဲဟင် ... ကိုလတ်၊ လဝန်းရဲ့ရင်ခွင်ထဲကနေလား"

"ခင်လေး"

ကိုလတ်က စိတ်လိုက်မာန်ပါ ဖျစ်ညှစ်လိုက်၍ ခင်လေးရဲ့လက်ကောက်ဝတ်လေး နာကျင်ကာ ခင်လေးမျက်နှာလေး ရှုံ့မဲ့သွားရပါသည်။

"ခင်လေး ... ကိုယ့်ကို အဲသလို မပြောနဲ့"

"ခင်လေး နားလည်ပါတယ် ကိုလတ်ရယ်၊ ခင်လေး မျှော်လင့်ပြီးသားပါ၊ ဝမ်းနည်းပေမယ့်လည်း ရင်ဆိုင်နိုင်ဖို့ အားခဲမှာပါ၊ ဆုံးဖြတ်ထားပါတယ်"





"ခင်လေး ... ခင့်လေးကို ကိုယ်သိပ်ချစ်တာ ခင်လေး သိရက်သားနဲ့ကွာ"

"ခင်လေး သိတာပေါ့ ကိုလတ်ရယ်၊ ချစ်မှန်းသိတယ် ဆိုတာက တကယ့်ရွေးချယ်ဆုံးဖြတ်မှုမှာ ဘာအရေးပါလို့လဲ၊ ကိုလတ်လည်း ခင်လေး သိပ်ချစ်မှန်း သိတာပဲ၊ ဒါပေမဲ့ ဒီပေါ်မှာ ကိုလတ် ဆုံးဖြတ်လို့ရတာမှ မဟုတ်တာ။ ခင်လေးတို့နှစ်ယောက်ကြားမှာက အချစ်ဆိုတာထက် ဘာတွေလေးတဲ့ အခြေအနေက ပိုပြီးအရေးကြီးတာပါ"

"တော်ပြီ ခင်လေးရာ၊ ဒါတွေမပြောနဲ့ကွာ၊ ကိုယ်က ခင်လေးနဲ့ပဲ နေမှာ"

ခင်လေးက နာနာကျင်ကျင်လေးနဲ့ပဲ ပြုံးမိရပါသည်။ ခင်လေးနဲ့ပဲ နေမှာတဲ့လား ကိုလတ်ရယ်။ ခင်လေးကိုပဲ လက်ထပ်မှာလို့တော့ ကိုလတ် မပြောရဲဘူး မဟုတ်လားကွယ်။ အဲဒီအတွက်လည်း ခင်လေး ကိုလတ်ကို အပြစ်မမြင်ပါဘူး ကိုလတ်ရယ်။

ခင်လေးနဲ့ ကိုလတ်က မြေနီကုန်းဈေး ဈေးရုံရှေ့နားက လမ်းဘေးဟင်းသီးဟင်းရွက်တန်းလေးကိုရောက်ကာ ခင်လေးက ကညွတ်သည်ထံမှာ ကုန်းငုံ့၍ ဈေးမေးနေခိုက် ...

"ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



အမောတကောမှာ အံ့အားသင့်ခြင်းတွေ ဆေါ်သတွေ ပါ ရောစွက်ပါနေသော ခေါ်သံတစ်ခုကြောင့် ကိုလတ်လည်း လန့်သွားသလို ခင်လေးလည်း တုန်ခနဲ ဖြစ်သွားရပါသည်။ ဒဂုံစင်တာဘက်မှ ခပ်သွက်သွက်လှမ်းကာ လိုက်လာသော အမျိုးသမီးကြီးသည် တစ်မုဟုတ်ချင်း ကိုလတ်နှင့် ခင်လေး နံဘေး လှစ်ခနဲ နီးကပ်လာကာ ...

"ကိုလတ် ... ဒါက"

"မေမေ"

ကိုလတ် အသံက ကတုန်ကယင်သံတောင် ပေါက်သွားပါသည်။ ကိုလတ်ထံမှ "မေမေ"ဆိုတဲ့အသံ ကြားသည်နှင့် ခင်လေးသည် သတိအနေအထား ဖြစ်သွားသလိုပင်။ ကိုလတ်ရဲ့ အမေတဲ့။

အကြီးအကျယ်ပြဿနာတက်တော့မည်ကို နားလည်လိုက်ကာ ထိုသို့ လုံးဝအဖြစ်မခံနိုင်သောစိတ်က ဘယ်လိုလိုမ့် ရှောင်ထွက်ရပါ့မလဲ ဒိုင်းခနဲ ဒိုင်းခနဲ အရှုံးအမှုး တွေးနေရလေသည်။

တော်ပါသေးရဲ့။ လက်ချင်းတွဲမထားမိပေလို့။

"မင်း ဘာလုပ်နေတာလဲ ဒီမှာ"

"သား ... ဟို ... ဒီနားကိုလာတာ မေမေ"





"ဘယ်ကိုလဲ၊ သူက ဘယ်သူလဲ"

"........"

ကိုလတ်က ရှုံးရှုံးကြီး ဆွံ့အနေလေသည်။

"မေမေ ဒဂုံစင်တာထဲက ထွက်လာတာ၊ မင်းတို့ ယှဉ်လျှောက်သွားတာ တွေ့လိုက်လို့ လိုက်လာတာ၊ ဒီမှာ ဘာလုပ်နေတာလဲ ကိုလတ်၊ သူက !! "

"ဟာ ... မေမေကလည်းဗျာ၊ နေရာမရွေး လူကိုစစ်ဆေးနေတာပဲ"

ကိုလတ် အသံသည် အကြီးအကျယ် စိတ်ရှုပ်ထွေးနေသလို အမယ်ဘုတ်ချည်ခင်ထဲက သပွတ်အူထွေးကြီးကြားထဲက တိုးထွက်လာရသလိုပင်။

"သူ ဘယ်သူလဲ"

ဒေါ်ဆုမွန်ထံက အသံက ခပ်ပြတ်ပြတ် ထပ်ထွက်လာသည်။ အိမ်နေရင်း အဝတ်အစားနှင့် ခင်လေးကို ဘယ်နည်းနှင့်မှ အားနာလောက်စရာလို့ မတွက်တဲ့အပြင် ဒါဟာ "ချာဖြူ" များလားဆိုတဲ့ သံသယက ပြင်းထန်နေလို့ပင်။

"သူ ... သူက ခင်လေးတဲ့ မေမေ"

ခင်လေးက ရုတ်တရက် ကိုလတ် မေမေကို ခါးကိုင်းညွတ်နှုတ်ဆက်ရင်း ပြုံးပြုံးရွှင်ရွှင် တရိုတသေပုံစံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဆရာ့မေမေကိုး၊ ကျွန်မ ခင်လေးပါရှင့်၊ ဆရာတို့ကုမ္ပဏီက ယာဉ်မောင်း ကိုဇော်ဝင်း ဇနီးပါ အန်တီ၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

ဒေါ်ဆုမွန်က ခဏမျှ ကြောင်အမ်းသွားရပါသည်။ သူသိတာက နှာဖြူ ဆိုတဲ့ နာမည်သာ။ ခင်လေးကို သူ မသိပါ။

"ဒါဖြင့် မင်းက ဘာလုပ်နေတာလဲ ကိုလတ်"

"သူ့ဆီ … သူတို့ဆီပဲ လာတာပါ"

"အန်တီရယ် … ကျွန်မခင်ပွန်းက ခြေထောက်ထိခိုက်ထားပြီး အလုပ်မဆင်းနိုင်တာ ကြာပါပြီ၊ အဲဒါ အခြေအနေကြည့်ဖို့ ဆရာက လာရှာတာ၊ ဒီနားကလည်း ရှာရခက်နေတော့ ဆရာ တလည်လည် ဖြစ်နေတုန်း ကျွန်မလည်း ဈေးလေးဝယ်ဖို့အဆင်း လမ်းမှာတွေ့တော့ ဆရာက ကျွန်မဈေးပြန်မှ အတူလိုက်လာတော့မလို့ပါ …

ဆရာ ကိစ္စရှိရင် သွားပါရှင့်၊ ကိုဇော်ဝင်းကို ကျွန်မ ဆရာလာကြည့်တာ ပြောပြလိုက်ပါ့မယ်၊ ဆရာ ထူးထူးထွေထွေ မှာစရာရှိလို့လား"

"ဩော် … မရှိပါဘူး"

"ဆရာကိုယ်တိုင် သတင်းမေး မလာလည်း ဖြစ်ပါတယ် ဆရာရယ်၊ မန်နေဂျာ ဦးမျိုးဝင်းလည်း သတင်းမေးပြီးသွား





ပါပြီ၊ သူကလည်း သက်သာနေပါပြီ၊ ကိစ္စရှိရင် သွားသာသွားပါဆရာ"

ဒေါ်ဆုမွန်သည် သားကိုတစ်လှည့် ဟိုမိန်းကလေးကိုတစ်လှည့်ကြည့်ရင်း သူ အစိုးရိမ်ကြီးလွန်းသွားတာပါလို့ သဘောပေါက်လိုက်ရပါသည်။

"သားကားကကော"

"ဟိုးဘက်မှာ ရပ်ခဲ့ရတာ မေမေရဲ့၊ ဆင်းလျှောက်ပြီး မေးနေတာ"

ဒီလိုတော့လည်း ခင်လေး ခင်းပေးတဲ့ လမ်းကြောင်းမှလျှောက်၍ ပြေပြေလည်လည် စကားဆက်စပ်နိုင်သားအင်း။

"ဆရာ ဆင်းလျှောက်မေးတာကလည်း ဒီဘက် ပြည်လမ်းဘက် သူ့ဌေးတိုက်ခန်းတွေကို မေးနေတာကိုး ဆရာရဲ့၊ ကျွန်မတို့က ဟိုးဘက် လမ်းအတွင်းဘက်ထဲမှာ၊ ဆရာ မလိုက်နဲ့တော့၊ လူကရှုပ် လမ်းပျက်နဲ့၊ သူ နည်းနည်းတော့ လျှောက်နိုင်ပါပြီ၊ ကျွန်မ ဖုန်းဆက်ခိုင်းလိုက်ပါ့မယ် ဆရာ"

"အင်း … အင်း"

"အန်တီ … ကျွန်မ သွားလိုက်ပါဦးမယ်"

"ဩော် … အေး"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက ကညွတ်စည်း ကောက်ယူကာ ပိုက်ဆံငါးရာတန်လေး ပစ်ချခဲ့ပြီး သူတို့သားအမိနှင့် ဆန့်ကျင်ဘက်သို့ မြန်မြန်လျှောက်ထွက်လာခဲ့ပါသည်။ အင်း ... ဒီဘက်ကဆို တစ်ပတ်ကြီး ပြန်ပတ်ရမှာ။ ဘယ်တတ်နိုင်ပါတော့မလဲလေ။

ကိုလတ်မေမေ ကြည့်ရတာ ယုံတာ မယုံတာထက် အူကြောင်ကြောင် ဖြစ်သွားတဲ့ပုံရသည်။ သူ့ရဲ့တင်းတင်းမာမာပုံစံအတွက်လည်း ခင်လေး အပေါ် အနေအထိုင်ခက် အားတောင့်အားနာ ဖြစ်သွားပုံပေါ်သည်။ ခပ်လှမ်းလှမ်းရောက်မှ ခုနက ပိပိရိရိ သတ္တိတွေ ဖရိုဖရဲ၊ ကစဉ့်ကလျားဖြစ်ကာ ရင်ထဲ တလှပ်လှပ်တုန်လာပြီး စိတ်လှုပ်ရှားမှုအရှိန်ကြောင့် မျက်ရည်တွေရစ်ဝိုင်းလာသည်။

ဘယ်လိုလုပ်ပြီးတော့များ လျှပ်တစ်ပြက်အတွင်း အယောင်ဆောင်ပြဇာတ်တစ်ပုဒ်ကို မျက်နှာပြောင်ပြောင်၊ ပိပိရိရိ လက်တန်းကပြလိုက်နိုင်ပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်အောင် အံ့အားသင့်နေမိပါသည်။ မင်းသမီးတောင် လုပ်စားလို့ရနေပြီလေ။

အရှမ်းအဆေးကြီး ရောက်ပါမှ ရှုပ်ထွေးတဲ့ လူအုပ်အကာအကွယ်နှင့် တစ်ချက်ပြန်ငဲ့ လှည့်ကြည့်လိုက်မိပါသည်။ ဒဂုံစင်တာဘက် ပြန်ရောက်သွားပြီဖြစ်တဲ့ သူတို့သားအမိပုံရိပ်ကို





ပျပျလှမ်းမြင်သည်။ စပို့ရှပ်ဖြူ မှောင်ပြာတဲ့ ဂျင်းဘောင်းဘီနှင့် ကိုလတ် သဏ္ဌာန်ကတော့ နောက်က မြင်ရတာပင် ခေါင်းငိုက်စိုက်ချထားတာ သိသာနေလျက် ား။ သူ့အမေနှင့် လမ်းခွဲခွဲချင်း ဖုန်းလှမ်းခေါ်လိမ့်မည်ကို ခင်လေး သေချာသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဒါလေးလုလား ကိုလတ်"

"အင်း လုတယ်"

"ဒီဘက်က ကြိုးတစ်ကိုင်းတည်းလေးကော"

"အင်း ... လုတယ်"

"ဟိုအညိုရော"

"အင်း"

"ကိုလတ်"

လဝန်းက စူအောင့်အောင့် အသံလေးနှင့် ခပ်ဆတ်ဆတ် ခေါ်လိုက်ရင်း အိတ်တွေထားတဲ့ စင်အနားက ခွာလာပါသည်။

"စိတ်မပါဘူးမို့လား၊ ဘာတွေ တွေးနေတာလဲ"

"ဘာမှမတွေးပါဘူး လဝန်းရဲ့၊ ကျွန်တော် ခေါင်းနည်းနည်း ကိုက်နေလို့"





"ဟင် ... တကယ်လား"

"အင်း"

"ဟင် ... ကိုလတ်က ကစောကပြောရင် လဝန်း မလာပါဘူး"

စိုးရိမ်မကင်း အပြစ်မကင်း ဖြစ်သွားတဲ့ လဝန်း မျက်နှာလေးကြောင့် ကိုလတ်က စိတ်ကိုစုစည်းကာ ...

"ဒီလောက် အရမ်းကြီး ကိုက်တာတော့ မဟုတ်ပါဘူး လဝန်းရယ်၊ နည်းနည်းပါပဲ၊ လဝန်းက မသွားဘူးပြောလည်း မမေက အတင်းလွှတ်မှာပါပဲ"

ရှောပင်းမောလ်ထဲမှာ ဝေ့ပတ်နေရင်း လဝန်းက ခေါင်းတညိတ်ညိတ်ရယ်ကာ ...

"ဟုတ်တယ်နော်၊ အန်တီက ကိုလတ်နဲ့ လဝန်းကို အရမ်းအတူသွားလာစေချင်တာပဲ၊ အဟင်း ဟင်း"

သူတို့နှစ်ယောက်ကို သိတင်းကျွတ်နောက်မှ လက်ထပ်မည်ဖြစ်ပေမယ့် ကြိုတင်စေ့စပ်ထားမည်ဟု မမေက စီစဉ်လိုက်ပါသည်။ နောက်လထဲရှိမယ့် စေ့စပ်ပွဲအတွက် အမေချင်းလည်း ခေါင်းချင်းဆိုင် ဗျာများနေကာ သူတို့နှစ်ယောက်ကိုလည်း အားအားရှိ ရှောပင်းမောလ်တွေကို စေလွှတ်ပြီး လိုတာတွေ ကြည့်ခိုင်း ဝယ်ခိုင်းမဆုံး။

"ကိုလတ် ပြန်မလား ဆက်ကြည့်မလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က နာရီတစ်ချက်ကြည့်ကာ ...

"မပြန်ပါဘူး ... ရပါတယ်၊ လဝန်း ဆက်ကြည့်ပါ"

လဝန်းကို ပြန်ပို့ပြီးရင်တော့ အချိန်လေးနည်းနည်းခိုးပြီး ခင်လေးဆီ ဝင်လိုက်ဦးမည်။ မရောက်ဖြစ်တာ နှစ်ရက်ရှိပြီ။

"ဒါဖြင့်လာ အပေါ်တက်မယ်၊ အကျီနည်းနည်း ကြည့်ချင်တယ်"

"တက်လေ"

သူတို့နှစ်ယောက် စက်လှေကားမှ တက်လာခဲ့ကြပါသည်။ ဆိုင်ခန်းလေးတွေ တစ်ခန်းဝင် တစ်ခန်းထွက် လဝန်းက အဝတ်အစားတွေ လျှောက်ကြည့်နေဆဲ ကိုလတ်က နောက်နားကနေ တမတ်တတ်တတ်။ သူ့ရဲ့စိတ်တွေကတော့ ဒီအနားမှာမရှိဘဲ အဝေးကို ပျံ့လွင့်နေပါသည်။

သူ စေ့စပ်ရတော့မည်။

သူ ဒါကိုလက်ခံမှာလား လက်မခံဘူးလား။ စေ့စပ်မှာလား မစေ့စပ်ဘူးလား။ သူ့ခေါင်းတွေ ထူပူနေပါသည်။ ခင်လေးကို သူချစ်သည်။ ခင်လေးကို လမ်းခွဲချန်ထားရစ်ခဲ့ရမှာ သနားသည်။ ခင်လေးရဲ့ဘဝမှာ သူ့လို ခင်လေးရဲ့အလုံးစုံကို ကြည်ဖြူခွင့်လွှတ်မည့်သူမျိုးဆိုတာ ဘယ်လိုလုပ် ထပ်ရှိလာဦးမှာလဲ။





ခင်လေးခမျာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာမှာ။ မထားခဲ့ရက်ဘူး။ မချန်ခဲ့ရက်ပါဘူး ခင်လေးရယ်။

"ကိုလတ် ... ဒါလေး ယူလိုက်မယ်"

"အင် ... ဟင် ... အင်း ... အင်း"

ကိုလတ်က လဝန်းပြနေတဲ့ အကျီလေးကို ကယောင်ကတန်းကြည့်ကာ ခေါင်းညိတ်ပြလိုက်ပါသည်။ လဝန်းက ကျေနပ်သွားသလို အကျီလေးကို ပိုက်ဆံချေကာ အိတ်လေးဆွဲပြီးထွက်လာသည်။

ကိုလတ်ရဲ့ရှပ်အကျီလက်အစကို ဆွဲလှုပ်ကာ ...

"ဗိုက်ဆာတယ် ကိုလတ်"

"တစ်ခုခုစားမယ်လေ ... လာ"

ဆိုင်ရှေ့ကနေ သူတို့ကအထွက် ဆိုင်ထဲကို ခင်လေးက လှမ်းအဝင်။

အကျီစင်တွေနှင့်ရှုပ်ပြီး ကျဉ်းနေတဲ့အဝင်ဝမှာ သူတို့ချင်း မျက်နှာချင်းဆိုင် နီးကပ်စွာ ဆုံနေကြပါသည်။ ဖျတ်ခနဲဖြူဖျော့သွေးဆုတ်ပြီး ပျက်သွားတဲ့ ခင်လေးရဲ့မျက်နှာဟာ သိသာလှပါသည်။ ကိုလတ်ကို ကြည့်လိုက်တဲ့ မျက်နက်ဝန်း ဝိုင်းဝိုင်းလေးတွေမှာ ကြေကွဲပြိုလဲတဲ့ ခံစားချက်အရိပ်လေး ဖျတ်ခနဲ ထင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ခင်လေး အကြည့်က ကိုလတ်အေးမှ လဝန်းထံ ဖျတ်ခနဲ ရွေ့သွားပါသည်။ ဖြူစင်သန့်ရှင်းတဲ့ မျက်နှာကလေးမှာ ဘာသောကမှ ရှိမနေဘဲ ကြည်လင်နေတဲ့ ရုပ်ကလေးနှင့် ကောင်မလေးဟာ ချစ်စရာလေးပါလား။

ထိုချစ်စဖွယ် မိန်းကလေးသည် ခင်လေးကို ပထမတော့ ဘာရယ်မဟုတ် မျက်လုံးချင်းဆုံရာမှ ခင်လေးရဲ့ ကိုလတ်ကိုကြည့်မိတဲ့ မျက်ဝန်းကို သတိပြုမိသွားပုံပေါ်ကာ သူနှင့်မျက်လုံးချင်းဆုံမိရာတွင်တော့ တအံ့တသြလေး တိတ်ဆိတ်စွာ အကဲခတ်နေလေသည်။

တစ်ခုခုပဲလို့ မထင်လို့ မရအောင် ခင်လေးနှင့် ကိုလတ်တို့ရဲ့ မျက်နှာတွေ အသီးသီးကလည်း ပျက်ယွင်းနေခဲ့ကြတယ် မဟုတ်လား။ ပြီးတော့ ပုံမှန်ဆိုရင် ဆိုင်ရဲ့ဝင်ပေါက်ဝ ကျဉ်းကျဉ်းမှာ အသီးသီးပခုံးလေးတွေ တိမ်းပြီး ယိမ်းပြီး ရှောင်ရှားကြပြီး ဆက်လက်ထွက်ခွာသွားကြရုံပဲ မဟုတ်လား။

ခုတော့ အကြည့်ချင်းအဆုံမှာ မျက်နှာတွေပျက်ခဲ့ကြရုံမက နှစ်ဦးသားလုံးက ရှေ့ကိုခြေလှမ်းမဆက်မိကြဘဲ တောင့်တောင့်ကြီးတွေ ခြေစုံရပ် ငြိမ်သက်ကုန်တာ။ သို့ပေမဲ့ ခင်လေးကတော့ အရင်ဦးစွာ သတိဝင်ပြီး စတင်လှုပ်ရှားခဲ့သူပါ။

ခေါင်းငုံ့ကာ အနည်းငယ် စောင်းငဲ့တိုးရှောင်ပြီး ဆိုင်ထဲကို ဟန်မပျက် ဆက်ဝင်သွားလိုက်တဲ့ ခင်လေးကို ကိုလတ်





က လိုက်မကြည့်ပေမယ့် လဝန်းက ငွဲငွဲလေး လိုက်ကြည့်မိပါသည်။ ထို့နောက်တော့ ကိုလတ်က အရင်ခြေလှမ်းစထွက်သည်ဖြစ်၍ လဝန်းပါ ပါလာရပါသည်။

Food court ကို ရောက်လာတဲ့အထိ ကိုလတ်က တိတ်ဆိတ်နေသည်။ လူရဲ့ကိုယ်ထဲမှာ စိတ်ရှိနေပုံတောင်မရ။

“ကိုလတ်”

“.........”

“ကိုလတ်”

“.........”

“ကိုလတ် ... သူက ဘယ်သူလဲဟင်”

လဝန်းက ကိုလတ်ရဲ့လက်မောင်းကိုပါ ကိုင်လှုပ်ပြီး မေးလိုက်ပါသည်။

“ဟင် ... ကိုလတ်၊ ဘယ်သူလဲလို့”

“ဘယ်သူလဲ၊ ဘယ်သူ့ကို ပြောတာလဲ”

ကိုလတ်က သတိလက်လွတ် အူကြောင်ကြောင်။

“ဟာ ... ကိုလတ်ကလည်း၊ ခုန လဝန်း အင်္ကျီဝယ်တဲ့ဆိုင်ထဲကိုဝင်လာတဲ့ တစ်ယောက်လေ၊ ဆိုင်ဝမှာတဲ့တဲ့တိုးနေတဲ့ အစ်မကြီး ချောချောလေ”

“မသိဘူးလေ၊ ဘယ်သူလဲ”

“ဟင် ... ကိုလတ်နဲ့ သိတယ် မဟုတ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး"

"ကိုလတ်၊ လဝန်းကို ညာပြောနေတာ မဟုတ်လား"

"မညာပါဘူး၊ ကျွန်တော် သိမှမသိတာ၊ ဘယ်အသိနဲ့မှ မတိုးခဲ့ဘူး"

နှစ်ယောက်သားနီးရာ ဆိုင်တစ်ဆိုင်ရဲ့ရှေ့ စားပွဲမှာ ဝင်ထိုင်လိုက်ကြပါသည်။ လဝန်းက မေးလေးထောက်ကာ ကိုလတ်ကိုကြည့်ရင်း ...

"ကိုလတ်ရော အဲဒီအစ်မရော မျက်နှာတွေ အရမ်းပျက်သွားတာလေ၊ အဲဒီအစ်မကြီးကဆို မျက်နှာက အရမ်းဒဏ်ရာရ ထိခိုက်ကြေကွဲသွားသလိုပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ချင်ယောင်ဆောင်ပြီး ဘာမှမပြောဘဲ ဆက်ဝင်သွားတယ်နော်၊ အဲဒါ ကိုလတ် ရည်းစားလား"

"ကျွတ် ... မဟုတ်ပါဘူးဆို လဝန်းရယ်"

ကိုလတ်သည် ငြင်းလက်စနှင့် ဆက်လက်ဘူးခံရပါတော့သည်။ သူ့ကိုယ်သူလည်း အံ့သြစက်ဆုပ်နေမိပါသည်။ ခင်လေးကိုပြောတုန်းက ခင်လေးနဲ့ပဲ ခင်လေးနားမှာနေမှာဆိုပြီးတော့ ရည်းစားလို့တောင် တခြားမှာဝန်မခံရဲဘူးလား။ မေမေနဲ့ ဆုံတုန်းကလည်း ခင်လေး အဆင်ပြေအောင် လိမ်ညာလိုက်တဲ့လမ်းကိုသာ ဆက်ပြီးနင်းလျှောက်လိုက်မိကာ "မေမေ ... ဒါ သားချစ်တဲ့ ခင်လေးနွာဖြူပဲ"ရယ်လို့ ရဲရဲဝံ့ဝံ့ရင်ကော့ ရင်ဆိုင်ပြောရဲခြင်း မရှိခဲ့။





ငါ ဘာကောင်လဲ။

ကိုလတ် ကိုယ့်ကိုယ်ကိုယ် နာကြည်းနေမိပါသည်။

"ကိုယ့်ဟာကိုယ် ဓာတ်လမ်းတွေပဲ ဆင်တွေးနေမိသလားတော့ မပြောတတ်ဘူး၊ လဝန်းကတော့ အဲဒီအစ်မဟာ အန်တီဆု သဘောမတူနိုင်တဲ့ ကိုလတ် ချစ်သူ ဖြစ်လိမ့်မယ်လို့ ထင်နေမိတယ်၊ ဒါပေမဲ့ အဲလို တကယ်ဟုတ်နေခဲ့ရင်လည်း လဝန်းက ဘယ်လိုမှ သဘောမထားပါဘူး ...

လဝန်းအတွက် ဘာဖြစ်ခဲ့တယ် ဆိုတာက အရေးကြီးတဲ့အချက် မဟုတ်ပါဘူး ကိုလတ်၊ ဘာဆက်လုပ်မယ်ဆိုတာကသာ အရေးကြီးတဲ့အချက်ပါ၊ အလုပ်ခွင်မှာလည်း လဝန်းက အဲသလိုပဲ စဉ်းစားတယ်၊ အခု တကယ်လို့များ လဝန်းကို မျက်နှာပူသလို အားနာသလို အပြစ်ရှိသလို ခံစားချက်မျိုး ဖြစ်ခဲ့ရင် ဖျောက်ပစ်လိုက်ပါ ကိုလတ်၊ လဝန်း ဘာမှမဖြစ်ဘူး ...

ဒါပေမဲ့ လဝန်းကို မဟုတ်ဘဲ သူ့ကို ဟိုတစ်ဖက်ကို မျက်နှာပူသလို အားနာသလို အပြစ်ရှိသလို ခံစားနေရတာ ဆိုရင်တော့ ကိုလတ် စဉ်းစားလို့ ရသေးတာပဲ၊ လဝန်းတို့ကြားမှာ ဘာအချုပ်အနှောင်မှ ရှိကြသေးတာမှ မဟုတ်တာ ကိုလတ်၊ စိတ်ရှုပ်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်သည် လက်တွေ့ကျလှတဲ့ လဝန်းရဲ့သဘောထားကို အံ့အားသင့်ပြီး လဝန်းကို ကြည့်နေမိရာက ပြုံးလိုက်မိပါသည်။ ဒီမိန်းကလေးဟာ ငယ်သေးမယ့်လည်း သူ့အတွေးအခေါ် သူ့အရည်အချင်းလေးနှင့် လေးစားစရာ စိတ်သဘောထားမျိုးလေး ရှိသူပေပဲ။

"ခုချိန်မှာ အားလုံးစဉ်းစားလို့ ရသေးတာပဲ၊ ရွေးချယ်လို့ ရသေးတာပဲ၊ တစ်ခုကို ရွေးချယ်လိုက်ပြီဆိုရင်သာ ပြုပြင်လို့မရ ပြုပြင်ဖို့ မသင့်တော့တာလေ၊ နောက်မှ လွန်ပြီးကုန်မှ ပြုပြင်ချင်နေရင်တော့ ကိုလတ် အပြစ်ရှိသွားမှာ၊ ကိုလတ် ခေါင်းအေးအေးနဲ့ စဉ်းစားပါ"

သူက ဝန်မခံသေးမယ့်လည်း လဝန်းက တစ်ထစ်ချကောက်ချက်ချ ယူဆကာ သူ ယူဆတဲ့အတိုင်းပဲ ပြောဆိုနေတော့တာပင်။

"အဲဒီအစ်မရဲ့ပုံစံကတော့ ကိုလတ် ဘယ်လမ်းကို ရွေးလျှောက်လျှောက် အနှောင့်အယှက်ပြုမယ့်ပုံ မရဘူး၊ ကြည်ဖြူနေမယ့်ပုံမျိုးပဲ၊ သူ လဝန်းကို ကြည့်သွားတဲ့အကြည့်ကလည်း အေးအေးမြမြပါပဲ၊ အရှုံးပေးထားတဲ့ပုံပဲပေါ့၊ သနားတော့ သနားပါတယ်"

သူ့ရင်ထဲမှာ လဝန်း စကားတွေကြောင့် ဗလောင်ဆူလာသည်။ သူ့ခေါင်းကို သူ လက်သီးနှင့် ပြန်ထိုးပစ်ချင်အောင်လှက ဆူဝေလာပြီး ...





"လဝန်း ... ခဏနော်"

"ရှင်"

"ကျွန်တော် ခုချက်ချင်းပဲ ပြန်လာခဲ့ပါ့မယ်၊ ခဏလေးပဲ၊ ခဏ"

ကိုလတ်က ထိုင်နေရာက ထ,ပြေးထွက်လာခဲ့ပါသည်။

ခုနက ခင်လေးနဲ့ ဆုံခဲ့တဲ့နေရာဆီ အပြေးပြန်ရှာဖွေ ရောက်ခဲ့တာပင်။ တကယ်ဆို သူ ဟာန်မပျက် "ခင်လေး ဘာလာဝယ်လဲ၊ တစ်ယောက်တည်းလား"ဆိုတာမျိုးလောက် အထိတော့ မေးလိုက်သင့်တာပဲ။ ဒီလောက်ကတော့ မိတ်ဆွေအပေါင်းအသင်းချင်းလည်း နှုတ်ဆက်နေကျ စကားမျိုးပဲ။

သူ ဒီလောက်တောင်ချစ်တဲ့ ကြင်နာမြတ်နိုးတဲ့ ခင်လေးကို ဒါလောက်လေးတောင် မမေးဘဲ စိမ်းစိမ်းပြင်ပြင်လုပ်ခဲ့မိတာအတွက် ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်ပါ။ ဟိုရှာ့ဒီရှာ့ အတန်ကြာ ပတ်ရှာပြီး မတွေ့တော့တဲ့အခါ သူ လဝန်းထံကိုသာ ပြန်လာခဲ့ရပါသည်။

သူ့ကို လဝန်းက ငေးငေးလေး အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လဝန်းက နောက်လ ရေစပ်ဖို့ နည်းနည်းစဉ်းစားချင်သေးတယ် ဆိုတာ ဘာဖြစ်တာလဲ"

ကိုလတ်က သက်ပြင်းကြီးရှိုက်ကာ ...

"သူ့ကိုမေးကြည့်ပေါ့ မမေရဲ့"

"လဝန်းက ရေစပ်မယ့်ကိစ္စကို သူ့ဟာနဲ့သူ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ဖြစ်နေတာ၊ သူ့အမေနဲ့ ဝယ်စရာရှိတာဝယ် စီစဉ်နေတာ၊ ခုမှ ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ၊ အကြောင်းရှိကို ရှိတယ်"

ကိုလတ်က ဘာမှမပြောဘဲ ငြိမ်နေလိုက်ပါသည်။

"အဲဒီအကြောင်းရင်းကလည်း မင်းပဲဖြစ်မှာပဲ ကိုလတ်"

"မမေကလည်းဗျာ"

"မမေကလည်း မဗျာနဲ့၊ ခုတလော မင်းပုံကြည့်ရတာလည်း ဘယ်လိုဖြစ်နေမှန်းကို မသိဘူး၊ လူပုံစံက အေးတိအေးစက် စိတ်နဲ့လူ မကပ်ဘဲ မြောနေတယ်၊ မင်း ဘာဖြစ်နေလဲ"





"ဘာမှမဖြစ်ပါဘူး မမေရယ်"

"မင်းနဲ့ လဝန်းကြားမှာရော ဘာအဝံ့အစ်အငေါ် ရှိသေးလဲ"

"ဘာမှ မရှိပါဘူး၊ ခုလည်း လဝန်းနဲ့ အမြဲဖုန်းပြောနေ အဆက်အသွယ် ရှိနေတာပဲ"

"ကဲ ... မင်းကိုမေးလို့လည်း ဘာမှ ထူးထူးခြားခြား သိရမှာမဟုတ်ဘူး၊ ဘူးချည်းခံနေတာပဲ၊ ဒီတော့ မမေ တစ်ခွန်းတည်းပဲမေးမယ် ကိုလတ်၊ မင်းအနေနဲ့ မင်းဘက်ကရော ဒီကိစ္စကို ပြန်စဉ်းစားချင်သေးတယ်ဆိုတဲ့ ကွန်ပလိန့်တက်မှာလား"

"လဝန်းက စဉ်းစားချင်တော့ ..."

"လဝန်းကို ထည့်မပြောပါနဲ့ ကိုလတ်ရယ်၊ မမေမေးတာကို အတည့်ဖြေပါ၊ မင်းကပြင်းဖို့ပြုဖို့ စိတ်ကူးရှိသေးလား"

"........."

"ကိုလတ်"

"မရှိပါဘူး"

ဖြေလိုက်ပြီးလျှင် ကိုလတ်သည် ကိုယ့်ပါးစပ်ကို ကိုယ် ပိတ်ရိုက်ပစ်ချင်ကာ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသထွက်သွားပြီးလျှင် ...

"ဒါပေမဲ့ စဉ်းလည်းစဉ်းစားချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ချက်ချင်းပြင်လိုက်မိပါသည်။

"ဘာ"

"မေမေ၊ သားနဲ့ လဝန်းက ရည်းစားတွေလည်း မဟုတ်ကြတော့ ရေရှည်မှာ အချစ်မပါဘဲ တစ်ယောက်သည်းညည်းတစ်ယောက် ခံနိုင်,မခံနိုင် ဆိုတာ"

"တော်စမ်း ကိုလတ်၊ မင်း ခုမှ ဘာတွေပြောနေတာလဲ၊ လဝန်းကိုတွေ့ကာစက မေမေတောင် ဘာစိတ်ကူးမှမရခင် မင်းပဲ အရင်စ,စိတ်ဝင်စားခဲ့တာပါ"

"ဒါက မေမေရယ်၊ ချောတဲ့လှတဲ့ ကောင်မလေးတစ်ယောက်နဲ့ မမျှော်လင့်ဘဲ ရင်းနှီးတဲ့အချိန်မှာ အထိုက်အလျောက်တော့ စိတ်ဝင်စားမှု ရှိတာပေါ့"

"အထိုက်အလျောက် မဟုတ်ပါဘူး၊ မင်း လဝန်းကို သဘောကိုကျခဲ့တာ၊ ဟုတ်လား မဟုတ်ဘူးလား မညာနဲ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခု ဘာဖြစ်တာလဲ၊ ဘယ်သူ့ကြောင့်လဲ"

"မေမေ တခြားဟာတွေ ဆွဲမထည့်ပါနဲ့၊ စိတ်ဝင်စားတာ သဘောကျတာက အချစ်မှ မဟုတ်တာ"

"ကဲ ... ဒါဖြင့် မင်းအချစ်က ဘယ်သူ့ဆီမှာလဲ"

"........."





"ပြောလေ ကိုလတ်၊ ဘာလဲ ခွာဖြူလား ... ပြော၊ မင်းသူနဲ့ အဆက်အသွယ် ရှိနေတယ်လို့ပဲ မေမေ တစ်ချိန်လုံး ထင်နေတာနော်ကိုလတ်၊ ဘာသက်သေသက္ကာယ အထောက်အထားမှလဲ မရှိတော့ ဘယ်လိုမှ စွပ်စွဲလို့ မရဘဲ ဖြစ်နေတာ၊ စိတ်ကတော့ ထင့်ကိုထင့်နေတယ်"

အမေဆိုတာ အတိအကျ အတပ်မသိတောင် ကိုယ့်သားသမီးရဲ့အရိပ်အကဲကိုတော့ ဖမ်းမိကြမြဲ ထုံးစံထင်ပါသည်။ သူ့ပုံစံကလည်း ဟိုအရင်က ရွှင်ပျနေခဲ့ပြီး စေ့စပ်မယ်ဆိုတဲ့နောက်မှ မှိုင်တွေတွေ ဖြစ်နေခဲ့တာကိုး။ ဖြစ်ရတာကလည်း အကြောင်းရှိပါသည်။

ခုတလော ခင်လေး သူ့ကို ရှောင်နေတာ။ ဖုန်းဆက်ရင်မကိုင်တာ။ အိမ်လိုက်သွားတော့ သော့ခတ်ထားတာ။ သော့ကိုတောင် သူ ဖွင့်ပြီး ဝင်ရှာခဲ့ပါသေးသည်။ ခင်လေး ရှိကိုမရှိတာ။

ခင်လေးအတွက် တိုက်ခန်းဝယ်ယူ ပြင်ဆင်ဆဲကာလကတည်းက အန်ကယ်က ခင်လေးကို, လေဆိပ်မှာ မအုပ်မိခဲ့ရင် ဆက်သွယ်နိုင်တဲ့ အင်းစိန်အိမ်လိပ်စာ ပေးထားပါသည်။ ခင်လေးတို့အိမ်မှာ ဖုန်းမရှိပေမယ့် မလှမ်းမကမ်းမှာတော့ သွားခေါ်ပေးနိုင်တဲ့ဖုန်းရှိကာ အဲဒီကို ဗန်ကောက်ကနေ ခင်လေး ဖုန်းဆက်ဖူးနေကျ အန်ကယ်တို့ အန်တီတို့လည်းသိတဲ့ ဖုန်းနံပါတ်တစ်ခုကိုလည်း သူ သိထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီဖုန်းကိုဆက်တော့လည်း သူ့အမေနဲ့ပဲတွေ့ရသည်။ ခင်လေးက တစ်ခါတစ်ရံလာပေမယ့် ဒီမှာလည်းမနေ နေ့စဉ်လည်းမလာဘူးလို့သာ သိရပါသည်။ ခင်လေးစကားထဲ ပါဖူးတဲ့ သူ့သူငယ်ချင်းတွေထံ သို့မဟုတ် အဲဒီသူငယ်ချင်းတွေနဲ့ အတူသွားလာနေမည်လို့ ခန့်မှန်းရပေမယ့် အဲဒီသူငယ်ချင်းတွေရဲ့ လိပ်စာ ဖုန်းနံပါတ်တို့ကျတော့ ကိုလတ် မသိတော့ပါ။

"မျက်နှာကလည်း စေ့စပ်မယ် ဆိုကတည်းက ဖြစ်ပျက်နေတာ တစ်နေ့မှကို စိတ်ချမ်းသာချင်စရာ မမြင်ရဘူး ကိုလတ်၊ မင်းကို မေမေ တစ်ခွန်းတည်း အပြတ်ပြောလိုက်မယ်၊ နောက်ဆုံးတစ်နေ့ လဝန်းနဲ့ကိစ္စ အဆင်မပြေဘဲ ပျက်သွားရင်တောင် ဒါ ဖူးစာမပါလို့ပဲလို့ မေမေ ဖြေသိမ့်နိုင်ပါတယ် ...

ချာဖြူဆိုတဲ့ အကျင့်ပျက်တဲ့ မိန်းကလေးနဲ့တော့ မင်း ပတ်သက်ဖို့ စိတ်ကူးရှိနေရင် ရပ်တန်းကရပ်၊ လုံးဝ လက်သင့်မခံတဲ့အပြင် မဖြစ်,ဖြစ်တဲ့နည်းနဲ့ခွဲမယ်၊ မင်းဘက်ကို ကိုင်တွယ်လို့မရရင် သူ့ဘက်ကို ကိုင်တွယ်ရလိမ့်မယ်၊ သူလိုမိန်းကလေးအတွက် အသိုင်းအဝန်းက ဘောင်ကျဉ်းကျဉ်းလေးပါ၊ နေစရာမရှိ ဖြစ်သွားမှာ"

"မေမေ ... အဲသလို မလုပ်ပါနဲ့"

"ဘာ"





"........."

"ဘာ၊ ဒါက မင်း ဝန်ခံလိုက်တာပေါ့ ဟုတ်လား၊ မင်း ... မင်း အဲဒီ ချာဖြူနဲ့ အဆက်အသွယ် ရှိနေတာပေါ့ ဟုတ်လား၊ တွေ့နေကြတာပေါ့၊ ဘုရား ... ဘုရား ... ဘယ်လိုအခြေအနေတွေလဲ၊ ဘယ်အခြေအနေတွေတောင် ရောက်နေသလဲဟင်၊ အမယ်လေး ... ဒါကြောင့် စိတ်က အမြဲထင့်နေတာ၊ ဒီအကျင့်ပျက် မိန်းမက ငါ့သားလူမိုက်နှနုထွတ်ထွတ်ကို ကျုံးသွင်းထားပြီပေါ့လေ၊ မြူဆွယ်ဖြားယောင်းထားပြီပေါ့လေ၊ မင်းလည်း သူ့ကြော့ကွင်းထဲ ကားယားကြီး မိနေပြီပေါ့နော်"

ကတုန်ကယင်လေသံနှင့် လူပါ ဆတ်ဆတ်တုန်လာပြီး မျက်ရည်တွေလည်းလည်၊ အရုပ်ကြိုးပြတ်လည်း ဖြစ်သွားတဲ့ မေမေ့ပုံစံဟာ အရမ်းကို အထိနာနာ ထိချက်ပြင်းသွားတာ သိသာပါသည်။

"မေမေရာ ... သူက မေမေ ထင်သလောက် ..."

"မပြောနဲ့၊ တော်"

"........."

"နင်တို့ ဘယ်အခြေဆိုက်နေပြီလဲ၊ ပြောစမ်း"

ကိုလတ် မျက်နှာ ရဲသွားရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမေ ... ခင်လေးက အဲသလို မိန်းကလေးစားမျိုး မဟုတ်ဘူး"

"ဘာ ... ဘာ"

"ခင်လေးက အဲဒီလိုမိန်းမစားမဟုတ်ပါဘူးဗျ၊ ကံအကြောင်း မလှခဲ့လို့ ..."

"ဘာ ... ခင်လေး ... ဟုတ်လား"

ကိုလတ် ပြာမိုက်သွားပါသည်။ သွားပြီ။ စကားမှား ပြီ။

"ဟင် ... ခင်လေး ဆိုတာ ဒီမိန်းမ ခွာဖြူ၊ ခွာဖြူဆိုတာ ခင်လေးပေါ့ ဟုတ်လား၊ ဒါ ... ဒါဆို ... ဟိုးတလောက တွေ့တဲ့ ခင်လေးဆိုတာ ... ဘုရား ... ဘုရား"

မမေ တဆတ်ဆတ် တုန်လာ၍ ဘွားဘွားက မမေ့ကို ဖက်ရင်း နှစ်သိမ့်ရင်း ...

"မြေး ... ကိုလတ်၊ မိုက်လိုက်တာ ငါ့မြေးရယ်၊ မိုက်လိုက် တာ"

"ဘွားဘွား ... ခင်လေးက ခုလိုဖြစ်သွားပေမယ့် အကျင့် ပျက်မိန်းကလေး မဟုတ်ဘူးဗျ"

မထူးတော့ပြီမို့ စကားကို ရှေ့ဆက်ကာ အမှန်တိုင်း ရင်ဆိုင်ဖို့သာ ရှိပါတော့သည်။





"ဘယ်လိုမိန်းကလေးဖြစ်ဖြစ် သူ ဖြစ်ပျက်ခဲ့ပြီးသမျှကို မင်း ကောင်းကောင်းသိသားနဲ့ ကိုလတ်ရယ်၊ မင်းအမေ ဒီလောက် အတန်ထင် တားနေတဲ့ကြားက ဘာဖြစ်လို့ ဇွတ်ဆက်တိုးနေခဲ့တာလဲ၊ သူ့အတွက်က ယောကျ်ားတစ် ယောက်နဲ့ ဖြစ်ပျက်ပြီးခဲ့ပြီ၊ နောက်တစ်ယောက်နဲ့ဖြစ်ဖို့ ဆိုတာ ဘာမှသိပ်ဝန်လေးနေစရာ ..."

"ဘွားဘွား ... အဲလိုမပြောပါနဲ့ ဘွားဘွား၊ ခင်လေးက ဖြူစင်ပါတယ်၊ ခင်လေးက မိန်းမကောင်းလေးပါ"

ကိုလတ်အသံက ဆို့နင့်နေပါသည်။

"ဘာ ... မိန်းမကောင်းလေး၊ အမယ်လေး အရှပ်ကတို့ရေ၊ ဒီကောင်တစ်ကောင်တော့ ကောင်းကောင်းမှိုင်းမိသွားပြီ၊ မေမေ ... မေမေ့မြေးတော့ မရှန်းနိုင် မရှောင်နိုင်အောင်ကို ပိုက်ကွန်ထဲမိနေပြီ မေမေရဲ့"

မေမေ့အသံကြီးဟာ ငိုသံပါနေသည်။

"ငါ့ကို တစ်ခွန်းပဲပြော၊ ဒီမိန်းမကို နင် လက်မှတ်ထိုးပေး ထားရလား"

ကိုလတ်သည် ခင်လေးအတွက် ယူကျုံးမရ နာကျင် ရကာ ...

"သားက ထိုးပေးချင်ရင်တောင် ခင်လေးက လက်မခံဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... သူတော်စင်မကြီးနဲ့ နင် တွေ့နေတာပေါ့"

"ခင်လေးက သားကိုချစ်တယ်၊ ခင်လေးက သနားဖို့ကောင်းတယ်၊ သားနဲ့ ခင်လေးကြားမှာ သန့်ရှင်းတဲ့ချစ်ခြင်းမေတ္တာကလွဲရင် ဘာမှမရှိဘူး"

ကိုလတ် ပါးပြင်ပေါ် မျက်ရည်ပွများ စီးကျလာပါသည်။





## အခန်း ၁၄ ဆယ်လေး

ကိုလတ် ခေါ်တဲ့ဖုန်းတွေကို မကိုင်ဘဲနေတာ၊ ပိတ်ပစ်တာတွေနှင့် ရှောင်နေခဲ့တာ ရက်အတန်ကြာချိန်တွင် ခင်လေးရင်ထဲ အလူးအလဲ လွမ်းဆွတ်နေပြီတည်း။ နေ့လယ်ဘက်တွေရောက်လာမှာစိုး၍ ဟိုလျှောက်သွား ဒီလျှောက်သွားနှင့် လူကတိမ်တိုက်လေးတစ်ခုနှယ် လွင့်ချင်သလို လွင့်မျောနေပါသည်။

အိမ်မှာရှိနေရင် တံခါးမဖွင့်ပေးပဲနေလည်း ဖွင့်ဝင်လာမှာ စိုးရသေးတယ် မဟုတ်လား။ ဒါကြောင့် အိမ်မကပ်ဘဲ လျှောက်သွားနေခဲ့တာ။ ဒီတော့ လူက ပန်းလည်းပန်း လွမ်းလည်းလွမ်း။

ခုတော့ ခင်လေးသည် ဒီကြားထဲ အဆက်အသွယ်ရထားတဲ့ အထည်ဆိုင်အချို့အတွက် ဇန်ကောက်ကို ဈေးဝယ်ထွက်တော့မည်ရယ်လို့ပဲ ဆုံးဖြတ်လိုက်ပြီ။ ဇီဇာလေးသွားပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ပတ်လောက်ပဲ ထွက်တော့မည်ရယ်လို့ စိတ်ပိုင်းဖြတ်လိုက် ပြီးပါပြီ။

ဒီကိစ္စအတွက် အပြင်ထွက်မည့် ခင်လေး ရေချိုးပြီး ရေချိုးခန်းမှ ထွက်လာချိန်မှာ ဖုန်းကမြည်နေပါသည်။ ကိုလတ် လား ဆိုတဲ့ လှပ်ခနဲ ခုန်သွားတဲ့ ရင်နှင့်ပင် ဖုန်းကိုကြည့်လိုက် တော့ ပေါ်နေတဲ့နံပါတ်ကို ခင်လေးမသိ။ နံပါတ်အစိမ်းတစ်ခု

ကိုလတ်များ တခြားဖုန်းနဲ့ ဆက်ဘာလား။

မကိုင်လိုက်ဘဲ မြည်သံဆုံးသွားအပြီးမှာ ခေါ်သံက အစကပြန်ကာ နောက်တစ်ဖန် မြည်လာပြန်သည်။ ဘယ်သူပါ လိမ့်။ သူ့ထံတခြားဖုန်းခေါ်မည့်သူရယ်လို့ မရှိလှသေမယ့် ဘာများ ဖြစ်နေမလဲလို့ ခင်လေးက ဇဝေဇဝါ အတွေးလေးနှင့် ဖုန်းကိုဖွင့် ကိုင်လိုက်ပါသည်။

“ဟယ်လို”

“ခွာဖြူ”

ဟင် ...။

ခင်လေးလက်ကဖုန်း လွတ်ကျမတတ်ပင်။ ခင်လေး ဘဝမှာ ခင်လေးကို ခွာဖြူလို့ခေါ်ကြတဲ့သူတွေဟာ ဘဝရဲ့အမှောင် ခြမ်း ညစ်နွမ်းတဲ့အခြမ်းက အသိုင်းအဝိုင်းပတ်ဝန်းကျင်။

ငယ်ငယ်ကတည်းက မိသားစုထဲမှာလည်း ခင်လေး သူငယ်ချင်းတွေကြားမှာလည်း ခင်လေး။ ခင်လေးအဖြစ်နဲ့ ဖြူ





စင်စင် ကြီးပြင်းလာခဲ့ရတဲ့ အချိန်တွေဟာ ခင်လေးဘဝရဲ့ရွှေရောင် အခြမ်းပါ။ အဲဒီရဲ့နောက်မှာ အနိုတိနှန်းဆိုင်မှာ အလုပ်စဝင်က တည်းက “ခင်လေးခွာဖြူ”ဆိုတဲ့ အမည်ကို သူတို့နှစ်သက်သလို “ခွာဖြူ”လို့ ဖြတ်ပြီးခေါ်ကြတော့တာမို့ “ခွာဖြူ”ဆိုတဲ့ အသုံး အနှုန်းလေးက ပိုတွင်ကျယ်ခဲ့ပါသည်။

အဲဒီကနေဗန်ကောက်ရောက်သွားတော့လည်း ခွာဖြူ။ ဗန်ကောက်မှာ သိကျွမ်းဆက်ဆံရသမျှ အားလုံးက ခင်လေးကို “ခွာဖြူ”ပဲ ခေါ်ကြသည်။ ခွာဖြူလို့ပဲ သိကြသည်။ တချို့ဆို နာမည်ရှေ့မှာ “ခင်လေး”ပါသေးတာကိုတောင် မသိကြပါ။

အဲဒီဝန်းကျင်ကို စွန့်ခွာခဲ့ပြီး ရန်ကုန်ကိုပြန် ရောက် ကတည်းက အသစ်ထပ်မံ နီးစပ်ကျွမ်းဝင်ခဲ့ရတဲ့ ကိုလတ်ကလည်း ခင်လေးကို “ခင်လေး”တဲ့။ ခင်လေး ပတ်ဝန်းကျင်မှာ “ခွာဖြူ” လို့ ခေါ်တဲ့သူ မရှိခဲ့တော့။ ဦးဘစိုးတင်နှင့် ဆုံရစဉ်ရေလေးတွေဒွ သာ သူ့ဇက “ခွာဖြူ”ဆိုတဲ့ သုံးနှုန်းမှုကို ကြားခဲ့ရတာ။

ကျန်အချိန်တွေမှာ ခင်လေးဟာ ခင်လေးပဲ။ ကိုယ့် ရဲ့နာမည်အရင်းလေးထဲမှာပင် စကားလုံးက နှစ်မျိုးကွဲလျက် ကြားရတဲ့အခါမှာ ခံစားရတဲ့ ခံစားချက်ချင်းလည်း မတူပါ။ ခင်လေးလို့ အခေါ်ခံရလျှင် ရင်ထဲမှာ ကြည်စင်ငြိမ်းပြီး “ခွာဖြူ”ဆိုတာကို ကြားလိုက်ရရင် ကိုယ့်နာမည်ပဲ ဖြစ်တဲ့တိုင် မလုံခြုံသော စက်ဆုပ်သော ခံစားချက်မျိုး ပေါ်လာတတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွာဖြူ"

"ဘယ်သူလဲ"

"ခွာဖြူ ... အန်ကယ်ပါ"

"ရှင်"

ခင်လေးသည် ဖုန်းကို တင်းတင်းလေး ဆုပ်ကိုင်မိလျက် ရင်တွေတဒိန်းဒိန်း ခုန်လာပါသည်။ နံပါတ်က ဟိုက နံပါတ် မဟုတ်ပါလား။

"ခွာဖြူ ... ခွာဖြူ"

"အန်ကယ် ... အန်ကယ် အခု ဘယ်ကဖုန်းနဲ့ ပြောနေတာလဲ"

"အန်ကယ် ရန်ကုန်ရောက်နေတယ် ခွာဖြူ"

"ဟင်"

"ဟုတ်တယ်၊ ရောက်နေတာ သုံးလေးရက်ရှိပြီ၊ ဒီရက်တွေအတွင်း ခွာဖြူ့အိမ်ရှေ့နား အကြိမ်ကြိမ်ရောက်တယ်၊ ခွာဖြူ့အကြောင်းတွေလည်း အန်ကယ် စုံစမ်းနားစွင့်တယ်၊ သတင်းကြားထားတာတွေလည်းရှိတော့ ဟုတ်လား မဟုတ်လား ဇဝေဇဝါနဲ့ ရုတ်တရက် မင်းဆီမလာဖြစ်သေးတာပဲ"

"အန်ကယ် ... ဘာ ... ဘာကိစ္စ"

"စကားပြောစရာတွေရှိတယ် ခွာဖြူ၊ အခု ပထမဆုံး အန်ကယ်မေးချင်တာရှိတယ်၊ ခွာဖြူ အိမ်ထောင်ကျသွားပြီလား"





"........"

"ဒီသတင်းက အမှားမဟုတ်လား"

"အမှားပါ အန်ကယ်၊ အန်ကယ် ဘယ်ကစုံစမ်းပြီး ဘာတွေကြားနေတာလဲ"

"ကြားရတာကတော့ အန်တီနန်းဆီကပဲ၊ ကိုလတ်ဆီ စုံစမ်းလိုက်တော့ ဦးဘစိုးတင့် ဆိုတဲ့လူ ဟုတ်တာတွေရော မဟုတ်တာတွေရော သတင်းတွေ လှမ်းပြောနေ ဘာဆိုတာ သိရတယ်၊ ဘာပဲဖြစ်ဖြစ် ဒီရောက်တော့ အန်ကယ် စုံတော့ စုံစမ်းရသေးတာပေါ့၊ ဒီလမ်းထဲမှာပဲ အတွင်းဘက်ကခြံတွေဘက်မှာ အန်ကယ့်အသိ နှစ်ဦးတောင်ရှိတယ်၊ သူတို့ဆီက သိရတာကတော့ ယောကျ်ားတော့ မရှိပါဘူးတဲ့၊ ဒါပေမဲ့ လူတစ်ယောက်နဲ့တော့ တွဲနေတာ တွေ့ဖူးကြတယ်တဲ့"

ခင်လေးက တိတ်နေမိပါသည်။

"အိမ်ထောင်မပြုရသေးဘူးဆိုရင် ပြီးတာပါပဲ၊ အန်ကယ် ခွာဖြူ့ကို စကားပြောစရာတွေရှိတယ်၊ အခု ခွာဖြူ အိမ်မှာရှိတယ် မဟုတ်လား"

"ဟို ... ဟို ... ခွာဖြူ မြို့ထဲသွားစရာရှိလို့"

"ရတယ်၊ အန်ကယ် တိုက်နဲ့ မျက်စောင်းထိုးမှာ ရောက်နေပြီ၊ မြို့ထဲသွားစရာရှိတာကိုလည်း သွားကြတာပေါ့၊ ပြီးရင် ပြောစရာရှိတာ ပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ကျွန် ... ကျွန်မ ... မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ ခွာဖြူ၊ အန်ကယ့်ကို ခွင့်မလွှတ်နိုင်တဲ့ နာကြည်းချက် ရှိနေတာလား"

"ဒီလိုမဟုတ်ပါဘူး အန်ကယ်"

"ဒါဖြင့် ..."

"အန်ကယ်နဲ့ ခွာဖြူ တွေ့ဖို့မသင့်တော်ဘူး ထင်ပါတယ်၊ ကျွန်မ ဒီမှာ ဖြူဖြူစင်စင် အေးအေးချမ်းချမ်း နေနေတာပါ အန်ကယ် အခုလောလောဆယ်အချိန်မှာ ဟိုအရင်က အမည်းစက်ကို ဖျက်မရတောင် ပစ္စုပ္ပန်အတွက် အဖြူဖွေးခုံး အသန့်ရှင်းဆုံးဖြစ်အောင် ကျွန်မ နေနေတာပါ၊ နောက်တစ်ကြောင်းပြန်ပြီး လူအထင်သေးစရာ မလုပ်ချင်တော့လို့ပါ"

"ဘာအတွက် အထင်သေးမှာကို ပြောတာလဲ ခွာဖြူ၊ မသင့်တော်ဘူး ဆိုတာကကော ဘာကိုပြောတာလဲ"

"အန်တီနန်းဂွယ်ရာမှာ ..."

"ခွာဖြူ ... မင်း အန်တီနန်းနဲ့ အန်ကယ် လမ်းခွဲလိုက်ပြီ၊ တရားဝင် ကွာရှင်းခွင့်လျှောက်ပြီး တရားရုံးမှာ သွားကွာရှင်းပြီးပြီ။ ပစ္စည်းငွေကြေးလည်း ကျေကျေနပ်နပ် ခွဲစိတ်ပြီးပြီ၊ အန်ကယ်တို့ သီးသန့်စီဖြစ်သွားပါပြီ။ ခုလောလောဆယ် အန်ကယ်က လွတ်လပ်နေတဲ့သူ တစ်ယောက်ပါ"





ခင်လေးသည် ဘာပြောရမှန်းမသိ ဆွံ့အနေပါသည်။

"အန်ကယ်တို့ စကားနည်းနည်း ပြောကြရအောင်ပါ ခွာဖြူ၊ ပြောချင်တာတွေရော မေးချင်တာတွေရော ရှိနေတယ်"

"မေးချင်တာတွေက ဘာတွေရှိသေးတာလဲ အန်ကယ်"

ခင်လေးက ရင်တဒိတ်ဒိတ်တုန်ရင်း ခပ်ထိတ်ထိတ် မေးမိသည်။ ဘယ်လိုမေးခွန်းတွေကို ရင်ဆိုင်ရမှာလဲ စိုးရိမ်တုန်လှုပ်နေပါသည်။

"ဘစိုးတင့်က နန်းနန်းဆီ နောက်ဆုံးလှမ်းပေးတဲ့သတင်းက မင်းနဲ့အတူရှိနေတဲ့ ယောကျ်ားရဲ့အမည်က ကိုလတ်တဲ့"

ခင်လေးက မျက်စိလေး ရှုံ့မှိတ်ကာ မျက်နှာကို လက်ဝါးလေးတစ်ဖက်နှင့် အုပ်ထားရင်း ဝမ်းနည်းငြိမ်သက်နေမိသည်။

"ကိုလတ်နဲ့ မင်း ဘယ်လိုပတ်သက်နေလဲလည်း အန်ကယ် သိချင်တယ် ခွာဖြူ"



www.burmeseclassic.com

www.burmeseclassic.com



# ၁၅

"ကိုယ် နန်းနန်းပါ"

ဖုန်းထဲက ကြားလိုက်ရတဲ့ အသံကြောင့် ဒေါ်ဆုမွန်က ဝမ်းသာအားရ ဖြစ်သွားရကာ ...

"မနန်း ... ကျွန်မ ဝမ်းသာလိုက်တာ မနန်းရယ်၊ ဟို အရင်ဖုန်းကို ဆက်သွယ်တော့ မနန်း မရှိတော့ဘူးတဲ့၊ ဘယ်လို မရှိတာလဲဆိုတော့ ဒီမှာမနေတော့တာတဲ့၊ မနန်းတို့ အိမ်ပြောင်းသွားတာလား၊ ဟဲန်းဖုန်းလည်း ဆက်မရ"

"ဟုတ်တယ်၊ မိဘိုင်းလ်ကလည်း နံပါတ်ပြောင်းလိုက်လို့လေ၊ ဟိုမှာ မရှိတာကတော့ ဦးမိုးဆွေနဲ့ ကိုယ် လမ်းခွဲလိုက်ပြီ"

"ဟယ်"





"အရင်နေရာမှာ သူပဲ ဆက်နေတာ၊ နန်းက ပြောင်းခဲ့ပြီ၊ ဟိုက ကလေးတွေက ကွဲသွားပြီလို့ မပြောရဲကြလို့ ဆုမွန်ကို မပြောလိုက်ကြတာ နေပါလိမ့်မယ်"

"ဩော် ... ကျွန်မက မနန်းနဲ့တွေ့ရင်သာ ပြောပေးပါဆိုပြီး မှာခဲ့ရတာ၊ ဒါတွေ မသိပါဘူး၊ စိတ်တောင်မကောင်းပါဘူး မမနန်းရယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့လေ၊ ဒါ နှစ်ယောက်စလုံးအတွက် ကောင်းသွားတာပါ၊ ကဲ ... ပြောပါဦး၊ ဆုမွန်ကိုယ့်ကို ဘာကြောင့် ရှာနေတာလဲ၊ ဘာကိစ္စများရှိလို့လဲ"

"မနန်းရယ် ... မနန်းကလွဲရင် မေးစရာလူလည်း မရှိဘူး၊ မနန်းတော့ သိမယ်ထင်တယ်၊ ကျွန်မ နွားဖြူရဲ့လိပ်စာ လိုချင်လို့"

"ဩော် ... အဲဒါလား"

"ဟုတ်ကဲ့၊ မနန်း မသိဘူးတော့ မဖြစ်နိုင်ပါဘူးနော်၊ သိမှာပေါ့"

"အင်း ... သိပါတယ်၊ ကဲ ... ဆုမွန် မှတ်လိုက်လေ၊ လိပ်စာနှစ်ခု ပြောမယ်၊ တစ်ခုက အင်းစိန်မှာ၊ ဟိုးအရင် နေတဲ့ သူ့အမေအိမ်ပေါ့၊ နောက်တစ်ခုက ခုလောလောဆယ် သူ့ဘာသာနေနေတာ၊ မြေနီကုန်းမှာ"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းနန်းက လိပ်စာနှစ်ခုလုံး ရေးမှတ်၍ ဒေါ်ဆုမွန်က လိုက်ရေးမှတ်လိုက်ပါသည်။

"ကိုယ်လည်း သတင်းကြားကတည်းက သိပ်တောင် စိတ်မကောင်းပါဘူး ဆုမွန်ရယ်"

"ဟင် ... မနန်း ဘာသတင်းကြားတာလဲဟင်"

"ကိုလတ်လေ၊ ခုလည်း ဒီလိပ်စာလိုချင်တာ ကိုလတ်နဲ့ ပတ်သက်ပြီးတော့ပဲ မဟုတ်လား"

"ဟုတ်ပါတယ် မနန်းရယ်၊ ဒါပေမဲ့ မနန်း ဘာသတင်းတွေကြားတာလဲဟင်၊ ဟိုကနေတောင် ဒီကသတင်းကို လှမ်းကြားရသေးတယ်၊ ကျွန်မဖြင့် စုံလည်းမစုံစမ်းတတ်၊ ကိုလတ်ကလည်း ဘာမှမေးမရဘူး၊ ဟိုးတစ်ကြိမ် မနန်း ဆီလှမ်းပြီး ကြည့်ထိန်းပေးဖို့ အပ်တုန်းက မနန်းက စိတ်ကစားတာ နေမှာပါ ဆုမွန်ရယ်၊ ဒီလောက်လည်း မပူပါနဲ့ဆိုပေမယ့် ကျွန်မကတော့ ပူတတ်တဲ့သူ ဆိုတော့လေ"

ဒေါ်ဆုမွန်က ကိုယ့်ဘက်ကို ခပ်ဖော့ဖော့လေး လျှော့ပြောမိလိုက်ရာ ...

"အင်း ... အဲဒီတုန်းက ကိုယ် အဲသလို ပြောခဲ့ပေမယ့် အခုဟာကတော့ ဆုမွန် ပူရလိမ့်မယ်ထင်တယ်၊ သေချာကိုင်မှ ဖြစ်လိမ့်မယ်၊ နောက်တောင်မျှား ကျနေပြီလားတောင် မသိတော့ပါဘူး"





"ရှင်"

"ဆုမွန် မသိဘူးလား၊ အခု ကိုလတ်က တစ်ချိန်လုံး ဒီကောင်မလေးအိမ်မှာချည်းပဲ"

"ရှင်"

"မအံ့သြနဲ့၊ မယုံလည်းမရှိနဲ့၊ သေချာပြန်ထိန်း ဆုမွန်၊ ကိုယ့်မိတ်ဆွေတစ်ယောက်က အဲဒီနားပဲနေတာ၊ ခွာဖြူနဲ့ ခဏ ခဏဆုံတယ်၊ နှုတ်တောင်ဆက်ကြတာပဲ၊ ဘေးမှာ ကိုလတ် ပါတယ်တဲ့၊ ခွာဖြူက ကိုလတ်လို့ ခေါ်တာကို သေချာကြားတာ၊ အဲဒီကိုလတ်က ဒီကောင်မလေးအိမ်မှာ ချည်းပဲလို့လည်း ပြောတာပဲ၊ သတင်းမှား မဟုတ်ဘူး၊ တိကျတဲ့သတင်း"

"ဟင် ... အဲဒီလောက်တော့ ကျွန်မ ... ကျွန်မ မသိပေမယ့် ဘယ်နည်းနဲ့မှ အဖြစ်ခံမှာ မဟုတ်ဘူး မနန်း"

"ဒါပေါ့လေ၊ အဖြစ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကိုလတ်ကလည်း မိုက်လိုက်တာကွယ်၊ သူ့ဒီမှာအကြောင်းစုံ ကြားသိနေသားနဲ့"

ဒေါ်ဆုမွန်သည် စကားဆက်မပြောနိုင်အောင်ဖြစ်ကာ ...

"မနန်း ကျေးဇူးပါပဲ၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ နားထဲဆက်မကြားနိုင်၍ ဖုန်းကိုချက်ချင်း ချပစ်လိုက်ပါသည်။ ရှက်ဒေါသနှင့် လူက တုန်ယင်နေသည်။ မိုက်လိုက်တဲ့သား။ မအေကို ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် လုပ်တော့မလို့တဲ့လား။ ဟိုးအစေးကြီးကနေတောင် သတင်းကြားတဲ့သူက ကြားပြီးပြီ။

မအေလုပ်တဲ့သူတွေ ဆိုတာကတော့ ကိုယ့်သားသမီးအကြောင်း လူတကာ ဝေဖန်ပြောဆိုလို့ဝ,မှ အရပ်ရပ် ပျံ့နှံ့ပြီးမှ နောက်ဆုံးမှ ကိုယ့်နားထဲ ရောက်ကြရရိုး ထုံးစံပင်။ အကြောင်းစုံသိရက်သားနဲ့ မိုက်လိုက်တာ ဆိုတဲ့ ဒေါ်နန်းနန်းစကားက ဒေါ်ဆုမွန်ကို ရှက်ဒေါသမွန်ထုစေသည်။

ဒေါ်ဆုမွန်သည် ချက်ချင်းပင် အကျီကောက်လဲကာ အချိန်မဆိုင်းဘဲ အိမ်ကကားနှင့် ဒရိုင်ဘာနှင့် ထ,လိုက်လာခဲ့ပါသည်။ လောလောဆယ် နေတယ်ဆိုတဲ့ မြေနီကုန်းအိမ်လိပ်စာက ကိုယ့်အိမ်နဲ့လည်း ပိုနီးနေ၍ အဲဒီကိုပဲ အရင်ဦးတည်လာခဲ့တာပင်။

လိပ်စာအတိုင်း တိုက်လှေကားမှ တက်သွားပြီး အခန်းတံခါးဝဘဲလ်ကို နှိပ်လိုက်ပါသည်။ တစ်ချက်ပြီးတစ်ချက်ဆက်တိုက်။ အထပ်ထပ် အော်မြည်နေသော ဘဲလ်သံကြားမှာ သစ်သားတံခါးက ခပ်ဖြည်းဖြည်း ပွင့်ဟလာပါသည်။

"ဟင်"





တံခါးဖွင့်လိုက်တဲ့ ခင်လေးသည် တံခါးဝမှာရပ်နေသော ဒေါ်ဆုမွန်ကိုမြင်လျှင် ကြက်သေ သေနေမိပါသည်။ တစ်ခါတည်း မြင်ဖူးပေမယ့် မေ့မေ ာ်ခဲတဲ့ မျက်နှာမျိုး။

"တံခါးဖွင့်ဦးလေ"

"ဟို ... ဟို ... အန်တီ ... ဘာကိစ္စ"

"ဟင်း ... ဟင်း၊ ကုမ္ပဏီပိုင်ရှင်ရဲ့အမေဆိုတော့ ကုမ္ပဏီက ယာဉ်မောင်းတစ်ယောက် ခြေထောက်ထိနိုက် ဒဏ်ရာရထားတာ သက်သာသွားပြီလား သတင်းလာမေးတာလေ၊ ကဲ ... တံခါးဖွင့်ပါ၊ စကားပြောစရာရှိတယ်"

"အန်တီ ... ကျွန်မ"

"မင်း တံခါးကို ဖွင့်လိုက်ပါ ခင်လေးခွာဖြူ၊ တံခါးပေါက်ဝကနေ အပြန်အလှန် အော်ကျယ်ဟစ်ကျယ် ပြောကြရတာထက် ညှိခန်းမှာ ဣန္ဒြေရရ ထိုင်ပြောတာက မင်းနေတဲ့ ပတ်ဝန်းကျင်အတွက် ပိုအဆင်ပြေစေမှာ မဟုတ်လား"

ခင်လေးသည် သက်ပြင်းလေးတစ်ချက် ချကာ အလန့်လန့် အဖျပ်ဖျပ်နှင့်ပင် တံခါးကို ဖွင့်လိုက်ရပါသည်။ ဒေါ်ဆုမွန်က အိမ်ရှင်မဖိတ်ခေါ်ဘဲ သူ့ဟာသူ ပိုင်စိုးပိုင်နင်းဝင်လာကာ ညှိခန်းဆက်တီတွေမှာ ဝင်ထိုင်လိုက်ပါသည်။

"ကဲ ... လာ၊ ထိုင်လေ၊ ဒါ မင်းအိမ်မင်းရာဂါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက ဆက်တီတစ်လုံးမှာ ဖြည်းဖြည်းဝင်ထိုင်လိုက်ပါသည်။

"မင်းအတွက် မှင်သေသေ ပိပိရိရိလေး လိမ်ညာဖို့ဆိုတာ ထမင်းစားရေသောက်သလောက်ပဲဆိုတာ ဟိုတစ်ခါကြုံဖူးပြီးလို့ မျက်မြင်ကိုယ်တွေ့ သိပြီးပါပြီ၊ ဒီနေ့အဖို့ မလိမ်မညာဘဲ စကားကို အမှန်တိုင်းပြောရင် ကောင်းလိမ့်မယ် ခင်လေးချာဖြူ၊ မင်းနဲ့ကိုလတ် အခြေအနေကို တို့ကို အမှန်အတိုင်း ပြောပါ"

ခင်လေးက တိုးတိမ်သော အသံလေးနှင့် ...

"ရှေ့ဆက်ပတ်သက်ဖို့ မရှိတော့ပါဘူး အန်တီ"

"အခုထိ ပတ်သက်ပြီးသလောက် အခြေအနေကိုပြောပါ"

"ကိုလတ်က ခင်လေးကို ချစ်တယ်၊ ခင်လေးကလည်း ကိုလတ်ကို ချစ်တယ်ဆိုတဲ့ အခြေအနေထက် မပိုပါဘူး အန်တီ"

"အေး ... ငါ့သားက ရူးလို့ နုံလို့ မင်းကိုချစ်တယ်ဆိုတာ ဖြစ်ကောင်း ဖြစ်နိုင်မယ်၊ မင်းလိုမိန်းကလေးက ငါ့သားကို ချစ်ပါတယ်ဆိုတာ ကိုလတ် ယုံယုံ မယုံယုံ ငါ မယုံပါဘူး၊ တစ်ခုပဲ မေးချင်တယ်၊ မင်းမှာ ရွေးစရာချယ်စရာ ယောကျ်ားတွေ ဒီလောက်တောင် ရှားနေပြီလား၊ ဘာဖြစ်လို့ ဒီအသိုက်အဝန်းလေးထဲပတ်ပြီး ဦးမိုးဆွေနဲ့ ပတ်သက်လိုက် ကိုလတ်နဲ့ ပတ်သက်လိုက် လုပ်နေရတာလဲ"





"ကိုလတ်ကို ... ကိုလတ်ကို ခင်လေး စွန့်လွှတ်မှာပါ အန်တီ၊ ခုလည်း ခင်လေး အတွေ့မခံတာ ကြာပါပြီ"

"အတွေ့မခံတာ ဟုတ်လား၊ အင်းပေါ့လေ၊ မင်းအပြောကို ခံရမယ့် အခြေအနေကို ၊ ငါ့သားကသာ အရူးအမူးလာ ပတ်သက်နေတာ၊ မင်းကတော့ အတွေ့တောင်မခံဘူးပေါ့လေ၊ အဲသလို အတွေ့မခံတာကို ကြိုက်တယ်၊ ကိုလတ် မင်္ဂလာဆောင်တော့မယ်ဆိုတာ မင်း သိလား"

"ဟုတ်ကဲ့ ... ခင်လေး သိပါတယ်"

"ဒါဆို ပြီးတာပဲ၊ မင်းက သိပ်နှားဝေးပုံ မပေါ်ပါဘူး၊ မင်းမှာ ကိုလတ်ကို မရမက ဖွတ်ဆုပ်ဆွဲထားမယ့် ရည်ရွယ်ချက်မရှိရင် ပြီးတာပါပဲ၊ ဟိုကောင်က ရှူးပေမယ့် မင်းအနေနဲ့ ဆင်ခြင်သင့်တာကို မရှက်မကြောက် မဆင်ခြင်တာ အံ့ပါရဲ့၊ မင်းအတွက် ဟန်ဟန်ပန်ပန် မက်လောက်စရာ ရှိတဲ့ လူတစ်ယောက်ကို ချက်ချင်းရှာပြီး ကောက်တွဲထားလိုက်ဖို့ကလည်း အံ့တော့်ကို လွယ်ကူတာပါလား၊ ဒါပေမဲ့ နည်းနည်းပါးပါးတော့ ကြည့်ရွေးဦးမှပေါ့တော်၊ မင်းမို့ မျက်နှာပြောင်နိုင်တယ်၊ သူ့ဦးလေးနဲ့ မင်း ဘယ်လောက်ထိ ဘယ်လိုဖြစ်ခဲ့ ဇာတ်လမ်းရှိခဲ့တယ်ဆိုတာ အားလုံးသိအကုန်သိ ကိုလတ်လည်း သိပါရက်နဲ့ သူ့တူကိုတော့ငါ မင်း ထပ်တွဲရဲတာကို အံ့အားသင့်လွန်းလို့၊ အဲဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်ပြောင်နဲ့ ဘယ်သူ့မှ ဂရုမစိုက်ဘဲ လုပ်ချင်ရာ ထပ်လုပ်ဦးမှာ စိုးရိမ်လို့ ခုလို လာသတိပေးရတာ"

"ရှင် ... အန်တီ ... အန်တီပြောတာ ခင်လေး နားမလည်ဘူး"

"ဘာကိုနားမလည်တာလဲ"

"သူ့ဦးလေး ... သူ့တူဆိုတာ !! "

"ဦးလေးနဲ့တူ ရှင်းရှင်းလေးပဲလေ၊ ဘာကို နားမလည်တာလဲ"

"ဦးလေးနဲ့ တူဆိုတာက !! "

"ဦးမိုးဆွေက သူ့ဦးလေးပဲဟာ၊ သူ့ဦးလေးနဲ့ ဒီလိုဖြစ်ပြီးမှ တူဖြစ်တဲ့ကိုလတ်နဲ့ မင်း ဆက်ပတ်သက်ရဲတာကို ပြောနေတာ"

"ရှင် ... အန်ကယ်နဲ့ ကိုလတ်က"

"ဘာလဲ ... မင်း မသိဘူးလား"

"ဟင့်အင်း ... ခင်လေး မသိဘူး၊ ခင်လေး လုံးဝမသိဘူး၊ အန်ကယ်နဲ့ ကိုလတ်က တူဝရီး !! "

"ကျွတ် ... ကျွတ်၊ သူ့ဦးလေးနဲ့ အလုပ်စပ်တူလုပ်ကြမယ်ဆိုလို့ မင်းရှိရာအရပ်ကို သူ ရောက်လာခဲ့တာပေါ့၊ မင်း တကယ်မသိတာလား"

"ခင်လေး လုံးဝမသိတာပါ အန်တီ"





ခင်လေး ပါးပြင်ပေါ် မျက်ရည်ပေါက်လေးတွေ စီးမျောလိမ့်ဆင်းလာသည်။ ထူပူတုန်လှုပ်ကာ ရင်ထဲမှာ ရှက်ကြောက် နာကျင်လာပါသည်။

ကိုလတ်ရယ်။ ဘာကြောင့် ပြောမပြခဲ့တာလဲ ကိုလတ်ရယ်။ အန်ကယ့်တူရယ်လို့ သိခဲ့ရင် ခင်လေး မျိုသိပ်ခဲ့မှာပါ။ ဟိုတစ်နေ့ကလည်း အန်ကယ်က ပြောပြမသွားခဲ့။ ကိုလတ်နဲ့ မေတ္တာမျှနေမိပါသည်လို့ ဝန်ခံတော့ အန်ကယ့်မျက်နှာက တအားတော့ ပျက်သွားခဲ့ကာ ခင်လေးကိုတော့ သူ့ဘက်ပြန်စဉ်းစားပေးဖို့နှင့် လက်ထပ်ခွင့်သာ တောင်းသွားခဲ့ပါသည်။

"ဦးမိုးဆွေက ကိုလတ်အဖေ ဦးမိုးဝေရဲ့ညီအရင်း"

ဪ ...။ ဦးလေးအရင်းကိုး။

"ဒါဖြင့် မင်းက ကိုလတ်ကို နာမည်ရင်းတောင် မသိဘူးလား"

ခင်လေးက ပြုံးမဲ့မဲ့လေးနှင့်သာ ခေါင်းကိုအသာယမ်းလိုက်ရပါသည်။ မျက်ရည်ဥတွေကတော့ ပါးပြင်ပေါ် တလိမ့်လိမ့်တပေါက်ပေါက်။

"ကိုလတ် နာမည်က မိုးဝေလတ်တဲ့၊ အံ့သြပါရဲ့ ခင်လေး နွာဖြူရယ်၊ နာမည်အပြည့်အစုံတောင် မသိရသေးတဲ့ လူတစ်ယောက်ကို အနားက မခွာနိုင်အောင် ဖမ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောက်တွဲထားလိုက်တာ။ မင်းအတွက်က နောက်ခံဘက် ဂရောင်းတောင့်တင်းဖို့ တစ်ခုကလွဲရင် တခြားဘာကမှ အရေးမကြီးတာလား၊ နာမည်တောင် အပြည့်အစုံသိနေဖို့ မလိုအပ်တော့တာလား”

ခြော် … မိုးဝေလတ်တဲ့လား။

ဒီနာမည်ကိုပြောရင် မိုးဆွေ မိုးဝေ ဆိုတဲ့ နာမည်ချင်း နီးစပ်တိုက်ဆိုင်မှုကို ခင်လေး သတိပြုမိသွားမှာစိုးလို့ တမင်တကာ ဖုံးထားခဲ့တာ နေမှာပေါ့။ ဟိုးအရင်ကတည်းက အန်ကယ့်အစ်ကိုဟာ ကွယ်လွန်ပြီဖြစ်ပေမယ့် အဲဒီအစ်ကိုမိသားစု တို့ဟာ ရန်ကုန်မှာ အတော်ကြီး ချမ်းသာပြည့်စုံကြွယ်ဝကြတဲ့ အကြောင်း စကားတိုက်ဆိုင်ရင်း တစ်ခွန်းတလေ ကြားဖူးသိဖူး ထားပါသည်။

ကိုလတ်ကို ခင်လေးက အန်ကယ့်ဝန်ထမ်း၊ ခင်လေး တို့လိုပဲ လက်လုပ်လက်စား ရုန်းကန်ရတဲ့ လူတန်းစားလို့ပဲ ထင် ခဲ့မိတာပါ။ ဒါကြောင့်လည်း ဘဝအခြေအနေချင်းတူတူ မတိမ်း မယိမ်းချင်းမို့ ကိုလတ် အချစ်ကို တုံ့ပြန်ခဲ့တာပါ။ ကိုလတ် ဆိုတာ ဦးမိုးဆွေရဲ့တူအရင်း မိုးဝေလတ်၊ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းကဆိုတာ သိခဲ့ရင် ခင်လေး လုံးဝတုံ့ပြန်လက်ခံမိ ခဲ့လိမ့်မည် မဟုတ်ပါတည်း။





ကိုယ့်အားနည်းချက်နဲ့ကိုယ် ဖြစ်ရတဲ့ကြားထဲ ဘဝ အခြေခံချင်း ဒီလောက်တောင် ကွာခြားတယ်ဆိုရင် ဘယ်လိုလုပ် ပြီး တုံ့ပြန်ချစ်ဝံ့ပါ့မလဲ ကိုလတ်ရယ်။ ဒါကိုသိလို့လည်း ကိုလတ် က အခြေအနေမှန်ကို လျှို့ဝှက်ခဲ့တာလား။

“အန်ကယ့်တူမှန်းသိရင် ခင်လေး မချစ်မိအောင်နေခဲ့မှာပါ အန်တီ”

“အခု သိပြီမဟုတ်လား”

“မသိခင်ကတည်းက ကိုလတ်ကို ခင်လေး ရှောင်နေနှင့် ပြီးသားပါ အန်တီ၊ ခင်လေးရဲ့အမည်းစွန်း ကိုလတ်ဆီကို ပါ စွန်းထင်းပေကျံမှာ ခင်လေး အဖြစ်မခံရက်ပါဘူး၊ ကိုလတ်ကို လဝန်းလို ဖြူစင်သန့်ရှင်းစင်ကြယ်တဲ့ စင်း လုံးချော မိန်းကလေးမျိုးနဲ့ပဲ ခင်လေးကလည်း သဘောတူ တာပါ …

ခင်လေး ရင်ထဲက ခံစားချက်ကို မမျိုသိပ်နိုင်ခဲ့တာ ရယ်၊ ကိုလတ့်ကို မြင့်မားတဲ့ အသိုင်းအဝိုင်းကမှန်းလည်း မသိခဲ့တာရယ်ကြောင့် ခင်လေး စိတ်အလိုလိုက်ပြီး ချစ်ခဲ့ မိပေမယ့် ဒဏ်ရာဒဏ်ချက် ဗလပွနဲ့ ခင်လေးဘဝကို မပေးရက်ပါဘူး အန်တီ၊ ဘယ်တော့မှ မပေးပါဘူး အန်တီ စိတ်ချပါ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆုမွန်က အနည်းငယ်မျှ စိတ်မကောင်းသလို ငေးငိုင်သွားရပါသည်။

"ခင်လေးခွာဖြူ ... မင်းကို တကယ့်စိတ်ရင်း စေတနာမှန်နဲ့ အကြံပေးချင်တယ်၊ ကိုယ့်သားနဲ့ သဘောမတူနိုင်ပေမယ့် သားနဲ့ဝေးကွာပါစေဆိုပြီး ပြောတဲ့စကား မဟုတ်ဘူး၊ စေတနာနဲ့ ဖြစ်သင့်တယ်ထင်တာကိုပြောမှာ၊ ဦးမိုးဆွေနဲ့ မနန်းနဲ့ ကွဲသွားကြပြီ၊ မင်းအနေနဲ့ ဦးမိုးဆွေနဲ့ လက်ထပ်လိုက်မယ်ဆိုရင် အစစအရာရာ အဘက်ဘက်က အသင့်တော်ဆုံးပဲလို့ အန်တီ ထင်တယ်"

ခင်လေးရဲ့ နှုတ်သီးလေးက အခန်းထဲမှာ ခပ်ခြားခြားလေး ထွက်ပေါ်နေပါသည်။ အဲဒီဘဝ အဲဒီအခြေအနေထဲကနေ ရုန်းထွက်လာခဲ့ပြီးမှ အဲဒီထဲကိုပဲ တစ်ခါပြန်ပြီး တိုးဝင်ရမယ်ဆိုတာ ဘယ်လိုများ ဖြစ်နိုင်မှာတဲ့လဲ။ အဲဒီအတွက် ခင်လေးစိတ်ကို ဘယ်လိုအားမွေးရပါ့မလဲ။

"တီးတောင် ... တီးတောင်"

အိမ်တံခါးအပြင်ဘက်ဆီမှ ဘဲလ်တီးလိုက်တဲ့အသံကြောင့် ခင်လေးရော ဒေါ်ဆုမွန်ပါ ခပ်တောင့်တောင့်လေးတွေ ဖြစ်သွားကြပါသည်။

"ဧည့်သည်လာစရာ ရှိတာလား"





"ဟင့်အင်း ... ချိန်းထားတာ မရှိပါဘူး အန်တီ၊ အန်ကယ်လား မသိဘူး"

"ဟင် ... ကိုမိုးဆွေက ရန်ကုန် ရောက်နေတာလား"

ဒေါ်ဆုမွန်သည် ဦးမိုးဆွေကိုလည်း ခင်လေးခွာဖြူရဲ့အိမ်မှာ မဆုံချင်သည်ဖြစ်ရာ အနည်းငယ် စိတ်ညစ်ညူးလေးပင်သွားရပါသည်။ ခင်လေးကလည်း ဒေါ်ဆုမွန် မျက်စိရှေ့မှောက်မှာ အန်ကယ်နှင့် မဆုံချင်ပါ။

အခုကိုပဲ ဒေါ်ဆုမွန် ခင်လေးကိုကြည့်တဲ့ အကြည့်ထဲမှာ မနှစ်မြို့ခြင်းအရိပ်တွေ ပြန်လည်ထင်ဟပ်လာသည်။ ခင်လေးနှင့် ဦးမိုးဆွေကြားက အဝင်အထွက် အပတ်အသက်ကို သံသယမကင်းတဲ့ မျက်ဝန်းအကြည့်မျိုး ဖြစ်လာပါသည်။

ခင်လေးလည်း စိတ်ညစ်ညစ်နှင့် တံခါးထ,ဖွင့်ဖို့ ဝန်လေးနေးတုံ့နေဆဲ။

"ကလောက် ... ဒေါက်"

အပြင်ကနေ သော့ကိုဖွင့်ကာ သံတံခါးကိုဆွဲဖွင့်လိုက်ပြီး အတွင်းသစ်သားတံခါး လက်ကိုင်ဘုသော့ကို လှည့်ဖွင့်လိုက်သံကြောင့် ဒေါ်ဆုမွန်လည်း မျက်လုံးဝိုင်းသွားသလို ခင်လေးလည်း ခေါင်းနပန်းကြီးသွားရပါသည်။ သွားပြီ။ ကိုယ်တိုင် တံခါးဖွင့်ဝင်လာသည် ဆိုကတည်းက ကိုလတ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေ တဒိတ်ဒိတ်တုန်နေဆဲပင် သစ်သားတံခါးက ဝုန်းခနဲပွင့်လာကာ တံခါးဝမှ ကိုလတ်က လှမ်းဝင်လာပါသည်။ ဒေါ်ဆုမွန် မျက်နှာမှာ မည်းပျက်သွားရကာ ...

"ကိုလတ် ... မင်း ... မင်းက ..."

"မေမေ ... မေမေ ဘာလာလုပ်နေတာလဲ"

ကိုလတ် အသံကလည်း ကမူးရှူးထိုး လှိုက်မောနေသည်။

"ငါ့ဟာငါ ဘာလုပ်လုပ်၊ မင်းက ကိုယ်တိုင်တောင် သော့ဖွင့်ပြီး တံခါးမရှိ ဓားမရှိ ဝင်နေကျပေါ့လေ ဟုတ်လား၊ ဟုတ်လား ကိုလတ်၊ သော့ပိုတစ်စုံတောင် မင်းက ယူထားတာပေါ့လေ၊ မင်း .. မင်းတို့က ..."

"မေမေ _ ခင်လေးကို ဘာလာပြောတာလဲ၊ မေမေ ဘာလာလုပ်တာလဲ"

"ဒီအိမ်မှာ မင်း အမြဲအချိန်ကုန်နေတာဆိုတာ သတင်းရလို့ လာတာ"

"မေမေ ခင်လေးကို ဘာမှ တိုက်ရိုက်ပြောဆို ပိတ်ပင်ခွင့် အမိန့်ပေးခွင့် မရှိဘူးလေ၊ မေမေ ပြောချင်တာရှိရင် သားကိုပဲ ပြောရမှာလေ၊ မေမေ ခင်လေးကို လာတွေ့တာ ခုလိုလာပြောတာ မေမေ ဖောင်းလ်ပဲ"



BURMESE CLASSIC .com



ကိုလတ်ကလည်း သူ့အမေ ရောက်နေတဲ့ကိစ္စအပေါ်သာ စိတ်ဝင်စားမှုရှိနေကာ ဒေါ်ဆုမွန်ကလည်း ကိုလတ် ရောက်လာတဲ့ကိစ္စအပေါ်သာ စိတ်ဝင်စားနေပါသည်။

"မင်းကကော ဘာကိစ္စနဲ့ ရောက်လာရတာလဲ ဆိုတာကိုသာ ပြောစမ်းပါ"

"သား ခင်လေးဆီလာတာ၊ အောက်မှာ ကားနဲ့ဦးထွန်းခင်တွေ့လို့ မေမေ ရောက်နေတယ်ဆိုတာ သိပြီး မြန်မြန်တက်လာတာ၊ အိမ်ထဲမြန်မြန်ရောက်အောင် တံခါးလာအဖွင့် မစောင့်တော့ဘဲ ကိုယ့်သော့နဲ့ကိုယ် ဖွင့်ဝင်လိုက်တာ"

"ကိုယ့်သော့ ဟုတ်လား၊ ဒီအိမ်ရဲ့ သော့တစ်ချောင်းကို ပွားကိုင်ပြီး မင်းတို့က ..."

"မေမေ"

ဒေါ်ဆုမွန်က ဒေါသတကြီး ဖြစ်လာပြီးလျှင် ...

"ဒီမှာ ခင်လေးချာဖြူ၊ ကိုလတ်ကို သော့တစ်စုံပွားပြီး အပ်ထားတာ မင်းစိတ် မင်းသဘောနဲ့ မင်းဟာမင်း ကျေနပ်လို့ အပ်ထားခဲ့တာနော်၊ ဒီအခြေအနေအတွက် မင်းတို့ကြားမှာ ရှိလာတဲ့ အကျိုးဆက်တွေကို ငါ့ အသိအမှတ်လည်း မပြုဘူး၊ ဒီအကျိုးဆက်အတွက်လည်း ကိုလတ်မှာ တာဝန်ရှိတယ်လို့ လက်မခံဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်းတယ်နော်၊ ဒီအပေါ်မှာ အခွင့်အရေး တစ်စုံ တစ်ရာ မျှော်တိုးပြီး ချည်နှောင်ဖို့ မင်း စိတ်မကူးမိစေနဲ့၊ လုံးဝမရဘူး၊ ဒီပေါ်မှာနင်းပြီး မင်းက တစ်ခုခုများ အရေး ဆိုလာခဲ့ရင် မင်းက ဘယ်လိုမိန်းကလေးပါဆိုတာ သက် သေခံပေးမယ့်သူတွေ ငါ့ဘက်မှာ ရှိတယ်ဆိုတာ မမေ့နဲ့"

ကိုယ့်ဟာကိုယ် သော့ဖွင့်ဝင်လာတဲ့ ကိုလတ်ကြောင့် ထွေထွေရာရာ တောင်တောင်အီအီတွေ ရေဆုံးရေဖျား တွေးပစ် လိုက်ကာ သူ့ဘက်က ခံတပ်ကို လုံလုံကာထားနိုင်ဖို့ လက်ဦးမှု ယူတဲ့စကားတွေ တရစပ် ပြောနေသော ဒေါ်ဆုမွန်ကို ငေးငေးလေး ကြည့်နေကာ ခင်လေး မျက်ဝန်းမှ ကြွေကွဲသော မျက်ရည်များ တစ်လိမ့်ချင်း စီးကျနေရပါသည်။

"မေမေ"

"........."

"**မေမေ** ..."

ကိုလတ်ရဲ့ ကြုံးအော်လိုက်သံတွေကြောင့် ဒေါ်ဆုမွန် ရဲ့စကားသံတွေက တိတ်သွားရပါသည်။ ကိုလတ်သည် အက်ကွဲ နာကျင်နေသော အသံဖြင့် ...

"မေမေ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘာကြောင့် ဘာမှ မသိတဲ့ကိစ္စတွေကို နိုင့်ထက်စီးနင်း ထင်ရာမြင်ရာ စွပ်စွဲပြောဆိုနေရတာလဲ"





"ဘာကို မသိတာလဲ၊ သူ့အိမ်သော့ တစ်စုံက မင်းဆီမှာ လေ"

"အဲဒါ ဘာဖြစ်လဲ မေမေ၊ ဒီအိမ်ကိုဝယ်ပြီး အန်ကယ် အကူအညီတောင်းလို့ လိုတာဖြည့်ဆည်း ပြင်ဆင်ပေးခဲ့ရလို့ သားဆီမှာ သော့တစ်စုံ ရှိနေတာ ဘာဖြစ်လဲ၊ သော့တစ်စုံ ကိုင်ထားတာနဲ့ပဲ မေမေ ဘာဖြစ်လို့ ညစ်ပတ်တဲ့မကောင်း မှုကစပြီး တဆုံးတွေးပစ်လိုက်ရတာလဲ ...

မေမေ ... လောကကြီးမှာ နေရာတိုင်း လူတိုင်း ညစ်ပတ်ယုတ်မာ ဖောက်ပြန်နေကြတာ မဟုတ်ပါဘူးဗျာ၊ မေမေကိုယ်တိုင် မယုံဘူးဆိုရင် အဲသလို မယုံကြည်နိုင် လောက်အောင် ဖြူစင်တဲ့ မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာ တရား ဆိုတာမျိုး ရှိသေးတယ်ဆိုတာ မေမေ သဘောပေါက် လိုက်ပါ ...

သူများပန်ထားဖူးတဲ့ နွမ်းပြီးသား ပန်းလေးတစ်ပွင့် မို့လို့ ဒီထက် ပိုနစ်နာစရာ မရှိဘူးလို့ သား ဘယ်တုန်းက မှ မတွေးခဲ့သလို နောက်ပြီး သား ရေအိုင်လေးလို မထူး ပါဘူး၊ ဆေးချင်တိုင်း ဆေးကြပစေဆိုတဲ့ မစောင့်စည်း မထိန်းသိမ်းတော့တဲ့ ပေါ့သွမ်းမှုမျိုး ခင်လေးမှာ မရှိဘူး ...

မေမေ အထင်သေးတဲ့ ဘဝအခြေအနေမျိုးကို ခင်လေး ကိုယ်တိုင်က ဖြစ်ချင်လို့ ဖြစ်ခဲ့ရတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မေမေ၊ မဖြစ်ချင်ဘဲနဲ့ ဖြစ်ခဲ့ရတာ၊ အားမတန်လို့ မာန်လျှော့ခဲ့ရတာ၊ ဒဏ်ရာရထားတဲ့ဘဝကို တတ်နိုင်သလောက် ပြန်အဖတ်ဆည်ဖို့ ကြိုးပမ်းဆောက်တည်နေတဲ့ မိန်းကလေးတစ်ယောက်ကို မေမေ သားသမီးချင်း ကိုယ်ချင်းစာပေးပါ၊ ရေနစ်နေတဲ့သူကို ဝါးလုံးနဲ့ ထပ်မထိုးပါနဲ့ ...

မေမေ သံသယဝင်သလို အဖြစ်အပျက်မျိုး ဒီကမ္ဘာမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး၊ ဘယ်တုန်းကမှမဖြစ်ခဲ့ဘူး၊ ဒါကြောင့် ခင်လေးက ချည်နှောင်မလား အရေးဆိုမလားတွေ မေမေ ပူလောင်စရာမလိုပါဘူး၊ ခင်လေးက သားကို မောင်းထုတ်နေတဲ့သူပါ မေမေရဲ့၊ ချည်နှောင်ဖို့နေနေသာသာ ရှိပြီးသားကြိုးကို ဖြတ်ပစ်နေတာပါ"

ကိုလတ် စကားများဟာ ရှိုက်သံတွေ အတုန်တုန်အယင်ယင်ကြားမှာ တစ်လုံးချင်း တစ်လုံးချင်း ပီပီသသထွက်ပေါ်နေတာပင်။

"ဒါဖြင့် မင်းက အခု ဘာလာလုပ်တာလဲ"

"ခင်လေးကို သား လာတောင်းဆိုတာပါ၊ မေမေ သားကို ခင်လေးနဲ့ သဘောတူပေးပါ၊ ခင်လေး ... ခင်လေးကို ကိုယ် လက်ထပ်ပါရစေ"

"ဘာ"

"ဘာ"





အသံနှစ်သံကလည်း တစ်ထပ်တည်း။ ခါးခါးသီးသီး ယမ်းခါလိုက်တဲ့ ဦးခေါင်းတွေကလည်း တစ်ပြိုင်နက်တည်း။

"ခင်လေး ခေါင်းအေးအေးစဉ်းစားပါ၊ ကာယကံရှင်က ကိုယ်တို့နှစ်ယောက်ပါ၊ ဘယ်သူတွေ ကဲ့ရဲ့မှာ အတင်းပြောမှာ ကိုယ် ဂရုမစိုက်ဘူး၊ ကိုယ် တစ်ပတ်တိတိ သေချာစဉ်းစားခဲ့ပြီးပြီ။ ကိုယ် ရင်ဆိုင်ရမယ့်ဟာတွေကို ကိုယ် နားလည်ပါတယ်၊ ရင်လည်း ရင်ဆိုင်နိုင်ပါတယ်၊ ကိုယ် ရင်မဆိုင်နိုင်တာက ခင်လေးနဲ့ ဝေးရမှာတစ်ခုကိုပဲ"

"ကိုလတ်"

ဒေါ်ဆုမွန်ရဲ့အသံက ပူလောင်ပေါက်ကွဲနေသည်။

"ကိုလတ်"

ခင်လေးရဲ့အသံကတော့ ညှံ့သက်တိုးရှိုင်း၍ အားစက်နေပါသည်။

"ကိုလတ်ကို ခင်လေး ဒီတစ်သက် လက်မထပ်ဘူး၊ နောင်ဘယ်တော့မှလဲ လက်မထပ်ဘူး ကိုလတ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မေမေ့ကိုသွားကန်တော့တဲ့နေ့က မေမေနှင့်အသက်အရွယ် အတူတူလောက်ရှိတဲ့ အန်ကယ်ကတော့ မေမေ့ကို ကန်တော့လို့မရ။

"မေမေ ... ခင်လေး လက်ထပ်တော့မယ်"

ဒီတစ်ခွန်းပဲ ပြောမိသည်။ ခင်လေးတို့ အိမ်ပေါ်တက်လာမှ မျက်နှာထားတည်တည်နှင့် အိမ်ပေါ်ကနေ ဆင်းချရောင်ထွက်သွားတဲ့ ကျော်မင်းညိုကိုလည်း ဘာဘာညာညာ ရှည်ရှည်ဝေးဝေးတွေ ရှင်းပြမနေလိုတော့ပါ။ နစ်သိမ့်မနေလိုတော့ပါ။ ခွင့်လွှတ်နားလည်မှုကိုလည်း မျှော်လင့်မနေတော့ပါ။

ငါ့မောင်ကလေးက "ဒေါက်တာကျော်မင်းညို"ဆိုတဲ့ အသိလေးတစ်ခုကိုပဲ ရင်ထဲမှာ ပီတိနှင့် တစ်သက်လုံးပိုက်ထွေးထားလိုက်ပါမည်။ မောင်လေး ဆရာဝန်ဖြစ်ပြီးသွားတဲ့အတွက်





မေမေ့ကို မောင်လေးနှင့် စိတ်ချလက်ချ ထားရစ်ခဲ့နိုင်တာကိုပဲ ကျေနပ်ရပါသည်။

"ခင်လေး ..."

မေမေက မျက်ရည်ကျမလို ဖြစ်လာကာ ဘာမှမပြောရှာ။

"မေမေ ... အန်ကယ်က အိမ်ထောင်နဲ့ ကွာရှင်းပြီးပါပြီ၊ လွတ်လပ်သူပါ၊ ခင်လေးဆီ လက်ထပ်ခွင့်တောင်းရင်းလိုက်လာတာ၊ ခင်လေး ခုတော့ အန်ကယ်နဲ့ ပြန်လိုက်သွားဦးမယ်၊ ရေရှည် ဘယ်လိုအခြေချမယ်ကို သေချာစဉ်းစားကြဦးမှာပါ၊ ဟိုမှာနေဖြစ်ရင်လည်း ခင်လေး မကြာမကြာလာပါမယ်၊ မိနစ်လေးဆယ်ခရီးလေးပဲ ရှိပါတယ် မေမေရယ်၊ ဟိုတိုက်ခန်းကိုတော့ ခင်လေး ပိတ်ခဲ့မယ်၊ မောင်လေး လက်ထပ်တဲ့အခါ လက်ဖွဲ့ဖို့ အန်ကယ့်ဆီလည်း ခွင့်တောင်းပြီးပါပြီ"

မေမေ့ပါးပေါ် မျက်ရည်တွေ စီးလိမ့်ကျလာသည်။

"နွေးနွေး ... ညီမလေး၊ ခုတော့ မေမေ့ကို နင် စောင့်ရှောက်ပြီး နေခဲ့ဦး သိလား၊ နင့်ကို ငါ စိတ်ချမယ်နော် ညီမလေး၊ နောင်တစ်နေ့တော့ နင့်ကို ငါနဲ့ခေါ်ထားမှာ၊ နင် ဘာမှအားမငယ်နဲ့နော်၊ နွေးနွေးကို မမ တစ်သက်လုံး စောင့်ရှောက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမခင်လေး"

အဲဒီနေ့က သူငယ်ချင်းတွေကိုလည်း အန်ကယ်နှင့်အတူ ညနေစာ ခေါ်ကျွေးပါသည်။ ခင်လေးတို့က လက်မှတ်ပဲထိုးဖြစ်ကြမှာ မဟုတ်လား။ ပွဲလမ်းစီစဉ်မှာ မဟုတ်၍ သူငယ်ချင်းတွေကို ဒီလိုလေးပဲ သီးသန့်ကျွေးစရာရှိတာ။

"မိတ်ဆွေတွေ ခေါ်ဦးလေ ခွာဖြူ၊ လူသုံးလေးငါးဆယ်လောက်ဖြစ်ဖြစ်ပေါ့၊ အန်ကယ်တို့က ဧည့်ခံပွဲစီစဉ်ဖြစ်မှာမဟုတ်တော့"

"ခင်လေး ပတ်ဝန်းကျင်မှာ အဲဒီလောက် လူများများမရှိပါဘူး အန်ကယ်၊ ခင်လေးရဲ့ကမ္ဘာလေးက ကျဉ်းကျဉ်းလေးပါ"

✿ ❤ ✿





လေယာဉ်ကွင်းဆင်းဖို့ ကားကို ကိုလတ်ရဲ့ကုမ္ပဏီက ကားတစ်စီး ကိုလတ်က စီစဉ်လွှတ်ပေးပါသည်။ ကားက အရမ်းကောင်းတဲ့ Light bus အသစ်လေးတစ်စီးဖြစ်သည်။ Forigner ကိုငှားတဲ့ကား။ ခေါင်မိုးမှာ အမိုးပေါက်ပါပြီး ကြည်လင်နေသော မှန်ချပ်လေးမှ မော့ကြည့်လျှင် ကောင်းကင်ကို မြင်ရပါသည်။

ခေါင်းကိုမော့ပြီး ခင်လေး ကြည့်နေမိရာ ပြာလဲ့တဲ့ ကောင်းကင်ပြင်မှာ တိမ်တိုက်ဖြူဖြူကလေးတွေကို ရိပ်ခနဲ ရိပ်ခနဲ တွေ့နေရပါသည်။ ရာသီဥတုပေါ် မူတည်ပြီး ရှိတဲ့အခါရှိ ပျောက်တဲ့အခါ ပျောက်သွားတတ်တဲ့ တိမ်တိုက်လေးတွေ။ ရှိတဲ့အခါလည်း တစ်နေရာတည်း အတည်တကျမြဲတယ် မရှိဘဲ တရွေ့ရွေ့ ဦးတည်ရာမဲ့ ရွေ့လျားလွင့်မျောနေကြတာမျိုး။

"ခွာဖြူ ဘာကြည့်တာလဲ"

"တိမ်တွေကို အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သနားလို့ပါ"

အန်ကယ်က ခင်လေး ခေါင်းကို လက်ဝါးလေးနှင့် အုပ်ကိုင် လှုပ်ယမ်းလိုက်ရင်း ကြင်ကြင်နာနာ မေးပါသည်။

"ဘာဖြစ်လို့လဲ ခွာဖြူရယ်"

"ကျွန်မနဲ့ တူလို့ပါ"

ခင်လေး အသံလေးက တိမ်နေပါသည်။

လမင်းမိုမို

BURMESE CLASSIC .com



www.burmeseclassic.com